အဆုံးမဲ့ဓားကမ္ဘာ ၃၅၆ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၅၆)] –ငါက ဓားသခင်?

မုယွန်ယောင်သည် ယန်ယဲ့၏စကားကြောင့်
နောင်တရပြီး အကူအညီမဲ့စွာဖြင့် ထွက်ခွာသွားခဲ့သည်။
ယန်ယဲ့ နှင့် ဆေဘာဓားဂိုဏ်းကြား ရန်ငြိုးရန်စသည်
လုံးလုံးလျားလျား ပြန်လည်မသင့်မြတ်နိုင်တော့ကြောင်း
သူမလည်းသိထား၏။

သို့မဟုတ်ပေ၊ ပို၍ တိတိကျကျပြောရမည်ဆိုပါက
ဒီအခြေအနေဟာ
သူမဖြေရှင်းနိုင်သောအရာတစ်ခုမဟုတ်ချေ။

သူမသည် ဆေဘာစားဂိုဏ်း၏ တပည့်ဖြစ်ခဲ့သော်ငြား
ယန်ယွဲ့နှင့်ပြန်ဆုံတွေ့သောအခါ ဆေဘာစားဂိုဏ်းက
စိတ်ဓာတ်အလွန်နိမ့်ကျကြောင်းဝန်ခံရန်မှတစ်ပါး
ရွေးချယ်စရာမရှိပေ။

ကံမကောင်းစွာပဲ၊ ၎င်းက
သူမဝင်ရောက်စွက်ဖက်နိုင်သော အရာမဟုတ်ပေ။

ထို့အပြင် ဆေဘာစားဂိုဏ်းက
ယန်ယွဲ့ကိုသစ္စာဖောက်ခဲ့သော်လည်း၊ ၎င်းသည် သူမကို
သစ္စာမဖောက်ခဲ့ပေ။

ထို့ကြောင့် သူမသည် ဆေဘာစားဂိုဏ်းဘက်တွင်
မည်သို့ပင်ရှိနေစေကာမူ၊

မုယွန်ယောင်က စိတ်ထဲမှနေ၍သက်ပြင်းချလိုက်၏။
တကယ် သနားစရာပဲ...။

သူမထွက်သွားပြီးနောက်တွင် ယန်ယဲ့၏ နောက်ကွယ်၌
အနက်ရောင်ဝတ်ပုံရိပ် ၂၀
ရုတ်ချည်းပေါ်လာခဲ့သည်။

ယန်ယဲ့သည် သူ့လက်ချောင်းများကို ပွတ်သပ်လိုက်ရာ
သိုလှောင်လက်စွပ်နှစ်ကွင်းကအနက်ရောင်ဝတ်ပုံရိပ်တ
စ်ခု၏လက်ထဲသို့ပျံသန်းသွားလေသည်။

ဦးဆောင်လာသူ အနက်ရောင်ဝတ်ပုံရိပ်၏
နောက်ကွယ်မှ ကျန်အနက်ရောင်ဝတ်ပုံရိပ်များလည်း
ချက်ချင်း စိတ်လှုပ်ရှားသွားကြသည်။ ယန်ယဲ့ ထံ
အလျင်အမြန် ဦးညွှတ်လိုက်ကာ "ကျေးဇူးတင်ပါတယ်
ဓားသခင်!"

၎င်းတို့က တိုက်ပွဲအပြီးမှ ရောက်ရှိလာသောကြောင့်
သိုလှောင်လက်စွပ်နှစ်ကွင်းကဘာဆိုလိုသည်ကို
ရှင်းရှင်းလင်းလင်းသိထားကြပုံပါ။

ထို့အပြင် သိုလှောင်လက်စွပ်ထဲ၌ ကောင်းကင်အဆင့်
နှင့်
မြေကမ္ဘာအဆင့်အမှောင်ရတနာလက်နက်နှစ်ခုလုံးရှိနေ
ပေသည်။

အထူးသဖြင့်

ကောင်းကင်အဆင့်အမှောင်ရတနာလက်နက်တွေ။

သူတို့ထဲက အများစုဟာ ဘဝတစ်လျှောက်လုံး

ကောင်းကင်အဆင့်အမှောင်ရတနာလက်နက်ကို

မြင်တွေ့ဖူးခြင်းမရှိပေ။

သို့သော်လည်း ယန်ယဲ့သည် အနည်းငယ်မျှ မတုံ့ဆိုင်းဘဲ

၎င်းတို့အား ပေးလိုက်သောကြောင့် လူတိုင်း

စိတ်လှုပ်ရှားသွားသည်နှင့်တစ်ပြိုင်နက်တည်း

တုန်လှုပ်သွားခဲ့ခြင်းပင်။

"ဓားသခင်?" ထိုစကားသံကိုကြားသောအခါ ယန်ယဲ့က

အတော်လေး အံ့အားသင့်သွား၏။

"လုံဂျန်! ငါက သူတို့ပြောနေတဲ့ ဒီဓားသခင် ဆိုတာ?

ဘယ်တုန်းက ဖြစ်လာတာလဲ။"

လုံဂျွန်က ပြုံးပြီးပြောရင်း သိုလှောင်လက်စွပ်နှစ်ကွင်းကို သိမ်းလိုက်ကာ "ငါတို့ မင်းကို ဘယ်လိုပြောရမလဲဆိုတာ မသိလို့ပဲ။ မင်းရဲ့နာမည်ကို တိုက်ရိုက်ခေါ်တာက မလေးစားရာရောက်တယ်လို့ ထင်ရတယ်။ ဒါကြောင့် ငါတို့က မင်းကို ဂုဏ်ပုဒ်တစ်ခုပေးလိုက်တာပဲ။

ဓားသခင်ဆိုတဲ့ဘွဲ့ ဂုဏ်ပုဒ်ကို ငါတို့ရွေးချယ်လိုက်တဲ့ အကြောင်းအရင်းဟာ အဓိကကတော့ မင်းက ဓားကို အသုံးပြုတာကြောင့်လေ။ ဒါ့အပြင် ဓားတာအိုမှာ မင်းရဲ့အောင်မြင်မှုတွေက အရမ်းကြောက်စရာကောင်းလွန်းတယ်!"

"ကြောက်စရာကောင်းတယ် လား?" ယန်ယဲ့က ခေါင်းခါပြီး တဟားဟားရယ်မောလိုက်ကာ “အဲဒါကို

မပြောပါရစေနဲ့။ ဒီကာလအတွင်း မင်းတို့ရဲ့ခွန်အားတွေ ဘယ်လောက်

တိုးတက်လာတယ်ဆိုတာတာကို ပြောပြပါ!”

လုံဂျွန်က ခေါင်းညိတ်ပြီး ပြောသည်။"ငါတို့ ညီအစ်ကိုတွေက အဲဒီကာလမှာ တော်တော်လေး တိုးတက်လာတယ်။

လုံရင် နဲ့ ငါက ရေခဲဝိညာဉ်သစ်သီးရဲ့အကူအညီနဲ့ သိုင်းဘုရင်အထွတ်အထိပ်အဆင့်ကိုရောက်နေပြီ။ ပြောရရင်တော့ ဝိညာဉ်နယ်ပယ်အလွှာအဆင့် နဲ့ ခြေတစ်လှမ်းစာလောက်ပဲဝေးတယ်။

နောက်ထပ်ညီအစ်ကိုအချို့ကလည်း ရေခဲဝိညာဉ်သစ်သီးရဲ့အကူအညီနဲ့ သိုင်းဘုရင်အထွတ်အထိပ်အဆင့်ကို ရောက်နေကြပြီ။

ဒါပေမယ့် သူတို့၏ ကျင့်ကြံမှုက သိပ်ပြီးမတည်ငြိမ်ကြသေးဘူး။ ညီအစ်ကို ၆၂ ဦးလောက်က သိုင်းဘုရင်အဆင့် ၈ နဲ့ ကျန်လူတွေကတော့ သိုင်းဘုရင်အဆင့် ၃ နဲ့ အဆင့် ၇ တွေမှာအသီးသီးရှိနေကြတယ်။ ဒါပေမယ်လို့ သူတို့က သိုင်းဘုရင်အထွတ်အထိပ်အဆင့်တွေကို လုပ်ကြံသတ်ဖြတ်နိုင်စွမ်းရှိတယ်။”

"ရှေးဟောင်းစစ်မြေပြင်မှာ ထိပ်သီးပါရမီရှင်တွေနဲ့ ယှဉ်ရင်ကော ဘယ်လိုလဲ?" ယန်ယွဲ့က တိုးညှင်းသောလေသံဖြင့် မေးလိုက်သည်။

လုံဂျွန်လည်း ချက်ချင်းငြိမ်ကျသွား၏။

အခု သူပြောခဲ့သည့်
ကျင့်ကြံခြင်းနယ်ပယ်ထက်ကျော်လွန်ပြီး
လုပ်ကြံနိုင်စွမ်းမှာ တောင်ပိုင်းနယ်မြေမှ
ကျင့်ကြံသူများကိုသာကန့်သတ်ထားသည်။

အဘယ်ကြောင့်ဆိုသော် ရှေးဟောင်းစစ်မြေပြင်ရှိ
ထိပ်သီးပါရမီရှင်များက
မူလကျင့်ကြံဆင့်ကိုကျော်လွန်ပြီး
တိုက်ခိုက်နိုင်စွမ်းရှိကြသည်။

ထို့ကြောင့် ကျင့်ကြံမှုအဆင့်နိမ့်ကျနေစဉ်
ထိပ်သီးပါရမီရှင်များကို
လုပ်ကြံသတ်ဖြတ်ရန်ကြိုးစားခြင်းကအလွန်ခက်ခဲပေသ
ည်။

"မင်းတို့ရဲ့ခွန်အားတွေက မလုံလောက်သေးဘူး!"
ယန်ယွဲ့က ဆက်ပြောသည်။ "မင်းတို့ထွက်သွားပြီးတာနဲ့
သူတို့ရဲ့ခွန်အားတွေ တိုးတက်လာအောင်
ဆက်ပြီးကြိုးစားဖို့ သတိပေးထားလိုက်ပါ။
ကျင့်ကြံခြင်းနည်းစနစ်တွေ၊ ရတနာတွေ ဒါမှမဟုတ်
စွမ်းအင်ကျောက်တုံးတွေအတွက်စိတ်ပူစရာမလိုဘူး။
ငါဒါတွေအားလုံးကိုဖြေရှင်းလိုက်မယ်!
ဒါပေမယ့် မင်းတို့ဆီကနေ တိုးတက်တဲ့ ရလာဒ်ကို
မြင်ချင်တယ်။ အမှိုက်တွေမလိုဘူး.... နားလည်ရဲ့လား?"

ထိုစကားကိုကြားသောအခါ လုံဂျွန်၏ နှလုံးသားက
တုန်လှုပ်သွားသည်။
ယန်ယွဲ့က မကျေမနပ်ဖြစ်နေကြောင်း
သူသိလိုက်ရသည်။

ရှေးဟောင်းစစ်မြေပြင်ရှိ ထိပ်သီးပါရမီရှင် များနှင့်
နှိုင်းယှဉ်ကာ ယန်ယွဲ့ပြောခဲ့သည့်စကားကို
သတိရလိုက်သောအခါ သူ့နှလုံးသားအောက်ခြေမှ
အေးစက်စက်ခံစားချက်တစ်ခု
ချက်ချင်းထွက်ပေါ်လာခဲ့သည်။

ယန်ယွဲ့၏ရည်ရွယ်ချက်မှာ ရှေးဟောင်းစစ်မြေပြင်မှ
ထိပ်သီးပါရမီရှင်များကိုလုပ်ကြံရန်ပင် မဟုတ်ပါလား။
" ဒီအတိုင်းဆိုရင် ငါတို့က တော်တော်ကို
အားနည်းနေသေးတာပဲ။"

"ငါမင်းတို့ထဲကတချို့ကိုသုံးစရာလိုတယ်!"
ယန်ယွဲ့က ရုတ်တရက် စကားစလိုက်သည်။

"မင်းက အခု
တောင်ပိုင်းနယ်မြေဆီပြန်သွားတဲ့လူတွေကို
လမ်းတစ်လျှောက်လိုက်လံစောင့်ကြည့်ဖို့ လူ ၁၀
ယောက် စေလွှတ်ပါ။

ပြီးတော့ တောင်ပိုင်းနယ်မြေကို ရောက်တာနဲ့ သူတို့ရဲ့
လှုပ်ရှားမှုတိုင်းကို စောင့်ကြည့်နေ။

တကယ်လို့ သူတို့သာ ကတိမတည်ရင်
ဘာလုပ်သင့်တယ်ဆိုတာ အားလုံးသိပါတယ်။"

“ ဒုတိယအချက်က ငါ့အတွက် လူနှစ်ယောက်ကို
စုံစမ်းဖို့ပါ။ တစ်ယောက်က မိုချင်းယု လို့ခေါ် ပြီး
နောက်တစ်ယောက်ကတော့ မော့ဂျွန် လို့ခေါ်တယ်။

သူတို့ကို တွေ့တာနဲ့ ငါ့ကို
ချက်ချင်းအကြောင်းကြားလိုက်။ တစ်ခု

သတိထားရမှာက သူတို့သာ မင်းတို့ကို သတိထားမိရင် မင်းတို့အားလုံးသေမှာသေချာပါတယ်။

“၃ ခုမြောက်ကတော့ မိုခေး နဲ့ ဟွင်းယုတို့လို ရှေးဟောင်းစစ်မြေပြင်မှာ ထိပ်တန်းအဆင့်ရှိတဲ့ ပါရမီရှင်တွေကို စောင့်ကြည့်ဖို့ပဲ။

သူတို့ရဲ့လုပ်ဆောင်ချက်တိုင်းကို စောင့်ကြည့်ပြီး လိုအပ်တဲ့အခါ ငါ့ကို သတင်းပို့ပါ။အားလုံးပဲ နားလည်ကြလား?"

လူတစ်ယောက်၏ စွမ်းဆောင်ရည်က အမှန်ပင် ကန့်သတ်လွန်းသည်။

၎င်းသည် မကြာသေးမီကမှ ယန်ယွဲ့ နားလည်ခဲ့သော အရာဖြစ်သည်။

အထူးသဖြင့် သူသည် ရှေးဟောင်းစစ်မြေပြင်မှ ထိပ်ဆုံးရောက်ပါရမီရှင်များနှင့်ပတ်သက်သော သတင်းအချက်အလက်များကို ချက်ချင်းရရယူနိုင်ရန် လိုအပ်သည်။

ထိုကဲ့သို့နည်းလမ်းဖြင့်သာ ၎င်းတို့နှင့်ရင်ဆိုင်ရာတွင် ဟာကွက်မရှိအောင် အပြည့်အဝပြင်ဆင်နိုင်ပါလိမ့်မည်။

အတိုချုပ်ပြောရလျှင် သူသည် ကိုယ်ပိုင် အင်အားစုများ လိုအပ်ပြီး တစ်ဦးတည်းကြိုးစားနေခြင်းက လုံးဝမပြီးနိုင်ပေ။

နောက်ဆုံးတွင် သူသည် လွန်ခဲ့သောနှစ်များအတွင်းက ဆေဘာဓားဂိုဏ်း၏ တည်ထောင်သူဘိုးဘေး

ပိုင်ဆိုင်ထားသည့် စွမ်းအားအဆင့်ကို
မရောက်ရှိသေးပါ။

ယန်ယဲ့၏ စကားကိုကြားလိုက်ရာ လူတိုင်း
အမူအရာများ ပြောင်းလဲသွားကြသည်။

အားလုံးက ငတုံးအများဟုတ်ပေ။ သို့သော် ယန်ယဲ့၏
ရည်ရွယ်ချက်နှင့် ရည်မှန်းချက်ကို အနည်းငယ်
နားမလည်နိုင်ကြချေ။

ယန်ယဲ့သည် နယ်မြေအသီးသီးမှ
ထိပ်သီးပါရမီရှင်များကို ရင်ဆိုင်ပြီး
ပုန်းကွယ်နေသောနဂါးအဆင့်သတ်မှတ်ချက်ကိုအဓိက
ထားနေခြင်းပါ။

ထိုအချက်ကို တွေးမိလိုက်သည့်အခါ လူတိုင်းက အလွန်စိတ်လှုပ်ရှားစပြုလာသည်။ အဘယ်ကြောင့်? အကြောင်းအရင်းမှာ ဆေဘာ ဓားဂိုဏ်း၏ တည်ထောင်သူဘိုးဘေးမှလွဲ၍ နယ်မြေအသီးသီး၏ ထိပ်သီးပါရမီရှင်များကိုဖိနှိပ်နိုင်စွမ်းရှိသော တောင်ပိုင်းနယ်မြေမှပါရမီရှင်တစ်ဦးမျှမရှိခဲ့ပေ ။

သို့သော် ယန်ယဲ့က ၎င်းကို ပြီးမြောက်အောင်လုပ်ဆောင်နိုင်သော ခွန်အားရှိပါမည်လော? သူတို့အမြင်တွင်တော့ ဖြစ်နိုင်ချေများသည်ဟု ယုံကြည်နေကြ၏။

ထို့အပြင် ယန်ယဲ့က နယ်မြေအသီးသီး၏ ထိပ်ဆုံးရောက်ပါရမီရှင်များကိုတန်းတူယှဉ်နိုင်ခဲ့သော

တောင်ပိုင်းနယ်မြေရှိ တစ်ဦးတည်းသော
ထိပ်သီးပါရမီရှင် ဖြစ်သည်။

အကယ်၍ သူသည်
ဆေဘာစားဂိုဏ်းတည်ထောင်သူဘိုးဘေးကဲ့သို့
ကြီးကျယ်ခမ်းနားသော အောင်မြင်မှုများကို
ရယူနိုင်ပါက သူတို့အားလုံးလည်း
တောင်ပိုင်းနယ်မြေ၏သမိုင်း၌
ယန်ယွဲ့နှင့်အယန်ယွဲ့နှင့်အတူမှတ်တမ်းဝင်သွားမည်ဖြစ်
သည်။

ယန်ယွဲ့က ဆေဘာစားဂိုဏ်း၏ တည်ထောင်သူဘိုးဘေး
ကဲ့သို့ အောင်မြင်မှုများကို မရယူနိုင်ခဲ့လျှပင်
ပုန်းကွယ်နေသောနဂါးအဆင့်သတ်မှတ်ချက်၌ ထိပ်ဆုံး
(၅) နေရာကိုဝင်ရောက်နိုင်သရွေ့

တောင်ပိုင်းနယ်မြေ၏သမိုင်းတွင် အမှတ်အသားတစ်ခု ဖြစ်လာမှာ မလွဲကေန်ပါပဲ။

ထိုအခြေအနေကို တွေးကြည့်လိုက်သောအခါအားလုံးက ယန်ယွဲ့အား နောက်တစ်ကြိမ် ဦးညွှတ်ကာ တစ်ပြိုင်နက် ပြောဆိုလိုက်ကြသည်။ "ငါတို့အားလုံး ဓားသခင်ရဲ့နောက်ကိုသေတဲ့အထိလိုက်မယ်!"

ယန်ယွဲ့က ခေါင်းညိတ်သည်။ “မင်းတို့အားလုံးကို ငါပြောထားပြီးပြီ၊ မင်းတို့အားလုံး ငါနဲ့ ()၁၀ နှစ်ပဲနေရမယ်။ (၁၀) နှစ်ပြည့်သွားတာနဲ့ မင်းတို့ ထွက်ခွာချင်သလား ဒါမှမဟုတ် ဆက်နေချင်လား ဆိုတာ ဆုံးဖြတ်နိုင်တယ်။ ငါ မင်းတို့ကို

လုံးဝအတင်းအကျပ်မလုပ်ဘူး။ ငါယန်ယဲ့
ငါ့စကားအတိုင်းတည်တယ်ယ်။ အခု သွားကြတော့!”

အားလုံး ခေါင်းညိတ်ပြပြီးနောက် တဖျပ်ဖျပ်
တောက်ပလာပြီး ရုတ်ချည်းပင်
ပျောက်ကွယ်သွားကြသည်။

သူတို့ထွက်သွားပြီးသည်နှင့် ယန်ယဲ့က လက်တစ်ဖက်ကို
ဝှေ့ယမ်းလိုက်ရာ ဆန်းကြယ်ရွှေချိုကန်ထဲမှ
အကောင်ကြီးများအားလုံး သူ့ရှေ့တွင်
ချက်ချင်းပေါ်လာခဲ့၏။

ရှေ့ဆုံးမှ ဦးဆောင်ထွက်လာသည့်
အမှောင်မှော်သားရဲမှာ ရှောင်လန်း ဖြစ်သည်။ ဒီအချိန်မှာ

ငင်းက ဝိညာဉ်နယ်ပယ်အလွှာအဆင့်သို့ တက်လှမ်းသွားပြီဖြစ်သည်။"

"မင်းက အရမ်းသန်မာတယ်!" သူက အသံတိုးတိုးလေးဖြင့် ပြောနေရင်း ယန်ယွဲ့ကို စိုက်ကြည့်နေသည်။ "မင်းဆီက မမြင်နိုင်တဲ့ အန္တရာယ်အငွေ့အသက်ကို ငါ ခံစားမိတယ်!"

"မင်းလည်း ပိုပြီးသန်မာလာတယ်မဟုတ်လား?" ယန်ယွဲ့က အပြုံးဖြင့် ပြန်ပြောလိုက်ပါသည်။

"ကျေးဇူးတင်ပါတယ်!" ရှောင်လန်းက လေးနက်စွာပြောလိုက်သည်။

အမှောင်မှော်သားရဲများ၏ ၎င်းတို့၏ကျင့်ကြံမှု၌ မြန်မြန်ဆန်ဆန်တိုးတက်ရန်အလွန်ခက်ခဲလှသည်။ အကယ်၍ သူ့တွင် ဆန်းကြယ်ရွှေချီကန်၏ အကူအညီသာမရှိပါက ဝိညာဉ်နယ်ပယ်အလွှာအဆင့်သို့ ချိုးဖျက်ရန် အချိန်တော်တော်ကြာယူရမည်ဖြစ်သည်။ ထို့ကြောင့် " ကျေးဇူးတင်ပါတယ် " ဟူသောစကားများက သူ့နှလုံးသားထဲမှထွက်ပေါ်လာသောအရိုးသားဆုံးစကား များပင်။

ယန်ယဲ့က ခေါင်းခါပြီး "မင်းရဲ့အကူအညီအားလုံးကို ငါလိုအပ်နေပြီဆိုတော့ အဲဒါကို မလိုအပ်ဘူး!"

“ဆက်ပြောပါ!” ရှောင်လန်းက "မင်းဆီက ဒီလောက်ကြီးမားတဲ့ အကျိုးအမြတ်တွေကိုငါရခဲ့ပြီးပြီ၊ ဒါတောင် အခုအချိန်အထိ ဘာမှ မလုပ်ပေးရသေးဘူး။ အမှန်အတိုင်းပြောရရင် ငါအရမ်းရှက်မိတယ်!”

ယန်ယွဲ့က အသာပြုံးလိုက်သည်။ "မင်းက မဟာတောင်တန်းကိုပြန်ပြီး မင်းရဲ့မျိုးနွယ်စုကို ချုပ်ကိုင်စေချင်တယ်။

အခုအချိန်မှာ မင်းတို့အားလုံးပိုင်ဆိုင်ထားတဲ့ ခွန်အားတွေကြောင့် ပြဿနာမဖြစ်နိုင်ပါဘူး။ ငါမင်းတို့အားလုံးကို မင်းတို့ရဲ့ကိုယ်ပိုင်မျိုးနွယ်စုတွေကို ချုပ်ကိုင်ဖို့ ဆိုလိုတာမဟုတ်ဘူး၊ မင်းတို့က တခြားမျိုးနွယ်စုတွေကို ချုပ်ကိုင်ဖို့ ဆိုလိုတာ။ နားလည်ရဲ့လား?"

"ဘာလုပ်ဖို့ရည်ရွယ်ထားလဲ?" ရှောင်လန်းက ယန်ယွဲ့၏ စကားကြောင့် အနည်းငယ်ကြောက်လန့်သွားကာ တိုးညှင်းစွာပြောလိုက်သည်။

"နောင်ကျရင် မင်းသိလိမ့်မယ်!"ယန်ယွဲ့က

လျစ်လျူရှုရင်း "မင်းမလိုလားရင် အချိန်မရွေး ထွက်သွားနိုင်တယ်။
ငါမင်းကိုဘာမှအတင်းအကြပ်မလုပ်ဘူး!"

"တကယ်လား?" ရှောင်လန်းက မျက်ခုံးများ ပင့်တင်ကာ အနည်းငယ် စိတ်လှုပ်ရှားသွားပုံရ၏။

“မဟုတ်ဘူး!” ယန်ယွဲ့က ဆက်ပြောလိုက်လေသည်။
"မင်းထွက်သွားဖို့ရွေးချယ်ရင်
ငါချက်ချင်းသတ်ပစ်မယ်!"

ရှောင်လန်းက ဒေါသမထွက်ဘဲ ရယ်မောကာ
ဟောက်လိုက်သည်။ ခဏအကြာတွင် သူက "ယန်ယွဲ့!
မင်းရဲ့ရက်စက်ပြတ်သားမှုကို ငါကြိုက်တယ်။
မင်းဘာလုပ်ချင်လဲ ငါဂရုမစိုက်ဘူး၊ ငါသိတာတစ်ခုက
မင်းနောက်ကိုလိုက်ရင် ငါ့ရဲ့ခွန်အားတွေ
အဆက်မပြတ်တိုးတက်လာမယ်၊ ဒါက ငါ့ဘဝမှာ
အကြီးမားဆုံးကံကြမ္မာကောင်းကိုကြုံတွေ့မှုပဲ။
ဒါကြောင့် မဟာတောင်တန်းတွေဆီကိုပြန်သွားတဲ့အခါ
မင်းဆန္ဒအတိုင်း ပြီးအောင်လုပ်မယ်။”
သူ့စကားပြောပြီးသည်နှင့်တစ်ပြိုင်နက် ရှောင်လန်းက

မှူလပုံစံအဖြစ်သို့ ပြောင်းလဲသွားကာ
တောင်ပိုင်းနယ်မြေ၏ မဟာတောင်တန်းများဆီသို့
လျင်မြန်စွာပြေးထွက်သွားလေတော့သည်။
၎င်းက သိပ်မကြာခင်မှာပဲ ယန်ယဲ့၏အမြင်အာရုံကနေ
လျင်မြန်စွာ ပျောက်ကွယ်သွားခဲ့သည်။

ရှောင်လန်း ထွက်သွားပြီးနောက်
မီးခိုးရောင်ဝံပုလွေဘုရင် နှင့် ငွေရောင်ဝံပုလွေဘုရင်က
သူ့ရှေ့၌ပေါ်လာကြသည်။

ယန်ယဲ့က ရှေ့သို့လှမ်းတက်ကာ ဝံပုလွေဘုရင်နှစ်ပါး၏
ခေါင်းကို ပွတ်သပ်ရင်းသူ့မျက်လုံးထဲ၌
နူးညံ့သောအမူအရာတစ်ခု ဖျတ်ခနဲ ပေါ်လာသည်။

မီးခိုးရောင်ဝံပုလွေဘုရင် နှင့်
ငွေရောင်ဝံပုလွေဘုရင်တို့ဟာ အစကတည်းက
သူ့နောက်သို့လိုက်လာသော
အမှောင်မှော်သားရဲများဖြစ်နေသောကြောင့်
သူတို့ကြားတွင် ခံစားချက်အချို့ရှိနေပေသည်။

မည်သို့ပင်ဆိုစေကာမူ သူက ၎င်းတို့ကို
တိုက်ပွဲဝင်လက်နက်များအဖြစ်
သတ်မှတ်ထားခြင်းမရှိပေ။

အပြန်အလှန်အားဖြင့် ၎င်းတို့၏ဘေးကင်းမှုအတွက်
ထည့်သွင်းစဉ်းစားကာ
အစွမ်းထက်ရန်သူနှင့်ရင်ဆိုင်ရသောအခါတိုင်းအပြင်သို့
ခေါ်ထုတ်ခြင်းမရှိခဲ့ပေ။

ထို့ကြောင့် အခုအချိန်တွင် သူက ဝံပုလွေဘုရင်နှစ်ပါးကို ထွက်ခွာခွင့်ပြုရန်အနည်းငယ် ဝန်လေးနေ၏။

သို့သော် သူသည် နိယာမတစ်ခုကို နားလည်ထားသည်။ ၎င်းတို့သာ သူ့အနားတွင် ဆက်လက်ရှိနေပါက အချိန်ကြာလာသည်နှင့်တစ်ပြိုင်နက် ဝံပုလွေဘုရင်နှစ်ပါးစလုံး ပို၍ အန္တရာယ်များလာမည် ဖြစ်သည်။

ရက်စက်ကြမ်းကြုတ်သော တောရိုင်းဥပဒေများအောက်၌ တိုက်ပွဲများကသာ ၎င်းတို့အား ပို၍သန်မာလာစေနိုင်သည်။

ထိုသို့မဟုတ်ပါက
၎င်းတို့၏ကျင့်ကြံမှုအဆင့်များမြင့်တက်လာခဲ့သည့်တိုင်
တိုက်ခိုက်ရေးစွမ်းအား ကွာဟသွားပေလိမ့်မည်။

ထို့အတွက် ယန်ယဲ့က အနည်းငယ်တုံ့ဆိုင်းနေသော်ငြား
၎င်းတို့ကို မဟာတောင်တန်းများဆီသို့ ပြန်သွားခွင့်ပြုရန်
ဆုံးဖြတ်ထား၏။

"မင်းတို့နှစ်ယောက် ဒီခရမ်းရောင်စုံချီစွမ်းအင်ကို
အမြဲတမ်းလိုချင်နေတာမဟုတ်လား?" ယန်ယဲ့က
ပြုံးလိုက်ပြီး "မဟာတောင်တန်းတွေဆီ ပြန်သွားတဲ့အခါ
မင်းတို့ ငါ့စိတ်တိုင်းကျ ကျေနပ်စေနိုင်ရင် မင်းတို့ရဲ့
ဆန္ဒကို ဖြည့်ဆည်းပေးမယ်။

အရင်ဆုံး မပျော်ပါနဲ့ဦး ၊ မင်းတို့သာ
ငါ့ကိုစိတ်ကျေနပ်အောင်
မလုပ်ဆောင်နိုင်ရင်တော့အငယ်လေး
ပြန်ကောင်းလာတဲ့အခါ နေ့တိုင်း
ညှဉ်းပန်းနှိပ်စက်ခိုင်းလိုက်မယ်!”

ယန်ယဲ့၏
နောက်ဆုံးပြောလိုက်သောစကားကိုကြားလိုက်ရာ
ဝံပုလွေဘုရင်နှစ်ပါး၏ ခန္ဓာကိုယ်က ချက်ချင်း
တုန်လှုပ်သွားပြီး ကျယ်လောင်စွာအော်ဟစ်ကာ
အဝေးသို့တဟုန်ထိုးထွက်ပြေးသွားကြတော့သည်။

သိသိသာသာပင် ၎င်းတို့က ခရမ်းရောင်မင့်ခ်ကလေးကို
အလွန်အမင်းကြောက်လန့်နေကြခြင်းပါ။

ယန်ယဲ့သည် ဝံပုလွေဘုရင်နှစ်ပါး ကမန်းကတန်း ထွက်ခွာသွားသည်ကို မြင်လိုက်သောအခါ မနေနိုင်ဘဲ ရယ်မောလိုက်မိသည်။

ခရမ်းရောင်မင့်ခ်ကလေးက ပြန်ပြီးနိုးထလာခြင်းမရှိသေးသော်ငြား အတော်လေးစားဖွယ်ရာအတိပင်။

သူမလေး၏အကြောင်းကို တွေးမိလိုက်ရာ ယန်ယဲ့၏ အပြုံးက တဖြည်းဖြည်း ပျောက်ကွယ်သွားသည်။ သူ့မျက်လုံးထဲ၌ မှိန်ဖျော့ဖျော့ဖျော့ အလင်းရောင်များပေါ်လာခဲ့လေသည်။

ခဏအကြာတွင် ခေါင်းယမ်းလိုက်ပြီး အချိန်ကိုကြည့်ရန် ခေါင်းမော့လိုက်သည်။

ညအမှောင်ထု၏မျက်နှာဖုံးက လျှင်မြန်စွာ ကျဆင်းလာသည်ကို မြင်လိုက်သောအခါ ယန်ယွဲ့၏နှလုံးသားက ပြင်းထန်စွာတုန်ခါသွားတော့သည်။

အဘယ်ကြောင့်ဆိုသော် အကြီးအကဲမှူး၏ အဆိုအရ သူ့ဘဝသက်တမ်းကို ရှောင်ယု၏ရှိထံသို့ နေ့ရက်တိုင်း လွှဲပြောင်းပေးရမည်ဖြစ်သည်။
တစ်နည်းပြောရရင်တော့...။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၅၇ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၅၇)] –တန်ကြေး!

သက်တမ်းလွှဲပြောင်းပေးရခြင်း(နှစ်မွှာကျင့်ကြံခြင်းနည်းစနစ်)က အလွန်ပျော်ရွှင်စရာကောင်းသော်ငြား တစ်ဖက်တွင်လည်း အတော်လေးပင်ပန်းလှသည်။

သို့သော် မည်မျှပင် ပင်ပန်းနွမ်းနယ်နေပါစေ

ယန်ယွဲ့၏စိတ်ထဲ

ရှောင်ယူ့ရှီကိုအမြန်ဆုံးနိုးထလာစေရန်သာ ရှိသည်။

သို့သော် သူက ထိုအရာကိုလုပ်ဆောင်လိုက်တိုင်း

တစ်စုံတစ်ခု ဆုံးရှုံးသွားသလို ခံစားရ၏။

အစပိုင်းတွင် သူနားမလည်ခဲ့သော်ငြား၊

သူ့ပုခုံးပေါ်မှပြန့်ကျဲနေသောဆံပင်များကိုမြင်လိုက်မှသာ

သူ၏ဘဝသက်တမ်းကိုဆုံးရှုံးသွားကြောင်း

သဘောပေါက်သွားခဲ့သည်။

သူ၏ အနက်ရောင်ဆံပင်ကြား၌ ဆံပင်ဖြူအချို့ပင်ရှိနေသည်ကိုသတိထားမိလိုက်ပါသည် ။

"ဒါက ကောင်းကင်ဘုံကို အန်တုလို့ ပြန်ပေးဆပ်ရတဲ့ တန်ကြေးလား?" ယန်ယဲ့သည်

ခေါင်းငုံ့ကာ သူ့ရင်ခွင်ထဲ၌ 'အိပ်စက်နေဆဲ' ရှောင်ယု့ရှီကို ငေးကြည့်နေသည်။ သူ့အကြည့်များက သူမအပေါ် နူးညံ့သိမ်မွေ့သော အမူအရာများ အပြည့်ပါ။

ရုတ်တရက် သူမ၏ နဖူးကို ညင်သာစွာ နမ်းရှိုက်လိုက်ကာ “ငါ ဘယ်လောက်ပဲ ပေးဆပ်ရပါစေ အသက်ဆုံးရှုံးသွားရင်တောင် မင်းကို ပြန်ပြီးနိုးထလာစေမယ်ဆိုတာ ကတိပေးတယ်။

ငါ့ကိုတားတဲ့သူကို ငါသတ်မယ်၊ ကောင်းကင်ဘုံက
ငါ့ကိုတားရင် ကောင်းကင်ကို ငါသတ်မယ်။”

သူ့အပေါ် ကျေးဇူးဆပ်တယ်လို့ ခံစားမိလို့လား?
ဒါမှမဟုတ် သူက
သူမကိုကျေးဇူးပြန်ဆပ်နေချင်လို့များဖြစ်နေမလား? "
သို့သော်မည်သို့ပင်ဆိုစေ သူ့စိတ်ထဲ၌
ရှောင်ယုရှီကိုပြန်လည်နိုးထလာရန်သာ
အလေးထားနေသည်။

ယန်ယဲ့ကဤစကားများကိုပြောလိုက်သော အခါ
ရှောင်ယုရှီ၏
မျက်တောင်များကအနည်းငယ်တုန်ခါသွားပြီး
သူမ၏မျက်နှာပေါ်တွင်

ပန်းနုရောင်ဖျော့ဖျော့လေးပေါ်လာသည်ကို
သတိမထားမိလိုက်ပေ...။

တစ်နာရီခန့်ကြာပြီးနောက် ယန်ယဲ့သည်
ဓားပုံကိုစီးနင်းကာ ရှေးဟောင်းဒိုမိန်းမြို့သို့ပြန်သွားခဲ့၏။

ထို့နောက် သူက အဆောင်ရေးဆွဲရန် လိုအပ်သော
ပစ္စည်းအမြောက်အမြားကို ဝယ်ယူခဲ့ပြီး
အနီးအနားမှင်တည်းခိုခန်းတစ်ခု၌
နေထိုင်ရန်အခန်းတစ်ခန်းကို ယူလိုက်သည်။

အတိုချုပ်ပြောရလျှင် ဤအချိန်၌ သူက
များပြားလှသော စွမ်းအင်ကျောက်တုံးများ
လိုအပ်နေ၏။

ကံကောင်းစွာဖြင့် သူက အဆောင်သခင်တစ်ဦး
လည်းဖြစ်သလို မြေကမ္ဘာအဆင့်အဆောင်သခင်ပါ။

ထို့ကြောင့် သူ့တွင် ပစ္စည်းများရှိသရွေ့ အဆင့်မြင့်
သာမာန် အဆောင်အများအပြားကို ရေးဆွဲနိုင်၏။
သို့တိုင် သာမန်အဆင့်မြင့်အဆောင်တစ်ခုစီက
စွမ်းအင်ကျောက်တုံးများစွာဖြင့် ရောင်းချနိုင်ပေသည်။

သူက
အဆောင်ရေးဆွဲခြင်းမပြုသည်မှာအချိန်အတော်ကြာနေ
သောကြောင့်
သာမန်အဆင့်နိမ့်အဆောင်များကိုရေးဆွဲရန်မလုပ်ဆော
င်တော့ပေ၊ ထိုအစား

ဒြပ်စင်ငါးပါးနည်းစနစ်အဆောင်ကို ရေးဆွဲရန်သာ ရွေးချယ်လိုက်၏။ ။

ထို့နောက် အဆောင်စုတ်တံကို ကိုင်ပြီး ဂရုတစိုက်ရေးဆွဲလိုက်ပါသည်။

ဤသို့ဖြင့် အဆောင်ရေးဆွဲနေရင်း အချိန်တစ်နာရီခန့် ကုန်ဆုံးသွား၏။

ယန်ယဲ့က အဆောင်ရေးဆွဲနေရင်း ရုတ်တရက်ရပ်တန့်လိုက်ကာ သူ့ရှေ့၌ အရောင်တဖျပ်ဖျပ်တောက်ပနေသောတိုက်ခိုက်ရေးအဆောင်ကိုမြင်နိုင်သည်။

သို့သော်လည်း ယန်ယဲ့က
အဆင့်မြင့်တိုက်ခိုက်ရေးအဆောင်ကို မြင်သောအခါ
အလွန်အံ့အားသင့်သွား၏။

၎င်းက အဆင့်မြင့်တိုက်ခိုက်ရေးအဆောင်မဟုတ်ပေ၊
ဒြပ်စင်ငါးငါးထိပ်တန်းအဆင့်တိုက်ခိုက်ရေးအဆောင်ဖြ
စ်နေလို့ပါ။

ထိုအဆင့်နှစ်ခုက အလွန်ကွာခြားသည်။

ထိပ်တန်းအဆင့် နှင့် အဆင့်မြင့် ဟူသော
စကားလုံးနှစ်ခုကြား ကွာဟချက်သည်
အနည်းငယ်မျှသာမဟုတ်ပေ။

ထိပ်တန်းအဆင့်အဆောင်တစ်ခု၏ တန်ကြေးနှင့်
စွမ်းအားသက်ရောက်မှုက အဆင့်မြင့်အဆောင်ထက်
အနည်းဆုံး နှစ်ဆလောက်သာလွန်ပေသည်။

မှန်ပါသည်။ ၎င်း၏ တန်ကြေးကလည်း အဆင့်မြင့်အဆောင်ထက် နှစ်ဆကျော်ပိုမြင့်မားသည်။

"ဘာကြောင့် ထိပ်တန်းအဆင့်အဆောင်တစ်ခုဖြစ်သွားတာလဲ? ငါ့ရဲ့ အဆောင်နည်းစနစ်က နောက်တစ်ဆင့်ကိုတက်သွားလို့များလား?" သို့သော် သိပ်မကြာခင်မှာပဲ သူက လွန်ခဲ့သည့်လအနည်းငယ်အတွင်း အဆောင်ရေးဆွဲခြင်းမရှိသောကြောင့် ထိုအတွေးကိုပယ်လိုက်သည်။

"ငါ မလေ့ကျင့်ဘူးဆိုတော့ ဘယ်လိုနည်းနဲ့ တိုးတက်လာနိုင်မှာလဲ? တိုးတက်မှုမဟုတ်ရင် ဘာကြောင့်လဲ?"

သူသည် ထိပ်တန်းအဆင့်အဆောင်ကိုစိုက်ကြည့်နေရင်း ရုတ်တရက် မျက်မှောင်ကြုတ်ကာ သူ့အကြည့်များက အဆောင်မျက်နှာပြင်

ပေါ် ရှိ ခရမ်းရောင်စုံလိုင်းများပေါ်သို့ ကျဆင်းသွားသည်။

ယန်ယဲ့က ခဏကြာ တိတ်ဆိတ်သွားပြီးနောက် “ငါ့ရဲ့ ဆန်းကြယ်ချီစွမ်းအင်တွေ အသွင်ကူးပြောင်းမှုကြောင့်များ ဖြစ်နိုင်မလား? ”

အချိန်တော်တော်ကြာစဉ်းစားပြီးနောက်တွင်

သူ့လက်ဝါးကိုလှန်လိုက်ရာ စက္ကူအလွတ်တစ်ရွက်က

သူ့ရှေ့မှ ကျောက်စားပွဲပေါ်တွင် ပေါ်လာသည်…။

နောက်ထပ်တစ်နာရီလောက်ကြာသွားပြီး

ခုခံရေးအဆောင် ဖြစ်ပေါ်လာသည်။

အစောပိုင်းတုန်းကလိုပင်၊ ၎င်းက ထိပ်တန်း

အဆင့်အဆောင် ပါ။

ယန်ယွဲ့က ထပ်မံပေါ်လာသော

ထိပ်တန်းအဆင့်အဆောင်ကို ကြည့်ရင်း

အားရကျေနပ်စွာ

ရယ်လိုက်မိသည်။

သူဖန်တီးလိုက်သော အဆောင်များက
ထိပ်တန်းအဆင့်ဖြစ်နေခြင်းမှာ
သူ၏ဆန်းကြယ်ချီစွမ်းအင်ကြောင့်ဖြစ်ကြောင်းအတည်
ပြုလိုက်နိုင်သောကြောင့်ပင်။

တစ်နည်းဆိုရသော် အခုအချိန်တွင် သူဖန်တီးခဲ့သော
အဆောင်များ အားလုံးက ထိပ်တန်းအဆင့်၌
ရှိနေပေလိမ့်မည်။

ဒီအခြေအနေကို တွေးမိလိုက်သည့်အခါ
ယန်ယဲ့၏မျက်နှာပေါ်၌ အပြုံးတစ်ခု
ထွက်ပေါ်လာခဲ့သည်။

သူက နောက်ရက်အနည်းငယ်အတွင်း အဆောင်များကို တစ်ခုပြီးတစ်ခုမြန်မြန်ဆန်ဆန်ရေးဆွဲနေလိုက်ကာ ပြင်ပရှိအခြေအနေများကို ဂရုမစိုက်ခဲ့ပေ။

မှန်ပါသည်။ သူက အခြေအနေအရပ်ရပ်အား လုံးဝလျစ်လျူရှုခြင်းမဟုတ်ဘဲ မိုးခေး၊ ဟွင်းယု အပါအဝင် ကျန်လူများနှင့်သက်ဆိုင်သော ကိစ္စများကိုမူ အာရုံစိုက်ထားဆဲပါ။

တစ်လခွဲကြာပြီးနောက် ယန်ယွဲ့သည် ဒြပ်စင်ငါးခုထိပ်တန်းအဆင့်အဆောင် ၁,၀၀၀ နီးပါးကို ဖန်တီးနိုင်ခဲ့သည်။

လက်ရှိ သူပိုင်ဆိုင်ထားသော စွမ်းရည်ဖြင့်
အလယ်အလတ်အဆင့်နည်းစနစ်အဆောင်များကိုသာဖ
န်တီးနိုင်၏။ ထို့ကြောင့်နည်းစနစ်အဆောင်များကို
ရေးဆွဲခြင်းမပြုခဲ့ပေ။

အလယ်အလတ်အဆင့်နည်းစနစ်အဆောင်များက
ထိပ်တန်းအလယ်အလတ်အဆင့်နည်းစနစ်အဆောင်
များဖြစ်နေလျှပင် တောင် တောင်ပိုင်းနယ်မြေ၌
လုံးဝအသုံးမဝင်ပေ။

ယန်ယွဲ့က ကျောက်စားပွဲပေါ် ရှိ
ထိပ်တန်းအဆောင်များကို
စုစည်းကာသိုလှောင်လက်စွပ်ထဲသို့ထည့်သိမ်းလိုက်သ
ည်။

ရုတ်တရက် အသက်ပြင်းပြင်းရှူကာ
မတ်တပ်ထရပ်လိုက်ပြီး မေးလိုက်၏။ "မင်းသိပြီလား?"

သူ့စကားဆုံးသည်နှင့် အခန်းထဲ၌
အနက်ရောင်အရိပ်တစ်ခု
ရုတ်တရက်ပေါ်လာသည်။အနက်ရောင်အရိပ်က
ယန်ယဲ့ကို ဦးညွတ်ကာ “ဓားသခင်! လူသားမျိုးနွယ်,
နတ်ဆိုးမျိုးနွယ်, ငရဲတစ္ဆေမျိုးနွယ် နဲ့
နတ်ဘုရားသားမျိုးနွယ်တွေ ပူးပေါင်းဖွဲ့စည်းထားတဲ့
အင်အားစုတွေအပြင်ကိုမှ မြို့ထဲမှာလည်း
အင်အားစုသုံးခုရှိတယ်။ ၎င်းတို့ထဲက တစ်ခုကတော့
မြို့တော်ဝန်ရဲ့အိမ်တော် ပဲ။
ရှေးဟောင်းဒိုမိန်းမြို့မှာ ဘယ်သူကမှ ပြဿနာမရှာရဲလို့
မြို့သခင်က

အတော်လေးလျှို့ဝှက်ဆန်းကြယ်နေတယ်ဆိုတာသိသာ
တယ်။

နောက်တစ်ခုပြောရရင်တော့ တရားစီရင်ရေးအဖွဲ့က
မြို့သခင်ကို အတော်လေးလေးစားကြတယ်လို့
ယူဆနိုင်ပါတယ်။”

"လျှို့ဝှက်ဆန်းကြယ်တဲ့ မြို့သခင်?" ယန်ယဲ့က
မျက်မှောင်ကြုတ်ပြီး “နောက်ထပ်
အင်အားစုနှစ်ခုကရော ဘယ်လိုလဲ?”

"ကျန်နှစ်ခုက "တောင်ပိုင်း အန်ကလန်"(မျိုးနွယ်စု) နဲ့
"မြောက်ပိုင်း အန်ကလန်"(မျိုးနွယ်) ဆိုတဲ့
ကလန်ကြီးနှစ်ခုပဲ။

အနက်ရောင်အရိပ်က ဆက်ပြောသည်။

“ဒီကလန်ကြီးနှစ်ခုလုံးက ရှေးဟောင်းဒိုမိန်းမြို့မှာရှိတဲ့ လုပ်ငန်းအားလုံးကို ထိန်းချုပ်ထားတဲ့အပြင် သူတို့ရဲ့အင်အားကလည်းခန့်မှန်းမရအောင်နက်ရှိုင်းတယ်။ တစ်ခုရှိတာ ဒီကလန်ကြီးနှစ်ခုဟာ အရင်တုန်းက ကလန်ကြီးတစ်ခုကတည်းကလာတာပဲ။

မူလ အန်ကလန် နှစ်ခုမကွဲခင်မှာ တရားစီရင်ရေးအဖွဲ့က အခုလောက် အင်အားမကြီးသေးဘူး။

ကံမကောင်းစွာနဲ့ပဲ အန်ကလန် ထဲမှာပဋိပက္ခတစ်ခုဖြစ်ပွားခဲ့လို့ တောင်ပိုင်း အန်ကလန် နဲ့ မြောက်ပိုင်း အန်ကလန် ဆိုပြီး နှစ်ခုကွဲထွက်သွားခဲ့တယ်။

ဒါပေမယ့် သူတို့ရဲ့ခွန်အားကို လျှော့တွက်လို့ မရသေးဘူး။ ဒီလိုမှမဟုတ်ရင် ရှေးဟောင်းဒိုမိန်းမြို့မှာ နှစ်ပေါင်းများစွာအထိ ရပ်တည်နိုင်ဖို့ မဖြစ်နိုင်သလို

ဒီမှာရှိတဲ့ စီးပွားရေးလုပ်ငန်းအားလုံးကို အဆက်မပြတ် ထိန်းချုပ်ထားနိုင်မယ်မထင်ဘူး!”

ယန်ယဲ့က ခေါင်းယမ်းပြီး ပြုံးပြရင်း “ဒီမြို့ရဲ့ အခြေအနေက တော်တော်ရှုပ်ထွေးပုံပဲ!

အိုး! ဒါနဲ့ မင်းပြောတာ သူတို့နှစ်ဖွဲ့က မြို့ထဲမှာရှိတဲ့ လုပ်ငန်းအားလုံးကို ထိန်းချုပ်ထားတယ်ဆိုတော့၊ တစ်နည်းဆိုရရင် သူတို့က အတော်လေး ကြွယ်ဝမယ်ထင်တယ်။”

"ဓားသခင်! မင်းက သူတို့ကို လုယက်ဖို့ ကြံစည်နေတာတော့ မဟုတ်ပါဘူးနော်!" အနက်ရောင်အရိပ်က တုန်လှုပ်ခြောက်ခြားသောလေသံဖြင့် ပြောလိုက်သည်။

"ဓားသခင်! မင်း အဲဒါကို လုံးဝ မလုပ်နိုင်ဘူး။ သူတို့က အရမ်းကြွယ်ဝသလို ပိုင်ဆိုင်ထားတဲ့ခွန်အား နဲ့ အရင်းအမြစ်တွေက မခန့်မှန်းနိုင်လောက်အောင် နက်ရှိုင်းတယ်။

ပွင့်ပွင့်လင်းလင်းပြောရရင် သူတို့ ကလန်နှစ်ခုထဲက တစ်ခုဆိုရင်တောင် တောင်ပိုင်းနယ်မြေရဲ့ မူလကျောင်းတော်နဲ့ ညီမျှတယ်။"

ယန်ယဲ့က အသာပြုံးလိုက်သည်။ "စိတ်မပူပါနဲ့။ စိတ်မပူပါနဲ့၊ ငါက တမင်သက်သက် သေလမ်းရှာမှာ မဟုတ်ဘူး။ ငါဆိုလိုတာက ဒီကလန်နှစ်ခုမှာ လေလံတင်အိမ်ရှိသင့်တယ်မဟုတ်လား?"

ဒီစကားကိုကြားလိုက်သည့်အခါ အနက်ရောင်အရိပ်က သက်ပြင်းတစ်ချက်ချပြီး "ဟုတ်ပါတယ်။ တောင်ပိုင်း အန်ကလန်မှာ "ရတနာစုဆောင်းခြင်းအိမ်တော်"လို့ခေါ်တဲ့ လေလံတင်ခန်းမတစ်ခု ပိုင်ဆိုင်ထားတယ်။

အဲ့ဒီခန်းမထဲမှာ ဆန်းကြယ်တိုက်ကြီးတစ်ခုလုံးက ရှိသမျှ ရတနာတွေကို စုဆောင်းထား တယ်လို့ ဆိုတယ်။ ဒါ့အပြင် မင်းမှာ ပိုက်ဆံရှိသရွေ့ အဲဒီခန်းမကနေ မဝယ်ယူနိုင်တဲ့ ရတနာမရှိဘူးလို့ ပြောကြတယ်!"

"ဟူး....၊ သူတို့က ကိုယ့်ကိုယ်ကို သိပ်ပြီးအမွှန်းတင်ကြတာပဲ။" ယန်ယဲ့က ပြောလိုက်ပါသည်။

အနက်ရောင်အရိပ်က ခေါင်းညိတ်ပြီး ဆက်ပြောသည်။ "တကယ်တော့ သူတို့ရဲ့အရင်းအမြစ်နဲ့ အရန်အင်အားတွေက အရမ်းကြောက်စရာကောင်းလို့ သူတို့က ချဲ့ကားတာ ဒါမှမဟုတ် ကြွားတာမဟုတ်ဘူး။ သူတို့ရဲ့"အန်ကလန်"ဆိုတာက ဒီရှေးဟောင်းဒိုမိန်းမြို့ကို စတင်တည်ထောင်တဲ့အချိန်တည်းက တည်ရှိနေခဲ့တာ။ ပြောရရင် သူတို့မှာ နှစ်ပေါင်း ၁၀,၀၀၀ ကျော်ရှည်လျားတဲ့ သမိုင်းကြောင်းတစ်ခုရှိတယ်၊ ဒါကြောင့် ပုန်းကွယ်နေတဲ့ ကလန် တချို့ကတောင် သူတို့နဲ့ နှိုင်းယှဉ်လို့မရဘူး။”

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး “ကောင်းပြီ။ သူတို့က ချဲ့ကားနေတာလား? ဒါမှမဟုတ် သူတို့မှာ အဲဒီစွမ်းရည်ကို အမှန်တကယ် ပိုင်ဆိုင်ထားသလား?

ဆိုတာ အရေးမကြီးပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် အရာအားလုံးက ငါ့အတွက် အတူတူပဲလေ! ဟုတ်တယ်..... ဒါနဲ့ မြောက်ပိုင်း အန်ကလန်ကရောဘယ်လိုလဲ?"

“သူတို့မှာလည်း လေလံတင်အိမ် ရှိတယ်။ အတူတူပဲ "ရတနာစုဆောင်းခြင်းခန်းမ"လို့ခေါ်တယ်။ ဒါပေမယ့် ငါတို့ အခုရောက်နေတဲ့ ဒီနေရာကို တောင်ပိုင်း အန်ကလန်က ပိုင်တယ်!”

"ဟုတ်လား?" ယန်ယွဲ့က ပြုံးပြီးပြောသည်။ "ဒါဆို ငါ တောင်ပိုင်း အန်ကလန်ကို အရင်သွားမယ်။

ဒါပေမယ့် မင်းငါ့နောက်လိုက်ဖို့ မလိုဘူး။သွားပါ! မင်းရဲ့ ကျင့်ကြံမှုအဆင့်ကိုဆက်ပြီးလေ့ကျင့်လို့ရပြီ။ လိုအပ်ရင် ငါခေါ်လိုက်မယ်!"

“ကောင်းပါပြီ!” အနက်ရောင်အရိပ်၏ ချက်ချင်းပုံတုန်လှုပ်သွားပြီး အခန်းတွင်းမှ ထူးထူးခြားခြား ပျောက်ကွယ်သွားခဲ့သည်။

ယန်ယဲ့သည် အခန်းထဲမှ ထွက်လာပြီးနောက် "ရတနာစုဆောင်းခြင်းခန်းမ"ဟုခေါ်သော လေလံတင်အိမ်သို့ ထွက်လာခဲ့လိုက်၏။

သို့သော် တောင်ပိုင်း အန်ကလန်၏ လေလံတင်အိမ်သို့ရောက်ရှိလာချိန်မှာပဲသူ့ရှေ့မှ

မြင်ကွင်းကြောင့် အတော်လေး ထိတ်လန့်သွားလေသည်။

"ခမ်းနားတယ်....၊ ဒီနေရာကအတော်လေးကို ဇိမ်ကျကျနဲ့ ခမ်းနားကြီးကျယ်နေတာပဲ!"

အလွန်ခမ်းနားထည်ဝါသော နန်းတော်တစ်ခု က သူ့ရှေ့တွင် တည်ရှိနေသည်။

မှန်ပါသည်။ ၎င်းကို နန်းတော်တစ်ခုဟုပင် ပြောနိုင်သည်။

အဘယ်ကြောင့်ဆိုသော် လေလံတင်အိမ်တည်ဆောက်ရန်အသုံးပြုထားသော ပစ္စည်းများက မြေကမ္ဘာအဆင့်မြင့် အဝါရောင်နေကျောက်တုံးများဖြစ်နေခြင်းပါ။

အဝါရောင်နေကျောက်တုံးကို မီးတောင်များ၏
အလယ်ဗဟိုမှ ထုတ်ယူနိုင်သည်ဖြယ
၎င်းသည် အလွန်ခိုင်ခံ့ရုံသာမက
အထူးစွမ်းရည်လည်းရှိသည်။
၎င်းသည် အပူဓာတ်ကို ထုတ်လွှတ်နိုင်ပြီး
မီးဒြပ်စင်နည်းစနစ်တိုက်ခိုက်မှုများကိုပင်
ခုခံနိုင်စွမ်းရှိသည်။

အဝါရောင်နေကျောက်တုံးက
မီးဒြပ်စင်ဆန်းကြယ်ချီစွမ်းအင် (သို့)
မီးဒြပ်စင်နည်းစနစ်ကို လေ့ကျင့်ထားသော
ကျင့်ကြံသူများအတွက် အလွန်တန်ဖိုးရှိပေသည်။

သို့သော်လည်း တောင်ပိုင်း အနန်ကလန်က
ရှားပါးရတနာသတ္တုတစ်ခုကို
လေလံတင်အိမ်တည်ဆောက်ထားလိမ့်မည်ဟု
မမျှော်လင့်ခဲ့ပေ။

ဤ အဆင့်မြင့်မားသောနေရာက သူ့စိတ်ထဲ၌
လုယက်ချင်စိတ်များပင်ဖြစ်ပေါ်လာစေသည်။

ယန်ယဲ့က ခဏအကြာတွင် အသက်ပြင်းပြင်းရှူပြီး
သူ့ရင်ထဲမှ ဖြစ်ပေါ်လာသော အတွေးကို
မျိုသိပ်လိုက်ကာ ဝင်ပေါက်ဆီသို့
လျှောက်သွားလိုက်ပါသည်။

သူ အဝင်ဝကို လျှောက်သွားရန်ပြင်လိုက်စဉ်မှာပဲ
လေလံအိမ်အဝင်ဝနား၌ရပ်နေသောမိန်းမလှနှစ်ဦးက
လမ်းကို ပိတ်ဆို့လိုက်သည် ။

မိန်းမလှနှစ်ဦးက ယန်ယဲ့ကို စူးစိုက်ကြည့်ကာ သူ၏ဝတ်စားဆင်ယင်မှုကို သတိပြုမိပြီး အနည်းငယ် မျက်မှောင်ကြုတ်သွားကြသည်။

ရုတ်တရက် မိန်းမလှတစ်ဦးက "ဒါက ရတနာစုဆောင်းခြင်းခန်းမပဲ။ ဒီမှာ စီးပွားရေးလုပ်မဲ့သူတွေမဟုတ်ရင် ဝင်လို့မရဘူး၊ မဟုတ်ရင် ကရုဏာမပြဘဲ အသတ်ခံရလိမ့်မယ်။" မိန်းမလှတစ်ဦးက အေးတိအေးစက်နဲ့ ပြောလာသည်။

သို့သော် ယန်ယဲ့က စိတ်ဆိုးဒေါသထွက်ခြင်းမရှိပေ၊ အနီးမိန်းမလှ၏ လေသံကြောင့် ချက်ခြင်းပင် ကျေနပ်သွားသည်။

"ဒါက လေလံတင်တဲ့အိမ်မဟုတ်လား? ငါက တစ်ခုခုကို လေလံပစ်ဖို့ လာခဲ့တာ!"

"ပစ္စည်းရောင်းမလား?" ပါးစပ်ဘယ်ဖက်ထောင့်၌ မှဲ့သေးသေးလေးရှိသောမိန်းမလှက အထင်အမြင်သေးစွာ ရယ်မောလိုက်သည်။ "နင့်ရဲ့ ဝတ်စားဆင်ယင်မှုအရဆိုရင် တောင်ပိုင်းနယ်မြေက ကျွမ်းကျင်သူဖြစ်ရမယ်.... မှန်တယ် မဟုတ်လား ။ ဒီလို အမှိုက်နေရာမျိုးက ဘယ်လိုလုပ်ပြီး လေလံတင်နိုင်မှာလဲ?

နင် သတိမထားမိတာတစ်ခုရှိသေးတယ်၊ ငါတို့ရဲ့ ရတနာစုဆောင်းခြင်းခန်းမက ဘယ်အရာမဆို လေလံမတင်ခင်မှာ စွမ်းအင်ကျောက်တုံး ၅,၀၀၀ ကို

အရင်ဆုံးပေးချေဖို့လိုမယ်။ နင့်မှာ စွမ်းအင်ကျောက်တုံး ၅,၀၀၀

တောင် ရှိသလား?"

ကျန်မိန်းမလုက မကျေမနပ်နဲ့ ပြောလိုက်ပြန်သည်။
"အားရှု! သူက ဆင်းရဲသားပဲ၊ သူ့ကို အလုပ်ရှုပ်ခံမနေနဲ့။ မောင်းထုတ်ပစ်လိုက်။ သူ့ကိုကြည့်ရတာ တကယ်ကို မျက်စိရှုပ်နားရှုပ်စေတယ်။”

ပါးစပ်ထောင့်၌ မှဲ့နှင့်မိန်းမလုက ယန်ယဲ့ကို ချက်ချင်း စိုက်ကြည့်ပြီး “ဒါကို နင်ကြားလိုက်လား? ဘာလို့ဒီမှာရပ်နေသေးတာလဲ? နင် အခုမထွက်သွားရင် နောက်ကျထွက်သွားချင်ရင်တောင်သွားလို့မရဘူး!"

ယန်ယွဲ့က ဒေါသမထွက်ပေ၊ မိန်းမလှနှစ်ဦးကို တစ်ချက်ကြည့်လိုက်ပြီး "အရမ်းသိချင်မိတယ်။ မင်းတို့နှစ်ယောက်ကို ဒီလိုဒေါသဖြစ်အောင် ဘယ်သူက အတိအကျ ညွှန်ကြားတာလဲ? ဘယ်သူလဲဆိုတာ ပြောလိုက်။ ငါ အဲဒီလူကို လိုက်ရှာပြီး မင်းတို့နှစ်ယောက်ဆီကို ခေါ်လာပေးမယ်.... ဟုတ်ပြီလား?”

ဆက်ရန်

အဆုံးမဲ့စားကမ္ဘာ ၃၅၈ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၅၈)] –ပဋိပက္ခ

"နင် ဘယ်သူ့ကို စိတ်ဆိုးနေတာလဲ?" လက်ယာဖက်ရှိ မိန်းမလှက အေးစက်စွာ ရယ်မောကာ ရှုတ်ချလိုက်သည်။

"ငါတို့ကို စိတ်ဆိုးရအောင် နင့်မှာ ဘာအရည်အချင်းတွေရှိလို့လဲ? နင့်လို သိုင်းဘုရင်အဆင့်ကျွမ်းကျင်သူတစ်ယောက်ကများ! နင့်ကိုယ်နင် ဗဟိုနယ်မြေရဲ့ အထူးချွန်ဆုံးပါရမီရှင် သုံးယောက်လို့များ ထင်နေသလား?

ဒေါသထွက်နေသလား။ ဘယ်လောက်တောင် ရယ်စရာကောင်းလိုက်လဲ!"

"အတိအကျပဲ!" ပါးစပ်ထောင့်မှာမှဲ့နှင့်မိန်းမလှက အထင်အမြင်သေးစွာ ရေရွတ်လိုက်ပြန်ပါသည်။

"အမှိုက်ကောင်လေး! နင်က သိပ်ပြီးညဏ်မမှီတဲ့အတွက် ဒီနေ့ နင့်ကို သင်ခန်းစာတစ်ခု သင်ပေးရတာပေါ့။ ငါတို့ရဲ့ ရတနာစုဆောင်းခြင်းခန်းမမှာ တစ်ခုခုကို လေလံတင်ဖို့ ဒါမှမဟုတ် ဝယ်ယူချင်တယ်ဆိုရင် ဖိတ်စာကဒ်တစ်ခု လိုအပ်တယ်။ နားလည်ရဲ့လား? ဒါပေမယ့် နင့်ကိုကြည့်ရတာ တစ်ခုတောင်ရှိမယ်ထင်ဘူး။ ဒါ့အပြင် ရတနာစုဆောင်းခြင်းခန်းမကို ရောက်လာတဲ့

ပါရမီရှင်တိုင်းကငါတို့ညီအစ်မနှစ်ယောက်ကို
လက်ဆောင်တွေပေးကြတယ်။

ဟမ့်! နင်က အရမ်းကြီးအံ့သြမသွားနဲ့ဦး! နင့်လိုလူက
လက်ဆောင်ပေးချင်ရင်တောင် လက်မခံနိုင်ဘူး။

တောင်ပိုင်းနယ်မြေရဲ့ကျင့်ကြံသူတွေအားလုံးက
သူတောင်းစားတွေလို ဆင်းရဲနိမ့်ကျတယ်။

တောင်ပိုင်းနယ်မြေရဲ့ကျွမ်းကျင်သူတစ်ယောက်က
ငါတို့ကို စွမ်းအင်ကျောက်တုံး ၃၀၀ ပေးလာခဲ့တယ်။

စွမ်းအင်ကျောက်တုံး ၃၀၀။ ဟားဟား!
ငါတို့ကိုကြည့်လိုက်! သူတောင်းစားနဲ့တူလို့လား?"

ယန်ယဲ့က မိန်းမလှနှစ်ဦး၏စကားသံကိုနားထောင်ပြီး
တစ်စုံတစ်ခုကိုနားလည်သလိုရှိသွားသည်။

အစပိုင်းတွင်၊ တစ်စုံတစ်ယောက်က သူ့ကို
ဒေါသထွက်စေရန် ထောင်ချောက်တစ်ခု
ချထားသည်ဟုသာ ထင်ခဲ့၏။
အခုအချိန်တွင်တော့ ထိုသို့ ဟုတ်ပုံမရပေ။

အနီမိန်းမလှများ အထင်သေးလှောင်ပြောင်နေခြင်းမှာ
သူက
တောင်ပိုင်းနယ်မြေမှလာသောကျင့်ကြံသူတစ်ဦးဖြစ်နေ
သောကြောင့်ပင်။

ရှေးယခင်က တောင်ပိုင်းနယ်မြေမှ
ကျင့်ကြံသူများ၏အဆင့်အတန်းသည်
ရှေးဟောင်းဒိုမိန်းမြို့၌ မည်မျှနိမ့်ကျကြောင်းကို
သူအမြဲကြားသိခဲ့ရသည်။

သို့တိုင် သူ့စိတ်ထဲ၌ ထိုအချိန်က အကြောင်းအရာများကို တွေးမထားခဲ့ပါ။

လက်ရှိတွင် သူကိုယ်တိုင်ကြုံတွေ့လိုက်ရပြီဖြစ်သည်။

ထို့နောက် ယန်ယဲ့က သူ့ရှေ့မှ မိန်းမလှနှစ်ဦးကိုတစ်ချက်ကြည့်ကာ နောက်ပြန်လှည့်ထွက်သွားလိုက်၏။

သူသည် လူတိုင်းကို အထင်သေးနှိမ့်ချတတ်သောလူများနှင့်ပတ်သက်လိုခြင်း မရှိချေ။

မှန်ပါသည်။ အဓိကအချက်မှာ သူ၏ကျင့်ကြံမှုက အရေးကြီးဆုံးပါပဲ။ သူက စွမ်းအင်ကျောက်တုံးများ အမြန်ဆုံးရရှိရန်သာ မျှော်လင့်ထား၏။

သူသည် ထိုကဲ့သို့ လူများနှင့် စကားများအချိန်ဖြုန်းရန် စိတ်မဝင်စားပေ။

ယန်ယဲ့ နောက်ပြန်လှည့်ထွက်သွားသည်ကိုမြင်တော့ ပါးစပ်ထောင့်မှမှည့်နှင့်မိန်းမလှက အထင်အမြင်သေးစွာဖြင့် "တောင်ပိုင်းနယ်မြေရဲ့ ကျင့်ကြံသူတိုင်းက အမျိုက်အဆင့်တွေပဲ ရှိတာမဟုတ်ဘူး။ ဘယ်လို ပြုမူရမှန်းတောင် မသိတော့ဘူး။ သူတို့ကို ပြုစုပျိုးထောင်ပေးမယ့် မိဘတွေ မရှိလို့ ဖြစ်နိုင်ပါ့မလား?"

ယန်ယဲ့က ရုတ်တရက် လျှောက်သွားနေရာမှရပ်တန့်ကာ မိန်းမလှနှစ်ဦးကို လှည့်ကြည့်လိုက်သည်။

သူလှည့်ကြည့်လာသည်မြင်လိုက်ရာမိန်းမလှတစ်ဦးက အေးစက်စွာ ရယ်မောနေခဲ့၏။ "ဘာလဲ? နင် ငါ့ကို တိုက်ခိုက်ဖို့ ကြံနေတာလား? လာလာ....၊ ငါဒီမှာရပ်နေတယ်။နင့်မှာ ငါတို့ကိုတိုက်ခိုက်ရဲတဲ့ သတ္တိရှိမရှိ ကြည့်ရအောင်။ ငါပြောတာကိုယုံလိုက်။ နင် ငါ့ကိုထိဝံ့ရင် ရတနာစုဆောင်းခြင်းခန်းမက နင့်မိသားစုတစ်ခုလုံးကို ဖျက်ဆီးပစ်လိမ့်မယ်!"

"မင်းသိလား...။" ယန်ယွဲ့က အဆိုပါ မိန်းမလှထံသို့ ဖြည်းညှင်းစွာ လျှောက်လာရင်း “မင်း ငါ့ကို စော်ကားတာ ခွေးရူးတစ်ကောင်လို့သာ ယူဆလိုက်တယ်။

ဒါပေမယ့် မင်းက ငါ့အမေအကြောင်း တစ်ခါမှ မပြောသင့်ဘူး။ အမေနဲ့ပတ်သက်ရင် မင်းက ခွေးရူးဖြစ်နေရင်တောင် ငါမင်းကို အသေသတ်မယ်!"

စကားဆုံးသည်နှင့် ယန်ယွဲ့၏ လက်ကောက်ဝတ်က ဆတ်ခနဲလှုပ်ရှားသွားကာ ခရမ်းရောင်အလင်းတန်းတစ်ခု တောက်ပလာပြီး အားရှူထံသို့ ချက်ချင်းရောက်ရှိလာသည်။

လျှပ်စီးတန်းတစ်ခု ကဲ့သို့ လျင်မြန်သော အလင်းတန်းကို မြင်လိုက်ရသောအခါ အားရှူ၏ မျက်နှာသည် ချက်ချင်းဖြူဖျော့သွားကာ မျက်လုံးထဲ၌ ထိတ်လန့်တုန်လှုပ်မှုများပြည့်နှက်နေသည်။

တောင်ပိုင်းနယ်မြေမှ ပုရွက်ဆိတ်လိုလူငယ်တစ်ဦးက ရှေးဟောင်းဒိုမိန်းမြို့၌ သူမအား တိုက်ခိုက်ဝံ့မည်ဟု မထင်ထားခဲ့ပေ။

ထို့အပြင် ၎င်းက
ရတရာစုဆောင်းခြင်းခန်းမရှေ့တွင်ပင်တိုက်ခိုက်ရဲ၏။

ခရမ်းရောင်အလင်းတန်းက အားရှု၏ လည်ပင်းနှင့် လက်မအနည်းငယ်အကွာသို့ရောက်လာသောအခါ ဆန်းကြယ်ချီစွမ်းအင်ကြိုးတစ်ချောင်း ရုတ်တရက် ပေါက်ကွဲသွားပြီး ယန်ယဲ့၏ တိုက်ခိုက်မှုကို ချက်ချင်းဆိုသလိုပင် တားဆီးလိုက်လေသည်။

ပေါက်ကွဲမှုက အားရှု နှင့်
အတော်လေးနီးကပ်နေခြင်းကြောင့်

ရိုက်ခတ်လာသောစွမ်းအားလှိုင်းများက
သူမ၏မျက်နှာကို ပြင်းထန်စွာရိုက်ချသွားတော့သည်။

“အာ!!” အလွန်သနားစရာကောင်းသော နာနာကျင်ကျင်
ငိုရှိုက်သံက ရုတ်တရက် ကျယ်လောင်စွာ
ထွက်ပေါ်လာသည်။

အားရှူ၏ ပျက်စီးနေသော မျက်နှာကို
မြင်လိုက်ရသောအခါ ဘေးနားရှိ ကျန်မိန်းမလှက
အလွန်တုန်လှုပ်သွားလေသည်။

သို့သော်
လူလတ်ပိုင်းအမျိုးသားတစ်ဦးထွက်ပေါ်လာသည်ကို

သတိပြုမိသောကြောင့် ယန်ယဲ့က မိန်းမလှနှစ်ဦးကို ဂရုမစိုက်အားတော့ပေ။

ယန်ယဲ့သည် လူလတ်ပိုင်းအရွယ်ကို သတိပြုမိလိုက်ရာ သူ့လက်ဝါးကို လှန်လိုက်ပြီးနောက် ဓားတစ်ချောင်း ထုတ်ယူ လိုက်သည်။

တစ်ချိန်တည်းမှာပဲ ဓားသွားပေါ်၌ မီးတောက်ကြိုးမျှင်တစ်စင်း ပေါ်လာပြီး သူ့ခန္ဓာကိုယ်တွင်းမှ ဆန်းကြယ်ချီစွမ်းအင်များ တဟုန်ထိုးမြင့်တက်လာပါသည်။

သူက အရာအားလုံးကို အပြည့်အဝထုတ်ဖော်လိုက်ရခြင်းမှာ

လူလတ်ပိုင်းအမျိုးသား၏ ကျင့်ကြံမှုအဆင့်ကို လုံးဝမမြင်နိုင်ခဲ့သော ကြောင့်ပါ။

ပါးစပ်ထောင့်၌မှည့်နှင့်မိန်းမလှက သတ်လတ်ပိုင်းအဘိုးအိုမြင်လိုက်သည့်အခါ သူမ၏တုန်လှုပ်နေသောမျက်နှာက ချက်ချင်းတောက်ပသွားကာ အသည်းအသန်ငိုကြွေးလိုက်ပါတော့သည်။

"မန်နေဂျာ လန်! သူ့ကိုသတ်လိုက်ပါ။ သူ့ကိုသတ်! သူ့ကိုသတ်ပါ!!"

ထိုအတောအတွင်း အားရှူသည်လည်း ထိတ်လန့်တုန်လှုပ်နေရာမှ သတိပြန်ဝင်လာ၏။ “မန်နေဂျာ လန်! သူက ငါတို့

ရတနာစုဆောင်းခြင်းခန်းမကို မကြောက်မလန့်နဲ့ ဒီနေရာမှာ ငါတို့ကို တိုက်ခိုက်ရဲတယ်။ မန်နေဂျာ လန်! ကျေးဇူးပြုပြီး အားရှူအတွက် တရားမျှတမှုကို ပြန်ယူပေးပါ။"

သို့သော်၊

လူလတ်ပိုင်းအရွယ်က ရုတ်တရက် အသံနက်ကြီးဖြင့် အော်လိုက်သည်။ "ပါးစပ်ပိတ်ထားစမ်း!"

မိန်းမလှနှစ်ဦးလုံး ထိတ်လန့်သွားကာ မျက်လုံးများ ဝိုင်းစက်၊ပြူးကျယ်သွားကြသည်။

အားရှူ ဟုခေါ်သော မိန်းမလှက တစ်ခုခုပြောရန် ရည်ရွယ်သော်လည်း သက်လတ်ပိုင်းအဘိုးအို၏

အေးစက်သောအကြည့်ကို သတိပြုမိလိုက်ရာ ပါးစပ်ကို ချက်ချင်းပိတ်ထားလိုက်သည်။

သက်လတ်ပိုင်းအဘိုးအိုက မိန်းမလှနှစ်ဦးကို အေးစက်စွာ တစ်ချက်ကြည့်လိုက်ပြီးနောက် ယန်ယွဲ့ကို လှည့်ကြည့်ကာ "သခင်လေး ယန်! ဒီမိုက်မဲတဲ့ အစေခံကနှစ်ယောက်က သူတို့အတွက် ဘယ်အရာ ပိုကောင်းမှန်းကို မသိကြဘူး။ သူတို့က သခင်လေး ယန် ကို စိတ်ဆိုးအောင်လုပ်မိသွားတယ်။ ကျေးဇူးပြုပြီး သူတို့ရဲ့အမှားတွေကို ခွင့်လွှတ်ပေးပါ!”

"စီနီယာက ငါ့ကိုမှတ်မိနေတာလား?" ယန်ယွဲ့က မျက်မှောင်ကြုတ်လိုက်ပါသည်။

"ဒါပေါ့!" လူလတ်ပိုင်းအရွယ်က ခေါင်းညိတ်ပြပြီး "သခင်လေး ယန် က ရှေးဟောင်းဒိုမိန်းမြို့ရဲ့ အပြင်ဖက်မှာ တစ်ယောက်တည်းနဲ့ မျိုးနွယ်ခြားသုံးခုကို ခံတိုက်ပြီး လူသားမျိုးနွယ်အတွက် ဂုဏ်ယူစရာလုပ်ဆောင်ခဲ့တယ်လေ။

ဒါ့အပြင် မင်းဟာ မကြာသေးမီကလည်း ကောင်းကင်ဝင်ပေါက်ကို ဖြတ်ကျော်ခဲ့တယ်။ ဒီလိုဆိုမှတော့ ရှေးဟောင်းဒိုမိန်းမြို့မှာရှိတဲ့ တစ်စုံတစ်ယောက်က မင်းကို ဘယ်လိုလုပ်ပြီး သတိမထားမိနိုင်ရမှာလဲ?"

ထိုအချိန်တွင် အားရှု နှင့် ကျန်မိန်းမလှက ထိတ်လန့်တကြား ရေရွတ်လိုက်လေသည်။

"သူက ယန်ယဲ့!"

ထိုနာမည် "ယန်ယဲ့"က ရှေးဟောင်းဒိုမိန်းမြို့၌
အလွန်နာမည်ကျော်ကြားနေခဲ့၏။
အကြောင်းအရင်းကတော့ ယန်ယဲ့ဟာ
ကောင်းကင်ဝင်ပေါက်ကို
တိုက်ရိုက်ဖြတ်ကျော်သွားခြင်းကြောင့်ပင်။

အမှန်တော့၊ ဤတစ်ကြိမ် ရှေးဟောင်းဒိုမိန်းမြို့သို့
ရောက်ရှိလာသော ထိပ်သီးပါရမီရှင်များအနက်
လက်တစ်ဆုပ်စာကသာ ကောင်းကင်ဝင်ပေါက်ကို
ဖြတ်ကျော်နိုင်ခဲ့ကြသည်။
ထိုလူအားလုံးကလည်းပါရမီရှင်များကြားမှ
ပါရမီရှင်များဖြစ်သည် ။

ယန်ယဲ့သည် တစ်ချိန်တည်းမှာပင် မျိုးနွယ်ခြားသုံးခု၏
ထိပ်သီးပါရမီရှင်များကိုတစ်ယောက်တည်းနှင့်ရင်ဆိုင်
တိုက်ခိုက်ခဲ့သည်။
ထို့အပြင် ယန်ယဲ့က ဓားသမားတစ်ဦးဖြစ်သလို
အဆင့်မြင့် ဓားစိတ်ဆန္ဒကိုပင်နားလည်ထားပြီဖြစ်သည်။

ထို့ကြောင့် ယန်ယဲ့၏နာမည်ဂုဏ်သတင်းက
လူငယ်မျိုးဆက်၌ အလွန် ကျော်ကြားခဲ့သည်။
သို့သော် ယန်ယဲ့ကမူ ထိုအရာအားလုံးကို
လုံးဝဂရုမစိုက်ခဲ့ပေ။

တစ်ဖက်တွင် လူလတ်ပိုင်းအရွယ်က သူ့ကို
အမှန်တကယ် အသိအမှတ်ပြုကြောင်း
သိလိုက်သောအခါ အနည်းငယ် အံ့သြသွားမိသည်။

ထိုအချိန်တွင် လူလတ်ပိုင်းအရွယ်က ရုတ်တရက် ပြောလာသည်။ "သခင်လေး ယန်၊ ငါ့ရဲ့သခင်မက ခန်းမထဲကိုလာဖို့တောင်းဆိုလိုက်တယ်!"

"မင်းရဲ့သခင်မ?"

လူလတ်ပိုင်းအရွယ်က ခေါင်းညိတ်ပြီး "ရတနာစုဆောင်းခြင်းခန်းမရဲ့ပိုင်ရှင်!"

"သူမက ဘာလိုချင်လို့လဲ?"

လူလတ်ပိုင်းအရွယ်က ခေါင်းခါပြီး “ငါမသိဘူး၊
ဒါပေမယ့် မင်းသူနဲ့တွေ့ရင် သခင်မက သခင်လေးယန်
လိုအပ်တာကို ကူညီပေးနိုင်လိမ့်မယ်လို့ ပြောခဲ့တယ်!”

ယန်ယဲ့သည် ခဏလောက် လေးလေးနက်နက်
စဉ်းစားပြီးနောက်
မိန်းမလှုနှစ်ဦးကိုတစ်ချက်ကြည့်လိုက်သည်။

မိန်းမလှုနှစ်ဦးက
ယန်ယဲ့၏အကြည့်ကိုသတိပြုမိသောအခါ
နှလုံးသားများချက်ချင်း
အေးခဲသွားသကဲ့သို့ခြေလှမ်းများကိုအလိုလိုနောက်ပြန်
ဆုတ်လိုက်ကြသည်။

လူလတ်ပိုင်းအဘိုးအိုသည်
ဤမြင်ကွင်းကိုမြင်သောအခါ ယန်ယဲ့ကို အချိန်ကြာကြာ
တစ်ချက်ကြည့်လိုက်ပြီးနောက် “အားရှူ, အားလန်.
ဒီနေ့ကစပြီး မင်းတို့နှစ်ယောက်စလုံး
ရတနာစုဆောင်းခြင်းခန်းမမှာမပါဝင်တော့ဘူး။
ဒါ့အပြင်မင်းတို့နှစ်ယောက်လုံးကို
ရှေးဟောင်းဒိုမိန်းမြို့မှာနေထိုင်ဖို့လည်းတားမြစ်လိုက်
တယ်။

အဲ့ဒီနောက်ပိုင်းဖြစ်လာမဲ့အရာတွေက
မင်းတို့ရဲ့ကံကြမ္မာအပေါ်မှာ
လုံးလုံးလျားလျားမူတည်နေတယ်!"

သက်လတ်ပိုင်းအဘိုးအို၏ စကားကိုကြားလိုက်သည်နှင့် မိန်းမလှနှစ်ဦး၏မျက်နှာက ချက်ချင်းဖြူဖျော့သွားသည်။

ဒီစကားများက မန်နေဂျာလန်းသည် သူမတို့နှစ်ဦးကို အသက်ရှင်ခွင့်မပေးနိုင်ဟုဆိုလိုက်သည်နှင့်အတူတူပင်။

အဘိုးအိုက မိန်းမလှနှစ်ဦးကို အာရုံစိုက်မနေတော့ဘဲ ယန်ယွဲ့ကို စိုက်ကြည့်ကာ "သခင်လေး ယန်! ဒီလိုဆို ကျေနပ်ပြီလား?"

“မဟုတ်ဘူး!” ယန်ယွဲ့က ခေါင်းခါလိုက်ပြီး "မင်းရဲ့လုပ်ရပ်တွေက ငါ့ကို စိတ်ဆိုးစေသလိုပဲ။ အနာဂတ်မှာ အလားအလာရှိတဲ့

ရန်သူတွေကိုချန်ထားရတာ ငါ
မကြိုက်ဘူး၊ငါ့ရန်သူအားလုံးကို သတ်ဖြတ်ပြီး
ခြိမ်းခြောက်မှုတွေကို ဖယ်ရှားရတာပဲ နှစ်သက်တယ်။”

"တောင်းပန်ပါတယ်!" လူလတ်ပိုင်းအဘိုးအိုက
“နောက်ဆုံးတော့ သူတို့နှစ်ဦးစလုံးဟာ
ရတနာစုရုံးခြင်းခန်းမမှာ နေလာတာ
နှစ်ဒါဇင်လောက်ရှိပြီမို့ သတ်ပစ်ရင် တခြားသူတွေကို
စိတ်ပျက်စေမှာပါ။ ဒါ့အပြင် သူတို့ဟာ တစ်ချိန်က
သခင်မရဲ့အစေခံမိန်းကလေးတွေဖြစ်လို့ ဒီလူအိုကြီးက
ဆုံးဖြတ်ချက်မချနိုင်ပါဘူး။”

ယန်ယွဲ့သည် သက်လတ်ပိုင်းအဘိုးအိုကို ကြည့်ပြီး တဟားဟားရယ်ကာ “ဒီလိုဖြစ်နေပြီဆိုမှတော့ မင်းရဲ့ သခင်မကို သွားတွေ့ရအောင်။”

သက်လတ်ပိုင်းအဘိုးအိုက ယန်ယွဲ့ကိုစိုက်ကြည့်ပြီးနောက် ခေါင်းညိတ်လိုက်ကာ ရတနာစုရုံးခြင်းခန်းမထဲသို့ ခေါ်ဆောင်သွားခဲ့သည်။

ယန်ယွဲ့ နှင့် လူလတ်ပိုင်းအရွယ် ထွက်ခွာသွားသည်နှင့် အားရှုက ရုတ်တရက် ရူးသွပ်စွာ အော်ဟစ်လိုက်သည်။
"အားလန်! ငါသူ့ကိုသတ်ချင်တယ်!
ငါသူ့ကိုသတ်ချင်တယ်!
အခုအချိန်ကစလို့ လူတိုင်းရှေ့မှာ ဘယ်လိုမျက်နှာပြရတော့မှာလဲ?

ငါဘယ်လိုလုပ်ရမလဲ?
အားလန်....ငါသူ့ကိုသတ်ချင်တယ်....၊
မင်းငါ့ကိုကူညီရမယ်!"

"မြောက်ပိုင်း အန်ကလန်ကို သွားရအောင်။"
အားလန် ဟုခေါ်သော မိန်းမလှက တိုးညှင်းသော
အသံဖြင့် ပြောသည်။

"မြောက်ပိုင်း အန်ကလန်?" အားရှူက စိတ်အလိုမကျစွာ
အော်ဟစ်လိုက်သည်။ "ရူးသွားပြီလား?
ငါတို့ဒီလိုလုပ်ရင် သခင်မက ငါတို့ကို
သတ်ပစ်လိမ့်မယ်!"

"အခုလည်း သူက ငါတို့ကို သတ်နေတာ မဟုတ်ဘူးလား?" အားလန် က အေးစက်စွာပြောလိုက်၏။ "ပါရမီရှင်လို့ ခေါ်တဲ့ လူတစ်ယောက်အတွက်နဲ့ သူ့ဘေးနားမှာ နှစ်အနည်းငယ်ကြာအောင် နေခဲ့တဲ့ ငါတို့နှစ်ယောက်ကို လုံးဝ ဂရုမစိုက်ခဲ့ဘူးလေ။ သူက နှလုံးသားမရှိလို့ ငါတို့က သစ္စာမဲ့တာ၊ ငါတို့ကို အပြစ်တင်လို့ မရဘူး။”

အားရှုက ခဏလောက် လေးလေးနက်နက် စဉ်းစားပြီးနောက် အံကိုတင်းတင်းကြိတ်ကာ "ကောင်းပြီ၊ ဒီလိုဆိုရင် မြောက်ပိုင်း အန်ကလန် ကို သွားရအောင်!"

...

ယန်ယဲ့သည် ခန်းမတစ်ခုထဲသို့ရောက်လာသောအခါ သက်လတ်ပိုင်းအဘိုးအိုပြောခဲ့သော သခင်မ ဆိုသူကို တွေ့လိုက်သည်။

အမှန်စင်စစ် သူမကို သခင်မလို့ခေါ်ဆိုနေခြင်းက အတော်လေး လွန်ကဲလှသည်။

အဘယ်ကြောင့်ဆိုသော် သူ့ရှေ့မှ မိန်းမပျိုက အသက် ၂၀ ပင် မပြည့်သေးသောကြောင့်ပါ။

တော်ဝင်ဝတ်ရုံဝတ် မိန်းမပျိုက ရုတ်တရက် ပြုံးကာ စကားစလိုက်၏။ "သခင်လေး ယန်!

ကျေးဇူးပြုပြီး ထိုင်ပါ!"

ယန်ယဲ့သည် ယဉ်ကျေးသိမ်မွေ့မနေတော့ဘဲ မိန်းမပျို၏ ရှေ့၌ ဝင်ထိုင်လိုက်ပါသည်။

တစ်ဆက်တည်း သူက မိန်းမပျိုကိုကြည့်ရင်း "သခင်မက ဒီယန်ယဲ့ကို ဒီအထိ လာခေါ်တယ်ဆိုတော့ မင်းမှာ ငါနဲ့ ဆွေးနွေးစရာ ကိစ္စရှိလို့လား?"

"သခင်လေး ယန်! အဲဒါအတွက် အလျင်စလို မရှိပါဘူး!" မိန်းမပျိုက ယန်ယဲ့ကို ပြုံးပြပြီးနောက် သက်လတ်ပိုင်းအဘိုးအိုကို ကြည့်လိုက်ပြီး "လျန်ချန်၊ အားရှူ နဲ့ အားလန် က

ငါ့အနားမှာနေတာ ဘယ်လောက်ကြာပြီလဲ?"

သက်လတ်ပိုင်းအဘိုးအိုက
နှုလုံးခုန်သံများမြန်ဆန်သွားပြီး ချက်ချင်းပြန်ဖြေသည်။
“ဒီလူအိုကြီး မှတ်မိသလောက်ကတော့၂၉ နှစ်
လောက်ရှိနေပြီ။”

မိန်းမပျိုက ခေါင်းညိတ်ပြပြီး
“ဒီမိန်းကလေးနှစ်ယောက်က ငါ့ဘေးမှာ ၂၉
နှစ်ကြာအောင် နေလာခဲ့လို့ သူတို့ကို အပြင်လူအဖြစ်
တစ်ခါမှ မသတ်မှတ်ခဲ့ဖူးဘူး။

ဒါပေမယ့် သူတို့က
ငါ့ရဲ့မျက်နှာသာပေးမှုလွန်ကဲသွားတယ်လို့ပဲဆိုရမယ်၊
အရာရာကိုဂုဏ်ယူဝင့်ကြွားလာသလို
လောဘတွေလည်းအတော်လေးကြီးလာတယ်။

ဘယ်လိုပဲဖြစ်ဖြစ်ပါလေ.... အတိတ်က ငါတို့ရဲ့ဆက်ဆံရေးကို ထည့်သွင်းစဉ်းစားပြီး သူတို့လုပ်ခဲ့တာတွေအားလုံးကို မျက်ကွယ်ပြုခဲ့တယ်။

အရင်က အဖြစ်အပျက်အတိုင်းပဲ၊ သခင်လေး ယန် ကို စော်ကားခဲ့ရင်တောင် သူတို့ကို အသက်ရှည်ရှည်နဲ့ သက်တောင့်သက်သာ နေထိုင်နိုင်စေဖို့အတွက် ရည်ရွယ်ထားခဲ့တာပါ။ ကံမကောင်းစွာပဲ၊ သူတို့က မြောက်ပိုင်း အန်ကလန် ကို ဦးတည်ဖို့ ရွေးချယ်ခဲ့တယ်။”

ထိုအချိန်တွင် မျက်နှာဖုံးစွပ်ထားသည့် အမျိုးသားတစ်ဦးက ခေါင်းနှစ်လုံးကို လက်နှစ်ဖက်ဖြင့် ကိုင်ဆောင်ကာ ခန်းမထဲသို့ ဝင်လာခဲ့သည်။

ယန်ယဲ့သည် ထိုခေါင်းများကို ကြည့်လိုက်ရာ ရတနာစုရုံးခြင်းခန်းမရှေ့မှ

မိန်းမလှုနှစ်ဦးဖြစ်နေကြောင်း သတိထားမိပြီး ချက်ချင်းမျက်မှောင်ကြုတ်သွားခဲ့သည်။

ထိုစဉ် မိန်းမပျိုက လက်ကိုဝှေ့ယမ်းပြီးနောက် မျက်နှာဖုံးစွပ်ထားသည့် အနက်ရောင်ဝတ်အမျိုးသားက ခန်းမထဲမှ ထွက်ခွာသွားခဲ့သည်။

ထို့နောက် မိန်းမပျိုက "သူတို့ဟာ ငါ့အထဲက တစ်ယောက်ဖြစ်ရင်တောင် သူတို့အတွက် အဆိုးဆုံးအများတွေကို ခံနိုင်ရည်ရှိမှာပဲ။နောက်ဆုံးတော့၊ ဒါပေမယ့် သူတို့က ငါနဲ့ရန်သူဖြစ်လာဖို့ ရွေးချယ်လိုက်တဲ့အခါ ငါဘာမှလုပ်လို့မရတော့ဘူး။"

သူမက စကားဆုံးသည်နှင့် ချစ်စဖွယ်ပြုံးကာ
“သခင်လေး ယန်၊ မင်းကရော ဘယ်လိုထင်လဲ?”

ယန်ယွဲ့က ပြန်မဖြေဘဲ အနည်းငယ်
မျက်မှောင်ကြုတ်လိုက်၏။
"ဒီမိန်းမပျိုက ငါ့ကို အင်အားပြဖို့ ကြိုးစားနေတာလား?"

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၅၉ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၅၉)] – ဝိညာဉ်ဖျက်ဆီးခြင်းဓားနည်းစနစ်

ယန်ယဲ့က ပြုံးပြီးပြောလိုက်သည်။ "သခင်မ ပြောတာ အရမ်းမှန်တယ်။ ငါတို့က အန္တရာယ်ဒါမှမဟုတ် အကူအညီ လိုအပ်နေတဲ့အချိန်မှာ ငါတို့နဲ့နီးစပ်တဲ့လူတွေကသာ အမှားအမှန်၊ သေခြင်းရှင်ခြင်းတွေကို ဂရုမစိုက်ဘဲကူညီမဲ့သူတွေပဲ။ ဒါကြောင့် ငါယန်ယဲ့က သခင်မလိုပဲ၊ ကိုယ်ချစ်ရတဲ့သူတွေကို ဂရုစိုက်မယ် ကူညီမယ်။ ဒါနဲ့ပတ်သက်ရင် ဘာအကြောင်းပြချက်ပဲရှိရှိဂရုမစိုက်ဘူး။ ဘာကြောင့်လဲ ဆိုတော့ 'အကြောင်းပြချက်' နဲ့

ဆုပ်ကိုင်ထားရင်တောင် မင်းဟာ 'အကြောင်းပြချက်'ကို သေချာပေါက်လက်ခံနိုင်မှာမဟုတ်လို့ပဲ။

နောက်ဆုံးတော့၊ ဒီကမ္ဘာလောကကြီးက အင်အားကြီးသူအတွေအတွက်သာဖြစ်လို့ မင်းရဲ့လက်သီးချက် အားကောင်းမကောင်းသာ အရေးကြီးတယ်။”

မိန်းမပျိုက ခေါင်းညိတ်ပြရင်း ပြုံးပြီးပြောသည်။

"သခင်လေး ယန် ပြောတာ

လုံးဝမှန်တယ်။ သခင်လေးယန် က ဒီလိုနည်းလမ်းနဲ့ ရှုမြင်တတ်လို့ငါတို့ကြားကနောက်ထပ်ဆွေးနွေးမှုတွေ ဟာ ပိုပြီးချောမွေ့လာမယ်လို့ထင်တယ်။”

"အိုး! ဒါကို ငါလည်း အရမ်းသိချင်နေမိတယ်!"
ယန်ယွဲ့က ပြုံးကာ ပြောလိုက်သည်။

မိန်းမပျိုက အသာပြုံးပြီး လက်ညှိုးကို ပွတ်သပ်လိုက်ရာ
ယန်ယွဲ့ရှေ့၌ စာလိပ်တစ်ခုပေါ်လာသည်။

မိန်းမပျိုက “ သခင်လေးယန်!
ဒီစာလိပ်ကိုအရင်ဆုံးကြည့်ကြည့်ပါလား?”
ပြောလိုက်သောစကားသံကြောင့်
ယန်ယွဲ့လည်းအတော်လေးအံ့သြသွားလေသည်။

သို့သော် ယန်ယွဲ့သည် သူ့စိတ်ထဲမှ တုန်လှုပ်မှုကို
မျိုသိပ်လိုက်ကာ စာလိပ်ကို ဖွင့်လိုက်သည်။
"ဝိညာဉ်ဖျက်ဆီးခြင်းဓားနည်းစနစ်"

(Soulseek)၊

ကောင်းကင်အလယ်အလတ်အဆင့်ဓားနည်းပညာ။

ဆန်းကြယ်ချီစွမ်းအင်ကိုထုတ်လွှတ်ပြီး ကောင်းကင်နှင့်မြေပြင်ကြားမှဝိညာဉ်စွမ်းအင်ကိုစုပ်ယူ ကာဓားတစ်လက်အဖြစ်ဖန်တီးရန် မူလခန္ဓာကိုယ်ကို အရင်းအမြစ်တစ်ခုအဖြစ်အသုံးပြုသည်။

ထို့နောက် ဓားက မူလဝိညာဉ်ကို ပိတ်လှောင်ထားပြီး မူလဝိညာဉ်မပျက်စီးမချင်း ကျန်ရှိနေမည်ဖြစ်သည်။

ချွင်းချက်အနေဖြင့် ဤဓားနည်းစနစ်က များပြားသောဆန်းကြယ်ချီစွမ်းအင်ပမာဏကိုကုန်ဆုံး

စေသည်။ ထို့ကြောင့် ဝိညာဉ်နယ်ပယ်အလွှာအဆင့် ၅ အောက်ရှိ ကျွမ်းကျင်သူများ လေ့ကျင့်နိုင်စွမ်းမရှိပေ။

အကယ်၍ ဓားတစ်ချောင်းကို ဆန်းကြယ်ချီစွမ်းအင်နှင့်ပေါင်းစပ်မှု မလုံလောက်ပါက၊ အသုံးပြုသူဟာ ကောင်းကင်နှင့်မြေကြီး၏ ဝိညာဉ်စွမ်းအင်မှ တန်ပြန်ရိုက်ခတ်မှုကိုခံစားရပေမည်။ ၎င်းက "ဝိညာဉ်ဖျက်ဆီးခြင်းဓားနည်းစနစ်"၏ အဓိကအားနည်းချက်ပင်။

ခဏအကြာတွင် ယန်ယွဲ့သည် စာလိပ်ကိုပိတ်လိုက်ပြီး ခေါင်းကိုမော့ကာ တည်ငြိမ်သောအမူအရာဖြင့် သူမကို စိုက်ကြည့်လိုက်သည်။ "ဒါက ဘာအဓိပ္ပာယ်လဲ သခင်မ!"

အပြင်ပန်း၌ အလွန်တည်ငြိမ်နေပုံရသော်လည်း ယန်ယဲ့၏နှလုံးသားထဲတွင် အလွန်ပြင်းထန်သော လှိုင်းလုံးများထနေပေသည်။

၎င်းသည် သာမန်ဓားနည်းစနစ်တစ်ခုဆိုပါက အလွန်စိတ်လှုပ်ရှားတုန်လှုပ် နေမည်မဟုတ်ပေ။

အခုတော့ "ဝိညာဉ်ဖျက်ဆီးခြင်းဓားနည်းစနစ်"၏ စွမ်းအားကြောင့် သူ့နှလုံးသားက အလွန်စိတ်လှုပ်ရှားနေပါသည်။

ထိုအကျိုးသက်ရောက်မှုသည် ရန်သူ၏မူလဝိညာဉ်ကို ယာယီပိတ်လှောင်ထားနိုင်ပြီး မူလဝိညာဉ်မပျက်စီးမချင်း တည်ရှိနေမည်ဖြစ်သည်။

"တကယ်လို့ ငါသာ ဝိညာဉ်ဖျက်ဆီးခြင်းဓားနည်းစနစ်ကို
ငရဲတစ္ဆေမီးတောက် ဒါမှမဟုတ်
နဝမငရဲအေးမီးတောက် နဲ့ ပေါင်းစပ်လိုက်ရင်...."

ငရဲတစ္ဆေမီးတောက်ကြိုးမျှင်က တစ်ဖက်ရန်သူအား
အဆက်မပြတ်လိုက်လံတိုက်ခိုက်နေမည်ကို
တွေးမိလိုက်ရာ " သူ့စိတ်ထဲ၌ စာလိပ်ကိုယူပြီး
ထွက်ပြေးချင်စိတ်များပင်ပေါ်လာခဲ့၏။"

မိန်းမပျိုက ယန်ယဲ့ကို တစ်ချက်ကြည့်လိုက်ပြီး
"သခင်လေး ယန် က ငါမျှော်လင့်ထားတာထက်
အများကြီး ပိုတည်ငြိမ်တာပဲ!"

ယန်ယဲ့က စာလိပ်ကို စားပွဲပေါ်တင်ကာ “အမှန်အတိုင်းပြောရရင် ဒီဓားနည်းစနစ်က ငါ့အတွက် အရမ်းအသုံးဝင်ပါတယ်။

ဒါပေမယ့် ဒီကမ္ဘာမှာ အလကားစားစရာမရှိဘူးဆိုတာကို ငါနားလည်ပါတယ်။

မင်းနဲ့စတွေ့တာနဲ့ ငါ့ကို ဒီလောက်အဖိုးတန်တဲ့ ရတနာတစ်ခုကို လက်ဆောင်ပေးတယ်ဆိုတော့ကား.....၊ မင်းငါ့ကို အကြောင်းပြချက် တစ်ခုခုတော့ ပြောစရာရှိမယ်ထင်တယ်။”

"ပညာရှိတဲ့သူတွေက ဆက်ဆံရတာ တကယ်လွယ်တယ်!" မိန်းမပျိုက ပြုံးပြီးဆက်ပြောသည်။ “ငါက ဒီမှာ ဦးစီးဦးဆောင်လုပ်နေရတာလေ။ သခင်လေး ယန်

လည်း ဒါကို သတိထားမိကောင်း သတိထားမိမှာပါ။
ငါ့လို အမျိုးသမီးတစ်ယောက်က တောင်ပိုင်းအန်ကလန်
ရဲ့ကြီးမားတဲ့ ကိစ္စရပ်တွေကို ဘယ်လို စီမံခန့်ခွဲနိုင်မှာလဲ?
ဒါကြောင့် သခင်လေး ယန် က အန်ကလန် မှာ
ပါဝင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။”

"အန်ကလန် မှာ လက်ထပ်မလား" ယန်ယဲ့က
အံ့အားသင့်သွားပြီး ခေါင်းကို တစ်ချက်ခါယမ်းကာ
“သခင်မလေး၊ မင်းက အရမ်းလှတယ်လို့ ငါပြောရမယ်။
ကံမကောင်းစွာပဲ၊ ငါ့နှလုံးသားထဲမှာ
တစ်ယောက်ယောက်ရှိနေပြီမို့ လုံးဝမဖြစ်နိုင်ဘူး!"
ဟာသပဲ! အန်ကလန် မှာ လက်ထပ်မလား? ဒါဆိုရင်
သူ့ဇနီးကိုထောက်ပံ့ခွင့်ပေးတာနဲ့
အတူတူဘဲမဟုတ်လား။ " သူက

ဝိညာဉ်ဖျက်ဆီးခြင်းဓားနည်းစနစ်ကို
အလွန်လိုချင်နေသော်ငြား
အန်ကလန်တွင်ပါဝင်ရန်ဟူသောစကားကိုလုံးဝငြင်းဆန်
ရပေမည်။

သို့သော် တစ်ဖက်တွင်
ယန်ယဲ့၏စကားကိုကြားလိုက်သောအခါ
သက်လတ်ပိုင်းအဘိုးအို၏ ပါးစပ်ထောင့်များ
တဆတ်ဆတ် တုန်လှုပ်သွားသည်။

"ဘာလဲ?" မိန်းမပျို၏မျက်နှာထက်
ပန်းနုရောင်သမ်းသွားကာ
ရှက်ရွံ့ဒေါသအရိပ်အယောင်များ
တဖျပ်ဖျပ်ဖျပ်ဖျပ်တောက်ပလာပြီး ယန်ယဲ့ကို

ပြင်းပြင်းထန်ထန် စိုက်ကြည့်ကာ "ငါလိုတာက သခင်လေး ယန် အနေနဲ့ ငါ့အန်ကလန်ရဲ့ လျှို့ဝှက်အဖွဲ့ထဲမှာ ပါဝင်မယ်လို့ မျှော်လင့်ပါတယ်!"

"မင်းက ငါ့ကို အန်ကလန်မှာ လက်ထပ်ဖို့ မတောင်းဆိုဘူးလား?" ယန်ယဲ့လည်း အနည်းငယ်ရှက်ရွံ့သွားသည်။

"အိုး။.... ဒါက နည်းနည်းလေးနားလည်မှုလွဲသွားတာပါ။"

သို့ရာတွင် သူက အရည်ထူနေသောကြောင့် လေးလေးနက်နက် မပြောခင် ရှက်ရွံ့စွာ ပြုံးရုံသာ ပြုံးလိုက်၏။ "လျှို့ဝှက်အဖွဲ့တစ်ခုလား။ အစောင့်တစ်ယောက်လား?"

မိန်းမပျိုက ယန်ယဲ့ကို တစ်ချက်ကြည့်လိုက်ရာ ယန်ယဲ့က လှည့်စားနေပုံမပေါ်ကြောင်း သတိပြုမိသောအခါ သူမ၏အမူအရာက တည်ငြိမ်သွားခဲ့သည်။

တစ်ဆက်တည်း သူမက "အစောင့်မဟုတ်ဘူး။ ဒီလျှို့ဝှက်အဖွဲ့က ငါ့ရဲ့တောင်ပိုင်းအန်ကလန်က တည်ထောင်ထားတဲ့ အဖွဲ့အစည်းတစ်ခုလေ။ ဒီအဖွဲ့က အန်ကလန်ရဲ့ ဂုဏ်ထူးဆောင်အကြီးအကဲရာထူးနဲ့ ညီမျှတယ်။

ငါ့အန်ကလန်က သခင်လေး ယန် ကို သတ်မှတ်ချိန်ရောက်တိုင်းကျင့်ကြံဖို့အတွက် အရင်းအမြစ်တွေပါ ထောက်ပံ့ပေးဦးမယ်။

ဒါ့အပြင် အလိုရှိတာနဲ့ အန်ကလန်ရဲ့
အဖွဲ့ဝင်အချို့ကိုတောင်ဆင့်ခေါ် နိုင်မယ်။"

"ဒါဆို ငါတို့ကဘာလုပ်ရမှာလဲ?" ယန်ယဲ့က
သူမကိုကြည့်ကာ အသံတိုးတိုးဖြင့် မေးလိုက်၏။

"ဘာမှမဟုတ်ဘူး!" မိန်းမပျိုက ပြုံးပြီးပြောသည်။
"သခင်လေး ယန် က ငါ့အန်ကလန်အတွက် တစ်နှစ်ကို
အလုပ် ၃ ခု လုပ်ပေးမယ်လို့ ကတိပေးရုံပဲ။
ဟုတ်ပါတယ်၊ အဲ့ဒီတာဝန်တွေက
တစ်စုံတစ်ဦးရဲ့စွမ်းအားအကန့်အသတ်ထဲမှာပဲရှိနေလိမ့်
မယ်။ ဒါအပြင် ငါ့ရဲ့အန်ကလန်က အရေးကြုံရင်
မင်းတို့အားလုံးရဲ့လက်ကို ငှားရမှာပေါ့။”

"ဒါပဲလား?" ယန်ယဲ့က ထပ်မေးသည်။

မိန်းမပျိုက ချက်ချင်း ခေါင်းညိတ်လိုက်၏။

ယန်ယဲ့က ခဏလောက် လေးလေးနက်နက် စဉ်းစားပြီးမှ "သခင်မလေး၊ ဘယ်လိုမျိုး ကျင့်ကြံမှု အရင်းအမြစ်တွေ ပေးမယ်ဆိုတာ သိချင်မိတယ်။"

"လစဉ် စွမ်းအင်ကျောက်တုံး ၁၀၀၀၀!"
မိန်းမပျိုက "ဒါ့အပြင် အဖွဲ့ဝင်အားလုံးကို စွမ်းအားနည်းစနစ်တွေနဲ့ တိုက်ခိုက်ရေးနည်းစနစ်မျိုးစုံပါ ပံ့ပိုးပေးမယ်။

ဟုတ်ပါတယ်၊ ဒါတွေက အခမဲ့ပေးမှာတော့ မဟုတ်ဘူး။ ပြီးတော့ သူတို့အတွက် မစ်ရှင်အမှတ်တွေကို လဲလှယ်ရမယ်။"

"ပွဲပိုးကူညီမှုအမှတ်များ?" မိန်းမပျိုကခေါင်းညိတ်ပြီး "ငါ့အန်ကလန်အပေါ်ကူညီဆောင်ရွက်ပေးတဲ့အမှတ်တွေပေါ့။ တစ်ခါတစ်ရံမှာ အန်ကလန်ကိုယ်တိုင်လုပ်ဆောင်ဖို့မသင့်တာတွေရှိတတ်တာပဲလေ။ သခင်လေး ယန် က ဒါတွေကိုအောင်မြင်အောင်ဆောင်ရွက်နိုင်တာနဲ့ အဲ့ဒီအရာနဲ့ညီတဲ့ ပွဲပိုးကူညီမှုအမှတ်ပမာဏကို ရရှိမှာပဲ။ ငါ တစ်ခုတော့ ကြိုပြောပါရစေ။ ပွဲပိုးကူညီမှုအမှတ်တွေသာ အလုံအလောက်ရှိရင်

ကောင်းကင်အဆင့်မြင့် တိုက်ခိုက်ရေးနည်းစနစ်တွေ နဲ့ အမှောင်ရတနာလက်နက်တွေကို လဲလှယ်နိုင်တယ်။"

ယန်ယွဲ့သည် မိန်းမပျို၏ ချောမောလှပသောမျက်နှာကို စိုက်ကြည့်ကာ ခေါင်းယမ်းလိုက်ပြီး "သခင်မလေး! ဒီနည်းလမ်းက တကယ်ထိရောက်တဲ့ ဆွဲဆောင်မှုပဲ!"

ဤအခိုက်အတန့်တွင် ယန်ယွဲ့၏စိတ်ထဲ မိန်းမပျို အပေါ် အနည်းငယ် သဘောကျသလို ခံစားမိလိုက်သည်။

လျှို့ဝှက်အဖွဲ့၏ အဖွဲ့ဝင်များသည် လွတ်လပ်မှုများစွာကို ပိုင်ဆိုင်ထားပုံရပြီး အန်ကလန်မှ ချုပ်နှောင်ထားခြင်းမရှိဟုထင်ရသော်ငြား အမှန်တကယ်တော့ ထိုကဲ့သို့မဟုတ်ပေ။

ပွဲပိုးကူညီမှုအမှတ်(မစ်ရှင်ရမှတ်)များဟုခေါ်ဆိုသည်ဖြစ်ရာ ၎င်းတို့က အန်ကလန်အတွက် သေခြင်း၊ရှင်ခြင်းတိုက်ခိုက်ခြင်းမပြုဘဲမရနိုင်ပေ။

၎င်းသည် "ငွေကြေး(သို့)အရင်းအမြစ်များက နတ်ဘုရားများကိုပင် ဆွဲဆောင်နိုင်သည်ဟူသော သဘာဝနိယာမ"ကိုတိတိကျကျညွှန်ပြချက်ပါ။

"ငါတို့က လိုအပ်တာတွေကို လဲလှယ်ဖို့ပဲ အလုပ်လုပ်တာလေ။" မိန်းမပျိုက ပြုံးကာ မေးလိုက်သည်။ “ဒါဆိုရင် သခင်လေး ယန် က ပူးပေါင်းဖို့ ဆန္ဒရှိသလား? သိပါရစေ။”

ယန်ယဲ့က ခဏတာ လေးလေးနက်နက်
စဉ်းစားပြီးနောက် ခေါင်းကိုခါယမ်းလိုက်ပါသည်။
"တောင်းပန်ပါတယ်! မင်းတို့ရဲ့ဆွဲဆောင်မှုက
ကောင်းမွန်ပေမယ့် ငါငြင်းဆန်တယ်!"

"ဘာကြောင့်လဲ?" မိန်းမပျိုက
အတော်လေးအံ့ဩသွားပုံပင်။

"ငါယန်ယဲ့က ချည်နှောင်တာကို မကြိုက်ဘူး!" ယန်ယဲ့က
ဆက်ပြောလိုက်၏။

“ဒါက အထူးနည်းလမ်းတစ်ခုနဲ့
ချုပ်နှောင်တဲ့ပုံစံတစ်ခုပဲလေ။ ငါဒါကိုမကြိုက်ဘူး။
ဒီဓားနည်းစနစ်က ငါ့ကို

အရမ်းဆွဲဆောင်တယ်လို့ဝန်ခံပေမယ့်
ငါငြင်းဆန်လိုက်တယ်!"

"ဒါကြောင့်ကိုး!" မိန်းမပျိုက ခေါင်းညိတ်ပြီး “သခင်လေး ယန် ရဲ့ဆုံးဖြတ်ချက်ကို ငါ လေးစားပါတယ်။ ဒါပေမယ့် ဒီဓားနည်းစနစ်ကိုတော့ ငါ့ရဲ့တောင်ပိုင်းအန်ကလန်ကလက်ဆောင်အဖြစ်ပေးတယ်။ ငါ အန်ပိုင်ယွဲ့ ပေးထားတဲ့အရာကို ပြန်မယူတတ်ဘူး!"

"ဟူး! ဒါဆို မိန်းကလေး အန်ပိုင်ယွဲ့ ပေါ့။ ငါယန်ယွဲ့က မထိုက်တန်တဲ့အရာကို လက်မခံဘူး!" ယန်ယွဲ့က ခေါင်းခါပြီး ငြင်းပယ်လိုက်သည်။

လက်ဆောင်လား? ဟာသပဲ! ....

သူက လူမိုက်မဟုတ်ပေ။ သူမထံမှ လက်ဆောင်ဟုဆိုလိုက်သောကြောင့်မည်ကဲ့သို့ ရိုးရှင်းနိုင်မည်နည်း။

သူ့စိတ်ထဲ လုံးဝမယုံကြည်ပေ။ သူသာ လက်ခံယူလိုက်ပါက အန်ပိုင်ယဲ့ဆင်ထားသောထောင်ချောက်ထဲသို့ ကျိန်းသေပေါက် ကျသွားပေလိမ့်မည်။

သူမက ချင်ရှီယူနှင့်အတူတူပင်အတော်လေးဉာဏ်များလှကြောင်း သတိပြုမိနိုင်ပေသည်။

"ကြည့်ရတာ သခင်လေး ယန် က ငါ့ကို အရမ်းသတိထားနေပုံပဲ!" အန်ပိုင်ယဲ့က ပြုံးပြီး

“ဒီလိုဆိုရင်ကော ဘယ်လိုလဲ။
ငါ့အတွက်တစ်ခုခုလုပ်ပေးရင် ဒီဓားနည်းစနစ်က
သခင်လေး ယန် အပိုင်ပဲ။ ဒါကိုဘယ်လိုထင်ပါသလဲ?"

"ငါခန့်မှန်းတာ မှန်နေတာပဲ၊
သူမကတစ်ခုခုကိုကြံစည်ထားတာပေါ့။"

ယန်ယဲ့က ခံစားချက်မဲ့မျက်နှာဖြင့်ပြောလိုက်လေသည်။
"အန် မိန်းကလေး! မင်း ဒါကို

အစောတည်းက ပြောသင့်တယ်။ ဘေးပတ်ပတ်လည်က
ခြံပုတ်တွေကို ဘာလို့ဒီလိုလိုက်ရိုက်တာလဲ?
ငါယန်ယဲ့က ရိုးရိုးသားသားပဲ။ အတုအယောင်တွေ
လှည့်ကွက်တွေကို လုံးဝသဘောမကျဘူး။ ဒါဆို မင်း
ငါနဲ့အလုပ်လုပ်ချင်ရင် အချိန်တိုင်း ပွင့်ပွင့်လင်းလင်း
ပြောပါ။ အဆင်ပြေလား?"

"ရပါတယ်!" အန်ပိုင်ယွဲ့က ပြုံးကာ ဆက်ပြောသည်။ “တကယ်တော့ ငါ ဒီလိုလုပ်ဖို့ မတောင်းဆိုခဲ့ရင်တောင် ပုန်းကွယ်နေသောနဂါးစေတီဖွင့်တာနဲ့ သခင်လေး ယန် က အဲ့ဒါကို ဆက်ပြီးလုပ်မှာသေချာတယ်။

ငါလိုချင်တာက

ပုန်းကွယ်နေသောနဂါးအဆင့်သတ်မှတ်ချက်မှာ

တစ်စုံတစ်ဦးကိုရပ်တန့်ဖို့ သခင်လေး ယန် ကို

လိုအပ်နေတယ်။

ပုန်းကွယ်နေသောနဂါးအဆင့်သတ်မှတ်ချက်မှာ

သခင်လေး ယန် ရင်ဆိုင်ရမဲ့သူက အန်နန်ကျင်း ပဲ။

သူ့အကြောင်းကို

မကြားဖူးသေးတာဖြစ်ကောင်းဖြစ်နိုင်ပေမယ့်

သခင်လေး ယန် က အထွတ်အထိပ်မရောက်သေးခင်

သိပ်မကြာခင်မှာပဲ ဆန်းကြယ်တိုက်ကြီးတစ်ခုလုံးက သူ့နာမည်ကို သိသွားလိမ့်မယ်!”

"အန်နန်ကျင်း?" ယန်ယဲ့ မျက်မှောင်ကြုတ်ပြီး "သူ့မှာလည် "အန်" မျိုးရိုးအမည်ရှိတယ်?"

“သခင်လေး ယန် ခန့်မှန်းတာမမှားပါဘူး၊ သူနဲ့ ငါတို့ ကြားမှာ ဆက်စပ်မှုတစ်ခုရှိတယ်။ ဒါပေမယ့် ဒါက သခင်လေး ယန် မသိလည်းဖြစ်တယ်။ တစ်ခုရှိတာက ပုန်းကွယ်နေသောနဂါးအဆင့်သတ်မှတ်ချက်မှာ သူမကိုရပ်တန့်ဖို့ပဲ။ " အန်ပိုင်ယဲ့က ဘာမှမထူးခြားသောလေသံဖြင့် ပြောလိုက်သည်။

"ဒါပေါ့!" ယန်ယဲ့က သဘောတူရန် တုံ့ဆိုင်းမနေဘဲ ဝိညာဉ်ဖျက်ဆီးခြင်းဓားနည်းစနစ်ကိုလက်ခံယူလိုက်သည်။

သူက ဘာအတွက် လက်မခံဘဲနေရမည်နည်း? မည်သို့ပင်ဆိုစေ အန်ပိုင်ယဲ့က သူမကိုရပ်တန့်ရန်သာ တောင်းဆိုခဲ့၏။

အန်ပိုင်ယဲ့က သူအောင်မြင်အောင်လုပ်ဆောင်ရမည်(သို့) အန်နန်ကျင်းကိုသတ်ရမည်ဟုမပြောခဲ့ပေ။

အချိန်ကျပါက သူမလုပ်ဆောင်နိုင်ခဲ့လျှင်ပင် အန်ပိုင်ယဲ့၌နည်းလမ်းများရှိနေပေလိမ့်မည်။

ထို့ကြောင့်၊ သူ့တွင် ငြင်းစရာအကြောင်းမရှိပေ။ စိတ်သန့်သန့်နဲ့သာ ဝိညာဉ်ဖျက်ဆီးခြင်းဓားနည်းစနစ်ကို လက်ခံလိုက်ပါသည်။

သို့သော် အန်ပိုင်ယဲ့က ယန်ယဲ့ကိုဂရုမစိုက်ဘဲ ကြည့်နေရုံသာ။ ဘာစကားမှထပ်မပြောပေ။

"အန်မိန်းကလေး! ငါ မင်းနဲ့ လုပ်စရာကိစ္စတစ်ခုရှိသေးလို့!" နောက်ဆုံးတော့ ယန်ယဲ့သည် သူ၏ ထိပ်တန်းအဆင့်အဆောင်များကိုလေလံတင်ရောင်းချရန် စိတ်ကူးမိလိုက်သည်။

"ဆက်ပြောပါ။"

ယန်ယဲ့က
ဒြပ်စင်ငါးပါးထိပ်တန်းအဆင့်အဆောင်တစ်ခုကို
ထုတ်ယူကာ အန်ပိုင်ယဲ့ထံသို့ပေးအပ်လိုက်၏။
ထို့နောက် ပြုံးကာ သူမကိုစိုက်ကြည့်ရင်း
တိတ်ဆိတ်နေခဲ့သည်။

အန်ပိုင်ယဲ့က ဒြပ်စင်ငါးပါးအဆောင်ကိုမြင်သောအခါ
ထိုကဲ့သို့အဆောင်များကိုတန်ဖိုးမထားသဖြင့်
မျက်မှောင်ကြုတ်လိုက်သည်။

သို့သော်လည်း အချိန်အနည်းငယ်အတွင်းမှာပင်
သူမ၏မျက်လုံးထဲ၌ အံ့အားသင့်ဖွယ်ရာ
အရိပ်အယောင်များပေါ်လာခဲ့သည်။

ယန်ယွဲ့ သူမကိုပေးလိုက်သော ဒြပ်စင်ငါးပါးအဆောင်က ထိပ်တန်းအဆင့်အဆောင်တစ်ခုဖြစ်နေကြောင်းသတိပြု မိပြီး ချက်ချင်းပင် စိတ်ဝင်စားသွားသည်။

မှန်ပါသည်။ သူမက
အဆောင်ကိုစိတ်ဝင်စားနေခြင်းမဟုတ်ပေ၊
အဆောင်ရေးဆွဲသူကိုပါ။

"သခင်လေး ယန် က အဆောင်သခင် လား?"
အန်ပိုင်ယွဲ့က ရုတ်တရက် မေးလိုက်ပါသည်။

"မှန်တယ်!" ယန်ယွဲ့က ဖုံးကွယ်ထားရန်စိတ်ကူးမရှိပေ။

"တကယ်ပဲ သခင်လေး ယန် ကိုယ်တိုင်
ဒါကို ဖန်တီးခဲ့တာ!"

“ဟုတ်ပါတယ်!”

အန်ပိုင်ယဲ့၏ မျက်နှာပေါ်တွင် အပြုံးတစ်ခု ပေါ်လာပြီး “ငါက လှည့်စားခံရလုနီးပါး ဖြစ်နေပြီ။ သခင်လေး ယန်က တကယ်ကိုထူးချွန်ပြောင်မြောက်တဲ့ ပါရမီရှင်ဖြစ်လိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ထားမိဘူး။

ဟင်း! ထိပ်တန်းအဆင့်အဆောင် ရေးဆွဲတဲ့အခါ အောင်မြင်မှုနှုန်းက ဘယ်လောက်လဲ။၂၀ ရာခိုင်နှုန်း ဒါမှမဟုတ် ၃၀ ရာခိုင်နှုန်းလား?"

"၅၀ ရာခိုင်နှုန်း!" ယန်ယဲ့က အနည်းငယ်ထိန်ချန်ထားရန် ဆုံးဖြတ်လိုက်ပါသည်။

အန်ပိုင်ယဲ့က သူမ၏မျက်နှာပေါ် ရှိ အပြုံးကို ထိန်းထားသော်လည်း မကျေမနပ်ဖြစ်ကာ ပြောလိုက်သည်။ "သခင်လေး ယန်! နောက်နေတာကို ရပ်လိုက်ပါ!"

နောက်နေတာ လား? ယန်ယဲ့က ခေါင်းခါလိုက်ပြီး လက်ကို ဝှေ့ယမ်းကာ ထိပ်တန်းအဆင့်အဆောင် ၁,၀၀၀ ကိုစားပွဲပေါ်တင်လိုက်သည်။

ထိပ်တန်းအဆင့်အဆောင်အုပ်လိုက်ကြီးကိုမြင်သောအခါ အန်ပိုင်ယဲ့က ချက်ချင်းပင် အံ့အားသင့်သွားး။

သူမ၏ အတွေ့အကြုံ၊ ကြွယ်ဝမှုဖြင့်ဆိုပါက
ဘဝတစ်လျှောက်လုံး
မမြင်ရသောအရာဟူသည်မရှိခဲ့ပေ။
သို့သော် ဒီရှေ့မှ အဆောင် ၁,၀၀၀ လုံးဟာ
ထိပ်တန်းအဆင့်အဆောင်များဖြစ်နေသောကြောင့်
အလွန်တုန်လှုပ်သွားရသည်။

တကယ်ပဲ ကောင်းကင်ဘုံကိုဆန့်ကျင်နေတာ!
ဒီအဆောင်တွေအားလုံးက
ထိပ်တန်းအဆင့်အဆောင်တွေ ကြီးပဲ။
ဒါဘာအဓိပ္ပါယ်လဲ? မဟုတ်မှလွဲကော အဆောင်သခင်
အားလုံးရဲ့တည်ထောင်သူ ဘိုးဘေး
ပြန်လာတာများလား?"

"အားလုံးလိုချင်တယ်!" အန်ပိုင်ယဲ့က စကားကို ခဏလောက်ရပ်ပြီး “မှန်ပါတယ်၊ ငါက သခင်လေး ယန် မှာရှိသလောက် လိုချင်တယ်။ တန်ကြေးက ပြဿနာမဟုတ်ပါဘူး။ဟုတ်တယ်၊ ငါက သခင်လေး ယန် နဲ့ ရေရှည်စီးပွားရေးတစ်ခုကိုတောင် လုပ်နိုင်တယ်။ တစ်နည်းပြောရရင် ငါ့ရဲ့ရတနာစုဆောင်းခြင်းခန်းမက သခင်လေး ယန် ဖန်တီးတဲ့အဆောင်တွေအားလုံးကို ဝယ်ယူမယ်။

ဒီတော့ သခင်လေး ယန် အနေနဲ့ တန်ကြေးကို သတ်မှတ်လို့ရတယ်။"

ထိပ်တန်းအဆင့်အဆောင်များက အလွန်ရှားပါးသောကြောင့်

သူမအံ့သြသွားမိခြင်းပင်။သို့သော် လက်ရှိတွင် သူမရှေ့၌ ထိပ်တန်းအဆင့်အဆောင် ၁,၀၀၀
ရောက်ရှိနေပေသည်။

ယန်ယွဲ့က လက်ကောက်ဝတ်ကိုတစ်ချက်လှည့်လိုက်ရာ စာရင်းစာရွက်လိပ်တစ်ခုထွက်လာပြီး အန်ပိုင်ယွဲ့ကို ပေးလိုက်သည်။

အန်ပိုင်ယွဲ့က ယန်ယွဲ့ပေးသော စာရင်းကိုကြည့်နေရင်း ချက်ချင်းမျက်မှောင်ကြုတ်သွားခဲ့သည်။

မှန်ပါသည်။ စာရင်းထဲမှ ပါဝင်ပစ္စည်းအားလုံးက "ကောင်းကင်နတ်ဆိုးခန္ဓာကိုယ်"လေ့ကျင့်ရန်အတွက် ယန်ယွဲ့လိုအပ်နေသောအရာများပင်။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၆၀ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၆၀)] –လူတစ်ဦးက ဒီနေရာမှာမရှိသေးလို့

အန်ပိုင်ယွဲ့ မျက်မှောင်ကြုတ်နေသည်ကိုမြင်သောအခါ ယန်ယွဲ့က ပြုံးလိုက်မိသည်။ "ဘာလဲ?" ဒါဆို

ရတနာစုဆောင်းခြင်းခန်းမမှာ ဒီရတနာတွေ
မရှိဘူးလား။ ရတနာစုဆောင်းခြင်းခန်းမဟာ
တိုက်ကြီးတစ်ခုလုံးမှာရှိတဲ့ ရတနာတွေအားလုံးကို
စုဆောင်းထားခဲ့တာလို့ ပြောနေကျမဟုတ်လား။ အခုကျ
တမင်ချဲ့ကားပြောတာတော့မဟုတ်လောက်ပါဘူးနော်!"

အန်ပိုင်ယွဲ့က ယန်ယွဲ့ကို တစ်ချက်ကြည့်လိုက်ပြီး
"လူငယ်သခင်လေး ယန်! ငါ့ကို စကားနဲ့ ရန်စနေစရာ
မလိုပါဘူး။ နတ်ဘုရားသားရဲလေးပါးရဲ့
သွေးအဆီအနှစ်အပြင်၊
ငါ့ရဲ့ရတနာစုဆောင်းခြင်းခန်းမမှာ
ကျန်တဲ့ပါဝင်ပစ္စည်းတွေအားလုံး ရှိနေဆဲပဲလေ။

ဒါက  နတ်ဘုရားယသားရဲလေးပါးရဲ့
သွေးအဆီအနှစ်ဖြစ်စေဦးတော့
ငါ့ရတနာစုဆောင်းခြင်းခန်းမကရယူနိုင်တယ်။
ဒါပေမယ့် ငါစဉ်းစားနေမိတာ...., သခင်လေး ယန် က
အားလုံးရဲ့တန်ကြေးကို တတ်နိုင်ပါ့မလားလို့
မေးချင်ပါတယ်!"

အန်ပိုင်ယွဲ့ ပြောလိုက်သောစကားကြောင့်
ယန်ယွဲ့၏နှလုံးခုန်နှုန်းက ချက်ချင်းဆိုသလို
မြန်ဆန်သွားလေသည်။
သို့သော် သူ့အမူအရာက
အလွန်အေးဆေးတည်ငြိမ်နေပုံဖြင့် "အန်မိန်းကလေး!
အားလုံးရဲ့တန်ကြေးကို
တစ်ချက်လောက်ပြောပြလို့ရမလား?"

အန်ပိုင်ယွဲ့က သူမလက်ထဲကိုင်ထားသော

လက်ဖက်ရည်ခွက်ကို မြှောက်လိုက်ရင်း

“အားလုံးဆိုရင် စွမ်းအင်ကျောက်တုံး ၁၀၀,၀၀၀,၀၀၀

လောက် ကျမယ်။” ယန်ယွဲ့၏အမူအရာကို

လျစ်လျူရှုကာ လက်ဖက်ရည်သောက်လိုက်သည်။

"ဘာရယ်?" ယန်ယွဲ့က ရုတ်တရက်ထရပ်လိုက်မိကာ

ချက်ချင်းသတိဝင်လာပြီးနောက်

ပြန်ထိုင်ချလိုက်သည်။

ထို့နောက် ခြောက်ကပ်စွာ ရယ်မောရင်း

ပါးစပ်ထောင့်များ တွန့်လိမ်သွားပါသည်။ "သခင်မလေး၊

မင်းမမှားတာသေချာလား?"

"သခင်လေး ယန် က ဘယ်လိုထင်ပါသလဲ?"
အန်ပိုင်ယွဲ့က ယန်ယွဲ့၏အမေးကိုစိတ်ဆိုးဟန်မရဘဲ
စိုက်ကြည့်နေသည်။

ခဏကြာပြီးနောက် ယန်ယွဲ့က အသက်ပြင်းပြင်းရှူကာ
"အန်မိန်းကလေး! ဒါက
သိပ်ပြီးများလွန်းတယ်မထင်ဘူးလား?"

"ဟုတ်လား?" အန်ပိုင်ယန်ယွဲ့က ပေါ့ပေါ့ပါးပါးလေသံနဲ့
တခစ်ခစ်ရယ်မောလိုက်၏။ "သခင်လေး ယန်၊
မင်းလိုအပ်တဲ့ ကောင်းကင်နဲ့မြေကြီးရဲ့
သဘာဝရတနာတွေအကြောင်း အများကြီး
မပြောတော့ဘူး။

အဲ့ဒီအရာတွေက

ဒြပ်စင်ငါးပါးရတနာစာရင်းမှာပါဝင်တဲ့အပြင်ကိုမှ

အချင်းချင်း အပြန်အလှန် ထိန်းချုပ်နိုင်တဲ့

သဘာဝလွန်ရတနာတွေလေ။ ဒါပေမယ်လို့ ငါ့

ရတနာစုဆောင်းခြင်းခန်းမအတွက်

သိပ်ပြီးကြီးကြီးမားမားကိစ္စမဟုတ်ဘူး။

တစ်ခုရှိတယ်, သခင်လေး ယန် တောင်းဆိုထားတဲ့

နတ်ဘုရားသားရဲသုံးပါးဖြစ်တဲ့ မီးငှက်၊ လိပ်နက် နဲ့

ကျားဖြူ သွေးအဆီအနှစ်တွေက ငွေကြေးနဲ့

ဝယ်ယူနိုင်တဲ့အရာတွေမဟုတ်ဘူးလေ။

နောက်ဆုံးတော့ အဲ့ဒီမျိုးနွယ်စုတွေအားလုံးက

နတ်ဆိုးနယ်မြေမှာပဲနေထိုင်ကြာမဟုတ်လား။

ဒါ့အပြင် မျိုးနွယ်စုတစ်ခုချင်းစီရဲ့အင်အားက အတော်ကို

ကြောက်စရာကောင်းတယ်။

အရေးကြီးဆုံးကတော့ သူတို့ရဲ့အဖွဲ့ဝင်တွေကို
အန္တရာယ်မဖြစ်အောင်
အပြည့်အဝကာကွယ်ပေးထားတာပဲ။
ဒါ့ကြောင့် သူတို့ရဲ့ သွေးတစ်စက်ကိုရယူတာကတောင်
မျိုးနွယ်တစ်ခုလုံးကို စော်ကားရာရောက်နေပြီ။
အမှားလေးအနည်းငယ်ကတောင် နတ်ဆိုးမျိုးနွယ် နဲ့
လူသားမျိုးနွယ်ကြား မဟာစစ်ပွဲကိုဖြစ်စေနိုင်တယ်။”

"တန်ကြေးက ကြီးလွန်းတယ်!" ယန်ယဲ့ကခေါင်းခါပြီး
ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

ဆိုးလိုက်တာ! စွမ်းအင်ကျောက်တုံး ၁၀၀,၀၀၀,၀၀၀
ဟူသော ပမာဏက သူ့ကိုယ်သူ ရောင်းချလျှင်ပင်
မရနိုင်သောအရာဖြစ်သည်။

"ဒါဆို ငါ့တောင်းဆိုချက်ကို လက်ခံကြည့်လိုက်!"
အန်ပိုင်ယဲ့က အပြုံးလေးနှင့် ပြောသည်။

အခန်းတစ်ခုလုံးက အချိန်တော်တော်ကြာအောင်
တိတ်ဆိတ်သွား၏။

ယန်ယဲ့၏စိတ်ထဲ၌ လုံးဝလက်မလျှော့လိုပေ။
အမှန်စင်စစ် ကောင်းကင်နတ်ဆိုးခန္ဓာကိုယ်က
အလွန်တရာကြောက်မက်ဖွယ်ကောင်းလှသည်။
အကယ်၍ သူသာ ကောင်းကင်နတ်ဆိုးခန္ဓာကိုယ်ကို
အောင်မြင်စွာလေ့ကျင့်နိုင်လျှင် ငရဲတစ္ဆေမီးတောက် ၊
ခရမ်းရောင်စုံချီစွမ်းအင်၏ အကူအညီဖြင့်

သူ၏ရုပ်ခွန်အားက

မခန့်မှန်းနိုင်သောအဆင့်ထိရောက်ရှိသွားလိမ့်မည်။

ထို့နောက်တွင် သူက ရှေးဟောင်းစစ်မြေပြင်နှင့်

ပန်းနန်းတော်၏ ထိပ်သီးပါရမီရှင်များကို

ရင်ဆိုင်တိုက်ခိုက်နိုင်စွမ်းရှိပါမည်။

သို့သော်၊ ၎င်းသည် ပေးဆပ်ရသောတန်ကြေးက

အလွန်ကြောက်စရာကောင်းသည့် အဆင့်အထိပင်။

စွမ်းအင်ကျောက်တုံး ၁၀၀,၀၀၀,၀၀၀!

မူလကျောင်းတော်တစ်ခု လုံး၏ ကြွယ်ဝမှုပင်

ထိုမျှလောက် ကြီးမားမည်မဟုတ်ပေ။

"ဟီးဟီး! ငါ ဒါကို အကြွေးနဲ့ဝယ်လို့ရမလား?"

စကားပြောပြီးသည်နှင့် ယန်ယဲ့၏မျက်နှာက နီရဲသွားလေသည်။

သူပြောလိုက်သောစကားများကအလွန်ရှက်စရာကောင်းသော်ငြား သူ့စိတ်ထဲဂရုမစိုက်အားပေ။

အန်ပိုင်ယဲ့က မျက်ခွံများ တဆတ်ဆတ်လှုပ်ယမ်းသွားပြီးနောက် ခေါင်းကို အနည်းငယ် ခါယမ်းလိုက်ကာ ယန်ယဲ့ကို စိုက်ကြည့်လိုက်သည်။

သူမက ပြုံးလိုက်ပြီး "သခင်လေး ယန်! မင်းက ဒီလို စကားတောင် ပြောနိုင်သေးတယ်! ငါတကယ်ကို အံ့သြမိပါတယ်!”

ယန်ယဲ့က "ဘာမှမတတ်နိုင်ဘူး"ဟူသောပုံစံဖြင့်
ပုခုံးသာတွန့်ပြလိုက်သည်။

မည်သို့ပင်ဆိုစေကာမူ သူ့မျက်နှာကို အရေထူရန်သာ
ဆုံးဖြတ်လိုက်၏။

သူက အန်ပိုင်ယဲ့ကို ကြည့်ကာ “သခင်မလေး၊
ဖြစ်နိုင်လား၊ မဖြစ်ဘူးလားဆိုတာ
ပြောပါ။အမှန်အတိုင်းပြောရရင် ဒီအရာတွေအားလုံးက
ငါ့အတွက် အရမ်းအရေးကြီးတယ်။ အခုအချိန်မှာ
မင်းငါ့ကို ဒီစွမ်းအင်ကျောက်တုံးတွေ
အကြွေးတင်ထားချင်တယ်ဆိုရင်တော့ ငါယန်ယဲ့က
ဒီကြင်နာမှုကို ဘယ်တော့မှ မမေ့မှာမဟုတ်ဘူး။”

အန်ပိုင်ယဲ့က
အချိန်တော်တော်ကြာတိတ်ဆိတ်သွားသည်။

ခဏအကြာတွင် သူမက ရုတ်တရက် စကားစလာခဲ့သည်။ "ကောလဟာလတွေအရ၊ သခင်လေး ယန် ဟာ "ဉာဏ်အလင်းရခြားနှလုံးသား"ကို ပိုင်ဆိုင်ထားတယ်လို့ဆိုတယ်။ဒါအမှန်ပဲလား?"

ယန်ယဲ့က ခဏတာတုံ့ဆိုင်းသွားကာ အဆုံး၌ ခေါင်းကိုသာညိတ်ပြလိုက်သည်။

လက်ရှိတွင် သူ့အဆင့်အတန်း (သို့) တန်ဖိုးကို ထုတ်ဖော်ရမည်ဖြစ်ကြောင်း ကောင်းစွာနားလည်ထား၏။

သို့မဟုတ်လျှင် ဤမျှများပြားလှသော စွမ်းအင်ကျောက်တုံးများကို အကြွေးတောင်းဆိုရန်မဖြစ်နိုင်ပေ။

ယန်ယဲ့ ခေါင်းညိတ်လိုက်သည် မြင်ရာ အန်ပိုင်ယဲ့က လက်ဖက်ရည်ခွက်ကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်ပြီး “တကယ်ပဲ.... သခင်လေး ယန် က တကယ်ပဲ ဉာဏ်အလင်းရဓားနှလုံးသားကို ပိုင်ဆိုင်ထားတာလား?” သူမက အနည်းငယ်တုန်ယင်စွာ ထပ်မေးလိုက်ပါသည်။

"ဒါက အမှန်ပါပဲ!"

ယန်ယဲ့ ထပ်မံ ခေါင်းညိတ်သည်ကိုမြင်သောအခါ
အန်ပိုင်ယဲ့က
အချိန်တော်တော်ကြာအထိစိုက်ကြည့်နေပြီးမှ
ရုတ်တရက်ပြောလိုက်လေသည်။

" အခုလောလောဆယ် သခင်လေး ယန် ကို

အကြွေးထားပေးလိုက်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။
ဒါပေမယ့် သခင်လေး ယန် က ငါ့ကို
ကတိတစ်ခုပေးရမယ်။
တကယ်လို့သဘောတူတယ်ဆိုရင် အဲဒါတွေအားလုံးကို
ငါပေးမယ်။”

ယန်ယွဲ့က
လေးလေးနက်နက်စဉ်းစားပြီးမှပြန်မေးရန်ဆုံးဖြတ်လို
က်ပုံရ၏။
"အခြေအနေဘယ်လိုလဲ?"

"ငါ့ အန်ကလန် ရဲ့ဂုဏ်ထူးဆောင် အကြီးအကဲတစ်ဦး
အဖြစ်လက်ခံပါ။" အန်ပိုင်ယွဲ့က သူမရှေ့ရှိလူငယ်ကို
မျက်လုံးချင်းတည့်တည့်ကြည့်ကာ “သခင်လေး ယန်!

အမှန်အတိုင်းပြောရမယ်ဆိုရင် ငါက
ရေရှည်ရင်းနှီးမြုပ်နှံဖို့ လုပ်နေတာ။
တကယ်တမ်းကျမင်းရဲ့လက်ရှိအင်အားက
အရမ်းနည်းနေသေးတယ်။ ငါ့ အန်ကလန် အတွက် လုံးဝ
အသုံးမဝင်နိုင်ဘူး။ ဒါပေမယ့် သခင်လေး ယန် ရဲ့
အနာဂတ်ကို ငါ အရမ်းသဘောကျနေတယ်။

တစ်နည်းပြောရရင် ငါ့အန်ကလန်က အခုအချိန်မှစပြီး
နောင်နှစ်ပေါင်း ၁၀၀ ဒါမှမဟုတ် နှစ်ပေါင်း ၁၀၀၀
အတွင်းမှာ အန္တရာယ်တစ်ခုခုကျရောက်နေမယ်ဆိုရင်
မင်းမှာစွမ်းရည်တွေသာရှိလာခဲ့ရင်ပေါ့....
တောင်ပိုင်းအန်ကလန် ကို
လက်တစ်ဖက်ချေးငှားမယ်လို့ မျှော်လင့်ပါတယ်။"

"မင်းရဲ့ဒီရင်းနှီးမြှုပ်နှံမှုက အရမ်းအန္တရာယ်များတယ်။" ယန်ယဲ့ကလည်း အန်ပိုင်ယဲ့ကို စိုက်ကြည့်ကာ "နောက်ဆုံးတော့၊ အနာဂတ်ဟာ ပြောင်းလဲမှုတွေနဲ့ ပြည့်နေတယ်လေ။

ပြောင်းလဲမှုတစ်ခုပေါ်လာတာနဲ့ အန်မိန်းကလေးက စွမ်းအင်ကျောက်တုံး ၁၀၀,၀၀၀,၀၀၀ ကို ဆုံးရှုံးသွားနိုင်တယ်။ ဒါ့ပြင် ငါယန်ယဲ့က ထောင်စုနှစ်တစ်ခုကြာအသက်ရှင်နေခဲ့ရင်တောင်မှ ငါစိတ်မပြောင်းဘူးဆိုတာ မင်းသေချာနိုင်မလား?"

အန်ပိုင်ယဲ့က ပြုံးပြီး "ရင်းနှီးမြှုပ်နှံမှုတွေက အမြဲတမ်း အန္တရာယ်များတယ်။ သခင်လေး ယန် ရဲ့အနာဂတ်နဲ့ ကျင့်ကြံခြင်းလမ်းကြောင်းကို ငါ လောင်းကြေးထပ်တယ်။"

ယန်ယွဲ့သည် သူမကို အချိန်အတော်ကြာ
စိုက်ကြည့်ရင်းမှ “ဟူး.... အန်မိန်းကလေးရဲ့
ရဲစွမ်းသတ္တိကိုတော့ ငါ တကယ်ပဲ လေးစားမိပါတယ်။
ကောင်းပြီလေ.! ငါယန်ယွဲ့, အန်ကလန်က
အနာဂတ်မှာ ငါ့ကို သစ္စာမဖောက်သရွေ့ အန်ကလန်ကို
သစ္စာမဖောက်ပါဘူးလို့ ကတိပေးတယ်။"

အန်ပိုင်ယွဲ့က ယန်ယွဲ့ကို တစ်ချက်ကြည့်လိုက်ပြီးနောက်
ဘေးနားရှိ လူလတ်ပိုင်းအဘိုးအိုထံ ယန်ယွဲ့၏စာရင်းကို
ပေးလိုက်ကာ "ဒီပစ္စည်းတွေကို အမြန်ဆုံးစုဆောင်းဖို့
ကလန်ရဲ့အရင်းအမြစ်အားလုံးကို အသုံးချလိုက်ပါ။

တောင်ပိုင်းအန်ကလန်မှာ

မတွေ့နိုင်တဲ့အရာတွေကိုတော့ အရဝယ်လိုက်။

ငွေကြေးအတွက်နဲ့တော့ စိတ်ပူမနေနဲ့။ အခု သွား။ ”

“အမိန့်အတိုင်းပါ!” လူလတ်ပိုင်းအရွယ်က အန်ပိုင်ယွဲ့ကို

အရိုအသေပြုကာ ခန်းမထဲမှ လျင်မြန်စွာ

ထွက်ခွာသွားလေသည်။

ယန်ယွဲ့က သူမကို ကြည့်ကာ ပြောလိုက်၏။

"ဒီလိုဆို ကျေးဇူးတင်ပါတယ်!"

အန်ပိုင်ယွဲ့က အပြုံးလေးဖြင့် "တကယ်လို့ သခင်လေး

ယန် က ငါ့ကို တကယ်ကျေးဇူးတင်ချင်တယ်ဆိုရင်

နောင်မှာ မင်းဖန်တီးတဲ့ အဆောင်တွေအားလုံးကို ငါ့
ရတနာစုဆောင်းခြင်းခန်းမမှာပဲ ရောင်းပေးနိုင်မလား?"

"ကောင်းပြီလေ။"

ထို့နောက် အန်ပိုင်ယဲ့က
သိုလှောင်လက်စွပ်တစ်ကွင်းကိုထုတ်ယူကာ
ယန်ယဲ့ရှေ့တွင် ချလိုက်သည်။

"ဒါတွေက ထိပ်တန်းအဆင့်အရည်အသွေးရှိတဲ့
စွမ်းအင်ကျောက်တုံး ၁,၀၀၀ ပါ။
အများကြီးမဟုတ်ပေမယ့် သခင်လေး ယန် အတွက်
လုံလောက်မယ်ထင်တယ်!"

"ကျေးဇူးတင်ပါတယ်!" ဤတစ်ကြိမ်၌ ယန်ယွဲ့က အရိုးသားဆုံး ပြောလိုက်ပါသည်။

အန်ပိုင်ယွဲ့က သူ့ကိုအသုံးချသည်ဖြစ်စေ မသုံးသည်ဖြစ်စေ လက်တလော အကျိုးအမြတ်များရရှိနေခြင်းပင်မဟုတ်ပါလား။

ထို့အပြင် သူ့စိတ်ထဲ၌ သူမက အလွန်ရိုးသားသည်ဟု ခံစားမိခဲ့၏။

တစ်ဖန် လက်ရှိ သူတို့နှစ်ဦးကြား သဘောတူညီချက်မှာ လောင်းကြေး နှင့် အရောင်းအဝယ်တစ်ခုဟု ဆိုနိုင်သည်။

သူမက စွမ်းအင်ကျောက်တုံး သန်း ၁၀၀ ကို

ဦးစွာပေးချေပြီး သူလိုအပ်သမျှကို
အရေးတကြီးဖြေရှင်းပေးခဲ့သေး၏။
ထို့ကြောင့် အန်ပိုင်ယွဲ့၏လုပ်ရပ်က သူ့အပေါ်
ကြင်နာမှုပုံစံအဖြစ် အမှန်တကယ် ယူဆနိုင်ပါသည်။

အန်ပိုင်ယွဲ့က ခေါင်းညိတ်ပြပြီး
ရုတ်တရက်စကားစလိုက်လေသည်။ "
ပုန်းကွယ်နေသောနဂါးစေတီက ဘာကြောင့် အခုထိ
မပွင့်သေးတာလဲ.... သိသလား?"

ယန်ယွဲ့က မျက်မှောင်ကြုတ်ပြီး
ခေါင်းယမ်းလိုက်ပါသည်။
အမှန်အတိုင်းပြောရလျှင် သူသည်လည်း
ထိုအရာနှင့်ပတ်သက်၍ အလွန်ပင် ပဟေဠိဖြစ်နေသည်။

အဘယ်ကြောင့်ဆိုသော် သူက ရှေးဟောင်းစစ်မြေပြင်၌ အချိန်တော်တော်ကြာရောက်ရှိနေသည့်တိုင် ပုန်းကွယ်နေသောနဂါးစေတီမှ လှုပ်ရှားမှုတစ်စုံတစ်ရာမရှိခဲ့ပေ။

အန်ပိုင်ယဲ့သည် သူမ၏ အကြည့်ကို ခန်းမအပြင်ဖက် မိုးကုပ်စက်ဝိုင်းဆီသို့ ပို့လွှတ်ရင်း ဖြည်းညှင်းစွာထရပ်လိုက်သည်။ "လူတစ်ယောက်က ဒီမှာမရှိသေးလို့!" တစ်ချိန်တည်းမှာပင် သူမ၏မျက်လုံးများက လေးနက်သောအမူအရာများပေါ်လာခဲ့လေသည်။

"ဘာကိုဆိုလိုတာလဲ?" ဒီတစ်ကြိမ်တွင် အံ့သြစွာ့အသွားသူက ယန်ယဲ့ပါ။

"ဒီအရာအတွက် သိုင်းနတ်ဘုရားလှံ့,
ကောင်းကင်စိတ်ဆန္ဒ တွေ့ရှိမှသာ
ပုန်းကွယ်နေသောနဂါးစေတီကို ဖွင့်လှစ်နိုင်လိမ့်မယ်။

ဘာလို့လဲဆိုတော့ ပုန်းကွယ်နေသောနဂါးစေတီရဲ့
မြေအောက်မှာမြှုပ်နှံထားတဲ့ နဂါးသွေးကြောကို
တိုက်ကြီးရဲ့ပထမဆုံး သိုင်းနတ်ဘုရားက
တံဆိပ်ခတ်ထားခဲ့လို့ပဲ။

အရင်တုန်းကတော့ အဆင့် ၉ မဟာဂိုဏ်းတွေ နဲ့
ရှေးဟောင်းမျိုးနွယ်စုတွေက ကောင်းကင်စိတ်ဆန္ဒကို
ခဏတာငှားယူဖို့ သိုင်းနတ်ဘုရားတောင်တန်းကို
ဦးတည်သွားကြသေးတယ်။

ဒါပေမယ့် သူတို့အားလုံး မအောင်မြင်ခဲ့ဘူး။"

အန်ပိုင်ယဲ့က ဖြည်းညှင်းစွာပြောလိုက်သည်။

"ဘာကြောင့် မလုပ်ဆောင်နိုင်ခဲ့ကြတာလဲ?"

အန်ပိုင်ယွဲ့က ယန်ယွဲ့ကို တစ်ချက်ကြည့်လိုက်ကာ "ဘာလို့လဲဆိုတော့ "ကောင်းကင်စိတ်ဆန္ဒ"က ပိုင်ရှင်ရှိတော့မှာမို့လို့!"

သူမပြောလိုက်သာစကားကြောင့် ယန်ယွဲ့၏ အမူအရာက လေးနက်လာခဲ့သည်။
"မင်းပြောနေတဲ့စကားက ဒီထောင်စုနှစ်ရဲ့ "သိုင်းနတ်ဘုရား" ထွက်ပေါ်လာတော့မယ်လို့ ပြောနေတာလား?"

အန်ပိုင်ယဲ့က ခေါင်းညိတ်ပြီး ဆက်ပြောလိုက်ပါသည်။"ဒီနှစ်မှာ ပါရမီရှင်တွေက အတိတ်ကထက် အများကြီး ပိုကြောက်စရာကောင်းလာတယ်။ ဒီတစ်ကြိမ်ကတော့ ပါရမီရှင်တွေရဲ့ ပါရမီရှင်တွေကြားက စစ်မှန်တဲ့ တိုက်ပွဲတစ်ခုလို့ဆိုရမယ်။ ဒီမျိုးဆက်ရဲ့ "သိုင်းနတ်ဘုရား"က ပုန်းကွယ်နေသောနဂါးစေတီ ဒါမှမဟုတ် ပုန်းကွယ်နေသောနဂါးအဆင့်သတ်မှတ်ရဲ့ ထိပ်ဆုံးနေရာကိုရဖို့ ထိပ်သီးပါရမီရှင်တွေရဲ့ အလောင်းတွေကို နင်းချေနိုင်မလားဆိုတာ အရမ်းသိချင်နေပြီ။”

အန်ပိုင်ယဲ့က စကားကိုခဏရပ်လိုက်ကာ

"သခင်လေး ယန်! မင်းရဲ့ခွန်အားကို အမြန်ဆုံးမြှင့်တင်လိုက်ပါ။ ဘာကြောင့်လဲဆိုတော့ ငါရရှိထားတဲ့ အချက်အလက်အရ ဒီထောင်စုနှစ်ရဲ့ သိုင်းနတ်ဘုရားက "သိုင်းနတ်ဘုရားတောင်တန်း"ကို သွားနေပြီဆိုတာပဲ။

မထင်မှတ်တာတစ်ခုခု ဖြစ်မလာရင် ပုန်းကွယ်နေသောနဂါးစေတီကို အနည်းဆုံး နှစ်လအတွင်း ဖွင့်လှစ်နိုင်မှာ သေချာတယ်။

အဲဒီအချိန်ရောက်လို့ သခင်လေး ယန် ကအစွမ်းထက်ခွန်အားမရှိဘဲ ပုန်းကွယ်နေသောနဂါးစေတီကို ဝင်ရောက်ရင် တကယ် သေသွားရလိမ့်မယ်!”

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

သူက သဘာဝလွန်ရတနာနှစ်ခုပိုင်ဆိုင်ထားလျှင်ပင်
လက်ရှိသူ့ခွန်အားက အလွန်နိမ့်ကျနေပေသည်။

မှန်ပါသည်။ ထိပ်သီးပါရမီရှင်များပြည့်နေသော
ရှေးဟောင်းစစ်မြေပြင်၌
ဝုက်ဖဲမျိုးစုံပိုင်ဆိုင်ထားသည့်တိုင်သူ့ကိုယ်သူအသက်ရှင်
ရန်အာမမခံနိုင်ပေ။

ထိုအချက်ကလည်း သူ အရှက်မဲ့စွာ ပြုမူခဲ့သော
အကြောင်းရင်းတစ်ခုပါ။

သူက အရေထူစွာဖြင့် အန်ပိုင်ယဲ့ထံ
စွမ်းအင်ကျောက်တုံးများ
အကြွေးဝယ်ယူရန်တောင်းဆိုခဲ့၏။

“သခင်လေး ယန်! ဒီရက်ပိုင်း ရတနာစုဆောင်းခြင်းခန်းမမှာပဲ နေလိုက်ပေါ့။ ခန်းမက အရမ်းကျယ်ဝန်းတော့ ကျင့်ကြံဖို့နေရာကောင်းတွေအများကြီးရှိတယ်။ သခင်လေး ယန် ဒီမှာကျင့်ကြံနေတုန်း ဘယ်သူမှနှောင့်ယှက်နိုင်မှာမဟုတ်ဘူး။ ဒါကြောင့် မင်းက စိတ်အေးလက်အေးကျင့်ကြံနိုင်မှာပါ။ စိတ်ချ.....။ မကြာခင်မှာ သခင်လေး ယန် လိုအပ်တဲ့ပစ္စည်းတွေကို ပိုင်ယဲ့ကသေချာပို့ပေးလိုက်ပါမယ်!" အန်ပိုင်ယဲ့က ပုံမှန်လေသံဖြင့် ပြောလိုက်ပါသည်။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၆၁ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၆၁)] –အန်နန်ကျင်း!

ထွက်သွားဖို့ပြောနေတယ်! ယန်ယဲ့သည် ညာဏ်ပြေးသူဖြစ်ရာ မတ်တပ်ရပ်လိုက်ပြီး "ဒါဆို ငါမင်းကို မနှောင့်ယှက်တော့ဘူး!" သူပြောပြီးသည်နှင့် ခန်းမထဲမှ ထွက်လာခဲ့သည်။

ယန်ယဲ့က ခန်းမထဲမှ ထွက်သွားသည်နှင့်တစ်ပြိုင်နက် အနက်ရောင်ဝတ်အမျိုးသမီးတစ်ဦး၏ပုံရိပ် ရုတ်တရက် ပေါ်လာသည်။

"ပိုင်ယဲ့..... သူက ထိုက်တန်ရဲ့လား?"
အနက်ဝတ်အမျိုးသမီးက ပြောသည်။

"အဲဒါက ... ဖြစ်နိုင်တယ်!" အန်ပိုင်ယဲ့က တ
ည်ငြိမ်သောအမူအရာရှိနေသော်ငြား
သူမ၏မျက်လုံးများက ထူးထူးခြားခြား
ငြိမ်သက်သက်သွားခဲ့သည်။

ထို့နောက် သူမက တိကျပိုင်နိုင်သောလေသံဖြင့် ပြောလိုက်သည်။ "ဒေါ်လေး၊ သူနဲ့ပတ်သက်တဲ့

အချက်အလက်တွေကို မင်းမြင်ဖူးလား။ သူက
သစ္စာတရားစကြီးမားတဲ့လူတစ်ယောက်လေ။
ဒီလိုလူမျိုးက သူ့ကို ကြင်ကြင်နာနာ ဆက်ဆံခြင်း
'ကျေးဇူးတရား' နဲ့သာ ချည်နှောင်နိုင်တယ်။ ငါ့
အန်ကလန်က သူ့ကို သစ္စာမဖောက်သရွေ့တော့
သူကလည်းအနာဂတ်မှာ ငါ့ရဲ့အန်ကလန် ကို
သစ္စာမဖောက်မှာ သေချာပါတယ်။”

"သူက ထိပ်သီးပညာရှင် ဖြစ်လာမှာ သေချာလား"
အမျိုးသမီးက ဆက်မေးသည်။

"ငါလည်းမပြောတတ်ဘူး!"

"ဒါဆို ဘာလို့လဲ"

"ဒါပေမယ့် သူ့မှာ အခွင့်အရေး တစ်ရာနှုန်းလောက်သာ ရှိခဲ့ရင်တောင် စမ်းကြည့်ဖို့က ငါ့အတွက် ထိုက်တန်တုန်းပဲ မဟုတ်လား" အန်ပိုင်ယဲ့က ပြုံးရင်း "ငါ လောင်းကြေးရှုံးရင် အဲဒါက စွမ်းအင်ကျောက်တုံး ၁၀၀,၀၀၀,၀၀၀ ပဲ ရှိတာလေ။ ဒါပေမယ့် ငါသာ လောင်းကြေးကို အနိုင်ရရင်ကော ဘယ်လိုလုပ်မလဲ။ ငါအနိုင်ရရင် ငါ့ အန်ကလန်က နှောင်နှစ်ပေါင်း ၁၀,၀၀၀၀ တိုင်အောင် ရှင်သန်နိုင်လိမ့်မယ်!"

"သူက ဉာဏ်အလင်းရထားနှလုံးသားကို ပိုင်ဆိုင်ထားပေမယ်လို့ ဆေးဘာဏ်ရုံကျင်းရဲ့တည်ထောင်သူဘိုးဘေးလို ထိပ်သီးပညာရှင်တစ်ဦးဖြစ်နိုင်မယ်လို့

ငါတို့ကသေချာပေါက်မပြောနိုင်ဘူးလေ။”
အမျိုးသမီးက စကားကိုရပ်လိုက်သည်။

"ဒါပေမယ့် "ဉာဏ်အလင်းရစေနှလုံးသား"က
ဒီလိုလောင်းကြေးထပ်ဖို့
ငါတို့အတွက် လုံလောက်နေပြီမဟုတ်လား"

အနက်ဝတ်အမျိုးသမီးက
ငြိမ်ကျသွားသော်။ခဏအကြာတွင် သူမက အန်ပိုင်ယဲ့ကို
မေးလိုက်၏။ “ဒီလိုဆို သူက အန်နန်ကျင်းကို
တားဆီးနိုင်မယ်ထင်သလား”

"သူ မလုပ်နိုင်ဘူး!" အန်ပိုင်ယဲ့က
"လွန်ခဲ့တဲ့နှစ်တွေတစ်လျှောက်လုံး

ရှေးဟောင်းစစ်မြေပြင်ကို ရောက်တဲ့အခါ သူပိုင်ဆိုင်တဲ့ ခွန်အားသာ ဆေဘာဓားဂိုဏ်းရဲ့တည်ထောင်သူဘိုးဘေး ပိုင်ဆိုင်ထားတဲ့ ခွန်အားလိုမဟုတ်ခဲ့ရင်ပေါ့။ မဟုတ်ဘူး....၊ သူက ဆေဘာဓားဂိုဏ်းရဲ့တည်ထောင်သူ ဘိုးဘေးဖြစ်နေဦးတော့ သူမနဲ့မျိုးဆက်တူမှာရှိရင် တားဆီးနိုင်မှာမဟုတ်ဘူး။ သူမက ငါမြင်ဖူးသမျှထဲမှာ အထူးခြားဆုံး ပါရမီရှင်ပဲ!"

"ဒါဆို ဒီကလေးကို ဘာလို့တာဝန်ပေးလိုက်တာ..."

"မျှော်လင့်ချက်တစ်ခုခုရှိနေရင် ဘဝက အမြဲတမ်းကောင်းတယ်မဟုတ်လား" အန်ပိုင်ယွဲ့က ဆက်ပြောနေပါသည်။ “ဘဝက အံ့သြစရာတွေနဲ့ ပြည့်နေတယ်။ သူက ငါတို့ကို

အံ့အားသင့်ဖွယ်အရာတစ်ခုတော့ပေးနိုင်မယ်လို့ခံစားမိနေတယ်လေ။”

အနက်ဝတ်အမျိုးသမီးက သက်ပြင်းသာချပြီး စကားထပ်မပြောတော့ပေ။

အန်ပိုင်ယဲ့က ရုတ်တရက် မေးလိုက်သည်။ “ဟုတ်တယ် ဒေါ်လေး! ဒီအချိန်မှာ ဘာကြောင့် အံ့သြစရာကောင်းပြီး ဆန်းကြယ်တဲ့ပါရမီရှင်တွေအားလုံးရှေးဟောင်းစစ်မြေပြင်မှာ ပေါ်လာတာလဲ သိသလား”

“အရှုပ်အထွေးတွေ လာနေတယ်…”

……

ရတနာစုဆောင်းခြင်းခန်းမထဲမှ ကျောက်တုံးအိမ်ထဲ၌, ယန်ယွဲ့၏မျက်လုံးများသည်သူ့ရှေ့မှ စုပုံနေသော သဘာဝရတနာများကို စိုက်ကြည့်ရင်း ပျော်ရွှင်မှုအရိပ်အယောင်များတဖျပ်ဖျပ်လင်းလက်သွားသည်။

အရာအားလုံးကို စုဆောင်းထားပြီဖြစ်ရာယခုအချိန်တွင် သူက ကောင်းကင်နတ်ဆိုးခန္ဓာကိုယ်ကို စတင်လေ့ကျင့်နိုင်ပြီဖြစ်သည်။

သို့သော် ယန်ယွဲ့သည် ရတနာစုဆောင်းခြင်းခန်းမတွင် လေ့ကျင့်ရန် မရွေးချယ်ခဲ့ပေ။

သူသည် ရှေးဟောင်းဒိုမိန်းမြို့နှင့်  ကီလိုမီတာ ထောင်ပေါင်းများစွာ ဝေးသော တောင်တန်းတစ်ခုဆီသို့ သွားရောက်လေ့ကျင့်ရန် ဆုံးဖြတ်လိုက်သည်။

.......။

ရေကန်တစ်ခုဘေးနား၌ ယန်ယဲ့သည်
နတ်ဘုရားသားရဲလေးပါး၏သွေးအဆီအနှစ်တစ်စက်စီ
ကို ငရဲတစ္ဆေမီးတောက်နှင့်ပေါင်းစပ်ကာ ရေကန်ထဲသို့
ပစ်ချလိုက်သည်။

ချက်ချင်းပင်၊ ရေကန်တစ်ခုလုံးရှိ ရေများသည်
ရုတ်တရက် ထိတ်လန့်တုန်လှုပ်ဖွယ်ရာ
အနီရောင်သို့ပြောင်းသွား၏ ။

ထို့နောက် ယန်ယဲ့သည် သဘာဝလွန်ဆေးပင်ငါးမျိုး၏
အနှစ်သာရကို ထုတ်ယူကာ ရေကန်ထဲသို့
ထပ်မံလောင်းချလိုက်ပါသည်။

ရုတ်တရက် ရေကန်အတွင်းမှ
သင်းပျံ့ကယလန်းဆန်းသောရနံ့များ လွင့်စင်လာခဲ့သည်။

အရာအားလုံးပြင်ဆင်ပြီးနောက်
ယန်ယဲ့သည်အသက်ပြင်းပြင်းရှူကာ
ငရဲတစ္ဆေမီးတောက်ကို ထုတ်ယူသည်။

ဤလေ့ကျင့်မှုတွင် ငရဲတစ္ဆေမီးတောက်က
အရေးကြီးဆုံးဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် သူသည်
ငရဲတစ္ဆေမီးတောက်မပါဘဲနှင့်

ကောင်းကင်နတ်ဆိုးခန္ဓာကိုယ်ကို အမြင့်ဆုံးအဆင့်အထိ လေ့ကျင့်နိုင်လျှင်ပင်
စွမ်းအားလျော့ကျသွားပေလိမ့်မည်။
Heavenly Devil Physique ကို
ပြုစုပျိုးထောင်လိုက်လျှင်ပင် ၎င်းသည်
အဓိပ္ပါယ်မဲ့နေမည်ဖြစ်သည်။ နောက်ဆုံးတော့ မိုကေးက
အဲဒါကို ပြီးသွားပြီ။

ထို့နောက် ယန်ယဲ့က သူ၏လက်ချောင်းကိုညွှန်လိုက်ရာ
ငရဲတစ္ဆေမီးတောက်က ရေကန်ထဲသို့ ပျံ့ဆင်းသွားသည်။
တစ်ချိန်တည်းမှာပဲ ရေကန်တစ်ခုလုံး ပွက်ပွက်ဆူလာပြီး
မီးပင်လယ်အဖြစ် ပြောင်းလဲသွားပါတော့သည်။

သို့သော်
ယန်ယဲ့၏စိတ်အာရုံအသိဖြင့်ထိန်းချုပ်ထားသောကြော
င့် ရေကန်အတွင်းရှိရေများအားလုံး
အငွေ့ပျံသွားခြင်းမရှိပေ။ ထိုအစား
ရေကန်အတွင်းရှိရေများက ချော်ရည်ပူများကဲ့သို့
အဆက်မပြတ်လည်ပတ်နေ၏။

ယန်ယဲ့ဆီသို့ ရွေ့လျားလာသော အပူလှိုင်းက
သူ့ခန္ဓာကိုယ်ပေါ်မှဝတ်ရုံရှည်ကိုလောင်ကျွမ်းသွားကာ
ချက်ချင်းဆိုသလိုပင် ပြာအဖြစ်ပြောင်းလဲသွားသည်။

အလွန်တရာပြင်းထန်သော ပူလောင်မှုကို
ခံစားလိုက်ရသဖြင့် ယန်ယဲ့၏ မျက်ခုံးများက
တညီတညွတ်တည်း တင်းကြပ်သွားတော့သည်။

သို့သော် သူက တုံ့ဆိုင်းမနေဘဲဘ ရေကန်ထဲချက်ချင်း ခုန်ချလိုက်ပါသည်။

မှန်ပါသည်။ သူ ရေကန်ထဲသို့ခုန်ဆင်းပြီးနောက် အလွန်ရင်းနှီးသော ခံစားချက်က သူ့ခန္ဓာကိုယ်ကိုထိတွေ့သွားသည်။

သို့သော်ဤခံစားချက်ကအတိတ်ကလာထက်တော့များစွာကောင်းမွန်နေသေး၏။

လက်ရှိတွင် သူ၏ရုပ်ခန္ဓာခွန်အားသည် ထိုစဉ်က ပထမဆုံးအကြိမ် စတင်လေ့ကျင့်ချိန်ကနှင့် နှိုင်းယှဉ်လို့မရပေ။

ထို့အပြင် သူ၏လက်ရှိရုပ်ခန္ဓာခွန်အားက
အကြိမ်ပေါင်းများစွာသန့်စင်ထားသောကြောင့်
ငရဲတစ္ဆေမီးတောက်
လောင်ကျွမ်းမှုကိုပင်ကောင်းစွာခုခံနိုင်ပါသည်။

ထို့ကြောင့်၊ ဤအချိန်၌ သူခံစားခဲ့ရသော
ပူလောင်နာကျင်မှုဝေဒနာက ယခင်နှင့် ယှဉ်လျှင် ပို၍
လွယ်ကူသည်!

ကောင်းကင်နတ်ဆိုးခန္ဓာကိုယ် နည်းစနစ်၏
ကနဦးဖော်ပြချက်အရ သူဟာ
နတ်ဘုရားသားရဲလေးပါး၏သွေးအဆီအနှစ်များနှင့်သ
ဘာဝလွန်ဆေးပင်များမှ စွမ်းအင်ကို
စုပ်ယူရမည်ဖြစ်သည်၊

သို့သော် ၎င်းတို့ကို အောင်မြင်စွာစုပ်ယူနိုင်သော်ငြား သူသည် ကောင်းနတ်ဆိုးခန္ဓာကိုယ် အဆင့် ၁ အဆင့်ကို အပြည့်အဝ မရရှိနိုင် ပေ။

မည်သို့ပင်ဆိုစေ ယန်ယဲ့က သွေးအဆီအနှစ်စွမ်းအားကိုသာ အဓိက စုပ်ယူသည်။

သူ၏ရုပ်ခန္ဓာခွန်အားကိုအဆင့်မြှင့်တင်ရန်အတွက် သဘာဝလွန်ဆေးပင်များကို အသုံးပြုခဲ့ခြင်းပင်။

နောက်ဆုံးတွင်၊ သူ၏ ခန္ဓာကိုယ်သည် အဆက်မပြတ် လှုံ့ဆော်မှု လိုအပ်ခဲ့သည်။

အဆက်မပြတ်တိုက်ခိုက်လေလေ

သူ၏ရုပ်ခန္ဓာခွန်အားက ပို၍သန်မာလာလေဖြစ်သည်။

၎င်းက ကိုယ့်ကိုယ်ကို နှိပ်စက်သလိုမျိုး
ဖြစ်နေသော်လည်း
အလွန်ထိရောက်သောနည်းလမ်းတစ်ခုပါ။

ဤအချိန်တွင် ယန်ယွဲ့သည် ရေကန်ထဲမှ
ပျံ့နှံ့နေသောစွမ်းအင်အားလုံးအဆက်မပြတ်စုပ်ယူသန့်စ
င်နေသည်။

သူကိုယ်တိုင် အပြင်းအထန်လေ့ကျင့်နေခဲ့သလို
ကျန်လူများသည်လည်း လေ့ကျင့်နေမည်ဖြစ်သည်။

ဤနေရာက ရှေးဟောင်းစစ်မြေပြင်ဖြစ်နေလို့ပါ။
ထိပ်သီးပါရမီရှင်များအားလုံး၌
ကြီးမားသောရည်မှန်းချက်များကိုယ်စီရှိထားကြသည်။

မှန်ပါသည်။ အားလုံးက ပုန်းကွယ်နေသောနဂါးစေတီ၏
(၅)ထပ် မြောက်နှင့်
ပုန်းကွယ်နေသောနဂါးအဆင့်သတ်မှတ်ချက်၏ထိပ်ဆုံး
အဆင့် ၁ နေရာကို ရယူရန်ပင်။

ပုန်းကွယ်နေသောနဂါးအဆင့်သတ်မှတ်ချက်၏ အဆင့်
၁ နေရာ! ၎င်းက ဘယ်အရာကိုကိုယ်စားပြုပါသနည်း?
၎င်းသည် ဆန်းကြယ်တိုက်ကြီးတစ်ခုလုံးမှ
လူငယ်ပါရမီရှင်များအနက် ထပ်ဆုံးအဆင့်ကို
ကိုယ်စားပြုခဲ့သည်။
၎င်းသည် ဆန်းကြယ်တိုက်ကြီး၏ သမိုင်း၌
ထာဝရမှတ်တမ်းအဖြစ်တည်ရှိနေမည်ဖြစ်သည်။
ထို့အပြင် ၎င်းသည်
ကံကြမ္မာစွမ်းအားကိုလက်ခံယူပြီးနောက်

ကောင်းကင်ဘုံ၏ကာကွယ်ပေးခြင်းကိုကိုယ်စားပြုပါသ
ည်။

ယေဘုယျအားဖြင့် လက်ရှိရောက်နေသူအားလုံးက
လူငယ်မျိုးဆက်ပါရမီရှင်များဖြစ်ရာ ဘယ်သူကများ
တခြားလူထက်နိမ့်ကျလိုမည်နည်း။

နဝမမြောက်ငရဲဘုံ, ငရဲနတ်ဘုရားသင်္ချိုင်း။

မိုးခေးက မျက်လုံးကိုမှိတ်ကာ မြေပြင်ပေါ်၌
တင်ပျဉ်ခွေလျက်ထိုင်နေသည်။

သူ့ခန္ဓာကိုယ်တွင်းမှ နတ်ဆိုးစွမ်းအင်များအဆက်မပြတ် စိမ့်ထွက်လာပြီး သူ့ရှေ့ရှိအနက်ရောင်လုံထဲသို့ စီးဝင်သွား၏။

ထိုအနက်ရောင်လုံ့ရှည်က ငရဲနတ်ဘုရားလုံ ပါပဲ။

မိုခေးက ရုတ်တရက် မျက်လုံးပွင့်လာပြီး ညာလက်ကို ရှေ့သို့ဆန့်ကာ ငရဲနတ်ဘုရားလုံကို တင်းတင်းကြပ်ကြပ်ဆုပ်ကိုင်လိုက်သည်။

ငရဲနတ်ဘုရားလုံက ပို၍ပင် ပြင်းထန်စွာ တုန်ခါလာသည်။

မိုခေးပိုင်ဆိုင်ထားသော ခွန်အားဖြင့်ပင် ငရဲနတ်ဘုရားလုံကို အသည်းအသန်ကြိုးစားပြီးထိန်းချုပ်နေရ၏။

မိုခေးက ရုတ်တရက် အေးစက်စွာ အော်ဟစ်လိုက်ရင်း၊ တစ်ချိန်တည်းမှာပင် နတ်ဆိုးစွမ်းအင်ကြိုးမျှင်တစ်ခုက ငရဲနတ်ဘုရားလှံဆီသို့ တလဟောကဲ့သို့ စီးဝင်သွားခဲ့သည်။

ဤသို့ဖြင့် အဆက်မပြတ်ထိန်းချုပ်နေရင်း ၁၅ မိနစ်နီးပါးကြာပြီးနောက် ငရဲနတ်ဘုရားလှံက လုံးဝ ငြိမ်သက်သွားသည်။

"ဂုဏ်ယူပါတယ်!" ထိုအချိန်တွင် ဟွင်းယုက မိုခေး၏ နောက်ကွယ်တွင် ရုတ်တရက်ပေါ်လာပြီး "အချိန်အတော်ကြာအောင် ထိန်းချုပ်ပြီးတဲ့နောက် မင်းက ငရဲနတ်ဘုရားလှံ ရဲ့ အသိအမှတ်ပြုတာကို ရသွားပြီထင်တယ်!"

မိုခေးက အေးစက်စွာ ညည်းညူရင်း “ကံမကောင်းစွာပဲ အဲဒီ အထီးကျန်နတ်ဆိုးက လွတ်မြောက်သွားခဲ့တယ်။ သူသာထွက်ပြေးမသွားရင် ငါသတ်ပြီးနေလောက်ပြီ!"

“သူက လွတ်မြောက်နိုင်မှာ မဟုတ်ဘူး။အဆုံးကျရင် ပုန်းကွယ်နေသောနဂါးစေတီကိုဝင်ရမှာမဟုတ်လား” ဟွင်းယုက အပြုံးဖြင့်ပြောလိုက်သည်။

မိုခေးက ခေါင်းညိတ်ပြီး "မင်းလည်းပဲ ငရဲနတ်ဘုရား အမွေအနှစ်ကို ရယူနိုင်ခဲ့တယ်မဟုတ်လား။"

"ဒါပေါ့!" ဟွင်းယု၏ ထောက်ခံသံကိုကြားလိုက်ရာ မိုခေး၏ မျက်လုံးများတွင် လေးနက်သော အမူအရာ

ပေါ်လာသည်။အဘယ်ကြောင့်ဆိုသော် သူသည်
ငရဲနတ်ဘုရားအမွေအနှစ်ကို ဆက်ခံနိုင်ခဲ့သော ဟွင်းယု
အား အနည်းငယ်ကြောက်ရွံ့နေသောကြောင့်ပါ။

ထိုစဉ် ဟွင်းယုက မိုခေး
တွေးနေသည်ကိုသိနေသည့်အလား “ငါတို့ရဲ့
ရန်သူအစစ်က လူသားတွေပါ။ အနည်းဆုံးတော့၊
လူသားကျွမ်းကျင်သူတွေကို မသတ်ခင်အထိ ငါတို့က
မဟာမိတ်တွေဖြစ်နေကြတုန်းပါကဲလေ”

မိုခေးက ခေါင်းညိတ်လိုက်သည်။
ထိုအချိန်တွင် နတ်ဆိုးမျိုးနွယ်မှ လူငယ်တစ်ဦးသည်
ဤနေရာတွင် ရုတ်တရက်ပေါ်လာသည်။

၎င်းက မြေပြင်ပေါ်၌ ဒူးထောက်ချကာ မိုခေးရှေ့သို့ ရောက်ရှိလာပြီး နီရဲသော မျက်လုံးများဖြင့် ပြောလိုက်သည်။ “အစ်ကိုကြီး၊ မိုယုနဲ့ ရှေးဟောင်းဒိုမိန်းမြို့အပြင်မှာ လူသားတွေကို အမဲလိုက်နေတဲ့ တခြားညီအစ်ကို ၁၀၆ ယောက်စလုံး သေဆုံးသွားကြပြီ။ မင်း သူတို့ကို လက်စားချေရမယ်!"

"ဘာလဲ?" မိုခေး၏မျက်လုံးများကချက်ချင်းပွင့်လာပြီး သူ့ခန္ဓာကိုယ်ထဲကနေကြောက်မက်ဖွယ်ကောင်းသော နတ်ဆိုးစွမ်းအင်ကြိုးမျှင်တစ်ချောင်း ပေါက်ကွဲထွက်လာခဲ့သည်။

“မင်း နောက်တစ်ကြိမ် ထပ်ပြောဦး!” ဒီအချိန်တွင် မိုခေးက အလွန်အမင်း ဒေါသထွက်နေပါသည်။

ထိုလူငယ်က မိုခေါးထံမှ ထွက်ပေါ်လာသည့်
ကြောက်မက်ဖွယ်
နတ်ဆိုးစွမ်းအင်အငွေ့အသက်များအောက်၌
အေးစက်သွားသလို ခံစားလိုက်ရကာ
ခြေလှမ်းအနည်းငယ်သာ နောက်ပြန်ဆုတ်သွားပြီး
စကားတစ်ခွန်းမှ မပြောနိုင်တော့ပေ။

"သူ မမှားဘူး!" ထိုအချိန်တွင် ဟွင်းယုက  ရုတ်တရက်
ပြောလိုက်၏။ "ဒီအခြေအနေက
မင်းရဲ့နတ်ဆိုးမျိုးနွယ်ဝင် ၁၀၇ ယောက်တင်မကဘူး၊
ငါ့ရဲ့မျိုးနွယ်ဝင်တွေတောင် ပျောက်သွားတယ်။
အဲဒီကိစ္စတွေရဲ့နောက်ကွယ်တရားခံက
ငါတို့အထင်သေးထားတဲ့ ယန်ယွဲ့
ပဲ”

မိုခေးက အသက်ပြင်းပြင်းရှူရင်း မျက်လုံးထဲ၌
ပြင်းထန်သော သတ်ဖြတ်ချင်စိတ်များ
ထွက်ပေါ်လာခဲ့၏။ သူက "လာပြန်ပြီ။ ဒီကောင်ပဲလား?
ကောင်းတယ်! ကောင်းတယ်! သိပ်ကိုကောင်းတယ်!
ငါ့နတ်ဆိုးမျိုးနွယ်ထဲက ညီအစ်ကို ၁၀၇ ယောက်ကို
မင်းသတ်ပစ်လိုက်တယ်။ အရမ်းကောင်းတယ် ယန်ယွဲ့!
ဒီလိုဆို ငါမိုခေးက မင်းရဲ့မိသားစုတစ်ခုလုံးကို
သတ်ပစ်လိုက်မယ်။ မဟုတ်ဘူး!
ရှေးဟောင်းစစ်မြေပြင်မှာရှိတဲ့
လူသားကျွမ်းကျင်သူတွေအားလုံးကို သတ်ပစ်မယ်!”

စကားဆုံးသည်နှင့်
မိုခေး၏ပုံရိပ်ကတဖျပ်ဖျပ်တောက်ပလာပြီး

လက်ထဲတွင် ငရဲနတ်ဘုရားလှံကို ဆုပ်ကိုင်ကာ
ချက်ချင်းပင် ပျောက်ကွယ်သွားခဲ့သည်။

"ဟားဟား! ဆက်ပြီးသတ်လိုက်ပါ။
သွေးမြစ်တွေစီးဆင်းလာတဲ့အထိသတ်လိုက်။
စိတ်ဝိညာဉ်ရဲ့အရသာ။ ဟားဟား!!!"
ဟွင်းယုသည်လည်း
တဟားဟားရယ်မောကာပျောက်ကွယ်သွားလေသည်။

......

မိုခေးနှင့်ဟွင်းယုတို့ဦးဆောင်သောအဖွဲ့ဝင်များက
ရှေးဟောင်းဒိုမိန်းမြို့သို့ချီတက်နေစဉ်

တောင်ပိုင်းနယ်မြေ၏ တောင်ဖက်ပင်လယ်ပြင်ရှိ
တောင်တန်းတစ်ခုဆီသို့
မိန်းမပျိုတစ်ဦးရောက်ရှိလာခဲ့သည်။

ဤတောင်တန်းသည် ကီလိုမီတာ ၃၀ ကျော်သာ
မြင့်မားပြီး ၎င်း၏မျက်နှာပြင်က မှန်တစ်ချပ်ကဲ့သို့
လုံးဝချောမွေ့နေသည်။
ကုတ်ဖွဲ့တွယ်တက်ရန်နေရာတစ်ခုပင်မရှိချေ။

မိန်းမပျိုက ဖြည်းညှင်းစွာ လျှောက်လာရင်း
တောင်ခြေရင်းသို့ ရောက်လာခဲ့သည်။

မိန်းမပျိုက
အညိုရောင်ဝတ်ရုံရှည်ကိုတင်းကြပ်စွာဝတ်ဆင်ထားခြ
င်းကြောင့်
သူမ၏ ခန္ဓာကိုယ်မှတောင့်တင်း ဖောင်းကားနေသော
အသွင်ကို ပေါ်လွင်စေသည်။

သူမ၏ အနက်ရောင်ဆံပင်ရှည်များကို ခေါင်းနောက်သို့
မြင်းမြီးသဖွယ် စီးနှောင်ထားကာ တံတောင်ဆစ်အထိ
ကျဆင်းနေခဲ့သည်။

သူမတွင် ဘဲဥပုံသဏ္ဍာန် မျက်နှာ ချွန်ထက်သော မေးစေ့၊
မျက်လုံးဝိုင်းဝိုင်းနှင့် စူးရှထက်မြက်သော အကြည့်များ
ရှိသည်။

သူမ၏ အသွင်အပြင်ဟာ မပြတ်မသား
လှုပနေသော်ငြား ရင်းကပင်
တစ်မျိုးတစ်ဖုံဆွဲဆောင်မှုရှိပေသည်။

မိန်းမပျိုက မြင်ကွင်းတစ်ဆုံးထိ မြင့်မားလှသော
တောင်ထိပ်ကို မော့ကြည့်ရင်း ခေါင်းကို
မြှောက်လိုက်ကာ လက်နှစ်ဖက်ကို နောက်ပစ်
ထားလိုက်သည်။ "ဒါက သိုင်းနတ်ဘုရားတောင်တန်း
လား" ဒါပေမယ့်လည်း

ဘာမှမထူးခြားပါဘူး။ ဟား၊
သိုင်းနတ်ဘုရားတောင်တန်းရေ! ငါ
အန်နန်ကျင်းရောက်လာပြီ။ ငါ့ကိုစိတ်မပျက်စေနဲ့လို့
မျှော်လင့်တယ်။မဟုတ်ရင် ဒီတောင်ကို
ပြားကပ်သွားအောင်ဖျက်ဆီးပစ်မယ်!"

သူမစကားဆုံးသည်နှင့် တစ်ပြိုင်နက် အန်နန်ကျင်းက ချောမွေ့နေသော တောင်၏မျက်နှာပြင်ဆီသို့ တစ်လှမ်းချင်း လျှောက်လာခဲ့သည်။

သူမက တောင်နံ့ရံရှေ့သို့ရောက်သောအခါတွင် မျက်လုံးများ အနည်းငယ်ကျဉ်းမြောင်းသွားပြီး ချောမွေ့သောတောင်နံ့ရံကို လက်သီးနှစ်ဖက်ဖြင့် ရုတ်တရက် ထိုးချလိုက်ပါသည်။

ဘန်း!

ကျယ်လောင်သောပေါက်ကွဲသံက အဆက်မပြတ် ပဲ့တင်ထပ်ကာ တောင်နံ့ရံ၌

စင်တီမီတာအနည်းငယ်နက်ရှိုင်သော လက်သီးရာနှစ်ခု ပေါ်လာသည်။

ထို့နောက် အန်နန်ကျင်းကလက်သီးရာနှစ်ခုပေါ် ခုန်တက်လိုက်ပြီး သူမ၏လက်သီးကိုရှေ့သို့ နောက်တစ်ကြိမ် ထပ်ထိုးချလိုက်သည်။

တောင်နံရံကိုတက်လှမ်းနေသောအရှိန်က အနည်းငယ်နှေးကွေးသော်လည်း သူမ၏ အကြည့်များက အလွန်ခိုင်မာနေပုံရသည်။ ထို့အပြင် သူမ၏မျက်နှာက ပင်ပန်းနွမ်းနယ်မှု (သို့) ကြောက်ရွံ့မှုအရိပ်အယောင်ပင်မရှိပေ။

ကီလိုမီတာ ၃၀ ကျော် မြင့်မားသော
သိုင်းနတ်ဘုရားတောင်တန်းက သူမအတွက်
ညီညာပြန့်ပြူးသော မြေပြင်တစ်ခုလိုပါပဲ။

......

ရှေးဟောင်းဒိုမိန်းမြို့၌။
ရာချီသောလူသားကျွမ်းကျင်သူများ၏ခေါင်းပြတ်များမှ
သွေးများတစ်စက်စက်စီးကျနေခြင်းကြောင့်
မြို့ရိုးတစ်ခုလုံးရဲရဲနီနေခဲ့သည်။

ထိုအချိန်တွင် မိုခေးသည်
ငရဲနတ်ဘုရားလုံ့ကိုကိုင်ထားကာ မြို့ရိုးအောက်၌
ဂုဏ်ယူစွာ မတ်တပ်ရပ်နေ၏။

ဤအချိန်တွင် ငရဲနတ်ဘုရားလှံက ၎င်း၏
မူလအနက်ရောင်မှ အနီရင့်ရောင်သို့
ပြောင်းလဲသွားခဲ့ပြီဖြစ်သည်။

မရေမတွက်နိုင်သော လူသားကျွမ်းကျင်သူများက
မြို့ရိုးပေါ်ကနေ အံ့အားသင့်စွာ ကြည့်နေကြသည်။
သတ်ဖြတ်ခြင်းနတ်ဘုရားကဲ့သို့ ဖြစ်နေသော မိုခေးကို
စိုက်ကြည့်နေရင်းဖြင့် အားလုံး၏ မျက်လုံးများသည်
ပြင်းထန်စွာ ထိတ်လန့်မှုများနှင့် ပြည့်နှက်နေပါသည်။

"ယန်ယဲ့! မင်းကိုယ်မင်းမပြရင်
ရှေးဟောင်းစစ်မြေပြင်က
လူသားကျွမ်းကျင်သူတွေအားလုံး မကုန်မချင်း

တစ်နေ့ကို အယောက် ၁၀၀ စီ သတ်ပစ်မယ်!" မိုခေး၏ အသံသည် အဝေးမှ လွင့်ပျံလာသော ပဲ့တင်သံကဲ့သို့ ကျယ်လောင်လှသည်။

ဤအခိုက်အတန့်တွင် နတ်ဆိုးမျိုးနွယ်ဝင်အချို့က လူသားကျွမ်းကျင်သူ ဒါဇင်အနည်းငယ်ကို မိုခေးထံ ခေါ်ဆောင်လာခဲ့သည်။

"ယန်ယဲ့! မင်းကိုယ်မင်း ပြမှာလား၊ မပြဘူးလား" မိုခေးက လေးနက်သော အသံဖြင့် အော်ဟစ်လိုက်သည်။

သို့သော် ဘယ်သူမှပြန်မဖြေဘဲ၊ မြို့ရိုးပေါ် ရှိနေရာသည် လုံးဝတိတ်ဆိတ်နေ၏။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၆၂ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၆၂)] –ဓားနယ်မြေပိုင်ဆိုင်ပြီ, ...
ဓားအင်ပါယာထွက်ပေါ်လာခြင်း

"ယန်ယဲ့! မင်းလူယုတ်မာ။ မင်းကိုယ်မင်း ပြသင့်ပြီ။ မင်းမှာ နတ်ဆိုးမျိုးနွယ် နဲ့ ငရဲတစ္ဆေမျိုးနွယ် တွေကို သတ်နိုင်တဲ့ အရည်အချင်း ရှိတယ်မဟုတ်လား ၊ မင်း လုပ်ခဲ့ တဲ့ အရာ အတွက် ရပ်တည် နိုင်စွမ်း မရှိဘူးလား ။ အား!"

“မိုခေး၊ ငါတို့ မဟုတ်ဘူး။ မင်းကို ပြစ်မှားခဲ့တာ ယန်ယဲ့ပဲ။ ငါတို့မဟုတ်ဘဲ သူကသာ မင်းရဲ့ နတ်ဆိုးမျိုးနွယ်ဝင်တွေကို သတ်ခဲ့တဲ့သူပဲ။ မင်းမှာ အရည်အချင်းရှိရင် ယန်ယဲ့ကို သွားရှာလိုက်။ ငါတို့ကို သတ်ဖို့က ဘာလဲ"

"ဟားဟား! မင်းတို့အားလုံး
သတ္တိမရှိတဲ့လူသားစုတ်တွေ။ သေခြင်းတရားပဲ
မဟုတ်လား။ ငါ ယန်ယွဲ့ကို အရမ်းသဘောကျတယ်။
ငါတို့မှာ လူသားအရေအတွက်သောင်းချီရှိပေမယ်လို့
နတ်ဆိုးမျိုးနွယ်ကအဖွဲ့ဝင် ၁၀၀ ရဲ့
အမဲလိုက်သတ်ဖြတ်ခြင်းကို ခံနေရတယ်။

ရှက်စရာကောင်းလိုက်တာ။
ယန်ယွဲ့တစ်ယောက်တည်းကသာ
သူတို့ကိုတန်ပြန်တိုက်ခိုက်ရဲ့တယ်။
ဒီသတင်းကြားရလို့ ဘယ်လောက်တောင် ကြည်နူးခဲ့ရလဲ
သိလား။ ကံမကောင်းစွာပဲ၊
ငါသူနဲ့တွေ့ ဖို့အခွင့်အရေးမရှိတော့ဘူး!"

"မင်း လူမိုက်! မင်းသေချင်ရင် ကိုယ့်ကိုကိုယ်သတ်သေလိုက်ပါ။ ငါ မသေချင်ဘူး! သခင်လေး မို! မင်းငါ့ကိုအသက်ရှင်ခွင့်ပေးသရွေ့ ငါ နတ်ဆိုးမျိုးနွယ်ထဲ ဝင်ဖို့ဆန္ဒရှိနေပါတယ်၊ ငါဆန္ဒရှိနေတယ်....”

သို့သော်လည်း မိုခေးက ဤလူသားကျွမ်းကျင်သူများကို တစ်ချက်မျှပင် မကြည့်ခဲ့ပေ။

ရုတ်တရက် သူ့ဘယ်ဖက်လက်ကို မြှောက်ကာ ဝှေ့ယမ်းလိုက်ပါသည်။ “အားလုံးကို သတ်ပစ်လိုက်”

ဒီအချိန်တွင် ယန်ယွဲ့က ဘာလုပ်ဆောင်နေပါသနည်း?

အချိန်တစ်လကုန်ဆုံးသွား၏။

ယန်ယဲ့သည် တောင်ပေါ်တွင် မျက်လုံးမှိတ်ကာ
တင်ပျဉ်ခွေလျက်ထိုင်နေပြီး ဓားတစ်ချောင်းက
သူ့ရှေ့တွင် မျောလွင့်နေသည်။

သူသည် ဤအချိန်တစ်လျှောက်လုံး သူ့ခန္ဓာကိုယ်ကို
နေ့တိုင်း သန့်စင်ရန် မရွေးချယ်ခဲ့ပေ။

နံနက်အချိန်၌ သူ၏ရုပ်ခန္ဓာခွန်အားကိုလေ့ကျင့်ပြီး၊
နေ့လည်ဖက်နှင့်ညအချိန်တွင်
ဓားတာအိုကိုလေ့ကျင့်နေသည်။

ဓားပညာ (သို့) ဓားလမ်းစဉ်က
သူ၏အခြေခံအုတ်မြစ်ဖြစ်သည်။
သူ၏ရုပ်ခန္ဓာခွန်အားက ယာယီဖြည့်တင်းမှုသာ။

ထို့ကြောင့်သူကစားတာအိုကိုနားလည်ဆင်ခြင်ရန်ပို၍အချိန်ပေးခဲ့၏။

သူသည် ဉာဏ်အလင်းရစားနှလုံးသားကို
ပိုင်ဆိုင်ထားသောကြောင့်
စားတာအိုကိုနားလည်ဆင်ခြင်ရာတွင် ကြီးမားသော
အားသာချက်တစ်ခု ရရှိခဲ့သည်။
သူသည် ဉာဏ်အလင်းရအခြေအနေသို့ လျင်မြန်စွာ
ဝင်ရောက်နိုင်ခဲ့သောကြောင့်ပင်။

သူ၏ ဘဝတစ်လျှောက်လုံးက ကျင့်ကြံခြင်း နှင့်
သတ်ဖြတ်ခြင်းကြား၌ အမြဲတစေ
ပြောင်းလဲနေခဲ့ရသည်။

သူ အခုလုပ်ဆောင်နေသော
တင်ပျင်ခွေလျက်ထိုင်နေသလိုမျိုးတစ်ခါမှအေးအေး
ဆေးဆေးမနေနိုင်ခဲ့ပေ။

မှန်ပါသည်။
သူသည်စတင်မွေးဖွားလာစဉ်အချိန်တည်းက
အမြဲလိုလိုအလုပ်ရှုပ်နေခဲ့သည်ဟုဆိုနိုင်သည်။

သူအသက်ငယ်စဉ်တုန်းက စားသောက်ရန်အလုပ်ရှာရင်း
အလုပ်များနေခဲ့သည်။

အသက်ကြီးပြင်းလာသောအခါတွင်လည်း
ကျင့်ကြံခြင်းလမ်းစဉ်ကိုလျှောက်လှမ်းပြီး
ချစ်ရသူများအတွက် အလုပ်များနေခဲ့ပြန်သည်။

ယခုအခြေအနေ၊ လုပ်ဆောင်မှုများက သူချစ်ရသူများ၏ အနာဂတ်အတွက်ပါပဲ။

တစ်နည်းဆိုရသော် သူသည် လွန်ခဲ့သောနှစ်ပေါင်း ၂၀ တစ်လျှောက်လုံး မနားမနေအလုပ်လုပ်နေခဲ့၏။ ရုတ်စွအဆုံး သူ့ကိုယ်သူ အေးအေးဆေးဆေး နားနေနိုင်ခြင်းမရှိသည်အထိပင် အလုပ်များခဲ့သည်။

ကြည်လင်တောက်ပနေသော လအလင်းရောင်ခြည်က ရေကန်ပေါ်တွင်ထင်ဟပ်နိုင်သော်လည်း ကြည်လင်ပြတ်သားမှုကို ငြိမ်သက်ခြင်းဖြင့်သာ ရရှိနိုင်သည်။

ငြိမ်သက်ခြင်းသည် နှလုံးသား၏ အသံကို ကြားနိုင်စေသည် ။ ၎င်းသည် နှလုံးသားကို သန့်ရှင်းစေပြီး အရာအားလုံး၏ အမှန်တရားကို ဖော်ထုတ်ပေးကာ နတ်ဘုရားကဲ့သို့ အရာအားလုံးကို မြင်နိုင်စေပါသည်။

ခန္ဓာကိုယ်တစ်ခုလုံးမှအပြောင်းအလဲများ၊ ကျင့်ကြံမှု နှင့် အခက်အခဲများကိုပင် ရှင်းရှင်းလင်းလင်း ထုတ်ဖော်နိုင်ပေမည်။

"ဝန်ထုပ်ဝန်ပိုးတွေကို ထမ်းရွက်ဖို့ ခွန်အားဆိုတာ တာဝန်နဲ့ ဆန့်ကျင်ဘက်ဖြစ်တယ်။ ဒီလိုဆိုရင် အင်အား၊ အာဏာမဲ့သွားမှာသေချာတယ်။ ဒါပေမယ့်

ဒီအရာတွေကို ဘယ်အချိန်မှာ စွန့်လွှတ်ရမယ်လို့
သိတာက ကြီးမြတ်သောတာအို ရဲ့အဓိကသော့ချက်ပဲ။"

"ဉာဏ်အလင်းရခြားနှလုံးသားက နှလုံးသားရဲ့
ကြည်လင်သန့်ရှင်းလင်းမှု နဲ့
စိတ်ဝိညာဉ်ရဲ့နားလည်ဆင်ခြင်တာကနေပေါင်းစပ်ပြီးဖြ
စ်ပေါ်လာတယ်။

ငါသာ အဲ့ဒါကို ဖွင့်လှစ်နိုင်ပြီ အသိအမှတ်ပြုခံရရင်
ကြီးမြတ်သာတာအိုက ငါ့ဘေးနားမှာ သဘာဝအတိုင်း
ပေါ်လာလိမ့်မယ်။"

သူ့စိတ်ထဲမှပေါ်လာသောအရာများကိုတွေးတောနေရင်း
ယန်ယဲ့၏မျက်လုံးများက

ရုတ်တရက် ပွင့်လာပြီး သူ့မျက်လုံးများက ကန်ရေပြင်တစ်ခုအလား ကြည်လင်နေခဲ့သည်။

ယန်ယဲ့သည် သူ့ရှေ့မှ မျောလွင့်နေသောဓားကိုစိုက်ကြည့်ကာ ပေါ့ပေါ့ပါးပါးပြောလိုက်သည်။ “ဖြိုခွဲ!”

သူ့စကားသံဆုံးသည်နှင့် တစ်ပြိုင်နက် ဓားက ပေါက်ကွဲသံနှင့်အတူ ကွဲအက်သွားပြီး မရေမတွက်နိုင်သော အပိုင်းအစများအဖြစ်ပြောင်းလဲသွားသည်။

သို့သော်လည်း ယခုအချိန်တွင် ယန်ယဲ့က နောက်တစ်ကြိမ် တိုးညှင်းစွာရေရွတ်လိုက်သည်။ "ဖွဲ့စည်း!"

ရုတ်တရက်ဆိုသလို ပတ်ဝန်းကျင်၌
ထိတ်လန့်တုန်လှုပ်ဖွယ်ရာမြင်ကွင်းတစ်ခု ပေါ်လာသည်။

မရေမတွက်နိုင်အောင်အစိတ်စိတ်အမြွှာမြွှာကွဲထွက်
သွားသော ဓားအပိုင်းအစများက လျင်မြန်စွာ
ပေါင်းစပ်သွားပြီး မူလ အခြေအနေသို့
ပြန်လည်ရောက်ရှိသွား၏…။

ယန်ယဲ့က အသက်ပြင်းပြင်းရှူပြီး ညာဖက်လက်သီးကို
ဖြည်းညှင်းစွာ ဆုပ်ကိုင်လိုက်သည်။ “ဖြိုခွဲ!”

သူပြောပြီးသည်နှင့်တစ်ပြိုင်နက် မီတာ ၃၀
နီးပါးကျယ်ဝန်းသော အနီးပတ်ဝန်းကျင်ဧရိယာရှိ

အရာအားလုံးသည် အပြင်းအထန် ပေါက်ကွဲကာ
တစ်စစီ ပျက်စီးသွားခဲ့လေသည်။

ဘန်း!

အပိုင်းအစများအဖြစ်ပေါက်ကွဲသွားပြီးနောက်
ပတ်ပတ်လည် ဧရိယာက သဲမှုန်များ၊
အပျက်အစီးများစွာ ဖုံးလွှမ်းသွား၏။

ထို့နောက် ယန်ယဲ့သည် လက်ချောင်းထိပ်ကို
ပွတ်သပ်လိုက်ရာ ငရဲတစ္ဆေမီးတောက်က
သူ့လက်ဝါးပေါ်၌ ထွက်ပေါ်လာခဲ့သည်။
ရုတ်တရက် သူ့လက်ညှိုးကို ရှေ့သို့ထိုးလိုက်ရာ
ချက်ချင်းဆိုသလိုပင် ပေါက်ကွဲသံများထွက်လာသည်။

တစ်ခဏလေးအတွင်းမှာပဲ ငရဲတစ္ဆေမီးတောက်က
လေထဲတွင် ပျံ့သန်းသွားကာ
ပတ်ဝန်းကျင်ကို လွှမ်းခြုံထားသော
မီးပင်လယ်ကြီးအဖြစ် ပြောင်းလဲသွားပါတော့သည်။

ယန်ယွဲ့သည် ဘာထိခိုက်မှုမှမရှိဘဲ မီးပင်လယ်ထဲတွင်
တည်ငြိမ်စွာရပ်နေ၏။
ထို့အပြင် ငရဲတစ္ဆေမီးတောက်က
သူ့ခန္ဓာကိုယ်တစ်ခုလုံးကိုဖုံးလွှမ်းထားကာ ၎င်းက
သူနှင့်တစ်သားတည်း
ပေါင်းစပ်သွားသလိုပင်ထင်ရသည်။

ဒီအခြေအနေကိုမြင်လိုက်ရာ ယန်ယွဲ့က

အသက်ပြင်းပြင်းရှူပြီး လက်ညှိုးကို
ပွတ်သပ်လိုက်သည်။

ဘန်း

ခရမ်းရောင်ဓားချိုကြီးတစ်ချောင်းက ရှေ့သို့ပြင်းထန်စွာ
ပေါက်ကွဲထွက်သွားလေသည်။

သို့သော်လည်း မီတာ ၃၀ အကွာအဝေးကို
ရောက်ရှိချိန်မှာပဲ ယန်ယွဲ့ထံမှစကားသံထွက်ပေါ်လာပြီး
ခရမ်းရောင်ဓားချိုကြီးက တုန့်ခနဲရပ်တန့်သွားသည်။

ယန်ယွဲ့သည် ခရမ်းရောင်ဓားချိုကြီးကိုစိုက်ကြည့်ရင်း
လက်သီးကိုတင်းတင်းဆုပ်လိုက်မိသည်။

အဆင့် ၆

သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒဖြင့်ပေါင်းစပ်ထားသော ခရမ်းရောင်ဓားချိုကြိုးက ယခင်ကထက် အနည်းဆုံး ၅ ဆ ပိုမိုအားကောင်းသည်ကို သတိပြုမိသောကြောင့်ဖြစ်သည် ။

ရုတ်တရက်။

သူ့လက်ကောက်ဝတ်ကို လှန်လိုက်သည်နှင့် ပတ်ဝန်းကျင်တွင် ဓား ၂၀၀ ခန့် ပေါ်လာ၏။ ထို့နောက် ထိတ်လန့်တုန်လှုပ်စရာကောင်းသည့် မြင်ကွင်းတစ်ခု ချက်ချင်းပေါ်လာခဲ့သည်။

ဓား ၂၀၀ က လေထဲ၌ ပြင်းထန်စွာလှည့်ပတ်နေပြီး အလွန်တုန်လှုပ်ချောက်ချားဖွယ်ရာ အငွေ့အသက်များဖြာထွက်လာပြီနောက် အလင်းတန်းများ အဆက်မပြတ် တောက်ပလာသည်။

"ရပ်!" ယန်ယဲ့က တစ်ချင်အော်ဟစ်လိုက်ရာ လေထုထဲတွင် လှည့်ပတ်နေသော ဓား ၂၀၀ က ချက်ချင်း ရပ်တန့်သွားသည် ။

"ပေါင်းစပ်လိုက်!" သူက တိုးညှင်းစွာ အော်လိုက်သည်နှင့် ဓား ၂၀၀ က သူ့ပတ်ဝန်းကျင် မီတာ ၃၀ အကွာသို့ လျင်မြန်စွာ ရွေ့လျားလာပြီး မရေမတွက်နိုင်သော အလင်းတန်းများက ယန်ယဲ့ကို လွှမ်းခြုံသွား၏။

တစ်နာရီနီးပါးကြာပြီးနောက် ယန်ယဲ့သည်
တစ်စုံတစ်ခုကို လေးလေးနက်နက်တွေးတောနေရင်း
မြေပြင်ပေါ်တွင် တင်ပျဉ်ခွေလျက်ထိုင်နေခဲ့သည်။

အစောပိုင်းကလေ့ကျင့်ရာတွင် သူက မီတာ ၃၀
အကွာအဝေးအတွင်း
အရှင်သခင်တစ်ပါးလိုဖြစ်နေခြင်းကြောင့်ပါ။

အထူးသဖြင့် သူ၏ ဓားများ နှင့်
ဓားထိန်းချုပ်ခြင်းအနုပညာက မီတာ ၃၀
ဧရိယာအတွင်းသာဖြစ်သော်ငြား
အလွန်အမင်းကြောက်စရာကောင်းနေခဲ့သည်။

ထို့အပြင် သူ၏အမြင်အာရုံက မီတာ ၃၀ အတွင်းပတ်ပတ်လည်လည်မှအရာအားလုံးကို ကောင်းစွာမြင်နိုင်သည်။

သူ့ရှေ့တွင် အရာအားလုံးသည် လုံးဝဗလာဖြစ်ပြီး ၎င်း၏အနှစ်သာရကို တစ်ချက်ကြည့်လိုက်ရုံဖြင့် ခွဲခြားနိုင်ခဲ့သည်...။

သိပ်မကြာခင်မှာပဲ၊ ယန်ယွဲ့က ဖြစ်နိုင်ခြေတစ်ခုကို တွေးမိလိုက်ပါသည်။

၎င်းက ဉာဏ်အလင်းရခြားနှလုံးသား ပိုင်ဆိုင်ထားခြင်းကြောင့်သာ။

အတိတ်က ဉာဏ်အလင်းရဓားနှလုံးသားကို အသုံးပြုသည်နှင့်တစ်ပြိုင်နက် တစ်ဖက်ရန်သူ၏ နည်းစနစ်များ (သို့) အားနည်းချက်များကို ထိုကဲ့သို့ မြင်နိုင်ခဲ့သည်။

ယခုမူ၊ ဉာဏ်အလင်းအရဓားနှလုံးသားက ခုခံရေးစွမ်းရည်သက်သက်မဟုတ်ကြောင်းသဘောပေါက်သွားလေသည်။

မီတာ ၃၀ အကွာတွင် ရှိနေစဉ် ဉာဏ်အလင်းရဓားနှလုံးသားကိုအသုံးပြုပါက သူထုတ်ဖော်ထားသော ဓားနည်းစနစ်၏စွမ်းအားက မူလကနဦးထက် ၅ ဆ နီးပါးမြင့်တက်လာမည်ဖြစ်သည်။

သို့တိုင် ယန်ယဲ့ကမကျေနပ်နိုင်သေးဘဲ၊
သူ၏ကိုယ်ပိုင်ဓားနည်းစနစ်ကိုအမြဲဖန်တီးလိုနေခဲ့သည်။
ထို့ကြောင့် တချို့အရာများကို နားလည်ထားလျှင်ပင်
အသုံးပြုရမည့်နည်းလမ်းကိုမသိသောကြောင့်
သူ့အတွက် အလွန်ဆိုးရွားသောအခြေအနေပါပဲ။

နောက်ဆုံးတော့ သူသည်
ဂိုဏ်းဝင်တပည့်တစ်ဦးမဟုတ်ဘဲ၊
လေလွင့်ကျင့်ကြံသူစ်ဦးသာ။

"အချိန်ရရင် အကြီးအကဲမှူး ဆီက
လမ်းညွှန်ချက်တောင်းရမယ်ထင်တယ်။" ယန်ယဲ့က
ခေါင်းယမ်းပြီး ပြုံးလိုက်ကာ အားလုံးကို
ဆက်၍တွေးမနေတော့ပေ။ ။

သို့သော် အစောပိုင်းကလေ့ကျင့်မှုတွင် သူနားလည်ထားသော နည်းစနစ်ကို နာမည်ပေးရန်စဉ်းစားလိုက်ပါသည်။

ခဏကြာ လေးလေးနက်နက် တွေးတောပြီးနောက် ယန်ယဲ့ကအပြုံးတစ်ခုနှင့်ရေရွတ်လိုက်သည်။

"ဓားနည်းစနစ်ကို အဆင့်မြှင့်တင်ပေးနိုင်တယ်ဆိုတော့ အဲဒါကို "ဓားနယ်မြေ"လို့ ခေါ်လိုက်မယ်။ မှန်တယ်၊ "ဓားနယ်မြေ" ငါအဲ့လိုသာခေါ်မယ်! ဟားဟား!"

ယန်ယဲ့သည် သူ့စိတ်ထဲမှ စိတ်လှုပ်ရှားမှုကို ထိန်ချုပ်ကာ ဓား ၂၀၀ ကို ပြန်သိမ်းလိုက်သည်။

ယခုအခါ သူ့ရှေ့တွင် ဓားတစ်ချောင်းသာ ကျန်ခဲ့၏။

သူက ဓားကိုကြည့်ရင်း ပေါ့ပေါ့ပါးပါး ပြုံးလိုက်ပြီး
သူ့လက်ချောင်းများကို ပွတ်သပ်ကာ
ငရဲတစ္ဆေမီးတောက် နှင့် ပေါင်းစပ်လိုက်လေသည်။

ရှဲရှဲ

လောင်ကျွမ်းသံများ ထွက်ပေါ်လာပြီးနောက် ဓားက
မီးတောက်ဓားတစ်လက်အဖြစ်ပြောင်းလဲသွား၏။

မီးတောက်ဓားက ယန်ယွဲ့၏ထိန်းချုပ်မှုအောက်၌
အဆက်မပြတ်လှည့်ပတ်နေရင်းရုတ်တရက်လှည့်လာ
ပြီး ဓားထိပ်ဖျားကိုသူ့ဆီသို့ပြန်ညွှန်လိုက်သည်။

တစ်ချိန်တည်းမှာပဲ ယန်ယဲ့ကမြေပြင်ကိုစောင့်နင်းကာ အဝေးဆီသို့ ခုန်ထွက်သွားလေသည်။

သို့သော်လည်း မီးတောက်ဓားက လျင်မြန်သောအရှိန်ဖြင့် သူ့ဆီသို့ ချက်ချင်း ပိုင်းချလာသည်။

.......

ယန်ယဲ့သည် သူ၏ရုပ်ခန္ဓာခွန်အားကို လေ့ကျင့်နေရင်း အန်ပိုင်ယဲ့ပေးအပ်ထားသော "ဝိညာဉ်ဖျက်ဆီးခြင်းဓားနည်းစနစ်"ကိုလည်း အဆက်မပြတ်လေ့ကျင့်ခဲ့သည်။

ဤအတောအတွင်း သူက
"ဝိညာဉ်ဖျက်ဆီးခြင်းဓားနည်းစနစ်"ကို
အပြည့်အဝနားလည်နိုင်ခဲ့ပါသည်။

မှန်ပါသည်။ အဓိကအချက်မှာ သူက
ဉာဏ်အလင်းရဓားနှလုံးသားကို
ပိုင်ဆိုင်ထားခြင်းကြောင့်ပင်။

ဉာဏ်အလင်းရဓားနှလုံးသားက
"ဝိညာဉ်ဖျက်ဆီးခြင်းဓားနည်းစနစ်"၏ အနှစ်သာရ၊
အားသာချက်များနှင့် ချို့ယွင်းချက်များကို
ကောင်းစွာသိမြင်နိုင်သည်။

ထို့အချက်က သူ့အနေဖြင့်
ဝိညာဉ်ဖျက်ဆီးခြင်းဓားနည်းစနစ်ကို

အောင်မြင်စွာလေ့ကျင့်နိုင်သည့်အကြောင်းအရင်းဖြစ်သ
ည်။

"ဟူး.....။
ဉာဏ်အလင်းရခြားနှလုံးသားကတကယ်ကိုကြောက်စ
ရာကောင်းတာပဲ......

ငရဲတစ္ဆေမီးတောက်ထက်တောင်ပိုပြီးကြောက်စရာ
ကောင်းတယ်။ မဟုတ်သေးဘူး... ဒါက
လျှို့ဝှက်ဆန်းကြယ်တဲ့
ရွှေချီကန်နီးနီးလောက်တော့ရှိမယ်။"

သူသည် "ခြားနယ်မြေ"ကို
ဖန်တီးခြင်းကသိပ်ပြီးကျွမ်းကျင်မှုမရှိသေးပေ။
ထို့အပြင်

ဝိညာဉ်ဖျက်ဆီးခြင်းဓားနည်းစနစ် ၏
အနှစ်သာရကိုလည်း အပြည့်အဝ
မဆုပ်ကိုင်မိသေးသောကြောင့် တောင်တန်းပေါ်တွင်
ဆက်လက်လေ့ကျင့်ရန်သာ ဆုံးဖြတ်လိုက်ပါသည်။

သို့သော် သူ၏ဆုံးဖြတ်ချက်သည်
ရှေးဟောင်းဒိုမိန်းမြို့အပြင်ဖက်တွင်
မရေမတွက်နိုင်သော လူသားကျွမ်းကျင်သူများ
အစုလိုက်အပြုံလိုက်သေဆုံးစေခဲ့သည်ကိုမသိနိုင်ပေ။
အကယ်၍သိနေလျှပင်ဂရုစိုက်နေမည်မဟုတ်ချေ။

ဤအခိုက်အတန့်တွင် ။

ရှေးဟောင်းဒိုမိန်းမြို့တော်၏ နံရံများပေါ်၌
လူသေအလောင်း ၂,၀၀၀ နီးပါး
တွဲလောင်းကျချိတ်ဆွဲခံထားရသည်။
နံရံများပေါ်တွင် သွေးစိမ်းများ နီရဲနေသောကြောင့်
အလွန် ကြောက်စရာမြင်ကွင်းတစ်ခု ဖြစ်လာခဲ့သည်။

ဒီလတစ်လျှောက်လုံး ယန်ယဲ့သည် လေထုထဲ၌သာ
ပျောက်ကွယ်သွားသလိုပင်။
မိုခေးတစ်ယောက် ဘယ်လိုပင်ကျိန်ဆဲပြီး
စော်ကားနေပါစေ ယန်ယဲ့ကထွက်ပေါ်လာခြင်းမရှိခဲ့ပေ။

ထို့ကြောင့် မိုခေးက ဒေါသတကြီးဖြင့် မြို့ဝင်ပေါက်ကို
ပိတ်ဆို့လိုက်ပြီး မြို့မှထွက်ခွာသွားသော
လူသားကျွမ်းကျင်သူများကို

ဖမ်းဆီးရန် နတ်ဆိုးမျိုးနွယ်ဝင်များကိုချန်ထားခဲ့၏။

ထိုကဲ့သို့ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုနည်းလမ်းက
လူသားကျွမ်းကျင်သူများကိုအလွန်တုန်လှုပ်စေပြီး
ဒေါသဖြစ်စေခဲ့သည်။

မိုခေးက
မဲမဲမြင်ရာလိုက်ကိုက်နေသောခွေးတစ်ကောင်နှင့်တူလာ
သောကြောင့်
လူတိုင်းအလွန်အမင်းဒေါသထွက်နေကြသည်။တစ်ဖက်
တွင်မူ မိုခေး၏ ခွန်အားသည် ၎င်းတို့ထက်
အဆပေါင်းများစွာသာလွန်နေသောကြောင့်
ထိတ်လန့်နေခဲ့၏။

သို့သော်လည်း၊ တစ်ချိန်တည်းမှာပင် ဗဟိုနယ်မြေ၏
ပါရမီရှင် သုံးဦးသည်လည်း လုံးဝပျောက်ကွယ်နေပြီး
ထွက်ပေါ်လာခြင်းမရှိခဲ့ပေ။

ဤကာလအတွင်း လူသားကျွမ်းကျင်သူများက
မျိုးနွယ်ခြားအဖွဲ့ဝင်များကိုတန်ပြန်တိုက်ခိုက်ရန်အတွက်
မဟာမိတ်အဖွဲ့ဖွဲ့ရန် အကြံပြုသူများလည်း ရှိခဲ့သည်။
သို့သော် ထိုသို့အကြံပြုလိုက်တိုင်း
ပတ်ဝန်းကျင်တစ်ခုလုံး သုသာန်တစ်စပြင်ကဲ့သို့
တိတ်ဆိတ်သွား၏။

မှန်ပါသည်။ မြို့တံတိုင်းပေါ်မှ မဆင်းဘဲ ရပ်နေသရွေ့
မိုးခေးက ဘယ်လောက်ပင်

ကြောက်စရာကောင်းနေပါစေ၊ သူတို့ကို လုံးဝ
တိုက်ခိုက်နိုင်မည်မဟုတ်ပါ။

သို့သော် သူတို့သာ မြို့ထဲမှ
ထွက်ခွာပါကတန်းပြီးလျှောသွားပေလိမ့်မည်။
ထို့အပြင် ထိုကဲ့သို့လုပ်ဆောင်ခြင်းမှ
အကျိုးအမြတ်မရနိုင်ပေ၊
သေချာသောအရာတစ်ခုကတော့
သေခြင်းတရားကိုသာကြုံတွေ့ရပေမည်။

"ယန်ယဲ့ ဘယ်မှာလဲ ။ သူက မတ်တပ်ရပ်ပြီး ဒီကိစ္စကို
ကိုင်တွယ်ရမှာ မဟုတ်ဘူးလား။ ဒီကိစ္စက နောက်ဆုံးမှာ
သူ့ကြောင့်ဖြစ်ခဲ့တာလေ!" မြို့တော်အတွင်းပိုင်းရှိ
ခန်းမတစ်ခုထဲ၌

လူသားကျွမ်းကျင်သူအချို့ကစုရုံးပြီးဆွေးနွေးနေကြသည်။

"မတ်တပ်ရပ်ပြီး ဖြေရှင်းပါ၊ ဟုတ်လား"
တခြားတစ်ယောက်က အေးစက်စွာရယ်မောပြီး
“သူ့အသက်ကို စွန့်လွှတ်မှာတဲ့လား? ငါ့အမြင်အရတော့ ဒီယန်ယဲ့က တကယ်ကို ဉာဏ်ကောင်းတယ်။

သူက
နတ်ဆိုးမျိုးနွယ်ဝင်တွေကိုသတ်ပြီးလုယက်ခဲ့တယ်။ ပြီးတော့ယုတ်ညံ့တဲ့အကျိုးဆက်တွေကိုတော့ ကျန်တဲ့လူတွေထံပေးပို့ခဲ့တယ်။ ဘယ်လောက်တောင် ကောင်းလိုက်တဲ့ အကြံအစည်လဲ!"

နောက်တစ်ယောက်က ထပ်မံလျှောင်ပြောင်လိုက်၏။

"တကယ်တော့ ယန်ယဲ့က ဘာအမှားမှ မလုပ်ခဲ့ပါဘူး။
တကယ်တမ်းကျ
အဲ့ဒီမျိုးနွယ်ခြားတွေကမောက်မာလွန်းပြီး
လူသားကျွမ်းကျင်သူတွေကို
သတ်ဖြတ်နှိပ်စက်ခဲ့ကြတယ်။ ငါတို့က ဒါကို
ဆန့်ကျင်သင့်တယ်မဟုတ်လား။

ဒါ့အပြင် ယန်ယဲ့ နဲ့ တောင်ပိုင်းနယ်မြေရဲ့
လူငယ်ကျွမ်းကျင်သူတွေ ပူးပေါင်းပြီး
မျိုးနွယ်ခြားသုံးခုကအဖွဲ့ဝင်တွေကို
သတ်ပစ်တယ်လို့သတင်းကြားတုန်းက မင်းတို့အားလုံး
လက်ခုပ်တီးပြီး အားပေးကြတာမဟုတ်လား။ ဘာလဲ?
အခုမှ မင်းတို့အားလုံး စိတ်တွေပြောင်းနေပြီလား။”

“သူဒီလိုလုပ်တဲ့အခါ ငါတို့လည်း
အားရကျေနပ်မိပါတယ်။ ဒါပေမယ့် သူက
မျိုးနွယ်ခြားအဖွဲ့ဝင်တွေကိုသတ်ပြီးတာနဲ့
နောက်ဆက်တွဲအကျိုးဆက်တွေကို
ခံနိုင်စွမ်းရှိမယ်မဟုတ်ဘူးလား။
ဒီလိုဆို မြို့ပြင်မှာ အချည်းနှီးသေဆုံးသွားတဲ့
ညီအစ်ကိုတွေအားလုံး အသေခံဖို့ ထိုက်တန်ပါ့မလား။”

"မင်းမှာ အင်အားမလုံလောက်ရင်
ရှေးဟောင်းစစ်မြေပြင်ကိုရောက်တာနဲ့
တန်းပြီးလျှော့သွားတာ ဘယ်သူ့ကို အပြစ်တင်ရမှာလဲ"

"ဟမ့်။ ။ ယန်ယွဲ့က မင်းအဖေလား။ မင်းက ဘာကောင်မို့လို့ သူ့ကိုယ်စား အမြဲပြောနေတာလဲ။ ရန်ပွဲဖြစ်ချင်တာလား။"

"ရန်ပွဲတစ်ခုလား? လာစမ်းပါ! ငါ မင်းရဲ့သောက်ချိုးကို ကြည့်မရတာကြာပြီ!”

မြို့ရိုးပေါ်မှ လူသားကျွမ်းကျင်သူများက တစ်ယောက်တစ်ပေါက်စီ အပြင်းအထန် ငြင်းခုံလာကြသည်။

အချိန်များက လျင်မြန်စွာ ကုန်ဆုံးသွားကာ မျက်စိတစ်မှိတ်အတွင်း နောက်ထပ်တစ်လ ကုန်ဆုံးသွားပြန်ပါသည်။

......။

သိုင်းနတ်ဘုရားတောင်တန်း!

အန်နန်ကျင်းက တောင်ထိပ်ပေါ်သို့

ခြေတစ်လှမ်းပြီးတစ်လှမ်း

တည်ငြိမ်စွာလျှောက်လှမ်းနေခဲ့၏။

......။

ရှေးဟောင်းစစ်မြေပြင်ရှိ မတူညီသောနေရာတစ်ခု၌

ခရမ်းရောင်ဝတ်လူငယ်တစ်ဦးက သူ့လက်ထဲမှ

တရားစီရင်ရေးစာအုပ်ပေါ် ရှိနာမည်နှစ်ခုရေးထိုးထား

သောနေရာကို ကြည့်နေသည်။

ထိုနေရာတွင် "လီချင်းရှု၊ နန်းဂွန်မန်" ဟူသော အမည်နှစ်ခုကို ရေးသားထား၏။

……။

နဝမမြောက်ငရဲဘုံ၏ မြေအောက်ဌာနမှ ရောမရွှေရောင်နဂါးကြီးတစ်ကောင် အုပ်မိုးထားသော လူတစ်ယောက်က ထိုနေရာမှ ဖြည်းညှင်းစွာထရပ်လာသည်။

သူ့လက်ထဲမှ နဂါးပုံသဏ္ဍာန်တံဆိပ်က အရောင်တလက်လက်တောက်ပနေပေသည်။

ရုတ်တရက်ဆိုသလိုပင် ထိုလူက တိုးညှင်းသောလေသံဖြင့် ရေရွတ်လိုက်ပါသည်။

"ယန်ယဲ့! တကယ်ဆိုရင် ငါမင်းကိုကျေးဇူးတင်ရမယ်။

မင်းကြောင့်သာမဟုတ်ရင်

"သေမျိုးအင်ပါယာတံဆိပ်တော်"က ငါ့ကို

သူ့ရဲ့သခင်အဖြစ် အသိအမှတ်ပြုမှာမဟုတ်ဘူး။

ဟားဟား...။ အခုချက်ချင်း လာခဲ့မယ်...."

.......။

ဓားအင်ပါယာတောင်ထိပ်၌,

အစိမ်းရောင်ဓားတစ်လက်ကို

ကိုင်ထားသောမိန်းမပျိုတစ်ဦးက မြေပြင်ပေါ်တွင်

ဒူးထောက်ချကာ ရှေးကျသော

အနက်ရောင်လက်စွပ်တစ်ကွင်းက သူမရှေ့တွင်

လွင့်မျောနေသည်ကိုမြင်နိုင်သည်။

"ဓားဆိုတာ ဘာလဲ" ရုတ်တရက် အသံတစ်ခုပေါ်လာသည်။

"ဘဝ!"

"ဓားဆိုတာ ဘာလဲ" စကားသံက နောက်တစ်ကြိမ် ထပ်၍ ထွက်ပေါ်လာသည်။

"ဝိညာဉ်!"

"ဓားဆိုတာ ဘာလဲ"

"ငါ့ရဲ့အရာအားလုံး!"

ထို့နောက် တိတ်ဆိတ်မှုက ပတ်ဝန်းကျင်ကို ဖုံးလွှမ်းသွားသည်။

ခဏအကြာတွင် စကားသံက သက်ပြင်းတစ်ချက် ရှိုက်လိုက်သည်။ "ဘာမှမဟုတ်ပါဘူးလေ။

အဆင့် ၈ ဓားစိတ်ဆန္ဒ နဲ့ အဆင့် ၈ လေစိတ်ဆန္ဒ! နင်က ညဏ်အလင်းရဓားနှလုံးသားကို မပိုင်ဆိုင်ထားလို့ ဓားတာအိုမှာ ထိပ်သီးပါရမီရှင်လို့သာ ယူဆနိုင်တယ်။ ဟူး..... ဒီလောက်နှစ်တွေအကြာကြီးစောင့်ရတာ အလကားပဲ"

ဂျိန်း....တွမ်..... တွမ်......ဘန်း

စကားသံဆုံးသွားသည်နှင့် တစ်ပြိုင်နက် ကောင်းကင်နှင့်
မြေကြီး တစ်လျှောက် ပဲ့တင်ထပ်နေသည့်
ဓားမြည်သံကြီး ရုတ်ချည်း
ပဲ့တင်ထွက်ပေါ်လာခဲ့သည်…။

ဤအခိုက်အတန့်တွင် ဆန်းကြယ်တိုက်ကြီး၏
ထိပ်သီးပညာရှင်အားလုံး ဦးတည်ရာတစ်ခုတည်းဆီသို့
စူးစိုက်ကြည့်နေကြသည်။

မရဏသေမင်းချောက်နက်အောက်ခြေမှအိမ်အိုလေးရှေ့
၌ အကြီးအကဲမှူးက ကောင်းကင်ကို ခဏလောက်
မော့ကြည့်ပြီးနောက် ခေါင်းကို
ဖြည်းညှင်းစွာခါလိုက်လေသည်။ “ဓားအင်ပါယာ

ပေါ်လာပြီလား၊ ဒါက သူ မဟုတ်ဘူး။ ဘာလဲ....
အနာဂတ်မှာ ဘယ်လိုတွေဆက်ပြီး ပြောင်းလဲဦးမှာလဲ။.”

တစ်ချိန်တည်းမှာပဲ ဆန်းကြယ်တိုက်ကြီးတစ်ခုလုံးမှ
ဓားပညာရှင်အားလုံး၏ ဓားများက
ပြင်းထန်သောဓားမြည်သံများနှင့်အတူ
ကောင်းကင်ထက်သို့ပျံတက်သွားကြလေသည်။

ဓားအင်ပါယာ ထွက်ပေါ်လာပြီးနောက် ဓားအားလုံးက
ဓားအင်ပါယာ၏ ရှေ့မှောက်၌
အရိုအသေပြု(အညွှံ့ခံ)ရသည်မဟုတ်ပေလား။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၆၃ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၆၃)] – နဝမငရဲအတောင်ပံများ

ယန်ယဲ့သည် တောင်ပေါ်၌ လေ့ကျင့်နေရင်းဖြင့်
ရုတ်တရက် ကောင်းကင်ယံတွင်
ကျယ်လောင်သောပေါက်ကွဲသံထွက်ပေါ်လာသည်။

သူ့လက်ထဲမှဓားက အပြင်းအထန်တုန်ခါနေပြီး အမှန်ပင် ရှန်းကန်နေသောကြောင့် ရုတ်တရက် မျက်မှောင်ကြုတ်သွား၏။

ယန်ယွဲ့က ပေါ့ပါးသော အသံဖြင့် ပြောရင်း သူ့လက်ထဲက ဓားကို စိုက်ကြည့်လိုက်သည်။ "မင်းက ဒီဓားအင်ပါယာကို လက်အောက်ခံဖို့ ရည်ရွယ်ထားသလား"

အစောပိုင်းတွင် ထွက်ပေါ်လာသော ဓားမြည်သံက ဘယ်အရာကို ကိုယ်စားပြုကြောင်း ကောင်းကောင်းကြီးသတိပြုမိထားသည်။

အကြီးအကဲမှူး က အတိတ်ကာလ၏

ဓားအင်ပါယာများအကြောင်းနှင့်ပတ်သက်၍

ရှင်းပြထားခဲ့သည်။

ဒီလိုဆို တစ်စုံတစ်ယောက်က ဓားအင်ပါယာ

ဖြစ်လာပြီပေါ့....

ယန်ယွဲ့၏မျက်နှာကဘာမှမထူးခြားဟုထင်ရသော်ငြား

စိတ်ထဲတွင် အနည်းငယ်လှုပ်ရှားနေပေသည်။

အမှန်တော့၊ သူသည် ဓားအင်ပါယာဖြစ်ရန်တစ်ခါမှ

မတွေးခဲ့ပေ။

ဓားအင်ပါယာ ဘွဲ့ဟူသည် ဓားပညာရှင်များအတွက်

အမြင့်မြတ်ဆုံးဂုဏ်ပုဒ်ဖြစ်သော်လည်း ဓားအင်ပါယာက

ဓားပညာရှင်အားလုံးအနက် အသန်မာဆုံးဟု
မည်သူပြောနိုင်သနည်း။

"ဟဟ! အရင်တုန်းက ဓားအင်ပါယာဟာ
အသန်မာဆုံးဖြစ်ချင်ဖြစ်လိမ့်မယ်။ ဒါပေမယ့် အဲဒါက
အရင်တုန်းကပဲလေ။ ငါယန်ယဲ့က ဘာကိုမှ မယုံဘူး!

သူ့လက်ထဲမှ ဓားက ယန်ယဲ့ပြောလိုက်သောစကားကို
မကြားလိုက်သလိုပါပဲ အပြင်းအထန် တုန်လှုပ်သွား၏။

သူသာ စိတ်ဆန္ဒနှင့်ဖိနှိပ်ထားခြင်းမရှိပါက
ကောင်းကင်ယံ ပျံတက်သွားလောက်ပြီဖြစ်သည်။

ယန်ယဲ့က အနည်းငယ် အားစိုက်ထုတ်လိုက်ရာ ဓားက မရေမတွက်နိုင်အောင်အစိတ်စိတ်အမြွှာမြွှာအဖြစ် ပေါက်ကွဲသံသွားပါတော့သည်။

ထို့နောက် ပေါ့ပေါ့ပါးပါး ရယ်မောလိုက်ပြီး မိုးကုပ်စက်ဝိုင်းဆီသို့ မျှော်ကြည့်လိုက်သည်။
“စိတ်ဝင်စားဖို့ကောင်းတယ်။
ဓားတစ်ချောင်းဟစ်အော်လိုက်ရုံနဲ့ ငါ့ဓားကို သစ္စာဖောက်ဖို့ တွန့်ဆုတ်မနေစေနဲ့။ ဓားအင်ပါယာ...
ငါယန်ယဲ့က မင်းနဲ့ဆုံဖို့မျှော်လင့်နေတယ်!”

စကားပြောပြီးသည်နှင့် ယန်ယဲ့သည် မျက်နှာပေါ်မှအပြုံးကို ဖြည်းညှင်းစွာ ဖယ်လိုက်ပြီး လက်ညှိုးကို ပွတ်သပ်လိုက်သည်။

ဘုန်း

အေးစက်သော လေဆင်နှာမောင်းမှ ဖြစ်ပေါ်လာသော ကြီးမားနက်မှောင်သော အတောင်ပံတစ်စုံ သူ့နောက်ကျောတွင် ပေါ်လာသည်။

အေးစက်စက် အတောင်ပံများသူ့နောက်ကွယ်တွင်ပေါ်လာသည်နှင့်တစ်ပြိုင်နက် ယန်ယွဲ့၏ ခန္ဓာကိုယ်က လေထဲ၌လျင်မြန်စွာရွေ့လျားသွားကာပုံရိပ်ယောင်များ ထွက်ပေါ်လာလေသည်။

ဤကြီးမားသော အေးစက်စက်

အမှောင်အတောင်ပံတစ်စုံက

နဝမငရဲအေးမီးတောက်ကနေ ဖွဲ့စည်းထားခြင်းပင်။

လွန်ခဲ့သည့်နှစ်လအတွင်း သူက

နဝမငရဲအေးမီးတောက်နှင့်ပတ်သက်ပြီး

တိုက်ခိုက်ရန်အသုံးမပြုဘဲ

လှုပ်ရှားမှုအမြန်နှုန်းအတွက်သာအသုံးပြုရန်ဆုံးဖြတ်လိုက်သည်။

သူ့တွင် တိုက်ခိုက်ရာ၌ အသုံးပြုရန်

ငရဲတစ္ဆေမီးတောက်ရှိနေသည်မဟုတ်ပါလား။

နဝမငရဲအေးမီးတောက်က

ဝိညာဉ်ကိုဖိနှိပ်နိုင်ရုံသာဖြစ်ပြီး

ငရဲတစ္ဆေမီးတောက်ကဲ့သို့ ရုပ်ခန္ဓာကိုယ်ကို ဖိနှိပ်နိုင်စွမ်းမပြောင်းထန်ပေ။

ထို့အပြင် နဝမငရဲအေးမီးတောက်ကိုအသုံးပြုပါက ဆန်းကြယ်ချီစွမ်းအင်ကိုများစွာကုန်ဆုံးစေသည်။

ထို့ကြောင့် ယန်ယဲ့က.၎င်းကို တိုက်ခိုက်ရေးနည်းစနစ်တစ်ခုအဖြစ်အသုံးပြုရန်လက်လျှော့လိုက်၏။

အချိန်အတော်ကြာ လေ့လာပြီးနောက်တွင် သူက နဝမငရဲအေးမီးတောက်၏အကျိုးသက်ရောက်မှုကို တွေ့ရှိသွားခဲ့လေသည်။

၎င်းသည် နဝမငရဲအေးမီးတောက်ကသူ့အမြန်နှုန်းကို မြှင့်တင်ပေးနိုင်သည့်စွမ်းရည်ဖြစ်သည်။

၎င်းက လေ၏အရှိန်ကို ထိန်းချုပ်နိုင်သောကြောင့် သူ့အရှိန်ကိုအလွန်မြန်ဆန်လာစေသည်။

ထိုအချက်ကို သတိပြုမိပြီးနောက် ယန်ယဲ့က သူ၏ အရှိန်ကို မြှင့်တင်ရန် နဝမငရဲအေးမီးတောက်နှင့်ပတ်သက်ပြီး အဆက်မပြတ်လေ့လာနေခဲ့ခြင်းဖြစ်သည်။

နောက်ဆုံးတော့ သူပိုင်ဆိုင်ထားသော လှုပ်ရှားမှုနည်းစနစ်များက အလွန်နိမ့်ကျနေ၏။ အကယ်၍ နဝမငရဲအေးမီးတောက်ကိုအသုံးပြုနိုင်ပါက သူ့အတွက် အလွန်လျင်မြန်သောလှုပ်ရှားမှုနည်းစနစ်တစ်ခုကိုပိုင်ဆိုင်နိုင်ပါလိမ့်မည်။

နဝမငရဲအေးမီးတောက်၏ အရှိန်က အလွန်ပင် မြန်ဆန်သောကြောင့်ပါ။

.......

အချိန်တိုအတွင်းမှာပဲ ယန်ယွဲ့၏ အမြန်နှုန်းက ပုံရိပ်ယောင် ၁၀၀ ကျော် ကျန်ရစ်ခဲ့သည်အထိ အလွန်လျင်မြန်လာခဲ့ပါသည်။

သို့သော် လက်ရှိတွင်

သူ့အတွက်အားနည်းချက်တစ်ခုတော့ရှိနေပေသည်။

၎င်းက ဆန်းကြယ်ချီစွမ်းအင်များ

မြန်ဆန်စွာကုန်ဆုံးစေခြင်းဖြစ်သည်။

ငရဲတစ္ဆေမီးတောက် ကဲ့သို့ပင်၊ ၎င်းကို
တစ်ကြိမ်အသုံးပြုရုံမျှဖြင့် ဆန်းကြယ်ရှေ့ချီကန်ထဲမှ
ဆန်းကြယ်ချီစွမ်းအင်အားလုံးခန်းခြောက်သွားမည်ဖြစ်
သည်။

ထိုအခြေအနေက ယန်ယဲ့ကို
အလွန်စိတ်ပျက်လက်ပျက်ဖြစ်စေသည်။

မည်သို့ပင်ဆိုစေ သူ၏လက်ရှိအမြန်နှုန်းက
ဝိညာဉ်နယ်ပယ်အလွှာအဆင့်အောက်ရှိ
ကျွမ်းကျင်သူများအနက်
ထိပ်တန်းအဆင့်ဟုယူဆနိုင်သည်။

ထို့နောက် ယန်ယဲ့က ငရဲတစ္ဆေမီးတောက်ဓားစက်ဝန်း
ကဲ့သို့ပင် နဝမငရဲအေးမီးတောက်မှဖန်တီးထားသော

အတောင်ပံများကို နဝမငရဲအတောင်ပံဟု
အမည်ပေးလိုက်၏။

ပြီးဆုံးခဲ့သည့်အချိန်နှစ်လအတွင်း သူ၏လေ့ကျင့်မှုက
ကြီးကြီးမားမားတိုးတက်ခဲ့သည်ဟုဆိုနိုင်ပါသည်။

လက်ရှိတွင် သူ့ခွန်အားက မိုခေးထက် အနည်းငယ်
နိမ့်ကျသော်ငြား လုံးဝနိမ့်ကျနေခြင်းမရှိပေ။

ဓားနည်းစနစ်တွင်လည်း
ဝိညာဉ်ဖျက်ဆီးခြင်းဓားနည်းစနစ်၏ စွမ်းအား၊
ငရဲတစ္ဆေမီးတောက်ဓားစက်ဝန်း နှင့်
နဝမငရဲအေးမီးတောက်၏အမြန်နှုန်းဖြင့်ပေါင်းစပ်ပြီး
နောက်အလွန်ကြောက်စရာကောင်းလာခဲ့သည်။

မှန်ပါသည်။ အရေးကြီးဆုံးတိုးတက်မှုမှာ ဓားပညာလမ်းစဉ်၏ အထွတ်အထိပ်စွမ်းအားတစ်ခုဟုဆိုနိုင်သော "ဓားနယ်မြေ" ကို နားလည်သဘောပေါက်ခဲ့ခြင်းပါပဲ။

ဓားနယ်မြေ ကို ထုတ်ဖော်လိုက်ပါက တစ်ဖက်လူကို အချိန်တော်တော်ကြာပိတ်လှောင်ထားနိုင်သည်။

တစ်နည်းဆိုရသော် ဓားနယ်မြေကိုအသုံးပြုပါက သူသည် အရှင်သခင်တစ်ဦးဖြစ်နေသောကြောင့် ၎င်းက အကြီးမားဆုံးဝှက်ဖဲတစ်ခုဖြစ်လာခဲ့သည်။

အတိုချုပ်ဆိုရသော် သူ၏လေ့ကျင့်မှုသည်
ဤအချိန်အတောအတွင်း
ကြီးမားသောတိုးတက်မှုရရှိခဲ့သည်။
သို့မဟုတ်ပေ၊ တိတိကျကျပြောရမည်ဆိုပါက
အဆင့်တစ်ခုထိ မြင့်တက်လာခဲ့ခြင်းပါ။

မှန်ပါသည်၊ သူ၏ လက်ရှိကျင့်ကြံမှုက
သိုင်းဘုရင်အထွတ်အထိပ်အဆင့်ကိုကျော်လွန်၍
ဝိညာဉ်နယ်ပယ်အလွှာအဆင့်သို့ဖြတ်ကျော်နိုင်သည်။
သို့သော် ယန်ယွဲ့က သူ၏ဆန်းကြယ်ချီစွမ်းအင်ကို
သိုင်းဘုရင်အထွတ်အထိပ်အဆင့်မှာပဲ ဖိနှိပ်ထား၏။

တခါတရံ၌ လူတစ်ဦး၏ ကျင့်ကြံမှုအဆင့်ကို
မြန်မြန်ဆန်ဆန် တိုးတက်စေရန် လေ့ကျင့်၍ မရပေ။

သို့သော်လည်း ယန်ယဲ့က အနည်းငယ်
စိတ်ဓာတ်ကျနေသလို
ခံစားရသည်။သူ့တွင်ဓားတစ်လက်မှ မရှိခဲ့ပေ။
မမြင်နိုင်သောဓားက အလွန်ကောင်းမွန်သည်။သို့သော်
၎င်းက သူ၏ အစစ်အမှန်ခွန်အားကို အနည်းငယ်ပင်
ထိန်းထားနိုင်စွမ်း မရှိပေ။

အကယ်၍ ငရဲတစ္ဆေမီးတောက်၊
နဝမငရဲအေးမီးတောက်ကို
မမြင်နိုင်သောဓားနှင့်ပေါင်းစပ်လိုက်ပါက
ဓားတစ်လက်လုံး ပြာကျသွားပေလိမ့်မည်။
ဒီအခြေအနေက သူ့ကို အနည်းငယ် အကူအညီမဲ့သလို
ခံစားရစေသည်။

တောင်ပိုင်းနယ်မြေတွင်မူ "ဓားဟူသည် မိမိ၏
နှလုံးသားထဲ၌ရှိပါက"အရာအားလုံးက
ဓားတစ်လက်ဖြစ်သည် ။

ထိုစကားက ဓားပညာရှင်များအတွက်
အဓိပ္ပါယ်ရှိသော်ငြား ယန်ယွဲ့၏အမြင်တွင် ၎င်းက
အမှိုက်တစ်ခုသာ။

အကယ်၍ နှစ်ဖက်စလုံးသည်
အဆင့်တူပညာရှင်များဆိုလျှင်
ကောင်းကင်အဆင့်ဓားက
မည်သို့သောအခြေအနေကိုရောက်ရှိမည်နည်း။
အလွန်သိသာနေသည်မဟုတ်ပါလော။

အမှန်စင်စစ် ဓားပညာရှင်တစ်ဦးအတွက်
သင့်တော်သောဓားတစ်လက်ကိုရှာဖွေရန်မဖြစ်နိုင်ပေ။
တစ်ချိန်က သူရှိခဲ့သော
အဇူရာနတ်ဆိုးဓားကသိပ်မဆိုးလှပေ။ ကံဆိုးစွာပဲ,
ဆေဘာဓားဂိုဏ်းက အဇူရာနတ်ဆိုးဓားကို
ပြန်လည်သိမ်းယူသွား၏။

ဆေဘာဓားဂိုဏ်းအကြောင်း သူတွေးမိလိုက်သောအခါ
လှပသောပုံရိပ်လေးတစ်ခုကသူ့အမြင်အာရုံတွင်ပေါ်လာ
သည်။
သူမက အဖြူရောင်ဝတ်ရုံရှည်ကို ဝတ်ဆင်ထားပြီး
အစိမ်းရောင်ဓားတစ်လက်ကိုင်ထားသော
အေးစက်စက်မျက်နှာထားဖြင့်မိန်းမပျိုတစ်ဦးပင်။
စုချင်းရှီ!....

ရုတ်တရက်ဆိုသလို သူ့စိတ်ထဲ၌ ထိုနေ့က
ပေးလိုက်သော ကတိကို ပြန်သတိရမိသွားသည်…။

ခဏအကြာတွင် ခေါင်းယမ်းကာ အတွေးများကို
ဖျောက်ဖျက်ပစ်လိုက်သည်။

သူ့တွင် လုံလောက်သော
ခွန်အားရှိမှသာအရာအားလုံးကို နားလည်နိုင်သည်၊
ထို့ကြောင့် ၎င်းကို တွေးကြည့်နေရုံသက်သက်က
အဓိပ္ပါယ်မရှိပေ။

ထို့နောက် သူ့နှလုံးသားထဲမှ
စိတ်ဆန္ဒတစ်ခုကိုထုတ်လွှတ်ကာ

ခားပျံ့ကိုဆင့်ခေါ်လိုက်ရင်းကောင်းကင်သို့
ပျံတက်လိုက်ပါသည်။

အချိန်အနည်းငယ်ကြာကြီးနောက်
ယန်ယဲ့၏ပုံရိပ်သည်တဖြည်းဖြည်းမှုန်ဝါးလာကာ
အလင်းတန်းငယ်တစ်ခုအဖြစ်ပြောင်းလဲသွားလေတော့
သည်။

သို့သော် သူသည် ရှေးဟောင်းဒိုမိန်းမြို့သို့ ပြန်သွားရန်
မရွေးချယ်ခဲ့ဘဲ ၎င်းအစား နဝမမြောက်ငရဲဘုံသို့
ဦးတည်သွားခဲ့သည်။

ထိုနေရာတွင် သူ၏ခားစိတ်ဆန္ဒ၊
စိတ်ဝိညာဉ်စွမ်းအားကိုမြှင့်တင်ပေးနိုင်သော

'ဝိညာဉ်များ'  ရှိနေပေသည်။

ယန်ယဲ့၏စိတ်ထဲ၌ ပုန်းကွယ်နေသောနဂါးစေတီမဖွင့်ခင် သူ၏ သတ်ဖြတ်ခြင်းစားစိတ်ဆန္ဒကို အဆင့် ၇ အထိ မြှင့်တင်ရန်ရည်ရွယ်ထားသည်။

မှန်ပေသည်။ ဆန်းကြယ်တိုက်ကြီးတစ်ခုလုံးမှ ထိပ်သီးပါရမီရှင်များစုဝေးရာ ရှေးဟောင်းစစ်မြေပြင်၌ အနိုင်ရရန်သူ့ကိုယ်သူယုံကြည်မှုအပြည့်မရှိချေ။

ထို့အပြင် သူက ယခုထက်ပိုပြီးသန်မာချင်လာသည်...။

သို့သော် ရှေးဟောင်းဒိုမိန်းမြို့၌ ငရဲဘုံတစ်ခုဖြစ်နေသည်ကို သူမသိခဲ့ပေ။

ရှေးဟောင်း ဒိုမိန်းမြို့တော်၏ နံရံများထက်၌
လူသားကျွမ်းကျင်သူ ၅,၀၀၀ နီးပါး၏ အလောင်းများကို
ချိတ်ဆွဲခံထားရသည်။

သို့သော်လည်း။

ရုတ်တရက်ဆိုသလိုပင်
ခရမ်းရောင်ဝတ်လူငယ်တစ်ဦးက
မြို့ရိုးအောက်၌ပေါ်လာခဲ့သည်။

မြို့ရိုးပေါ် ရှိ လူသားကျွမ်းကျင်သူများက
အနီ့လူငယ်ကိုမြင်သောအခါ

သနား၊လျှောင်ပြောင်လိုသောအကြည့်များဖြင့်
ခေါင်းယမ်းလိုက်ကြသည်။

ဒီလိုအချိန်မျိုးမှာ သူကိုယ်တိုင် မြို့ကို လာတာက
ကိုယ့်ကိုယ်ကို သေလမ်းရှာတာနဲ့တူမနေဘူးလား?

သို့သော် မမျှော်လင့်ထားသောအဖြစ်အပျက်က
ရုတ်တရက်ဖြစ်ပေါ်လာခဲ့၏။

ရာနှင့်ချီသောနတ်ဆိုးမျိုးနွယ်ဝင်များ၏
အကြည့်များအောက်မှာပင် ခရမ်းရောင်ဝတ်လူငယ်က
ရှေးဟောင်းဒိုမိန်းမြို့ဆီသို့ ဖြည်းညှင်းစွာ
လျှောက်လာသည်။

သူက နတ်ဆိုးမျိုးနွယ်ဝင်များကို တစ်ချက်ပင်
လှည့်မကြည့်ခဲ့ပေ။

ထိုအချိန်တွင် နတ်ဆိုးမျိုးနွယ်ဝင်တစ်ဦးက
ဒေါသထွက်သွားကာ တိုက်ခိုက်ရန် ပြင်လိုက်လေသည်။
သို့သော်လည်း မိုခေးက ရုတ်တရက် ဝင်တားလိုက်၏။

ထိုအချိန်တွင် ခရမ်းရောင်ဝတ်လူငယ်က
ရုတ်တရက် ပြန်လှည့်ကာ မိုခေးကိုစိုက်ကြည့်ရင်း
“နတ်ဆိုးမျိုးနွယ်ရဲ့နံပါတ်တစ်ပါရမီရှင် ”
တစ်ဆက်တည်း မိုခေး၏ လက်ထဲမှ
ငရဲနတ်ဘုရားလုံကိုကြည့်ကာ "မဆိုးပါဘူး၊
ငရဲနတ်ဘုရားလုံကတောင်မင်းကိုအသိအမှတ်ပြုခဲ့တယ်
။ မင်းက ငါ့ကိုစိတ်မပျက်စေခဲ့ဘူး။မကြာခင်မှာ
ဒီထက်ပိုပြီးသန်မာလာမယ်လို့ ငါမျှော်လင့်ပါတယ်!”

စကားပြောပြီးသည်နှင့် ခရမ်းရောင်ဝတ်လူငယ်က ပေါ့ပေါ့ပါးပါး ရယ်မောကာ ကောင်းကင်ဝင်ပေါက်ဆီသို့ လှမ်းမျှော်ကြည့်လိုက်လေသည်။

“တကယ်တော့ သူက ကောင်းကင်ဝင်ပေါက်ကို ဖြတ်ကျော်ဖို့ ကြံရွယ်ပြီး နတ်ဆိုးမျိုးနွယ်ဝင်အားလုံးရဲ့ရှေ့မှာတောင် မောက်မာရဲတယ်။ဘယ်သူလဲ? သူက အတိအကျ ဘယ်နယ်မြေကဖြစ်နိုင်မလဲ?"

"သတ္တိရှိလိုက်တာ! ဒီလို ပါရမီရှင်တစ်ဦး ငါတို့လူသားတွေကြားမှာ ဘယ်တုန်းက ပေါ်လာတာလဲ။”

"သူက တကယ် မောက်မာလွန်းတယ်! ပြီးတော့ ဒါက တကယ်ကို ကောင်းပါတယ်။ နတ်ဆိုးမျိုးနွယ်ထဲက အပေါင်းအပါတွေတောင် သူ့ကိုမတိုက်ခိုက်ရဲကြဘူး။ ဒီလိုဆိုသူက ဘယ်သူဖြစ်နိုင်မလဲ?
ဖြစ်ကောင်းဖြစ်နိုင်သူက ငါတို့ လူသားမျိုးနွယ်ရဲ့ သိုင်းနတ်ဘုရားများလား?"

ခရမ်းရောင်ဝတ်လူငယ်က ကောင်းကင်ဝင်ပေါက်ဆီသို့ ဖြည်းညှင်းစွာ လျှောက်လာသည်ကိုကြည့်ကာ မိုခေး၏ဘေးနား၌ရပ်နေသော နတ်ဆိုးမျိုးနွယ်ဝင်လူငယ်တစ်ဦးက အေးစက်စွာ အော်ဟစ်လိုက်ပါသည်။ "အစ်ကိုကြီး၊ ငါတို့က သူ့ကို ဘာလို့ မသတ်တာလဲ။ ငါတို့က သူ့ကို ဘာလို့ ဒီလောက် မောက်မာစွာ ပြုမူခွင့်ပေးရတာလဲ"

"ဘာလို့လဲဆိုတော့ သူက လူသားမဟုတ်ဘူး!" မိုခေးက "သူက လူသားမဟုတ်တဲ့အတွက် သူ့ကိုသတ်ဖို့ မလိုပါဘူး။ ငါလည်း သူ့ကို အရမ်းဒေါသထွက်နေပေမယ့် လူတိုင်းရဲ့ရန်သူဖြစ်အောင်လုပ်ဖို့ မလိုအပ်ဘူးလေ"

ထိုလူငယ်သည် အလိုအလျောက် အော်ဟစ်နေလေသည်။ "သူက လူသားမဟုတ်ဘူး?"

"သူ ဖုံးကွယ်ထားတာ အရမ်းကောင်းပါတယ်။ ငါ့မှာ မရှိရင်....." မိုခေးက စကားကိုရပ်လိုက်ကာ "အတိုချုပ်ပြောရရင် သူ့မှာ လူသားတစ်ဦးရဲ့ အရိပ်အယောင် မရှိဘူး။ကောင်းပြီ၊ သူ့ကို

လျှစ်လျူရှုထားလိုက်ရအောင်။ မြို့ထဲက ညီအစ်ကိုတွေက ယန်ယဲ့ ရဲ့နေရာကို ရှာတွေ့ကြပြီလား"

လူငယ်က ခေါင်းကို ဖြည်းညှင်းစွာ ခါလိုက်ပြီး "အဲဒါ မဟုတ်ဘူး။ အချို့က ရတနာစုဆောင်းခြင်းခန်းမမှာ ရှိတယ်လို့တွေ့လိုက်ရတယ်။ ဒါပေမယ့် ရတာစုဆောင်းခြင်းခန်းမကနေထွက်ခွာသွားပြီး လေထဲမှာတင်ပျောက်ကွယ်သွားသလိုဖြစ်နေတယ်။

ငါတို့ရဲ့အဖွဲ့ဝင်တွေအကုန်အသုံးပြုထားတာတောင် ယန်ယဲ့ နဲ့ ပတ်သက်တဲ့ အချက်အလက်တွေကို ရှာမရသေးဘူး။ ဒီလူသားတွေပြောခဲ့သလိုပဲ၊ သူက ငါတို့ကို ကြောက်လို့ ပုန်းအောင်းနေတာပဲလား။

မိုခေးက ခေါင်းခါပြီး "သူက ဆားသမားတစ်ယောက်ဖြစ်တဲ့အပြင် အရမ်းကြောက်စရာကောင်းတဲ့ ဆားပညာရှင်တစ်ဦးလို့တောင်ဆိုနိုင်တယ်။

ဒီတော့ သူက ငါတို့ကို ကြောက်မှာ မဟုတ်ဘူး။ သူဘာလို့ သူ့ကိုယ်သူ မပြသေးတာလဲ ဆိုတာကိုတော့ ငါလည်း မသိဘူး။ ဒါပေမယ့် ငါတို့က ဒီကိစ္စကို ပူပန်နေစရာမလိုဘူးလေ။

သူ့ကိုယ်သူ ပြဖို့ ငြင်းဆန်တဲ့အတွက် သူ မလာမချင်း ငါတို့ ဆက်ပြီး သတ်လိုက်မယ်။ ငါ့နတ်ဆိုးမျိုးနွယ်ထဲက ညီအစ်ကိုတွေရဲ့သွေးတွေဟာ ဘယ်လူသားအတွက်မှ မစီးဆင်းနိုင်ဘူး။ လူသားကျွမ်းကျင်သူတိုင်းရဲ့သွေးနဲ့ လက်စားချေရမယ်!"

“ဒီအကြံကသိပ်ကောင်းတယ်!”

ထိုအချိန်တွင် ခရမ်းရောင်ဝတ်လူငယ်က ကောင်းကင်ဝင်ပေါက်ရှေ့သို့ ရောက်ရှိလာပြီး အထဲသို့ တိုက်ရိုက် ဝင်ရောက်သွားသည်။

တစ်ချိန်တည်းမှာပဲ အစိမ်းရောင်အလင်းတန်းတစ်ခု ချက်ချင်းထွက်ပေါ်လာပြီး လူငယ်၏ ရှေ့သို့ ရောက်ရှိလာသည် ။

လူငယ်က သူ့လက်ချောင်းကို ပွတ်သပ်လိုက်ရာ မြွေတစ်ကောင်လို သေးငယ်သော မရဏစွမ်းအင်ကြိုးတစ်ချောင်းက ရှေ့သို့

ပေါက်ကွဲလာပြီး အစိမ်းရောင်အလင်းတန်းနှင့် တိုက်မိသွားသည်။

ဘန်း!

တိုက်ခိုက်မှုနှစ်ခုက ချက်ချင်းပင် လေထဲ၌ ကွဲထွက်သွားကြသည်။

အုန်း!

နောက်ထပ် အစိမ်းရောင်အလင်းတန်းတစ်ခု ထပ်မံပေါ်လာခဲ့သည်။

သို့သော်

ခရမ်းရောင်ဝတ်လူငယ်က ရှောင်တိမ်းခြင်းမပြုပေ။

သူ၏လက်တစ်ဖက်ကိုဆန့်ထုတ်ရင်းခရမ်းရောင်လျှပ်စီးကြိုးများတဖျပ်ဖျပ်တောက်ပနေသောလက်သီးချက်ဖြင့်အစိမ်းရောင်အလင်းတန်းဆီသို့ ထိုးချလိုက်သည်။

ဘန်း!

ပေါက်ကွဲသံ
ထွက်ပေါ်လာပြီးနောက်အစိမ်းရောင်အလင်းတန်းများပြန့်ကျဲသွားသည်။

ရှစ်!

တတိယမြောက် အစိမ်းရောင်အလင်းတန်းတစ်ခု ပေါ်လာခဲ့၏။

ခရမ်းရောင်ဝတ်လူငယ်က အစိမ်းရောင်အလင်းတန်း၏ရှေ့၌ ရုတ်တရက် ပေါ်လာပြီး

ညာလက်ကို ရှေ့သို့ လျင်မြန်စွာ ဆန့်ထုတ်ကာ ဆုပ်ကိုင်လိုက်သည်။

ရောမနဂါးကြီးတစ်ကောင်နှင့်တူသောလက်သည်းကြီးဖြစ်ပေါ်လာကာ အစိမ်းရောင်အလင်းတန်းကိုတိုက်ရိုက် ဖမ်းယူလိုက်သည်…။

ဘန်း!

အလင်းတန်းများ လွင့်စင်သွားပြီးနောက် ဆံပင်ဖြူ
အဘိုးအိုတစ်ဦးက ရုတ်ချည်းပေါ်လာကာ
ခရမ်းရောင်ဝတ်လူငယ်ကိုစိုက်ကြည့်လိုက်ပါသည်။

ဆံပင်ဖြူအဘိုးအိုက တိုးညှင်းသော အသံဖြင့်
စကားစပြောလိုက်သည်။
"မင်းတို့လိုမျိုးနွယ်တစ်ခုတောင်
ဒီကိုရောက်လာလိမ့်မယ်လို့ ငါဘယ်တုန်းကမှ
မမျှော်လင့်ထားဘူး။"

ခရမ်းရောင်ဝတ်လူငယ်က ပေါ့ပေါ့ပါးပါး
ပြုံးပြပြီးနောက် ရှေးဟောင်းဒိုမိန်းမြို့တော်ဆီသို့ မဝင်မီ
ဆံပင်ဖြူ အဘိုးအိုကို အနည်းငယ်
ဦးညွှတ်ပြလိုက်သည်။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၆၄ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၆၄)] –မင်းငါ့ကိုရှာနေတာလား

ခရမ်းရောင်ဝတ်လူငယ်က မဟာတောင်တန်းများ၌ ယန်ယဲ့နှင့်တိုက်ခိုက်ခဲ့ဖူးသော လော့ရှဲပါ။

သူ၏ ကြောက်မက်ဖွယ်ကောင်းသောလူသား အသွင်အပြင်က လူသားမျိုးနွယ်ဖက်၌ မိုခေးကို ဆန့်ကျင်နိုင်သည့် ပညာရှင်မရှိသောကြောင့် လူသားကျွမ်းကျင်သူများကို ယုံကြည်မှုများ မြင့်တက်လာစေသည်။

ယခုအချိန်တွင် လူသားပညာရှင်တစ်ဦးက သူ၏အသွင်အပြင်ကို ထွက်ပြလာခဲ့သည်။

ဤ 'လူသားပညာရှင်'က မိုခေးကို တိုက်မည်ဟု မျှော်လင့်ချက်များ ပြည့်နှက်နေချိန်တွင် ခရမ်းရောင်ဟတ်လူငယ်က မြို့ရိုးပေါ် ရှိ လူသားကျွမ်းကျင်သူအားလုံးကို ဂရုမစိုက်ဘဲ

ငုံ့ကြည့်ကာ ခေါင်းယမ်းလိုက်သည်။ တကယ်က လူသားကျွမ်းကျင်သူတွေက အရင်းအမြစ်တွေ ဖြုန်းတီးနေတဲ့ မျိုးနွယ်စုတစ်ခု ပဲ။”

လော့ရွဲ ၏ အသံကရည်ရွယ်ချက်ရှိရှိ ပျံ့နှံ့သွားပုံရပြီး ပတ်ဝန်းကျင်ရှိ လူသားကျွမ်းကျင်သူများအားလုံး ရှင်းရှင်းလင်းလင်း ကြားလိုက်ရသည်။

တစ်ချိန်တည်းမှာပဲ လူတိုင်း၏ အမူအရာများက ချက်ချင်း အရောင်အမျိုးမျိုးပြောင်းလဲသွားကြသည်။

......

သိုင်းနတ်ဘုရားတောင်တန်း။

အန်နန်ကျင်းသည် ခန်းမတစ်ခုထဲ၌ ဂုဏ်ယူစွာရပ်နေကာ
ပတ်ပတ်လည်မှ ရုပ်တု (၂၃) ခု
ကိုလှည့်ပတ်ကြည့်နေသည်။

ဤရုပ် (၂၃) ခုက ဆန်းကြယ်တိုက်ကြီး၏
သမိုင်းတစ်လျှောက်မှ သိုင်းနတ်ဘုရား (၂၃) ပါး
ဖြစ်သည်။

၎င်းတို့အားလုံးသည် အဆုံးမဲ့စွမ်းအားနှင့်၊
အမိန့်အာဏာကို လွှမ်းမိုးချုပ်ကိုင်ထားသူများပင်။

၎င်းတို့က ဆေဘာဓားဂိုဏ်း၏
တည်ထောင်သူဘိုးဘေးနှင့် မျိုးဆက်တူ
သိုင်းနတ်ဘုရားမှတစ်ပါး ကျန် သိုင်းနတ်ဘုရား (၂၂)
ပါးက ခေတ်အဆက်ဆက်

ဆန်းကြယ်တိုက်ကြီးတစ်ခုလုံးကို
လွှမ်းမိုးနိုင်ခဲ့သူများဖြစ်သည်။

သိုင်းနတ်ဘုရားများက ဆန်းကြယ်တိုက်ကြီး၏
သမိုင်းတစ်လျှောက်တွင် အစွမ်းထက်ဆုံးနှင့်
အာဏာအကြီးမားဆုံး ထိပ်သီးပညာရှင်များကို
ကိုယ်စားပြုသည်ဟု ဆိုနိုင်သည်။

အရေးကြီးဆုံးမှာ၊ ဤနေရာမှ ရုပ်တု (၂၃) ခုက
သိုင်းနတ်ဘုရား (၂၃) ပါး၏ အမွေအနှစ်များကို
ကိုယ်စားပြုခြင်းပင်။

သိုင်းနတ်ဘုရားတစ်ပါးစီတိုင်းက ထူးခြားသော
နတ်ဘုရားစွမ်းရည်တစ်ခုရှိနေစမြဲပါ။

၎င်းတို့ထဲမှ သိုင်းနတ်ဘုရားတစ်ပါး၏ အမွေအနှစ်ကို ပိုင်ဆိုင်နိုင်ပါက ဆန်းကြယ်တိုက်ကြီးတစ်ခုလုံး၌ အထွတ်အထိပ်ရပ်တည်ရန် လုံလောက်သည်ဟု ဆိုနိုင်သည်။

အမှန်စင်စစ် ကြိုတင်သတ်မှတ်ချက်မှာ လူတစ်ဦးက ၎င်းတို့၏အမွေအနှစ်ကိုဆက်ခံရန် သဘာဝလွန်အရည်အချင်းများ၊ ပြိုင်ဖက်ကင်း ခွန်အားရှိရမည်ဖြစ်သည်!

အန်နန်ကျင်းက သူမ၏ အကြည့်ကိုလှည့်ပတ်လိုက်ပြီးနောက် ခန်းမထဲမှ ရုပ်တုအားလုံး၏ ရှေ့ဆုံးရှိ ရုပ်ထုပေါ်သို့ ကျဆင်းသွားသည် ။

၎င်းသည် ဆန်းကြယ်တိုက်ကြီး၏ ပထမဆုံးမျိုးဆက်
သိုင်းနတ်ဘုရားကို ကိုယ်စားပြုသည့်ရုပ်တုဖြစ်သည် ။

ဝမ်......

ထိုအခိုက်အတန့်တွင် ပထမဆုံး
သိုင်းနတ်ဘုရားရုပ်တုထဲကနေ ပုံရိပ်ယောင်
အဘိုးအိုတစ်ဦး ရုတ်တရက် လွင့်ပျံလာသည်။

အဘိုးအိုက ရိုးရိုးရှင်းရှင်း ဝတ်စုံကို ဝတ်ဆင်ထားပြီး
အလွန်ပင် သာမာန်ဆန်သောအသွင်အပြင်သာရှိသည်။
သို့သော် အဘိုးအို၏မျက်လုံးများက အလွန်နက်နဲပြီး
ကျယ်ပြန့်လှသော ကြယ်ရောင်ကောင်းကင်ကြီးကဲ့သို့
ထင်ရ၏။ မျက်လုံးအစုံက လျှို့ဝှက်ဆန်းကြယ်မှု နှင့်

နားမလည်နိုင်သော အငွေ့အသက်များ ဖြာထွက်နေပေသည်။

အဘိုးအိုက အန်နန်ကျင်းကို စိုက်ကြည့်ရင်း နူးညံ့သိမ်မွေ့သော အပြုံးတစ်ချက် ပေါ်လာပြီး "သမီးငယ်၊ မင်း သိုင်းနတ်ဘုရားတောင်ပေါ်တက်ကတည်းက ဒီလူအိုကြီးက မင်းကို အာရုံစိုက်နေခဲ့တာ။ မင်းကတကယ်မဆိုးဘူးပဲ။ မင်းရဲ့အကြည့်တွေက ငါ့အပေါ်ကို ဆင်းသက်လာကတည်းက ငါ့အမွေအနှစ်ကို ရည်ရွယ်ထားတာလား။"

အန်နန်ကျင်းက သက်လတ်ပိုင်းအဘိုးအိုကို မျက်လုံးတည့်တည့်ဖြင့်ကြည့်ကာ "အဓိကကတော့

သိုင်းနတ်ဘုရားရဲ့ဘွဲ့ကို အမွေအနှစ်ဆက်ခံဖို့မဟုတ်ဘဲ တစ်ခုခုပြောဖို့ ဒီကိုလာခဲ့တာပါ!"

"အိုး?" သက်လတ်ပိုင်းအဘိုးအို၏ အပြုံးသည် ပို၍ကျယ်လာပြီး "စိတ်ဝင်စားဖို့ကောင်းတယ်။ အဲဒါကို ငါတကယ်သိချင်တယ်။ ကျေးဇူးပြုပြီးပြောပါ!"

အန်နန်ကျင်းက ပြောလိုက်၏။ "နောက်ဆုံးတော့ အမွေအနှစ်ဆိုတာ တခြားသူတွေပိုင်တဲ့ ပစ္စည်းလေ။ အဲဒါက ငါ့အတွက် မဟုတ်ဘူး။ ငါအန်နန်ကျင်းက တခြားသူတွေပိုင်တဲ့အရာတွေကို မလိုအပ်ဘူး။ မင်းနဲ့အဆင့်တူတဲ့ သိုင်းနတ်ဘုရားဘွဲ့ကိုရဖို့အတွက် ကိုယ့်ကိုကိုယ်အားကိုးနိုင်တယ်ဆိုတာ ပြောပြဖို့ ရည်ရွယ်ထားတာကြောင့် မင်းကိုတွေ့ဖို့လာခဲ့တာ။

ကိုယ့်ကိုယ်ကို အားကိုးပြီး ဒီကြယ်ကောင်းကင်အောက်မှာ အသန်မာဆုံး ကျွမ်းကျင်သူ ဖြစ်လာရမယ်!" စကားပြောပြီးသည်နှင့် တစ်ပြိုင်နက် အန်နန်ကျင်းက နောက်ပြန်လှည့်ကာ ထွက်ပေါက်ဆီသို့ လျှောက်သွားသည်။

အန်နန်ကျင်း ခန်းမထဲက ထွက်သွားတော့မည့်အချိန်မှာပဲ လူလတ်ပိုင်းအရွယ်အဘိုးအိုက ရုတ်တရက် ပြောလာသည်။ "သမီးငယ်လေး၊ ဒီကြယ်ရောင်ကောင်းကင်အောက်မှာ အသန်မာဆုံးသူဖြစ်ဖို့ ရည်ရွယ်ချက်က ဘာလဲ?"

အန်နန်ကျင်းက ထိုစကားကိုကြားသောအခါ
ရပ်တန့်သွားပြီးနောက် သူမ၏မျက်လုံးထဲ၌
စိတ်လှုပ်ရှားမှုများ တလက်လက်တောက်ပလာသည်။

သူမက နောက်ပြန်လှည့်ကာ
သက်လတ်ပိုင်းအဘိုးအိုအား ငေးကြည့်နေလိုက်သည်။

သက်လတ်ပိုင်းအဘိုးအိုက ပြုံးပြီးဆက်ပြောလေသည်။
"သိုင်းတာအိုရဲ့လမ်းကြောင်းက

အကန့်အသတ်မရှိဘူး ။ တကယ်တော့၊ မင်း နဲ့
အခြားသော ပါရမီရှင်တွေအတွက်
ရည်မှန်းချက်တစ်ခုရှိတယ်ဆိုတာက ကိုယ့်ကိုယ်ကို
ချည်နှောင်ခြင်းတစ်မျိုးပဲ။

အဲဒီလို ချည်နှောင်ထားရင် မင်းရဲ့နှလုံးသားကိုလည်း ချည်နှောင်ထားခံရလိမ့်မယ်။
မင်းသဘောပေါက်သလား?"

အန်နန်ကျင်းက ခဏတာ လေးလေးနက်နက် စဉ်းစားပြီးနောက် သက်လတ်ပိုင်းအဘိုးအိုထံ ဦးညွှတ်ပြီး “လမ်းညွှန်မှုအတွက် ကျေးဇူးတင်ပါတယ်။ ဒီအချိန်ကစပြီး ငါအန်နန်ကျင်းမှာ ရည်မှန်းချက်မရှိဘူး။ သိုင်းတာအိုရဲ့လမ်းကြောင်းအတိုင်း ငါသွားလိုက်မယ်။ အဲဒီလမ်းက ဆုံးသွားပြီဆိုရင်တောင် ငါ့ဘဝ ဆုံးခန်းတိုင်အောင် လမ်းကြောင်းသစ်တစ်ခုကို ငါဖန်တီးမယ်။”

အဘိုးအို၏ မျက်လုံးထဲ၌

ချီးမွမ်းလိုသောအရိပ်အယောင်များ ပေါ်လာသည်။

“မင်းကတကယ်မဆိုးပါဘူး။ အသက်ငယ်ငယ်လေးနဲ့ "သန့်စင်သောနှလုံးသား"ကို ပိုင်ဆိုင်ထားပြီ။ ဒါ့အပြင် စိတ်ဆန္ဒ (၆) မျိုးကိုတောင် နားလည်ထားသေးတယ်။ အရေးအကြီးဆုံးကတော့ မင်းက စိတ်ဆန္ဒ (၆)မျိုးကို တစ်ဦးတည်းပိုင်ဆိုင်တဲ့ စိတ်ဆန္ဒတစ်ခုအဖြစ်ပေါင်းစပ်ထားတာပဲ။

ကလေး! မင်းက အရင်နှစ်တွေထက် အများကြီး ပိုထူးချွန်တယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ထောင်သောင်းချီတဲ့အချိန်တုန်းက "အနှောင်အဖွဲ့ကင်းမဲ့သူ"တစ်ယောက်ကသာ မင်းရဲ့သဘာဝလွန်အရည်အချင်းတွေနဲ့နှိုင်းယှဉ်နိုင်တယ်! ”

အန်နန်ကျင်းက ခေါင်းညိတ်ပြီး အဘိုးအို၏ ချီးမွမ်းမှုကို အေးအေးဆေးဆေး လက်ခံလိုက်သည် "အကြီးအကဲ၊ ဆေဘာဓားဂိုဏ်းရဲ့တည်ထောင်သူဘိုးဘေးကို သိတာလား"

"ဒါပေါ့!" သက်လတ်ပိုင်းအဘိုးအိုက ခေါင်းညိတ်ပြပြီး “လွန်ခဲ့တဲ့နှစ်တွေတုန်းကသူလည်း ဒီကိုလာခဲ့တယ်။ အဲဒီတုန်းကတော့ သူက ငါ့အမွေအနှစ်ကို အမွေဆက်ခံဖို့ လာမယ်လို့ ငါထင်ခဲ့ပေမဲ့ သူငါ့ကို စိန်ခေါ် ဖို့သက်သက်နဲ့ လာလိမ့်မယ်လို့ ငါဘယ်တုန်းကမှ မမျှော်လင့်ထားဘူး။"

"မင်းကို စိန်ခေါ်တာလား" လူလတ်ပိုင်းအရွယ်က ပြုံးပြီးဆက်ပြောလိုက်သည်။ “သူက မင်းနဲ့တူတယ်။ ဘာလို့လဲဆိုတော့ သူက အခြားတစ်ယောက်ရဲ့လမ်းစဉ်အတိုင်းလျှောက်လှမ်းဖို့နဲ့ အတွေ့အကြုံတွေကိုရယူဖို့စိတ်မဝင်စားဘူးလေ။ သူ့ကိုယ်ပိုင်လမ်းစဉ်ကိုပဲ ဖန်တီးချင်ခဲ့တာ။ သူ ငါ့ကို စိန်ခေါ်ရတဲ့ ရည်ရွယ်ချက်က သူ့ရဲ့စွမ်းတာအိုကို ပြီးပြည့်စုံအောင် လုပ်ဖို့ပဲ။ အဲဒါပြီးရင် ဘာဖြစ်သွားလဲဆိုတာ သူသိချင်နေပုံပဲလေ”

အန်နန်ကျင်းက အချိန်တော်တော်ကြာတိတ်ဆိတ်နေပြီးမှ စကားပြောလိုက်သည်။

"အကြီးအကဲ၊ မင်းတို့နဲ့
ဆေဘာဓားဂိုဏ်းရဲ့တည်ထောင်သူဘိုးဘေးက
အထွတ်အထိပ်တည်ရှိမှုတွေပါ။
အားလုံးသေသွားပြီလားဆိုတာ သိချင်မိတယ်"

အဘိုးအို၏ ပါးစပ်ထောင့်ရှိ အပြုံးသည် တဖြည်းဖြည်း
ပျောက်ကွယ်သွားပြီး အဝေးကို စူးစိုက်ကြည့်ကာ
ပြောလိုက်ပါသည်။ "ဒီ
ကမ္ဘာပေါ်မှာရှိတဲ့ တစ်ယောက်ယောက်က
သေခြင်းတရားကို ရှောင်နိုင်သလား"

အဘိုးအို၏လေသံက မှုန်ကုပ်ကုပ်နှင့် အကူအညီမဲ့သော
နာကြည်းမုန်းတီးမှုများသယ်ဆောင်လာခဲ့သည်။

ခဏအကြာတွင် သူ၏အကြည့်များသည် အန်နန်ကျင်းဆီသို့ တစ်ဖန်ပြန်ဆင်းလာကာ "ဒီမှာ အမွေအနှစ်စုစုပေါင်း (၂၃) ခုရှိတယ်။ တခြားတစ်ယောက်ရဲ့ ခွန်အားကို ပိုင်ဆိုင်ဖို့ စိတ်မဝင်စားတာကို ငါ နားလည်ပါတယ်။

ဒါပေမယ့် မင်းက နည်းစနစ်အသစ်တွေကိုဖန်တီးနိုင်ဖို့ ဒီအမွေအနှစ်ရုပ်တု (၂၃) ခုရဲ့ အနှစ်သာရကို အသုံးချနိုင်တယ်။

ဒါ့အပြင် အတွေ့အကြုံတွေ ချို့ယွင်းချက်တွေကိုပြီးပြည့်စုံအောင် သူတို့ရဲ့တိုက်ပွဲအတွေ့အကြုံကို လေ့လာစမ်းစစ်နိုင်တယ်။ ဒီနေရာမှာ အမွေအနှစ်လို့ ခေါ်တဲ့ အမွေအနှစ်တွေက ငါတို့ရဲ့ ခွန်အားကို ရရှိနိုင်တဲ့ အမွေအနှစ်တွေမဟုတ်ဘူး။

ငါတို့ဆီကနေ မင်းလိုအပ်တဲ့ အရာတွေကို ရယူဖို့ပဲလေ။ နားလည်လား?"

"အကြီးအကဲက ငါ့ကို သိုင်းနတ်ဘုရား (၂၃) ပါးစလုံးရဲ့ အမွေအနှစ်ကို ဆက်ခံစေချင်သလား" အန်နန်ကျင်းက အံ့သြသွားသည်။

အမှန်စင်စစ်
ဆန်းကြယ်တိုက်ကြီး၏သမိုင်းတစ်လျှောက်လုံး သိုင်းနတ်ဘုရား (၂၃) ပါးစလုံး၏ အမွေအနှစ်ကို ရယူခဲ့သော သိုင်းနတ်ဘုရား တစ်ပါးမှ မရှိခဲ့ပေ။

အဘိုးအိုက ခေါင်းညိတ်ပြပြီး "သိုင်းနတ်ဘုရားတွေရဲ့ အမွေအနှစ်လို့ ခေါ်တဲ့ ဒီအမွေအနှစ်တွေက

မင်းနောက်ပိုင်းမှာ ဆက်လက်တည်ရှိတော့မှာ မဟုတ်ဘူး။ မင်း အမွေအနှစ်ဘယ်လောက်ရနိုင်မလဲ ဆိုတာ မင်းရဲ့ကံကြမ္မာပေါ် မူတည်တယ်!”

အဘိုးအိုက စကားပြောပြီးသည်နှင့်တစ်ပြိုင်နက် နောက်ထပ် ပုံရိပ်ယောင် (၂၂) ဦး ပေါ်လာသည်…။

……

နဝမမြောက်ငရဲဘုံ။

ယန်ယွဲ့သည်

နဝမမြောင်ကရဲမှစိတ်ဝိညာဉ်များကိုအရှူးတစ်ယောက် အလားလိုက်လံဖမ်းဆီးကာဝါးမြိုနေခဲ့၏။

နောက်ထပ် ရက်အနည်းငယ်အတွင်း သူ၏
သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒက အဆင့် ၇
သို့ရောက်ရှိတော့မည်ဟု ခံစားမိလိုက်သည်။

ယန်ယွဲ့သည် ဖမ်းမိထားသော
စိတ်ဝိညာဉ်အလင်းလုံးများထဲမှ တစ်ခုကို
မျိုချလိုက်ပြီးနောက်တစ်ကြိမ် ရှာဖွေရန်ပြင်လိုက်၏။

သို့သော်လည်း ဤအခိုက်အတန့်တွင် သူ့နောက်ကွယ်၌
အနက်ရောင်အရိပ်တစ်ခု
ရုတ်တရက်ပေါ်လာသည်ကိုသတိပြုမိလိုက်ပါသည်။

အနက်ရောင်အရိပ်က ယန်ယွဲ့ကို ဦးညွှတ်ကာ
"ဓားသခင်၊ နောက်ဆုံးတော့ မင်းကိုတွေ့ပြီ!"

ယန်ယဲ့က နောက်ပြန်လှည့်ကြည့်လိုက်ရာ အနက်ရောင်အရိပ်ကို မှတ်မိသွား၏။ ဒီလူ၏နာမည်က လော့ရှမ် ဖြစ်ပြီး ၎င်း၏ခွန်အားက လုံဂျွန်နှင့်လုံယင်ထက်ပင်အနည်းငယ်သာလွန်ပေသည်။

"မင်းတစ်ခုခုလိုအပ်သလား?" ယန်ယဲ့က အနက်ရောင်ဝတ် လော့ရှမ်ကို မေးလိုက်လေသည်။

လော့ရှမ်က ခေါင်းညိတ်လိုက်ပြီး "ဆားသခင်၊ မကြာသေးမီက ရှေးဟောင်းဒိုမိန်းမြို့မှာဖြစ်ပွားခဲ့တဲ့ အဓိက အဖြစ်အပျက်တစ်ခုကိုတင်ပြစရာရှိတယ်။" ထို့နောက် လော့ရှမ်က ရှေးဟောင်းဒိုမိန်းမြို့ အပြင်ဘက်တွင် မိုခေးလုပ်ဆောင်နေသောအရာများကို ဖြည်းညှင်းစွာ ရှင်းပြသည်။

ခဏအကြာတွင် ယန်ယဲ့က ခေါင်းညိတ်လိုက်ကာ “ကောင်းပြီ၊ ငါနားလည်ပါတယ်။အခုတော့ မင်းထွက်သွားနိုင်ပြီ!"

ယန်ယဲ့ပြောလိုက်သောစကားကြောင့်လော့ရှမ်က အံ့အားသင့်သွားပြီး “ဓားသခင်၊ မိုခေးကိုဆက်ပြီး မောက်မာစွာ ပြုမူခွင့်ပြုဖို့ ဖြစ်နိုင်ပါ့မလား။ ဟုတ်တယ်၊ ငါ မင်းကို အပြစ်တင်ဖို့ ရည်ရွယ်ချက်မရှိပါဘူး။ မိုခေးနဲ့ နတ်ဆိုးမျိုးနွယ်ရဲ့ အပေါင်းအပါတွေက တကယ့်ကို မာနကြီးလွန်းပြီး မင်းကိုသတ်ဖို့တောင် ကြွားလုံးထုတ်နေကြတယ်။ ဒါဆို....”

ယန်ယဲ့က ခေါင်းခါပြီး "မိုးခေးကို ကြောက်လို့ သွားဖို့ ငြင်းပယ်တာမဟုတ်ဘူး။ မလိုအပ်လို့ဘဲ။

ငါအဲလောက်မလွတ်လပ်ဘူး။

လူသားကျွမ်းကျင်သူတွေကို သတ်ဖြတ်တဲ့ သူတို့ရဲ့ လုပ်ရပ်နဲ့ ပတ်သက်ပြီးတော့ ဒါဟာ ငါယန်ယဲ့နဲ့ လုံးဝ မသက်ဆိုင်ဘူး။ အားနည်းလို့အသတ်ခံရတာ ဘယ်သူ့ကို အပြစ်တင်နိုင်မှာလဲ?

ကျန်တဲ့လူသားကျွမ်းကျင်သူတွေနဲ့ပတ်သက်ရင် သူတို့ကို ဘာမှဂရုစိုက်စရာမလိုဘူး။ သူတို့သာ ငါယန်ယဲ့ကို ဒေါသထွက်ရဲရင် မိုးခေးမလုပ်ခင် ငါကိုယ်တိုင်သတ်ပစ်မယ်!"

လော့ရှမ်၏ နှလုံးသားက ချက်ချင်း အေးခဲသွားသည်။

အခုအချိန်တွင်တော့ ၎င်းတို့၏ခေါင်းဆောင်က ဘယ်လိုလူအမျိုးအစားဖြစ်ကြောင်းရှင်းရှင်းလင်းလင်း နားလည်သွားပြီဖြစ်သည်။

၎င်းက မျက်တောင်မခတ်ဘဲ အစုလိုက်အပြုံလိုက် သတ်ဖြတ်ရဲသူပင်။

ထိုနေ့ကပင် သူတို့၏ ဆရာသခင်က အမြင်ကဲပြားမှုကြောင့် ဒေါင်ဝူအဖွဲ့ချုပ်မှ အဖွဲ့ဝင်အချို့ကိုပင် သတ်ပစ်ခဲ့သည်။

လော့ရှမ်က ခေါင်းယမ်းပြီး ယန်ယဲ့ကို ဦးညွှတ်လိုက်သည်။ ထို့နောက် သူသည် တခဏမျှ တုံ့ဆိုင်းသွားပြီး "ဆရာသခင်၊ မိုခေးကမင်းနဲ့အတူ

နတ်ဆိုးမျိုးနွယ်ရဲ့အပေါင်းအပါတွေကို သတ်ခဲ့တဲ့ တောင်ပိုင်းနယ်မြေက လူသားကျွမ်းကျင်သူတချို့ကို ရှာတွေ့ခဲ့ပုံရတယ်။

သူက ရှေးဟောင်းဒိုမိန်းမြို့မှာ နတ်ဆိုးမျိုးနွယ်ဝင်တွေအားလုံးကို စုစည်းပြီး စတင်သတ်နေပြီ။ မြို့တော်ထဲမှာ တိုက်ခိုက်သတ်ဖြတ်တာမလုပ်နိုင်ပေမယ့် တောင်ပိုင်းနယ်မြေရဲ့ လူသားကျွမ်းကျင်သူတွေကို နှိပ်စက်ဖို့နည်းလမ်းကလွယ်ကူတယ်လေ။”

ဒီစကားကိုကြားလိုက်သည့်အခါ ယန်ယွဲ့က ချက်ချင်းမျက်မှောင်ကြုတ်သည်။ “ဒီလိုဆိုမှတော့ ညီအစ်ကိုတွေအားလုံးကိုစုပြီး ရှေးဟောင်းဒိုမိန်းမြို့ကို ပြန်သွားကြမယ်။”

သူသည် အခြားသော လူသားကျွမ်းကျင်သူများ၏ ကံကြမ္မာကို ဂရုမစိုက်ပေ။သို့သော် ထိုနေ့က သူနှင့်အတူ နတ်ဆိုးမျိုးနွယ်ဝင်များကို သတ်ပစ်ခဲ့သော တောင်ပိုင်းနယ်မြေမှ ကျွမ်းကျင်သူများ၏ ကံကြမ္မာကို ဂရုစိုက်နေခဲ့သည်။

နောက်ဆုံးတွင်၊ ၎င်းတို့အားလုံးက တိုက်ပွဲအတွင်း သူ၏ ညီအစ်ကိုများဟု ဆိုနိုင်သည်။ထို့အပြင် သူသည် ၎င်းတို့အား ပုန်းကွယ်နေသောနဂါးစေတီထဲသို့ ကျိန်းသေ ပို့ဆောင်မည်ဟု ကတိပြုထားခဲ့၏။

သူသည် လူကြီးလူကောင်းမဟုတ်သော် လည်း သူပြောခဲ့သည့်စကားများအတွက် တာဝန်ယူဆဲပင်။

တစ်ဖက်တွင် လော့ရှမ်က ယန်ယဲ့ပြောလိုက်သည်ကို ကြားလိုက်ရာ စိတ်လှုပ်ရှားသောအမူအရာတစ်ခုကို ချက်ချင်းထုတ်ဖော်လိုက်သည်။

သူ့စိတ်ထဲ၌ မိုခေးနှင့် နတ်မျိုးနွယ်ဝင်များ၏ လုပ်ရပ်ကြောင့် အလွန်မကျေမနပ်ဖြစ်နေခဲ့သည်။

သို့သော် ယန်ယဲ့၏ အမိန့်မရသောကြောင့် လုပ်ဆောင်ရဲခြင်းမရှိပေ။

ယခုတော် နောက်ဆုံးတွင် ယန်ယဲ့ထံမှခွင့်ပြုချက်ရပြီဖြစ်ရာ နတ်ဆိုးမျိုးနွယ်ဝင်များကိုသတ်ဖြတ်နိုင်ပြီမဟုတ်ပါလား ။

သူ၏မျက်လုံးထဲ၌ စိတ်လှုပ်ရှား၊ပျော်ရွှင်သောအရိပ်အယောင်များ ထွက်ပေါ်လာခဲ့သည်။

......။

ရှေးဟောင်းဒိုမိန်းမြို့အပြင်ဖက်။

တောင်ပိုင်းနယ်မြေမှ လူသားကျွမ်းကျင်သူ ဒါဇင်အနည်းငယ်က မြို့ဝင်ပေါက်ရှေ့၌ ချုပ်နှောင်ထားခံခဲ့ရသည်။

၎င်းတို့သည် ထိုနေ့တွင် ယန်ယဲ့နှင့်အတူပူးပေါင်းပြီး နတ်ဆိုးမျိုးနွယ်ဝင်များကိုသတ်ဖြတ်ခဲ့သော လူသားကျွမ်းကျင်သူအုပ်စုတစ်ခုမှဖြစ်သည်။

၎င်းတို့သည် မူလက မြို့တွင်း၌သာ နေထိုင်ကြခြင်းပင်။

သို့သော် ကံမကောင်းစွာပဲ
မိုခေးကကောင်းကင်ဝင်ပေါက်ကို စိန်ခေါ် ပြီး
၎င်းတို့အားလုံးကို မြို့ပြင်သို့
ဖမ်းဆီးခေါ်ဆောင်လာခဲ့၏။

အဘယ်ကြောင့်ဆိုသော် ကောင်းကင်ဝင်ပေါက်ကို
ဖြတ်ကျော်နိုင်သူက အထူးအခွင့်အရေးများစွာကို
ရရှိခြင်းကြောင့်ပါ။

ထိုအထူးအခွင့်အရေးများထဲမှတစ်ခုမှာ
သေမျိုးဝင်ပေါက် နှင့် ခွေးတိုးပေါက်မှတစ်ဆင့်
မြို့ထဲသို့ဝင်ရောက်ခဲ့သော လူသားကျွမ်းကျင်သူများကို
စိတ်တိုင်းကျနှိပ်စက်ညှင်းပန်းနိုင်သည်။

ကံမကောင်းစွာပဲ၊ တောင်ပိုင်းနယ်မြေမှ
လူသားကျွမ်းကျင်သူအားလုံး ထိုအချက်များနှင့်
ကိုက်ညီနေခဲ့၏။

ဒီတစ်ကြိမ်မှာတော့ မိုခေးက လျှောင်ပြုံးပြုံးလိုက်ကာ
အေးစက်စက် အမိန့်ပေးလိုက်သည်။ "သတ်ပစ်လိုက်!"

သို့သော်လည်း။

ဤအခိုက်အတန့်တွင် ခရမ်းရောင်အလင်းတန်းများက
မိုးကုပ်စက်ဝိုင်းကိုဖြတ်၍
တဖျပ်ဖျပ်လင်းလက်တောက်ပလာကာ မြို့အဝင်ဝသို့
လူပုံရိပ်တစ်ခု ဆင်းသက်လာသည်။

"မင်းငါ့ကိုလိုက်ရှာနေတာကြားလို့ ငါယန်ယွဲ့ အခုရောက်လာပြီ။"

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၆၅ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၆၅)] –မင်းငါ့ကိုမယုံဘူးလား။

ယန်ယွဲ့သည် ဓားတစ်လက်ကိုကိုင်ထားရင်း
မိုခေးကိုစူးစိုက်ကြည့်နေသည်။

မြို့ရိုးပေါ် ရှိ လူသားကျွမ်းကျင်သူများလည်း
ယန်ယွဲ့ကိုမြင်လိုက်သည့်အခါ ရုတ်ရုတ်သဲသဲ
ဖြစ်သွားကြ၏။

ပြောရမည်ဆိုလျှင် သူတို့က ယန်ယွဲ့ကို အမှန်တကယ်
ထွက်ပေါ်လာဝံ့မည်ဟု မမျှော်လင့်ထားခဲ့ကြပေ။

နောက်ဆုံးတော့ မိုခေးနှင့် နတ်ဆိုးမျိုးနွယ်ဝင်များ၏
ခွန်အားက
ယန်ယွဲ့တစ်ယောက်တည်းဖြင့်ရင်ဆိုင်နိုင်သောအရာမ
ဟုတ်ပေ။

သို့သော် လူတိုင်း ယန်ယွဲ့အနေဖြင့်
သူ့ကိုယ်သူပြသလိမ့်မည်ဟု မထင်ထားကြပေ။

မြို့ ရိုးရှေ့တွင်ချုပ်နှောင် ခံထားရသော
တောင်ပိုင်းနယ်မြေမှ လူသားကျွမ်းကျင်သူများက
ယန်ယွဲ့ကို တွေ့လိုက်သောအခါ သူတို့၏နှလုံးသားများ
ခံစားသွားရသည်။

သူတို့၏မျက်လုံးထဲ၌
စိတ်လှုပ်ရှားနေသောအရိပ်အယောင်များ ဖုံးဖိမရ
ထွက်ပေါ်လာလာခဲ့သည်။

မူလက သူတို့၏စိတ်ထဲတွင် ယန်ယွဲ့ဟာ
အကျိုးအမြတ်မရှိပါဘဲ ထွက်ပေါ်လာမည်မဟုတ်ဟု
ထင်ထားခဲ့သည်။

တစ်ဖက်၌ မိုခေးက ယန်ယဲ့ကိုမြင်လိုက်သောအခါ မျက်လုံးများ ကျဉ်းမြောင်းသွား၏။ တစ်တက်ဆည်း သူ့မျက်လုံးများထဲ၌ သတ်ဖြတ်ခြင်းစိတ်ဆန္ဒများတဟုန်ထိုးထွက်ပေါ်လာ လေသည်။

ရုတ်တရက် သူ၏ခန္ဓာကိုယ်မှ ပြင်းထန်သောနတ်ဆိုးစွမ်းအင်ကြိုးများ ပေါက်ကွဲထွက်လာခဲ့၏။

ရှမ်း.....

ဤအခိုက်အတန့်တွင် ဖမ်းဆီးခံထားရသော တောင်ပိုင်းနယ်မြေမှ

လူသားကျွမ်းကျင်သူများ၏ဘေးနား၌ရပ်နေသောနတ်ဆိုးမျိုးနွယ်ဝင်များနောက်တွင် အနက်ရောင်လူရိပ် ၁၀ ဦး ရုတ်တရက် ပေါ်လာသည်။
ထို့နောက်အနည်းငယ်ကျယ်လောင်သောခုတ်ပိုင်းသံများနှင့်အတူ သွေးစီးကြောင်း ၁၀ ခုကျော် ဖျန်းခနဲလွင့်စင်သွားသည်။

ရုတ်တရက် ထွက်ပေါ်လာသော အနက်ရောင် လူရိပ် ၁၀ ဦး၏ လှုပ်ရှားမှုက အလွန်လျင်မြန်သည်။

အချိန်တစ်မိနစ်ပင်မကြာလိုက်ပေ၊
အနက်ရောင်လူရိပ်များက နတ်ဆိုးမျိုးနွယ်ဝင်များ၏ လည်ပင်းကို လှီးဖြတ်လိုက်ကြသည်။

တောင်ပိုင်းနယ်မြေမှ လူသားကျွမ်းကျင်သူများကို ကယ်တင်ပြီးနောက် အနက်ရောင် လူရိပ်များက နေရာမှာပင် ရုတ်ချည်းပျောက်ကွယ်သွား၏။

တောင်ပိုင်းနယ်မြေမှ
လူသားကျွမ်းကျင်သူများသည်လည်း
လူမိုက်များမဟုတ်ချေ။

အားလုံးက ချက်ချင်းပြေးတက်လာပြီး
ယန်ယဲ့၏နောက်ကွယ်တွင်ရပ်လိုက်ကြသည်။

သူတို့က နတ်ဆိုးမျိုးနွယ်၏ အဖွဲ့ဝင်များကို
ဒေါသတကြီးစိုက်ကြည့်ရင်း
အမှောင်ရတနာလက်နက်များကို ကိုယ်စီ
ဆွဲထုတ်လိုက်ပါသည်။

ထိုအချိတ်တွင်,

မိုခေးက သူ့မျက်စိရှေ့၌ နတ်ဆိုးမျိုးနွယ်ဝင်များ လုပ်ကြံသတ်ဖြတ်ခြင်းခံလိုက်ရသည်ကို မြင်သောအခါ အလွန်အမင်း ဒေါသထွက်သွားလေတော့သည်။

ဝုန်း

သူ၏ခန္ဓာကိုယ်မှနတ်ဆိုးစွမ်းအင်များကိုထုတ်ဖော်လိုက် ကာလက်ထဲတွင်ကိုင်ထားသော ငရဲနတ်ဘုရားလှံကိုအဆက်မပြတ်ဝှေ့ယမ်းပြီး ယန်ယွဲ့ဆီသို့ လျှပ်တစ်ပြက်ပစ်လွှတ်လိုက်လေသည်။

တစ်ချိန်တည်းမှာပဲ သူ့ပုံရိပ်က ငရဲနတ်ဘုရားလှံ၏နောက်ကွယ်ကနေ ပျံသန်းလိုက်လာခဲ့သည်။

ယန်ယဲ့၏မျက်လုံးများသည် အနည်းငယ်
ကျဉ်းမြောင်းသွားကာ မျက်လုံးထဲ၌
ရက်စက်ကြမ်းကြုတ်သော အမူအရာများ
မှိတ်တုတ်မှိတ်တုတ် ထွက်ပေါ်လာသည်။

ဝှစ်။

သူ့လက်ထဲမှ ဓားကို တစ်ချက်ယမ်းပြီး
ငရဲနတ်ဘုရားလှံကို ကန့်လန့်ဖြတ်ပိုင်းချသည်။

သူ၏လက်ကောက်ဝတ်က
အနည်းငယ်ရွေ့လျားသွားကာ လက်ထဲမှဓားက
အဆက်မပြတ်တုန်ခါလာလာပြီး
ဓားပုံရိပ်များစွာခွဲထွက်သွားလေသည်။

ဘန်း!

မြေကမ္ဘာအဆင့်မြင့်ဓားက
ငရဲနတ်ဘုရားလုံနှင့်ပိုင်းချသွားပြီးနောက်
မရေတွက်နိုင်သော အပိုင်းအစများအဖြစ်
ပေါက်ကွဲထွက်သွားသည်။

ထိုမြင်ကွင်းကြောင့် ယန်ယဲ့က ချက်ချင်းဆိုသလိုပင်
မျက်မှောင်ကြုတ်လိုက်မိသည်။သူ့စိတ်ထဲ၌
ငရဲနတ်ဘုရားလုံက
အလွန်ပင်ကြောက်စရာကောင်းလိမ့်မည်ဟု
မမျှော်လင့်ထားပေ။

ထိုအခိုက်တွင် မိုခေးက လှံနောက်သို့ ရောက်ရှိလာပြီး
လက်ကိုဆန့်ထုတ်ကာ လှံလက်ကိုင်ရိုးကို
ဖမ်းဆုပ်လိုက်ကာ ယန်ယွဲ့၏ ရင်ဘတ်ဆီသို့
လျင်မြန်စွာထိုးသွင်းလိုက်သည်။

သို့သော် ယန်ယွဲ့၏ခန္ဓာကိုယ်က ဘေးဖက်သို့
လျှောထွက်သွားကာ
မြေပြင်ပေါ်သို့တစ်ပါတ်လှိမ့်ရှောင်သည်။

ထို့နောက် ယန်ယွဲ့က ရုတ်တရက် ခုန်ထကာ
မြေပြင်ကိုတစ်ချက်စောင့်နင်းပြီး ရှေ့သို့ တစ်ဟုန်ထိုး
ခုန်ဝင်လာသည်။

ယန်ယဲ့သည် လျှပ်စီးတန်းတစ်ခုအလား အရှိန်ဖြင့်
မိုခေး၏ရှေ့တွင် ချက်ချင်းရောက်လာကာ
ကျယ်လောင်စွာအော်ဟစ်ပြီး မိုခေး၏ ရင်ဘတ်ကို
လက်သီးဖြင့်အားကုန်ထိုးချလိုက်လေသည်။

လက်သီးချက်က လေထုကို ထိုးခွဲသွားကာ
လမ်းကြောင်းတစ်လျှောက် လေထုပေါက်ကွဲသံများ
အဆက်မပြတ်ထွက်ပေါ်လာခဲ့သည်။

ယန်ယဲ့က
လက်သီးချည်းသက်သက်ဖြင့်တိုက်ခိုက်လာသည်ကို
မြင်လိုက်သောအခါ မိုခေး၏ မျက်လုံးထဲ၌
အထင်အမြင်သေးမှုများ ထွက်ပေါ်လာသည်။

"ဒီယန်ယွဲ့က လက်သီးကိုသုံးပြီး ငါ့ခွန်အားကို အကဲဖြတ်ချင်နေတာများလား?"

ထို့နောက် သူသည်လည်း တုံ့ဆိုင်းမနေပေ။ ဘယ်ဖက်လက်ကိုဆန့်ကာလက်သီးအဖြစ်ပြောင်းလဲပြီး ယန်ယွဲ့၏လက်သီးကိုတန်ပြန်ထိုးချလိုက်သည်။

ဘန်း!

လက်သီးနှစ်ခု
ထိပ်တိုက်တွေ့သွားကာပြင်းထန်သောပေါက်ကွဲသံကြီး တစ်ခု ထွက်ပေါ်လာသည်။

ရုတ်တရက်ဆိုသလိုပဲ မိုခေးက ထူးထူးခြားခြား
မျက်မှောင်ကြုတ်သွား၏။

လက်သီးချက်နှစ်ခုရင်ဆိုင်ပြီးနောက် ယန်ယဲ့၏
ခွန်အားသည် အမှန်တကယ်
ကြောက်မက်ဖွယ်ကောင်းကြောင်း ခံစားမိခဲ့သည်။

ယန်ရီ၏လက်သီးနှင့် ထိလိုက်သည်နှင့် မိုခေးက
မျက်မှောင်ကြုတ်လိုက်သည်။

သို့သော် တစ်ချိန်တည်းမှာပဲ ပုံရိပ်နှစ်ခုကရှေ့ကို
ပေါက်ကွဲထွက်လာပြန်သည်။

ဤတစ်ကြိမ်မှာတော့ မိုခေးက
ငရဲနတ်ဘုရားလုံ့ကိုပြန်သိမ်းလိုက်ကာ
လက်သီးချက်တစ်ချက်ထုတ်ဖော်လိုက်၏။

မိုခေးက သူ၏လက်သီးကို ရိုးရှင်းသောပုံစံဖြင့်သာ
ရှေ့သို့ ထိုးလိုက်သည်။

သို့သော်လည်း လက်သီးချက်မှ
ဖြာထွက်လာသောစွမ်းအားလှိုင်းက
အလွန်ကြောက်မက်ဖွယ်ရာပင်။

လက်သီးချက်ဖြတ်သွားသည့်နေရာတိုင်းလေထုတစ်ခု
လုံး အပြင်းအထန်တုန်ခါသွား၏။

ယန်ယွဲ့သည် မိုခေး၏ တိုက်ခိုက်မှုကို
ရှောင်တိမ်းခြင်းမပြုပေ။

သူ၏ခန္ဓာကိုယ်မှ
ခရမ်းရောင်စုံချီစွမ်းအင်များပေါက်ကွဲလာပြီး၊
သူ့လက်သီးပေါ်၌

ခရမ်းရောင်အလွှာပါးပါးလေးတစ်ခုဖုံးလွှမ်းသွားခဲ့သည်
။

ထို့နောက် ယန်ယဲ့က တုံ့ဆိုင်းခြင်းမရှိဘဲ၊
သူ၏ညာလက်သီးကို ရှေ့သို့ဆန့်ထုတ်ကာ
မိုခေး၏လက်သီးချက်နှင့်
တန်ပြန်ထိုးနှက်လိုက်လေသည်။

ဘန်း!

လက်သီးချက်နှစ်ခု ရင်ဆိုင်တွေ့သည်နှင့် တစ်ပြိုင်နက်
ကြောက်မက်ဖွယ်ရာ အားလှိုင်းများ ရုတ်ချည်း
လွင့်စင်လာကာ နှစ်ဦးလုံး အသီးသီး
နောက်ပြန်ဆုတ်လိုက်ရသည်။

မိုခေး၏ခန္ဓာကိုယ်က အနည်းငယ်တုန်ခါသွားပြီး နောက်သို့ခြေ ၁၂ လှမ်းခန့်ပြန်ဆုတ်လိုက်ကာ ယန်ယဲ့ကတော့ ၁၃ လှမ်းနီးပါးနောက်ပြန်ဆိုက်လိုက်ရလေသည်။

အဆိုပါမြင်ကွင်းကြောင့် နတ်ဆိုးမျိုးနွယ်ဝင်များလည်း အလွန် အံ့အားသင့်တုန်လှုပ်သွားကြသည်။

လူသားကျွမ်းကျင်သူတစ်ဦးက မိုခေး နှင့် ရုပ်ခန္ဓာခွန်အားချင်း တန်းတူယှဉ်ပြိုင်နိုင်သည်လား?

အမှန်စင်စစ်၊ နဂါးမျိုးနွယ်၏ ထိပ်သီးပါရမီရှင်ယင်လုံ၏ရုပ်ခန္ဓာခွန်အားသည်ပင် မိုခေးနှင့် မယှဉ်နိုင်ပေ။

မြို့ရိုးပေါ် ရှိ လူသားကျွမ်းကျင်သူများကတော့
တိတ်ဆိတ် ငြိမ်သက်နေကြသည်။

တစ်ဖန် ယန်ယဲ့ကို စိုက်ကြည့်ရင်း ၎င်းတို့၏
မျက်လုံးများက ထိတ်လန့်တုန်လှုပ်နေကာ
မယုံကြည်မှုများ ပြည့်နှက်နေသည်။

၎င်းတို့ထဲမှ အများစုက ထိုနေ့တွင် မိုခေး နှင့်
ယန်ယဲ့ကြားမှတိုက်ပွဲကို မြင်တွေ့ခဲ့ရ၏။

ထိုအချိန်တွင် ယန်ယဲ့၏ ရုပ်ခန္ဓာခွန်အားက မိုခေးထက်
များစွာ နိမ့်ကျခဲ့သည်။

ယခုမူ လအနည်းသာကြာပြီးနောက် ယန်ယဲ့၏
ရုပ်ခန္ဓာခွန်အားက မိုခေး နှင့် ယှဉ်နိုင်သည်အထိ
ကြောက်စရာကောင်းနေသည်မဟုတ်ပါလား။

လူအတော်များများက ယန်ယဲ့ကို
ဖမ်းဆီးရန်ကြံစည်ခဲ့သောအတွေးများကို
ပြန်စဉ်းစားမိပြီး ၎င်းတို့၏
ခန္ဓာကိုယ်များကချက်ချင်းပင်အပြင်းအထန်တုန်လှုပ်
သွားကြသည်။

လူတိုင်းက လူမိုက်များမဟုတ်ချေ။ အကယ်၍
ယန်ယဲ့ကို လိုက်လံဖမ်းဆီးပါက
သေလမ်းရှာခြင်းနှင့်အတူတူပင်ဖြစ်သည်လေ။

"မင်းက ကောင်းကင်နတ်ဆိုးခန္ဓာကိုယ်ကို
အောင်အောင်မြင်မြင်နဲ့ လေ့ကျင့်နိုင်ခဲ့ပြီထင်တယ်!"
မိုခေးက ယန်ယဲ့ကို စိုက်ကြည့်ရင်း “မင်းက ငါ့ကို
တကယ်ကို အံ့သြသွားစေတယ်။
ဒီလောက်အချိန်တိုတိုလေးအတွင်းမှာတောင်
ကောင်းကင်နတ်ဆိုးခန္ဓာကိုယ်ကို
အတိုင်းအတာတစ်ခုအထိ လေ့ကျင့်နိုင်ခဲ့တယ်ပေါ့။
ဒါပေမယ့် မင်းက သေရမှာပါပဲလေ။ သို့သော်
သင်သေရဆဲဖြစ်သည်။ ငါ့နတ်ဆိုးမျိုးနွယ်ဝင်တွေကို
သတ်တဲ့သူတွေ သေရမယ်!" စကားဆုံးသည်နှင့်
မိုခေး၏ ခန္ဓာကိုယ်မှ နတ်ဆိုးစွမ်းအင်များ တဟုန်ထိုး
ပေါက်ကွဲထွက်လာသည်။

နတ်ဆိုးစွမ်းအင်များက တဖြည်းဖြည်း စိမ့်ထွက်နေကာ မိုခေး၏ ခေါင်းအထက်တွင် ရောမ ခွေးနက်ကြီးတစ်ကောင်အဖြစ်ဖွဲ့စည်းသည်။

ခွေးနက်ကြီးက မီတာ ၃၀ ကျော် မြင့်မားပြီး ၂၅ မီတာနီးပါး ကြီးမား၏ယ

၎င်း၏မျက်လုံးများသည် လက်သီးစုပ်အရွယ်ခန့်ရှိပြီး အနက်ရောင်အလင်းတန်းများ တလက်လက် တောပနေလေသည်။

၎င်း၏ ခြေသည်းများက အေးစက်စက်အငွေ့အသက်များ ထုတ်လွှတ်နေကာ သိပ်သည်းသော နတ်ဆိုးစွမ်းအင်များဖြင့် ပြည့်နှက်နေသည်။

ကြောက်စရာအကောင်းဆုံးမှာတော့
ခွေးနက်ကြီး၏ခန္ဓာကိုယ်ကို
နတ်ဆိုးစွမ်းအင်ကြိုးမျှင်များဖြင့် ဖုံးလွှမ်းထားခြင်းပါ။

နတ်ဆိုးစွမ်းအင်ကြိုးမျှင်များက အသက်ရှင်နေပုံရ၏။
ခွေးနက်ကြီး၏ခန္ဓာကိုယ်ပေါ်၌
အဆက်မပြတ် လှုပ်ရှားနေပါသည်။
၎င်းက အလွန်ကို ထူးဆန်းသော မြင်ကွင်းတစ်ခုပါ။

"အဲဒါ အစ်ကိုကြီးရဲ့နတ်ဆိုးသားရဲ !"
နတ်ဆိုးမျိုးနွယ်ဝင်များက ခွေးနက်ကြီးကိုမြင်သောအခါ
အလိုအလျောက် အော်ဟစ်လိုက်ကြသည်။

နတ်ဆိုးနယ်မြေ၌ နတ်ဆိုးမျိုးနွယ်များအပြင်
အမှောင်မှော်သားရဲ နှင့် ဆင်တူသော သတ္တဝါများလည်း
ရှိသေး၏။

၎င်းတို့ကို နတ်ဆိုးသားရဲများဟူ၍ ခေါ်ဆိုသည်။

၎င်းတို့က အမှောင်မှော်သားရဲများထက်ပင်
ပို၍ကြောက်စရာကောင်းသည်။

အဘယ်ကြောင့်ဆိုသော်၊

၎င်းတို့သည် အလွန်ရက်စက်ကြမ်းကြုတ်ပြီး
အသက်ရှင်ရပ်တည်ရန်အတွက် ကိုယ့်မျိုးနွယ်ကိုပင်
သတ်ဖြတ်တတ်သောကြောင့်ပါ။

၎င်းတို့က မျိုးနွယ်တူ အခြားနတ်ဆိုးသားရဲများကို
သတ်ဖြတ်ပစ်ကြသည်။

ထို့အပြင်၊ အင်အားကြီးသူသယ လေးစားခံရခြင်း၏ သဘောတရားက နတ်ဆိုးသားရဲများ လောက၌ ပို၍ပင် ပြတ်ပြတ်သားသား ပေါ်လွင်ခဲ့သည်။

ထို့ကြောင့် ခွန်အားနိမ့်ကျသူများကသေချာပေါက် အစားခံရပေလိမ့်မည်။

ထို့ကဲ့သို့ ပတ်ဝန်းကျင်တွင် ကြီးပြင်းလာခဲ့သော နတ်ဆိုးသားရဲများ၏ ခွန်အားနှင့် ရက်စက်ကြမ်းကြုတ်မှုက သာမန်လူများအတွက် လုံးဝ စိတ်ကူးမယဉ်နိုင်ပေ။

နတ်ဆိုးခွေးကြီးက ပေါ်လာပြီးနောက် မိုခေးကို ဦးစွာ ကြည့်လိုက်ရာ ၎င်း၏ မျက်လုံးများ၌ ကြောက်ရွံ့မှု အရိပ်အယောင် အနည်းငယ်ပေါ်လာသည်။

အချိန်အနည်းငယ်အတွင်းမှာပင် ၎င်း၏ အကြည့်များက ယန်ယွဲ့အပေါ်သို့ ကျဆင်းသွေးဆာရက်စက်ဟန်များ၊ လောဘနှင့် ပြင်းပြသော စိတ်ဆန္ဒများအဖြစ်ချက်ချင်းပြောင်းလဲသွားပုံရ၏။

၎င်းက ကျယ်လောင်စွာဟိန်းလိုက်ကာ တောင်ကုန်းငယ်တစ်ခုလွင့်ပျံလာသကဲ့သို့ယန်ယွဲ့ထံတရကြမ်းခုန်ဝင်လာခဲ့လေသည်။

သူ၏အမြင်အာရုံကို
ပိတ်လှောင်ထားမတတ်ကြီးမားလှသည့်
ရောမခွေးနက်ကြီးကိုမြင်သောအခါ ယန်ယဲ့၏
မျက်လုံးများကအနည်းငယ် ကျဥ်းမြောင်းသွားခဲ့သည်။

သူ့လက်ကောက်ဝတ်ကိုလှုန်လိုက်ရာ
မြေကမ္ဘာအဆင့်မြင့်ဓားတစ်လက်ပေါ်လာပြီးဆန်းကြယ်
ချီစွမ်းကဓားထဲသို့အဆက်မပြတ်စီးဝင်သွားသည်။

ထို့နောက် ရောမခွေးနက်ကြီးက သူနှင့် ၃
မီတာနီးပါးအကွာလောက်ရောက်လာချိန်မှာပဲ
ရုတ်တရက် မြေပြင်ကို ခြေစောင့်နင်းကာ
အလင်းတန်းတစ်ခုအသွင်ဖြင့် လေထဲကို ပျံတက်သည်။

ဓားက ရောမခွေးနက်ကြီး၏ဝမ်းဗိုက်ကို ပိုင်းချမိရာ ဓားထိပ်ဖျားက ရှတ်တရက် ကွေးညွတ်သွားလေသည်။

အဘယ်ကြောင့်ဆိုသော် ယန်ယဲ့က ၎င်း၏ ခုခံရေးအကာအကွယ်ကို လျှော့ထွက်ထားမိခြင်းကြောင့်ပါ။

ထို့နောက် ယန်ယဲ့က တုံ့ဆိုင်းမနေဘဲ သူ၏ အဆင့် ၆ သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒကိုထုတ်ဖော်လိုက်သည်။

ဆူး!

ဓားအလင်းတန်းတစ်ခု ထွက်ပေါ်လာပြီးနောက် ယန်ယဲ့၏ဓားက ခွေးနက်ကြီး၏

ဝမ်းဗိုက်ကို ထိုးဖောက်လိုက်သည်။

ဘုန်း

ခွေးနက်ကြီးက မြေပြင်ပေါ်သို့ ပြုတ်ကျသွားသည်။
သို့သော် လူတိုင်း၏
အံ့သြတုန်လှုပ်နေသောအကြည့်များအောက်တွင်
ခွေးနက်ကြီးကမသေဘဲပြန်ထလာခဲ့သည်။

ထို့အပြင်၊ ယန်ယဲ့၏ဓားဖြင့်ထိုးဖောက်ထားသော
ဒဏ်ရာအပေါ်က
နတ်ဆိုးစွမ်းအင်များဖြင့်ပြန်လည်ကုသလိုက်ကာ
တဖြည်းဖြည်းပိတ်သွားသည်။

ယန်ယွဲ့က မြေပြင်ပေါ်သို့ ဆင်းလာရင်း ဒဏ်ရာပျောက်ကွယ်သွားသော ခွေးနက်ကြီးကို ငေးစိုက်ကြည့်ရင်း မျက်မှောင်ကြုတ်ကာ “အဆင်ပြေလား?”

ထိုအချိန်တွင် မိုခေးက ရုတ်တရက် ပြောလာသည်။ “ငါ အသက်ရှင်နေသရွေ့ မသေပါဘူး။ ငါတို့ရဲ့ ဘဝသက်တမ်းကို မျှဝေပေးမယ့် ဝိညာဉ်စာချုပ်တစ်ခု ချုပ်ထားတာလေ။
”

"ဟုတ်လား?" ယန်ယွဲ့က မျက်ခုံးများ ပင့်တင်ကာ “ဒါဆို ငါ စမ်းကြည့်ရမှာပေါ့!”

သူစကားပြောပြီးသည်နှင့်တစ်ပြိုင်နက် ယန်ယွဲ့၏ပုံရိပ်က တောက်ပလာပြီး ခွေးနက်ကြီး၏ရှေ့သို့ ချက်ချင်းရောက်လာသည်။

တစ်ချိန်တည်းမှာပင် သူ့လက်ထဲမှ ဓားကပုံရိပ်ယောင်များစွာခွဲထွက်လာပြီး ရုတ်တရက်မီးတောက်ကြိုးမျှင်တစ်ချောင်းထွက်ပေါ်လာကာခွေးနက်ကြီး၏ဝမ်းဗိုက်ဆီသို့ထပ်မံထိုးသွင်းလိုက်လေသည်။

ဆူး!

ယန်ယွဲ့သည် ပေါ့ပါးစွာရယ်မောလိုက်ရင်း ဓားဖြင့် ခွေးနက်ကြီး၏ဝမ်းဗိုက်ကိုအတားအဆီးမရှိ ထိုးသွင်းလိုက်ပါတော့သည်။

ဂါး....

ခွေးနက်ကြီးက တုန်လှုပ်ချောက်ချားဖွယ်ရာ အသံဖြင့် ဒေါသတကြီးဟိန်းဟောက်လိုက်သည်။

၎င်း၏ အူသံက ထိတ်လန့်ကြောက်ရွံ့မှုများနဲ့ ပြည့်နှက်နေပေသည်။

မိုခေးနှင့် အခြားသူများ၏ ပဟေဋ္ဌိဆန်နေသောအကြည့်အောက်၌ မီးတောက်

ကြိုးမျှင်က ခွေးနက်ကြီး၏ခန္ဓာကိုယ်ကို ဖောက်ခွဲပစ်လိုက်ပါသည်။

တစ်ချိန်တည်းမှာပဲ ရောမခွေးနက်ကြီးက ချက်ချင်းဆိုသလို ပြာအဖြစ် ပြောင်းလဲသွားလေတော့သည်။

ထို့နောက် ယန်ယဲ့က ဓားကို ပြန်သိမ်းလိုက်ရင်း အနည်းငယ် မျက်နှာပျက်နေသော မိုခေးကိုကြည့်လိုက်သည်။ “မသတ်နိုင်ဘူးလို့ မင်းပြောတာမဟုတ်ဘူးလား။ ကြည့်စမ်း အဲ့ဒီခွေးက သေမသွားဘူးလား"

မိုခေးသည် တုန်လှုပ်ခြင်းမရှိဘဲ
လေးနက်သောအမူအရာဖြင့် မေးလာသည်။

"ဘယ်လိုဖြစ်နိုင်မှာလဲ။ မင်းက ဘယ်လိုလုပ်ပြီး
သတ်လိုက်တာလဲ!"

"ဒါက အရမ်းမိုက်မဲတဲ့မေးခွန်းလို့ မင်းမထင်ဘူးလား"
ယန်ယဲ့က တဟားဟား ရယ်မောပြီး
“မင်းငါ့ကိုရှာနေတာဆိုတော့ ငါလာခဲ့တယ်။
မင်းငါ့ကိုသတ်ချင်ပေမယ့် မတတ်နိုင်ဘူးလို့မြင်တယ်။
အခြားတစ်ဖက်မှာ ငါယန်ယဲ့က ကိုယ့်အကန့်ကိုသိလို့
လက်ရှိမှာမင်းကိုမသတ်နိုင်ဘူးဆိုတာဝန်ခံတယ်။

ဒါပေမယ့် မင်းအနားမှာရပ်နေတဲ့
မင်းရဲ့နတ်ဆိုးမျိုးနွယ်ဝင်တွေကို သတ်နိုင်မယ်ဆိုတာ
ငါလုံးဝယုံကြည်ချက်ရှိတယ်။"

"မင်းသေချင်သလား" မိုခေးက သူ့လက်ဝါးကို လှန်လိုက်ပြီး ငရဲနတ်ဘုရားလှံကိုတင်းတင်းဆုပ်ကိုင်ထားသည်။

ထို့နောက် ငရဲနတ်ဘုရားလှံကနေ ကြောက်မက်ဖွယ်ကောင်းသည့် အလင်းတန်းတစ်ခု ရုတ်တရက် ထွက်ပေါ်လာသည်။

"မင်းငါ့ကိုမယုံဘူးလား? ပြီးရင် မင်းကို ငါကိုယ်တိုင်တွေ့ခွင့်ပေးမယ်။" သူပြောပြီးသည်နှင့် တစ်ပြိုင်နက် ယန်ယွဲ့၏လက်မှ ဓားက တဖျပ်ဖျပ်လင်းလက်သွားကာ မိုခေး၏ဘေးနားရှိ လူငယ်တစ်ဦးဆီသို့ ပျံသန်းသွားလေသည်။

၎င်းက အဆင့် ၆ သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒ ၊
ခရမ်းရောင်စုံချီစွမ်းအင် နှင့်
တိုက်ခိုက်ရေးအဆောင်ဖြင့်ပေါင်းစပ်ထားခြင်းကြောင့်
အလွန်တရာမြန်ဆန်သည်။

တခဏချင်းမှာပဲ
အရောင်တဖျပ်ဖျပ်တောက်ပနေသောဓားက
လူငယ်၏ထိတ်လန့်နေသောအကြည့်အောက်မှာပဲ
၎င်း၏လည်ပင်းကို လှီးဖြတ်သွားပါတော့သည်။

ဆူး!

လတ်ဆတ်သော သွေးကြိုးတစ်ချောင်း ဖျန်းခနဲ ထွက်လာပြီး နတ်ဆိုးမျိုးနွယ်ဝင်လူငယ်က ချက်ချင်း သေဆုံးသွားခဲ့သည်။

ဟား....., မိုခေးက ဒေါသတကြီး အော်ဟစ်လိုက်ပါသည်။

ထိုအတောအတွင်း ယန်ယွဲ့က ပြုံးပြီး "မင်းသိသလား။ မင်းရဲ့နတ်ဆိုးမျိုးနွယ်နဲ့ ငရဲတစ္ဆေမျိုးနွယ်ကို ငါ ဆန့်ကျင်ဖို့ ရည်ရွယ်ချက် မရှိခဲ့ဘူး။ ကံမကောင်းစွာပဲ၊ မင်းတို့ မျိုးနွယ်နှစ်ခုစလုံးက အဲဒီနေ့က ငါ့ကို မြို့ပြင်မှာ သတ်ဖို့ကြိုးစားခဲ့တယ်။

ထားလိုက်ပါ။ အဲဒီလိုဆိုမှတော့ မင်းတို့အားလုံးကို သင်္ချိုင်းဆီ အရင်ပို့မယ်!"

သို့သော် ယန်ယဲ့၏ စကားဆုံးသည်နှင့် အနက်ရောင်သံကြိုးတစ်ချောင်းကလေထုကိုထိုးခွဲကာ သူ့လည်ပင်းဆီသို့ဦးတည်ဝင်လာသည်။

ယန်ယဲ့၏ အမူအရာက အပြောင်းအလဲမရှိ တည်ငြိမ်နေပြီး၊ ရုတ်တရက်အေးစက်စက်ရယ်မောကာ လက်ထဲတွင်ကိုင်ထားသော ဓားက ခုတ်ပိုင်းလိုက်သည်။

ဘန်း!

ကျယ်လောင်သော ပေါက်ကွဲသံတစ်ခု ထွက်ပေါ်လာပြီးနောက် အနက်ရောင်သံကြိုးက ချက်ချင်းပင် နောက်ပြန်လွင့်ထွက်သွား၏။

ထိုအချိန်တွင် လေတိုးသံနှင့်အတူ ဟွင်းယု၏ ပုံရိပ်က မိုခေး၏ဘေးနား၌ ရုတ်တရက် ပေါ်လာသည်။

သူက လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်ရာ အနက်ရောင်သံကြိုးက သူ့လက်ထဲကို ချက်ချင်းပြန်ရောက်သွားတော့သည်။

ထို့နောက် သတ်ဖြတ်ခြင်းစိတ်ဆန္ဒများပြည့်နှက်နေသောအကြည့်များဖြင့် ယန်ယဲ့ကိုစိုကကြည့်နေလိုက်၏။

တစ်ဖန် သူက မိုခေးကိုကြည့်ကာ

“မင်းရဲ့ ဝှက်ဖဲတွေကို အသုံးမပြုဘဲနဲ့ သူ့ကိုသတ်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ပုန်းကွယ်နေသောနဂါးစေတီ မဖွင့်သေးတဲ့အတွက်

အဲဒါတွေအားလုံးကို ဖော်ထုတ်ဖို့ အချိန်မဟုတ်သေးဘူးထင်တယ်။ ဒီလိုဆို ငါတို့ ပူးပေါင်းလိုက်ရအောင်!”
ဟွင်းယုကမှုန်ကုပ်ကုပ်အသံဖြင့်ပြောသည်။

မိုခေးက ခဏတာ တုံ့ဆိုင်းသွားပြီးမှ ခေါင်းညိတ်လိုက်လေသည်။

သို့သော် သူတို့နှစ်ဦး တိုက်ခိုက်ရန်ပြင်လိုက်စဉ်မှာပဲ မြို့ရိုးအထက်နှင့် မြို့အပြင်ဖက်မှဓားသမားအားလုံးကိုင်ဆောင်ထားသော ဓားရှည်များက ရုတ်တရက် ပြင်းထန်စွာ တုန်ခါသွားကြသည်။

တစ်ချိန်တည်းမှာပဲ ဓားအားလုံးက
လက်ထဲကနေလွတ်ထွက်သွားကာ
အလင်းတန်းများအသွင်ဖြင့်
ကောင်းကင်သို့ပျံတက်သွားလေသည်။

ဓားအားလုံးက
ဓားအင်ပါယာ၏ရှေ့မှောက်၌အညွှံခံရသည်မဟုတ်ပါ
လော။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၆၆ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၆၆)] –အားလုံး လာခဲ့ကြ

ပတ်ဝန်းကျင်မှ ထွက်ပေါ်လာသော
အကြည့်များစွာ၏အောက်တွင်
အစိမ်းရောင်ဝတ်မိန်းမပျိုတစ်ဦးက လူမြင်ကွင်းသို့
တဖြည်းဖြည်း ပေါ်လာသည်။

ထူးခြားချက်မှာ သူမတွင် လက်တစ်ဖက်တည်းသာရှိပြီး
သူမ၏ဘယ်ဖက်လက်၌

အနက်ရောင်ရှေးဟောင်းအမွှေးဖွားဖွားစားအိမ်တစ်ခုကို ကိုင်ထားသည်။

အစိမ်းရောင်ဝတ်မိန်းမပျိုကိုမြင်လိုက်သည့်အခါ ယန်ယဲ့၏ မျက်ခုံးများကို တင်းတင်းကျပ်ကျပ် ချည်နှောင်သွားလေသည်။

၎င်းကထိုနေ့တွင်သူနှင့်တိုက်ခိုက်ပြီးလက်တစ်ဖက်ပြတ်သွားသောမိုချင်းယုဖြစ်နေသောကြောင့်ပါ။

"ဒီ မိန်းကလေးက ထောင်စုနှစ်ရဲ့ စားအင်ပါယာဖြစ်လာလိမ့်မယ်လို့ မမျှော်လင့်ထားဘူး။"

တစ်ဆက်တည်း သူ့အကြည့်များက မိုချင်းယု၏ လက်ထဲမှ

ရှေးဟောင်းဓားအိမ်ပေါ်ကျရောက်သွားပြီးနောက်
ယန်ယွဲ့၏နှလုံးသားက တုန်ခါသွားသည် ။

"အဲဒါက အကြီးအကဲမှူ ပြောခဲ့တဲ့
ရှေးဟောင်းအမွေးအမျှင်ဓားအိမ် ဆိုတာလား?"

ထိုအချိန်တွင်
မိုချင်းယု၏အကြည့်ကယန်ယွဲ့အပေါ်ကျဆင်းလာပြီး
ယန်ယွဲ့ဆီသို့ဖြည်းညှင်းစွာ လျှောက်လာခဲ့သည်။

သူမက ယန်ယွဲ့ဆီသို့ လျှောက်လာနေရင်း
ပတ်ဝန်းကျင်မှ ဓားအားလုံး ပြင်းထန်စွာ တုန်ခါလာကာ
ကြောက်မက်ဖွယ် ဓားအငွေ့အသက်များ
ပျံ့လွင့်လာခဲ့လေသည်။

“ကောလဟာလတွေအရ ဓားအင်ပါယာရဲ့

ရှေ့မှာ ဓားကို အသုံးမပြုနိုင်ပါဘူး။ ကြည့်ရတာ ဒီကောလာဟလက အမှန်ပဲ!” လော့ရှဲက မြို့တွင်းတစ်နေရာကနေ ဤမြင်ကွင်းကို ကြည့်ပြီး ယန်ယဲ့ကို ကြည့်ကာ ရယ်မောလိုက်ပါသည်။

“ဓားအင်ပါယာကိုတိုက်ခိုက်ရဲတဲ့ ဓားတာအိုပညာရှင်လား? ဟားဟား! တကယ်ကို ပိုပိုပြီး စိတ်ဝင်စားဖို့ကောင်းလာတယ်!”

မိုခေး နှင့် ဟွင်းယုသည်ပင် ယန်ယဲ့ကိုကြည့်ကာအတွေးနက်နေကြသည်။

၎င်းတို့က ယန်ယဲ့အနေဖြင့်ဓားအင်ပါယာကိုမည်သို့မည်ပုံတိုက်ခိုက်မည်ကိုသိချင်နေကြပုံပင်။

“မှတ်မိသေးလား….” မိုချင်းယုက ယန်ယွဲ့ဆီသို့ လျှောက်လာကင "ငါ့လက်ကို ဖြတ်ခဲ့တဲ့အတွက် နင့်ကို အဆတစ်ရာ ပြန်ဆပ်မယ်လို့ ငါပြောခဲ့တယ်မဟုတ်လား။"

ယန်ယွဲ့က ပြန်မဖြေခင်မှာပဲ သူမက ဆက်ပြောသည်။ “အဲဒီနေ့က ငါ သတိလက်လွတ်ဖြစ်လို့ လက်တစ်ဖက်ကို အဖြတ်ခံလိုက်ရတယ်။ ဒါက ငါ့တစ်သက်တာမှာ အကြီးမားဆုံး အရှက်တရားပဲ။ ငါ့ကိုပြန်လည်မွေးဖွားခွင့် နဲ့ အဆင့် ၈ အထွတ်အထိပ် ဓားစိတ်ဆန္ဒကိုပိုင်ဆိုင်တဲ့အတွက်တော့နင့်ကိုကျေးဇူး တင်ရမယ်။

အဲဒါကြောင့် ဓားအင်ပါယာတောင်ထိပ်ကို သွားပြီးတော့ ရှေးဟောင်းအမွေးအမျှင်ဓားအိမ်ရဲ့အသိအမှတ်ပြုမှုကို ရယူဖို့ အခွင့်အရေးတစ်ခုဖြစ်ခဲ့တယ်!”

"ပြီးတော့ မင်းငါ့ကိုရှာဖို့ လာတာလား" ယန်ယဲ့က ကြောက်ရွံ့မှု အရိပ်အယောင်မပြပေ။
သူ့မျက်လုံးများက ထူးဆန်းစွာပင် ပြုံးနေပေသည်။

“ဟုတ်တယ်!” မိုချင်းယုက ခေါင်းညိတ်ပြီး ပြောသည်။
"အဲဒီနေ့က နင်ငါ့လက်မောင်းကို ဖြတ်ခဲ့တယ်၊ ဒါကြောင့် ဒီနေ့ နင့်ရဲ့ခြေလက်တွေအားလုံးကို ဖြတ်ပစ်လိုက်မယ်။ နင်ဘယ်လိုထင်ပါလဲ?"

ယန်ယဲ့က ပုခုံးတွန့်ပြပြီး "ဒီလိုဆို မင်းဘာကိုစောင့်နေတာလဲ။ ဓားအင်ပါယာလို့ခေါ်တဲ့ ထောင်စုနှစ်ရဲ့ဓားအင်ပါယာက ဘယ်လောက် ကြောက်စရာကောင်းလဲ ဆိုတာ အတိအကျ မြင်ချင်လိုက်တာ။”

"နင့်သဘောအတိုင်း!" သူမစကားပြောပြီးသည်နှင့် မိုချင်းယု ၏လက်ကောက်ဝတ်သည် အနည်းငယ်တုန်ခါသွား၏။

ထို့နောက် ရှေးဟောင်းအမွေးအမျှင်ဓားအိမ်ကနေ အစိမ်း ရောင်အလင်းတန်းများ ထွက်ပေါ်လာသည်။

နောက်အခိုက်အတန့်မှာပဲ
ယန်ယဲ့၏ဘယ်ဖက်ပုခုံး၌ဓားဒဏ်ရာတစ်ခုပေါ်လာခဲ့
လေသည်။

တစ်ချိန်တည်းတွင်
ယန်ယဲ့၏မျက်ခွံများကသိသိသာသာကျဉ်းမြောင်းသွား
ပါသည်။

အကယ်၍ သူ၏ ကြောက်မက်ဖွယ်ကောင်းသည့်
ရုပ်ခန္ဓာခွန်အားသာမရှိပါက တိုက်ခိုက်မှုတစ်ခုတည်းဖြင့်
လက်မောင်းတစ်ဖက်လုံးခုတ်ဖြတ်ခံရပေမည်။

"ဒါဆို ဒါက သူမရဲ့ အဆင့် ၈ ဓားစိတ်ဆန္ဒ နဲ့ အဆင့် ၈
လေစိတ်ဆန္ဒ၊ ရှေးဟောင်းအမွေအမျှင်ဓားအိမ် ရဲ့
စွမ်းအားလား?

မှန်ပါသည်။ အကယ်၍ မိုချင်းယုသာ အဆင့် ၈ ခားစိတ်ဆန္ဒ နှင့် လေစိတ်ဆန္ဒကိုအသုံးပြုထားပါက ဤတိုက်ခိုက်မှုကို အလွယ်လေးရှောင်တိမ်းနိုင်ပေသည်။

သို့သော်လက်ရှိတွင်သူကရှောင်တိမ်းနိုင်စွမ်းမရှိပေ။ တစ်နည်းဆိုရသော် မိုချင်းယုက ရှေးဟောင်းအမွေးအမျှင်ခားအိမ်ကနေ စွမ်းအားလွှဲပြောင်းယူထားခြင်းပါ။

မိုချင်းယုက မျက်မှောင်ကြုတ်ပြီး ပြောလိုက်သည်။ "နင့်ရဲ့ခန္ဓာကိုယ်က ဒီလိုအဆင့်မျိုး ထိ ရောက်နေမယ်ဆိုတာ ဘယ်တုန်းကမှ မမျှော်လင့်ထားဘူး။ အံ့သြစရာကောင်းလိုက်တာ။

ဒါပေမယ့်လည်း ကောင်းပါတယ်။ ဒါက
ပိုပြီးစိတ်ဝင်စားဖို့ကောင်းလာလိမ့်မယ်။”

သူမစကားဆုံးသည်နှင့်တစ်ပြိုင်နက်
အစိမ်းရောင်အလင်းတန်းတစ်ခု
ထပ်မံလင်းလက်လာသည်။

အစိမ်းရောင်အလင်းတန်းက ယန်ယဲ့၏
ဘယ်ဖက်ဒူးခေါင်းကိုပိုင်းဖြတ်ခါနီးတွင်
ခရမ်းရောင်အလင်းတန်းတစ်ခု လင်းလက်လာပြီး
အစိမ်းရောင်အလင်းတန်းကို ရိုက်ခတ်သွားကာ
နှစ်ယောက်စလုံး လေထဲသို့
ချက်ချင်းလူစုခွဲလိုက်ရသည်။

"ဟမ်?" မိုချင်းယု က အံ့အားသင့်စွာဖြင့် အော်ဟစ်လိုက်၏။ "နင် .... နင် တကယ်ပဲ တားဆီးနိုင်လိုက်တယလ!"

"ဟားဟား!!" ယန်ယဲ့က ရယ်မောလိုက်သည်။ သူက ခေါင်းမယမ်းခင် ခဏလောက် ရယ်မောလိုက်ပြီး "မိုချင်းယု! မင်းရဲ့ယုံကြည်မှုဟာ ဓားအင်ပါယာ လို့ ခေါ်တဲ့ မဖြစ်နိုင်တဲ့ အမြင့်ကို ရောက်သွားပုံပဲ!"

ပထမအကြိမ်တွင် သူက သတိမပြုမိသောကြောင့် ချက်ချင်းတုံ့ပြန်ရန်မဖြစ်နိုင်ခဲ့ပါ။
ဒုတိယအကြိမ်တွင်မူ
မိုချင်းယု၏တိုက်ခိုက်မှုကိုခုခံနိုင်လိုက်ခြင်းက

"ဉာဏ်အလင်းရထားနှလုံးသား" နှင့် "ဓားနယ်မြေ" ကို အသုံးပြုလိုက်ခြင်းပင်။

သူသည် ဓားနယ်မြေကိုထုတ်ဖော်ထားပါက မိုချင်းယု၏ တိုက်ခိုက်မှုကို အဆက်မပြတ်ခုခံနိုင်မည်ဟုအပြည့်အဝယုံကြည်ထားသည်။

"နင်က ငါ့ကိုတကယ်အံ့သြစေတယ်! တောင်ပိုင်းနယ်မြေရဲ့တစ်စုံတစ်ဦးက အဆင့် ၈ ဓားစိတ်ဆန္ဒ၊ အဆင့် ၈ လေစိတ်ဆန္ဒ နဲ့ ပေါင်းစပ်ထားတဲ့တိုက်ခိုက်မှုကို ခုခံနိုင်ခဲ့တယ်လား? အစပိုင်းကတည်းက ငါ နင့်ကိုလျှော့တွက်မိထားပုံပဲ!"

ယန်ယွဲ့က အေးစက်စွာ ရယ်မောလိုက်သည်။သူက မိုချင်းယု နှင့် စကားပြောဆိုနေရန်စိတ်မဝင်စားပေ။ တစ်ချိန်တည်းမှာပဲ သူ့လက်ထဲမှဓားကိုတင်းကြပ်စွာဆုပ်ကိုင်လိုက်ရင်း ခရမ်းရောင်အလင်းတန်းများပေါက်ကွဲထွက်ကာ သူ့ရှေ့တွင် ခရမ်းရောင်အလင်းတန်းကြီးတစ်ခုအဖြစ်ပေါင်းစပ်သွားလေသည်။

ယန်ယွဲ့က တိုက်ခိုက်လိုက်သည်ကိုမြင်ရာ မိုချင်းယု၏ ပါးစပ်ထောင့်၌ လှောင်ပြောင်လိုသော အမူအရာတစ်ခု ထွက်ပေါ်လာသည်။သူမ ဘာမှ မလုပ်ဆောင်ဘဲ နေရာမှာပင်ရပ်ကာ ယန်ယွဲ့၏ ဓားချီကို လက်ခံလိုက်လေသည်။

ဓားအလင်းတန်းက ၁ မီတာခန့်အကွာတွင် မိုချင်းယု၏ လက်ထဲရှိ ရှေးဟောင်းအမွှေးအမျှင်ဓားအိမ်က ရုတ်ချည်းတုန်ခါသွားကာ ယန်ယွဲ့၏ဓားချီကို တိုက်ရိုက်စုပ်ယူသွားသည်။

ရှေးဟောင်းအမွှေးအမျှင်ဓားအိမ်က သူထင်ထားသည်ထက်ပင် ပို၍ လျှို့ဝှက်ဆန်းကြယ်နေသောကြောင့် ယန်ယွဲ့၏ မျက်လုံးများတွင် လေးနက်သောအမူအရာ ပေါ်လာသည်။

"တကယ်ပဲ ဓားချီကို စုပ်ယူနိုင်တယ် ။"

"ဓားအင်ပါယာ ရှေ့မှာ ဓားချီကိုသုံးတာက
နှိုင်းစရာမရှိလောက်အောင် မိုက်မဲလိုက်တာ!"
ထိုအချိန်တွင် တစ်ဖက်မှ တိုက်ပွဲကိုကြည့်နေသော
ဟွင်းယုက ရုတ်တရက် "ယန်ယဲ့!
ရှေးဟောင်းအမွေးအမျှင်ဓားအိမ်က
ဘယ်လောက်ကြောက်စရာကောင်းတယ်ဆိုတာကို
မသိတာလား။ ဓား၊ ဓားချီ ဘာပဲဖြစ်ဖြစ်
ဓားနည်းစနစ်တွေဆိုရင်တောင်
ရှေးဟောင်းအမွေးအမျှင်ဓားအိမ်ရဲ့ရှေ့မှာ
အတင်းအကြပ် ဖိနှိပ်ခံရမှာလေ။
ဓားအားလုံးက ဓားအင်ပါယာ ရှေ့မှာအညံ့ခံရတယ်။
မင်းက ဒါကို ဟာသတစ်ခုလို့များထင်နေတာလား"

ယန်ယွဲ့သည် ဟွင်းယုကို ဂရုမစိုက်ဘဲ စိုက်ကြည့်ကာ “ဒါက လူသားတွေကြားက ကိစ္စ။မင်းလို လူသားမဟုတ်၊ နတ်ဆိုးလည်းမဟုတ်တဲ့ကောင် နဲ့ ဘာဆိုင်လို့လဲ။"

"မင်းက သေလမ်းရှာနေတာဘဲ!" ဟွင်းယုက ဒေါသတကြီးဖြင့် တိုက်ခိုက်ရန်ပြင်လိုက်၏။သူက ဒေါသတကြီးနှင့် တိုက်ခိုက်ရန်ပြင်လိုက်စဉ် မိုချင်းယု၏ အေးစက်စက်လေသံကိုကြားလိုက်ရသည်။

"သူက ငါ့အပိုင်။ သူ့ကိုထိတဲ့သူကို ငါသတ်မယ်!" သူမက ပြောရင်း ဟွင်းယုကို အေးစက်စွာ တစ်ချက်ကြည့်လိုက်သည်။

"မင်းကိုကြောက်များတယ်ထင်သလား" ဟွင်းယုက အေးစက်စွာ ရယ်မောပြီး "ယန်ယွဲ့က

တကယ်တော်တဲ့လူမဟုတ်ပေမယ့် သူ့စကားက တကယ်ကို အဓိပ္ပါယ်ရှိတယ်ဆိုတာ ငါပြောရမယ်။ မင်းက ဓားအင်ပါယာ ဖြစ်လာလို့ မရှုံးနိမ့်နိုင်ဘူးလို့များ ထင်နေပြီလား? ဒီလိုထင်နေရအောင် မင်းကိုယ်မင်း လွန်ခဲ့တဲ့ အတိတ်ကာလက ဆေဘာဓားဂိုဏ်းရဲ့ တည်ထောင်သူဘိုးဘေးလို့ ထင်နေလား။"

"ဘာလို့ မစမ်းကြည့်တာလဲ" မိုချင်းယုက အေးစက်သော အသံဖြင့် ပြောလိုက်သည်။

ဟွင်းယုက ရှေ့သို့ခုန်ထွက်လိုစဥ်မှာပဲ မိုခေးကခေါင်းခါရင်းတားဆီးလိုက်၏။

“ဒါက ဓားသမား တွေကြားက တိုက်ပွဲလေ။

ငါတို့ ဝင်စွက်ဖက်စရာ မလိုဘူး။ ငါ့ကိုယ်ငါ ထိန်းထားနိုင်တာတောင် မင်းမလုပ်နိုင်ဘူးလား။"

ဟွင်းယုက မကျေနပ်သေးပေ။ သို့သော် သူက ထပ်မံတိုက်ခိုက်ရန် မကြိုးစားတော့ဘဲ ယန်ယဲ့ နှင့် မိုချင်းယု ကို အေးစက်စွာ တစ်ချက်ကြည့်လိုက်သည်။

"နင်က တိုက်ခိုက်ရဲသေးလား? ကောင်းပြီလေ.... နင့်ကို အရင်ဆုံး သုံးခါလောက် တိုက်ခွင့်ပေးမယ်။ မဟုတ်ရင် နင်ကပြန်တိုက်ဖို့အခွင့်တောင်ရှိမှာမဟုတ်ဘူး။”
မိုချင်းယုက ယန်ယဲ့ကို စိုက်ကြည့်ရင်း ပြောလိုက်၏။

ယန်ယဲ့က ခေါင်းညိတ်လိုက်ကာ အသက်ပြင်းပြင်းရှူလိုက်သည်။

ပြောစရာမလိုအောင်ပါပဲ။
ရှေးဟောင်းအမွေးအမျှင်ဓားအိမ်က
သဘာဝလွန်စွမ်းအားတစ်ခုပါ။ အဘယ်ကြောင့်ဆိုသော်
ဓားနှင့်ပတ်သက်သည့် ဘယ်အရာမဆို မိုချင်းယုအား
ဖိနှိပ်နိုင်စွမ်းမရှိပေ။

သို့သော်လည်း၊ ကံကောင်းထောက်မစွာဖြင့် သူ၏
ဓားနယ်မြေက ရှေးဟောင်းအမွေးအမျှင်ဓားအိမ်ကို
ခုခံထားနိုင်သည်။

ယန်ယဲ့သည် စကားဆက်မပြောတော့ပေ။ မိုချင်းယု
ဆီသို့ ဖြည်းညှင်းစွာ လျှောက်လာခဲ့၏။

သူသည် မိုချင်းယု ရှေ့မီတာ ၃၀
အကွာရောက်လာသောအခါ ရုတ်တရက်ဆိုသလိုပဲ
သူ့မျက်လုံးများကို ဖြည်းညှင်းစွာမှိတ်လိုက်ပါသည်။

ယန်ယဲ့က စိတ်ဆန္ဒကိုထုတ်လွှတ်ပြီး
ဓားနယ်မြေကိုအသုံးပြုရန်ပြင်လိုက်လေသည်။
ထိုအချိန်မှာပဲ မိုးကုပ်စက်ဝိုင်းမှ
ကျယ်လောင်သောရယ်မောသံပဲ့တင်ထပ်လာသည်ကို
ကြားလိုက်ရ၏။

ယန်ယဲ့က အနည်းငယ်မျက်မှောင်ကြုတ်သွားသည်။

သူက
အပေါ်ကိုမော့ကြည့်လိုက်သည့်အခါဆန်းကြယ်ချီစွမ်းအ

င်ဖြင့်ဖွဲ့စည်းထားသော ရွှေရောင်နဂါးကြီးက
ပျံသန်းလာသည်ကိုသတိထားမိလိုက်လေသည်။

ဘန်း!

ရွှေနဂါးကြီးက မြေပြင်ပေါ်သို့ ဆင်းသက်လာပြီးနောက်
ရွှေရောင်ဝတ်ရုံဝတ်လူငယ်တစ်ဦးကလူတိုင်းရှေ့တွင်
ပေါ်လာခဲ့သည်။

ထိုလူငယ်က နဝမမြောက်ငရဲဘုံ၌ ယန်ယွဲ့ နှင့်
အပြင်းအထန်တိုက်ခိုက်ခဲ့သော မော့ဂျွန် ပင်။

မော့ဂျွန်က ရွှေနဂါးတံဆိပ်ကိုကိုင်ထားရင်း
မိုချင်းယုကိုစိုက်ကြည့်နေသည်။

ထို့နောက် မိုချင်းယု၏လက်ထဲမှ
ရှေးဟောင်းအမွေးအမျှင်ဓားအိမ်ကို
သတိပြုမိသောအခါသူ့မျက်နှာက
အတန်ငယ်လေးနက်သွား၏။

နောက်တစ်ဖန် ယန်ယွဲ့ကို လှည့်ကြည့်လိုက်ပြီး
"အဲဒီနေ့က တိုက်ပွဲမှာ အနိုင်ရသူကို ငါတို့
မဆုံးဖြတ်ရသေးဘူး။ ဒီနေ့တော့ တိုက်ခိုက်ရအောင်!
ဘယ်လိုလဲ?"

ထိုအချိန်တွင် မိုချင်းယုက အေးစက်စက်ပြောလာ၏။
"မရဘူး၊ သူ့အသက်ကို ငါပိုင်တယ်!"

မော့ဂ္ဂျန်က အေးစက်စွာ ရယ်မောလေသည်။ "ဒါပေမယ့် မင်း သူ့ကို မသတ်နိုင်ခဲ့ဘူးအဟုတ်လား။ ဒါဆို မင်းကိုယ်စား သူ့အသက်ကို ယူခွင့်ပြုပါ"

"မဟုတ်ဘူး!" မိုချင်းယုက ငြင်းပယ်လိုက်ကာ "အဲ့ဒီနေ့က ငါ့လက်မောင်းကို ဖြတ်လိုက်တဲ့အတွက် သူ့ကို အဆတစ်ရာပြန်ပေးမယ်လို့ ငါကျိန်ဆိုထားခဲ့တယ်၊ ဒီလိုဆို ငါ့စကားကို ဘယ်လိုလုပ်ပြန်ပြင်နိုင်မလဲ။ ဒါ့ထက်၊ ဒီအချိန်က ဓားသမားတွေကြား တိုက်ပွဲဖြစ်လို့ နင် ဝင်ရောက်မစွက်ဖက်သင့်ဘူး!"

မိုချင်းယုပြောလိုက်သော စကားကြောင့် မော့ဂ္ဂျန်က မျက်မှောင်ကြုတ်သွားသည်။ သူ တစ်ခုခုပြောခါနီးမှာပဲ

ဘေးနားတွင်ရပ်နေသော မိုခေးက စကားစလိုက်၏။
“လူသားတွေက သူတို့ရဲ့အသက်ရှင်ခြင်းကို အမြဲတမ်းနှစ်သက်ကြပါတယ်။ မင်းတို့အားလုံး သူ့ကိုသတ်မှာလား။ မင်းတို့နှစ်ယောက်မလုပ်ရင်ငါကိုယ်တိုင်လုပ်မယ်၊
မင်းဘေးနားကနေကြည့်လို့ရမလား"

“ဟေး....” ဟွင်းယုက မှုန်ကုပ်ကုပ်နဲ့ ရယ်လိုက်ကာ
"ဘာလို့ လုပ်ခွင့်မပေးတာလဲ။ အမှန်တော့၊
ဓားသမားတစ်ဦးရဲ့ဝိညာဉ်ကအတော်လေးကောင်းမွန်တယ်။ အနှစ်တစ်ရာအတွင်း ဒီလိုအဆင့်ရောက်ဖို့ရှားတယ်။”

"မင်းတို့အားလုံး ပြဿနာတက်နေစရာ မလိုဘူး!"
ဤအချိန်တွင် ယန်ယွဲ့ထံမှ စကားသံထွက်ပေါ်လာခဲ့၏။

"အိုး?" မော့ဂျွန်က မျက်ခုံးများ ပင့်တက်လာပြီး
“ဘာဖြစ်လို့လဲ” ဟု မေးလိုက်သည်။

ယန်ယွဲ့က မော့ဂျွန်ကို ဂရုမစိုက်ဘဲ သူ့နောက်တွင်
ရပ်နေသော တောင်ပိုင်းနယ်မြေမှ
လူသားကျွမ်းကျင်သူများကို လှည့်ကြည့်ကာ
"မင်းတို့အားလုံး မြို့ထဲကို ပြန်ကြ!"

သူတို့ထဲမှ အများစုက အတော်လေး
အားကောင်းသော်ငြား

တိုက်ပွဲတွင်ပါဝင်ပါကသေချာပေါက်အသတ်ခံရပေမည်
။

ဒီအခြေအနေက အလွန်
အဓိပ္ပါယ်မဲ့သောဖြစ်ရပ်တစ်ခုပါ။

"ငါတို့ ထွက်သွားဖို့ ငြင်းတယ်!" အားလုံးကယန်ယွဲ့ကို
ခေါင်းယမ်းပြပြီး သူတို့၏နှလုံးသားထဲ၌
ခိုင်မာပြတ်သားသော

သော အမူအရာများ ရှိနေကြသည်။

ယန်ယွဲ့၏ နှလုံးသားသည် နွေးထွေးသွားသလို
ခံစားလိုက်ရကာ ပေါ့ပေါ့ပါးပါး ရယ်မောလိုက်သည်။
"ဒီမှာနေနေမယ်ဆိုရင် မင်းတို့က ငါ့အတွက်
အာရုံထွေပြားစရာ ဖြစ်လာလိမ့်မယ်။

မြို့ထဲကိုပြန်ရောက်တာက မင်းတို့ငါ့ကိုပေးနိုင်တဲ့ အကြီးမားဆုံးအကူအညီပဲ။ နားလည်ရဲ့လား?"

အားလုံးတိတ်ဆိတ်သွားကြသည်။

လူတိုင်းက ထွက်ခွာမသွားချင်သော်လည်း၊ ယန်ယွဲ့၏ဘေးနားတွင်ဆက်နေပါကဝန်ထုပ်ဝန်ပိုးသာဖြစ်မည်ကို ဝန်ခံရမည်ဖြစ်သည်။

သို့သော် သူတို့က ယန်ယွဲ့ကို တစ်ယောက်တည်းချန်ထားခဲ့ပြီးထွက်မသွားလိုကြပေ။

အများစုမှာ ယန်ယွဲ့၏ သစ္စာတရားကိုအလွန်သဘောကျနေခဲ့သည်။

ယန်ယဲ့သည်

နတ်ဆိုးမျိုးနွယ်၏ခြိမ်းခြောက်မှုကိုလစ်လျူရှုကာ

သူတို့အား

လာရောက်ကယ်တင်ပေးခဲ့သည်မဟုတ်ပါလား။

ယင်းကြောင့် အားလုံးက မတုန်လှုပ်ဘဲ

မနေနိုင်တော့ပေ။

"ပြန်သွားပါ!" ယန်ယဲ့က နောက်တစ်ကြိမ်

ထပ်ပြောလိုက်သည်။

ထို့နောက် အားလုံးက အချင်းချင်းကြည့်ကာယန်ယဲ့ကို

ဦးညွှတ်လိုက်ကြသည်။

ရုတ်တရက် လူတိုင်းက

တူညီသောလေသံဖြင့်ပြောလိုက်ကြ၏။ "ယန်ယဲ့! မင်း

အသက်ရှင်ရမယ်။ မင်းက
ဘေးကင်းလုံခြုံစွာပြန်လာမှာကို မြို့ထဲကနေ
ငါတို့စောင့်နေမယ်။ မင်းသေရင် ငါတို့ညီအစ်ကိုတွေက
မသေမချင်း နတ်ဆိုးမျိုးနွယ်ဝင်တွေကို သတ်ပစ်ဖို့
အစွမ်းကုန်ကြိုးစားမယ်!”

လူတိုင်းက ထိုစကားများပြောပြီးသည်နှင့်
တံ့ဆိုင်းမနေဘဲ မြို့ထဲသို့ ပြန်ဝင်သွားကြသည်။

မိုခေးနှင့်ကျန်လူများကဘာမှမပြောပေ။ထိုမြင်ကွင်းကို
အေးစက်စက်အကြည့်များဖြင့်သာ ကြည့်နေကြသည်။
အမှန်စင်စစ်၊ သူတို့အားလုံးက ရည်ရွယ်ချက်တစ်ခုသာ
ရှိနေပေသည်။
ထိုအခြေအနေက ယန်ယဲ့ကို သတ်ဖြတ်ရန်ပင်။

တောင်ပိုင်းနယ်မြေမှ လူသားကျွမ်းကျင်သူများ မြို့ထဲသို့ ပြန်ဝင်သွားပြီးနောက် ယန်ယဲ့က အသက်ပြင်းပြင်းရှူကာ ပြန်လှည့်ကြည့်လိုက်၏။

သူ့အကြည့်များက မိုခေး၊ ဟွင်းယု၊ မော့ဂျွန် နှင့် မိုချင်းယု တို့ကိုကြည့်လိုက်ကာရုတ်တရက်သူ့မျက်နှာထက်၌ ကြီးကျယ်သောအမူအရာတစ်ခုပေါ်လာလေသည်။

"ကောင်းပြီ၊ မင်းတို့အားလုံး ပြဿနာတက်စရာ မလိုဘူး၊ ငါ့ဆီကို အတူတူ လာနိုင်တယ်"

စကားပြောပြီးသည်နှင့်တစ်ပြိုင်နက် ယန်ယဲ့၏ပုံရိပ်က တဖျပ်ဖျပ်တောက်ပသွားကာ လူတိုင်းနှင့် မီတာ ၃၀ အကွာတွင် ရောက်ရှိလာခဲ့သည်။

ထို့နောက် သူ့ခန္ဓာကိုယ်မှ အဖြူရောင်မီးတောက်များ ရုတ်ချည်းထွက်ပေါ်လာပြီး ပတ်ဝန်းကျင်အပူချိန်က ချက်ချင်းဆိုသလိုပင်မြင့်တက်သွားပါတော့သည်။

တစ်ချိန်တည်းမှာပင် ဓား ၂၀၀ ခန့်ပျံ့လွင့်လာပြီး အဖြူရောင်မီးတောက်များနှင့်ပေါင်းစပ်သွားကာ ကောင်းကင်ထက်သို့ပျံတက်သွားလေသည်။

ထိုရုတ်တရက်မြင်ကွင်းကြောင့် ပတ်ဝန်းကျင်ရှိလူတိုင်း၏ အမူအရာများက သိသိသာသာ ပြောင်းလဲသွားကြလေသည်။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၆၇ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၆၇)] – တိုက်ပွဲ

အဖြူရောင်မီးတောက်များဖုံးလွှမ်းနေသော ဓား ၂၀၀ က
လေထဲတွင်လွင့်မျောနေကာ
ငရဲတန္တွေမီးတောက်ဓားစက်ဝန်း
အဖြစ်ပြောင်းလဲသွား၏။

ငရဲတစ္ဆေမီးတောက်ဓားစက်ဝန်းမှတဟုန်းဟုန်းတောက်လောင်နေသောမီးတောင်များနှင့်အတူ
ကြောက်မက်ဖွယ်ရာ
သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒအငွေ့အသက်များအဆက်မပြတ် ဖြာထွက်လာသည်။

ဤအချိန်တွင် ငရဲတစ္ဆေမီးတောက်ဓားစက်ဝန်းက
လေထုကို တဖြစ်ဖြစ်လောင်ကျွမ်းနေကာ
ကောင်းကင်ထက်မှနေအပူချိန်ထက်ပင်
ကျော်လွန်သွား၏။

“နတ်မျိုးနွယ်ဝင်တွေအားလုံး၊ နောက်ပြန်ဆုတ်။”

"ငရဲတစ္ဆေမျိုးနွယ်ဝင်တွေ အကုန်နောက်ဆုတ်ကြ။"

တစ်ချိန်တည်းမှာပင် မိုခေးနှင့် ဟွင်းယုတို့က အဆက်မပြတ်အော်ဟစ်ပြောဆိုလိုက်ကြသည်။ ၎င်းတို့၏လေသံကသိသာလွန်းသောစိုးရိမ်ပူပန်မှုများပါဝင်နေပေသည်။

ယင်းက ယန်ယဲ့ထုတ်ဖော်ထားသော ငရဲတစ္ဆေမီးတောက်ဓားစက်ဝန်းကိုကြည့်ကာမည်မျှကြောက်ရွံ့နေကြောင်းသိသာပေသည်။

တစ်ဖက်တွင် ကောင်းကင်ထက်မှ ငရဲတစ္ဆေမီးတောက်ဓားစက်ဝန်းကိုကြည့်နေရင်းမိုချင်းယု၏ မျက်လုံး၌ လေးနက်မှုတစ်ခု တောက်ပလာသည်။

အကယ်၍ ၎င်းက သာမန်ဓားစက်ဝန်းသာဆိုပါက
သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒကို
သတိထားနေမည်မဟုတ်ချေ။

သို့သော်၊ ယန်ယဲ့က
ဓားစက်ဝန်းကိုသဘာဝလွှန်ရတနာတစ်ခုဖြင့်ပေါင်းစပ်
ထားခဲ့၏။

သူမ၏လက်ထဲရှိ ရှေးဟောင်းအမွှေးအမျှင်ဓားအိမ်က
သဘာဝလွှန်ရတနာတစ်ခုအပေါ်
သက်ရောက်မှုမရှိခဲ့ပေ။

မိုချင်းယု၏ မျက်လုံးထဲ၌
မှိန်ဖျော့ဖျော့အလင်းရောင်များပေါ်လာပြီး

သူမ၏ပတ်ပတ်လည်တွင်
လေလှိုင်းများစတင်တိုက်ခတ်လာသည်။

ထို့နောက် သူမ၏ပုံရိပ်က တဖြည်းဖြည်းဝေဝါးလာကာ
ရုတ်ချည်းဆိုသလိုပင် ပျောက်ကွယ်သွားလေသည်။

တစ်ချိန်တည်းမှာပင် ပြင်းထန်သော
မှုန်ဝါးဝါးပုံရိပ်များ၏တစ်ဝိုက်၌
အစိမ်းရောင်အလင်းတန်းများ ထပ်မံ၍
ထွက်ပေါ်လာသည်။

မိုချင်းယု၏
လေးနက်သောတုံ့ပြန်မှုကြောင့်ဘေးနားတွင်ရပ်နေသော
မော့ဂျွန်လည်းသိသိသာသာပြောင်းလဲသွားပါသည်။

သူသည် ဓားစက်ဝန်းကိုမကြောက်ပေ။သို့သော်လည်း ယခုမူ ဓားစက်ဝန်းက သဘာဝလွန်ရတနာတစ်ခုနှင့်ပေါင်းစပ်ထား၏။

၎င်းက သာမန်သဘာဝလွန်ရတနာတစ်ခုမဟုတ်ပေ။ ငရဲတစ္ဆေမီးတောက်ပါ။

ထိုအချက်ကို တွေးနေရင်း သူ့လက်ထဲမှ "သေမျိုးအင်ပါယာတံဆိပ်တော်"ကအရှိန်ပြင်းပြင်း လည်ပတ်လာပြီး ရွှေရောင်အလင်းတန်းများ တလက်လက်ထွက်ပေါ်လာလေသည်။

တစ်ချိန်တည်းမှာပင် သူ၏ခန္ဓာကိုယ်မှ ရွှေရောင်စွမ်းအင်ကြိုးများဖြာထွက်လာပြီး

ရွှေရောင်နဂါးကိုးကောင်အဖြစ်ပြောင်းလဲကာကောင်းက
င်သို့ ပျံတက်သွား၏။

မိုခေး နှင့် ဟွင်းယုသည်လည်းတုံ့ဆိုင်းမနေခဲ့ပေ။
သူတို့၏
သက်ဆိုင်ရာအဖွဲ့ဝင်များကိုနောက်ပြန်ဆုတ်ရန်အမိန့်
ပေးပြီးနောက်

နှစ်ဦးသား လေးနက်သော အမူအရာဖြင့် ဓားစက်ဝန်းကို
စိုက်ကြည့်လိုက်ကြသည်။

ထို့နောက် သူတို့၏ခန္ဓာကိုယ်ကနေ
အနက်ရောင်ချီကြိုးမျှင်များနှင့် နတ်ဆိုးစွမ်းအင်များ
တဟုန်ထိုး ပေါက်ကွဲ ထွက်လာခဲ့သည်...။

ဤအခိုက်အတန့်တွင်၊

ယန်ယွဲ့၏မျက်လုံးများသည် သွေးရောင်နီရဲနေပြီး သူ့ပတ်ပတ်လည်၌ ပြင်းထန်သော သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒအငွေ့သက်များပျံ့လွင့်လာသည်။

သူက မိုခေး၊ မိုချင်းယု နှင့်ကျန်လူများကိုစိုက်ကြည့်ကာ "မင်းတို့အားလုံး ငါယန်ယွဲ့ကို သတ်ချင်နေကြတာလား။ ဒီလိုဆို အသင့်ပြင်ထားလိုက်ကြ!”

စကားဆုံးသည်နှင့်တစ်ပြိုင်နက် ကောင်းကင်ထက်တွင် အဆက်မပြတ်လည်ပတ်နေသော ငရဲတစ္ဆေမီးတောက်ဓားစက်ဝန်းက လျင်မြန်စွာ ကျဆင်းသွား၏ ။

မိုခေးနှင့် အခြားသူများ၏ အမူအရာများကချက်ချင်း ပြောင်းလဲသွားသည်။

လူတိုင်းက တုံ့ဆိုင်းမနေဘဲ သက်ဆိုင်ရာ နည်းစနစ်များ နှင့် အမှောင်ရတနာလက်နက်များကို အသီးသီးထုတ်ဖော်လိုက်ကြသည်။

အုန်း!

ငရဲတစ္ဆေမီးတောက်ဓားစက်ဝန်းကအောက်သို့ ကျဆင်းသွားပြီးနောက် ရောမပေါက်ကွဲသံကြီးထွက်ပေါ်လာကာ ပတ်ဝန်းကျင်ကို ရိုက်ခတ်သွားသည်။

မရေမတွက်နိုင်သော
အဖြူရောင်မီးတောက်လှိုင်းများက
ရှေးဟောင်းဒိုမိန်းမြို့၏ပတ်ဝန်းကျင်လေထုကို
တိုက်ရိုက်လောင်ကျွမ်းသွားလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး မည်းမှောင်နေကာ
နေရာတိုင်းတွင် ကြီးမားလှသော အက်ကြောင်းများ
ပြန့်နှံ့သွား၏။

ပေါက်ကွဲမှု၏စွမ်းအားလှိုင်းရိုက်ခတ်မှုကအလွန်တုန်လှု
ပ်ဖွယ်ရာအတိပင်။

မီးချီလှိုင်းများနှင့် မီးပင်လယ်အောက်၌ နစ်မြုပ်နေသော
မိုခေးနှင့် အခြားသူများကို ေးကြည့်ရင်း မြို့ရိုးပေါ် ရှိ

လူအုပ်ကြီးလည်း ချက်ချင်းတိတ်ဆိတ်သွားကာ ပတ်ဝန်းကျင်က သုသာန်တစ်စပြင်ကဲ့သို့ ပြောင်းလဲသွား၏။

အားလုံးက အလွန်တရာ တုန်လှုပ်ချောက်ချားသွားကာ မျက်လုံးများ တဆတ်ဆတ် တုန်လှုပ်သွားကြသည်။

"ဒါက သိုင်းဘုရင်အဆင့်ကျွမ်းကျင်သူတစ်ဦးရဲ့ တိုက်ခိုက်မှုလား? သောက်ကျိုးနည်း, ဝိညာဉ်နယ်ပယ်အလွှာအဆင့်အထွတ်အထိပ်တစ်ယော က်တောင်
ဒီလိုတိုက်ခိုက်မှုကိုထုတ်ဖော်နိုင်မှာမဟုတ်ဘူး။
ယန်....ယန်ယွဲ့က တကယ်ပဲ
ကြောက်စရာကောင်းနေတာလား?"

မည်သို့ပင်ဖြစ်စေကာမူ တိုက်ပွဲအပြီးတွင် ယန်ယဲ့၏နာမည်က ဆန်းကြယ်တိုက်ကြီးတစ်ခုလုံး ပြန့်နှံ့သွားပြီဖြစ်သည်။

လော့ရှဲ၏ မျက်လုံးများသည် အနည်းငယ် ကျဉ်းမြောင်းသွားသလို လေးနက်သော အမူအရာများလည်း ရှိနေခဲ့သည်။

"ငရဲတစ္ဆေမီးတောက်!
မီးဒြပ်စင်သဘာဝလွှန်ရတနာစာရင်းမှာ အဆင့် ၄ သဘာဝလွှန်မီးတောက်....။ သူက ဒီလိုသဘာဝလွှန်ရတာကိုတောင်ပိုင်ဆိုင်ထားလိမ့်မယ်လို့ မမျှော်လင့်ထားဘူး။ ဘယ်လောက်တောင် အံ့သြစရာကောင်းလိုက်လဲ!"

မြို့ရိုးအောက်မှ မြေပြင်ပေါ်၌
ရောမတွင်းနက်ကြီးတစ်ခုရှိနေပေသည်။

မီးတောက်လှိုင်းများ ပြန့်ကျဲသွားကာ မီတာ ၃၀၀
ဝန်းကျင်ခန့် ကြီးမား နက်ရှိုင်းသော
ရောမတွင်းနက်ကြီးကို ကြည့်ကာ
လူတိုင်းအလွန်တုန်လှုပ်ချောက်ချားသွားခဲ့သည်။

ရောမတွင်းနက်ကြီးက မီတာ ၁၀၀ ကျော် နက်ရှိုင်း
မရေမတွက်နိုင်သော မီးတောက်အမှုန်အမွှားများ
တောက်လောင်နေဆဲဖြစ်သည်။ ၎င်းက
ရောမမီးတောင်ဝကြီးတစ်ခုလိုပင်။

မိုခေး နှင့် ကျန်လူများကတော့....,

အားလုံးက ရောမတွင်းနက်ကြီးထဲ၌ရှိနေကာ
အတော်လေးဆိုးရွားသောပုံစံဖြင့်ရှိနေကြသည်။

၎င်းတို့၏မျက်နှာက မီးလောင်ကျွမ်းမှုကြောင့်
မည်းနက်နေကာ
ခမ်းနားထည်ဝါသောအသွင်အပြင်များရှိမနေတော့ပေ။
ခန္ဓာကိုယ်ပေါ်မှဝတ်ရုံရှည်များပင် စုတ်ပြဲသွားသည်။
အထူးသဖြင့်
မိုချင်းယု၏ခန္ဓာကိုယ်ပေါ်မှဝတ်ရုံရှည်ကလုံးလုံးလျား
လျားစုတ်ပြဲသွားကာ
ဖြူဖွေးဝင်းပနေသောအသားစိုင်များပင်မြင်နေရသည်။

မှန်ပါသည်၊ အဓိကအချက်မှာ အားလုံးကတစ်ယောက်မှပင် ချက်ချင်း မတ်တပ်မရပ်နိုင်ကြပေ။

ယခုအချိန်တွင် ၎င်းတို့၏ အမှုအရာများက သိသိသာသာကိုဆိုးရွားနေပေသည်။

ငရဲတစ္ဆေမီးတောက်ဓားစက်ဝန်းကိုခုခံရန် သူတို့၏ဝှက်ဖဲများကိုထုတ်ဖော်ခဲ့သော်ငြား အလွန်ဆိုးရွားသောအခြေအနေနှင့်သာရင်ဆိုင်လိုက်ရသည်။

သို့သော် အားလုံးထဲတွင် မိုချင်းယု၏ အခြေအနေက အဆိုးရွားဆုံးပါ။

ထောင်စုနှစ်၏ ဓားအင်ပါယာက
ဓားသမားတစ်ဦးကြောင့်
ဆိုးဆိုးရွားရွားစုတ်ပြတ်သက်သွားသည်။
ဒီအခြေအနေက သူမအတွက် အလွန်အရှက်ရစရာပင်။
ထို့ကြောင့် မိုချင်းယု၏ မျက်နှာသည် အနည်းငယ်
ဖြူဖျော့နေသော်လည်း အလွန်ကြောက်မက်ဖွယ်ရာ
အငွေ့အသက်များထွက်ပေါ်လာသည်။

ထိုအချိန်တွင် မြေပြင်သို့ ထိုးဖောက်သွားသော ဓား ၂၀၀
က ရုတ်တရက် ကောင်းကင်သို့ ပျံတက်သွားခဲ့သည်။

တစ်ချိန်တည်းတွင် ဓား ၂၀၀ နှင့်အတူ
အဖြူရောင်မီးတောက်ငယ်တစ်ခုက
ကောင်းကင်ထက်သို့ ပျံတက်လာခဲ့သည်။

ထိုအခြေအနေကိုမြင်လိုက်ရာ
မိုခေးအပါအဝင်လူတိုင်း၏မျက်ခုံးများတဆတ်ဆတ်တု
န်လှုပ်သွားကြသည်။
"နောက်တစ်ကြိမ်လား?"

မှန်ပါသည်။ ယန်ယဲ့က နောက်တစ်ကြိမ်
ထပ်မံတိုက်ခိုက်ရန် ပြင်လိုက်သည်။

ယန်ယဲ့က ရောမမီးတွင်းနက်၏အစွန်း၌
ရပ်နေရင်း လက်နှစ်ဖက်ကို မြှောက်ကာ ဓား ၂၀၀ နှင့်
ငရဲတစ္ဆေမီးတောက်ကို ပေါင်းစပ်လိုက်သည်။

မူလက
ငရဲတစ္ဆေမီးတောက်ဓားစက်ဝန်းကိုတစ်ကြိမ်လောက်
သာ ထုတ်ဖော်နိုင်ခဲ့သည်။

နောက်ဆုံးတော့၊ သူ၏ ဆန်းကြယ်ချီစွမ်းအင်က
ထင်သလောက် များပြားမနေပေ။ သို့သော်လည်း
ဤအချိန်တွင် သူကအတော်လေး ဒေါသထွက်နေခဲ့၏။

ထိုလူများက သူ့ကိုသတ်ပစ်ချင်နေသည့်အပြင်
စိတ်တိုင်းကျလုပ်ဆောင်၍ရသည်ဟုပါထင်မြင်နေကြ
သည်မဟုတ်ပေလား။

ယန်ယဲ့က
ငရဲတစ္ဆေမီးတောက်ဓားစက်ဝန်းကိုထုတ်ဖော်နေရင်း

ထိပ်တန်းအဆင့်စွမ်းအင်ကျောက်တုံးတစ်ခုကိုစုပ်ယူလိုက်သည်။

၎င်းက သူ၏ ဆန်းကြယ်ရှေးချိုကန်ထဲမှ ခရမ်းရောင်စုံချိစွမ်းအင်ကိုအပြည့်အဝပြန်မရနိုင်သော်ငြား ငရဲတစ္ဆေမီးတောက်ဓားစက်ဝန်းကိုတော့အသုံးပြုနိုင်ပေသည်။

ငရဲတစ္ဆေမီးတောက်ဓားစက်ဝန်းက ထိုလူများကိုမသတ်နိုင်သော်လည်း အပြင်းအထန်ဒဏ်ရာရစေရန်လုံလောက်ပေသည်။

မရေမတွက်နိုင်သော အဖြူရောင်မီးပွားများ က ဝန်းကျင်သို့ ပျံ့လွင့်သွားကာ၊ မီးပွားများက ကောင်းကင်၌ လှည့်ပတ်နေသည်။

မီးပွားများ တလက်လက်တောက်ပနေခြင်းကြောင့် ကောင်းကင်၏အလင်းရောင်က ရုတ်ချည်း မှိန်ဖျော့သွားကာ ကမ္ဘာလောက၏ အဆုံးသတ် ရောက်ရှိလာပြီဟုပင် ထင်ရသည်။

ရှဲရှဲ.... ဝေါ.....ဝရော

ငရဲတစ္ဆေမီးတောက်ဓားစက်ဝန်းက အရှိန်ပြင်းပြင်း လည်ပတ်နေကာ သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒ နှင့်

အဖြူရောင်မီးတောက်များက အဆက်မပြတ်
လွင့်စင်လာသည်။

ထိုမြင်ကွင်းကြောင့် မိုခေးနှင့် တွင်းနက်ထဲမှ
အခြားသူများ၏ စူးစူးရှရှ အကြည့်များက
ဒေါသအရိပ်အယောင်များ ထွက်ပေါ်လာခဲ့လေသည်။
"ဒီကောင်က ငါတို့ကို သူစိတ်တိုင်းကျ ခုတ်ထစ်နိုင်တဲ့
'ပန်းသီးအမှည့်' လို့များ ထင်နေသလား။"

သူတို့၏ ခွန်အားကို ဖုံးကွယ်ထားသောကြောင့်
ယန်ယဲ့အပါအဝင် အားလုံးက သူတို့၏
ဝှက်ဖဲအသီးသီးကို ထုတ်ပြရန် မရွေးချယ်ခဲ့ပေ။
မည်သို့ပင်ဆိုစေ၊ လူတိုင်း၏ အဓိကရည်ရွယ်ချက်မှာ
ပုန်းကွယ်နေသောနဂါးစေတီမှ ကံကြမ္မာစွမ်းအား ပါ။

သို့သော် ယခုအချိန်တွင် ယန်ယဲ့ က
ရက်စက်ကြမ်းကြုတ်စွာတိုက်ခိုက်လာခြင်းကြောင့်.....

အုန်း!

မော့ဂျွန်က မြေပြင်ကိုခြေစောင့်နင်းကာ
ကောင်းကင်ထက်သို့ပျံတက်လာသည်။
ရောမရွှေရောင်နဂါးကြီးက တဖျပ်ဖျပ်ခတ်ကာ
သူ့ခန္ဓာကိုယ်ပတ်ပတ်လည်၌ လှည့်ပတ်နေ၏။

ထိုအချိန်တွင် မော့ဂျွန်က ကျယ်လောင်စွာ
အော်ဟစ်လိုက်ပြီး သေမျိုးအင်ပါယာတံဆိပ်တော်ကို
အပေါ်သို့ပစ်လွှတ်လိုက်သည်။တံဆိပ်တော်က
လေထုထဲ၌ တဖြည်းဖြည်းကြီးမားလာပြီးနောက် မီတာ

၃၀၀ ကျော် ကြီးမားသော နဂါးပုံသဏ္ဍာန်တံဆိပ်အဖြစ် ချက်ချင်းပြောင်းလဲသွား၏။

"ယန်ယဲ့! အရမ်းကြီးလွန်မလာနဲ့။ မင်းကို အနိုင်ယူနိုင်စွမ်းမရှိဘူးလို့ ထင်နေတာလား။" မော့ဂျွန်က ဖြူဖျော့ဖျော့မျက်နှာထားဖြင့် ယန်ယဲ့ကိုစိုက်ကြည့်နေရင်း ရက်စက်ကြမ်းကြုတ်သော အမူအရာ အပြည့်ဖြင့်ပြောလိုက်သည်။

ယန်ယဲ့က အေးစက်စက် ရယ်မောလိုက်ကာ "သေမျိုးအင်ပါယာတံဆိပ်တော် လား? ဟမ့်! မော့ဂျွန်၊ မင်းရဲ့သေမျိုးအင်ပါယာတံဆိပ်တော် ဒါမှမဟုတ် ငါရဲ့ သဘာဝလွန်ရတနာကများ အားကောင်းသလား? ကြည့်လိုက်ရအောင်!"

ထိုအချိန်တွင် လေထဲ၌ လွင့်ပျံလာသော လေတိုးသံ တစ်ချက် ထွက်ပေါ်လာသည်။

မိုခေး၏ပုံရိပ်က ကောင်းကင်သို့ ပျံတက်လာရင်း လက်ထဲမှ ငရဲနတ်ဘုရားလှံဖြင့် ယန်ယဲ့ကို ချိန်လိုက်၏။

“အစကတော့ မင်းကို ဖြည်းဖြည်းချင်း သေတဲ့အထိ နှိပ်စက်ဖို့ ရည်ရွယ်ခဲ့တာ။ ဒါပေမယ့် အခုက မလိုအပ်ဘူးထင်တယ်!”

သူစကားပြောပြီးသည်နှင့် အနက်ရောင်တလက်လက်တောက်ပလာပြီး လျှို့ဝှက်ဆန်းကြယ်သောကြေးခွံနက်များက မိုခေး၏ ခန္ဓာကိုယ်ပေါ်တွင် ရုတ်တရက် ဖုံးလွှမ်းလာခဲ့လေသည်။

အချိန်အနည်းငယ်အတွင်းမှာပင် ကြေးခွံနက်များက မိုခေး၏မျက်လုံးများကလွဲ၍ သူ့ခန္ဓာကိုယ်တစ်ခုလုံးကို ဖုံးလွှမ်းသွားခဲ့သည်။

"သူ့အသက်က ငါ့အပိုင်ပဲ!" ထိုအချိန်တွင် တွင်းနက်ထဲမှ ဒေါသတကြီး အော်သံထွက်ပေါ်လာသည်။

အားလုံးက အပေါ်ကို လှမ်းကြည့်လိုက်ရာအစိမ်းရောင်အလင်းများတဖျပ်ဖျပ် တောက်ပနေသော မိုချင်းယုကိုတွေ့လိုက်သည်။

မိုချင်းယုက တွင်းနက်ထဲမှ တဟုန်ထိုးပြေးထွက်လာပြီးနောက် မြို့ရိုးတံတိုင်းကိုတစ်ချက်ကြည့်ရင်း ကျယ်လောင်စွာအော်ဟစ်လိုက်လေသည်။

“စုစည်းစမ်း!”

သူမပြောပြီးသည်နှင့်တစ်ချိန်တည်းမှာပင် ယန်ယဲ့၏ ထိန်းချုပ်မှုအောက်မှ ဓား ၂၀၀ ကလွဲ၍ ကျန်ဓားသမားများ၏ ဓားအားလုံးပျံတက်လာခဲ့သည်။

ထောင်ချီသော ဓားမြောက်များစွာက ပြင်းထန်သောဓားမြည်သံများကိုထုတ်လွှတ်ရင်း ရှေးဟောင်းအမွေးအမျှင်ဓားအိမ်ထဲသို့ ရောက်ရှိလာတော့သည်။

အချိန်အနည်းငယ်ကြာပြီးနောက် ရှေးဟောင်းအမွေးအမျှင်ဓားအိမ်ထဲကနေ ရောမအစိမ်းရောင်ဓားကြီးတစ်ချောင်း ထွက်ပေါ်လာသည်။

ရောမအစိမ်းရောင်ဓားကြီးက ၁၀၀
မီတာကျော်ကြီးမားပြီး မီတာ ၃၀
ကျော်ခန့်ရှည်လျားသည်။

မိုချင်းယု၏ လက်ထဲမှ
အစိမ်းရောင်ဓားကြီးကိုစိုက်ကြည့်ရင်း ယန်ယဲ့၏
မျက်လုံးများ အနည်းငယ် ကျဉ်းမြောင်းသွားသည်။

ရုတ်တရက် သူ့နှလုံးသားထဲမှ
စိတ်ဆန္ဒတစ်ခုကိုထုတ်လွှတ်လိုက်ရာ ဓား ၂၀၀ က
အစိမ်းရောင်စွမ်းအင်ဓားထက် မနိမ့်ကျသော
ရောမမီးတောက်ဓားကြီးတစ်လက်အဖြစ်ပေါင်းစည်း
သွားလေတော့သည်။

တစ်ချိန်တည်းမှာပင် လက်မအရွယ်ခန့်
အဖြူရောင်မီးတောက်တစ်ခုက
ရောမဓားကြီးနှင့်ဖြည်းညှင်းစွာပေါင်းစပ်သွားခဲ့သည်။

ထို့နောက် အဖြူရောင်မီးတောက်က
ဓားတစ်ချောင်းလုံးကို ဖုံးလွှမ်းသွားပြီး
ရောမအဖြူရောင်မီးတောက်ဓားကြီးတစ်လက်ဖြစ်ပေါ်
လာသည်။

“သွား!” ယန်ယဲ့က အေးစက်သောလေသံဖြင့်
အမိန့်ပေးလိုက်သည်။

ရောမမီးတောက်ဓားကြီးက
တဖြည်းဖြည်းနှင့်စတင်ရွေ့လျားလာကာ

မရေမတွက်နိုင်သော အဖြူရောင်မီးပွားများက ပတ်ဝန်းကျင်ဆီသို့ ပျံ့လွင့်သွားပြီးနောက် ရုတ်တရက် ပြင်းထန်စွာ ပိုင်းချလိုက်သည်။

ထိုအချိန်တွင် မိုချင်းယု၏ လက်ထဲမှ ရောမအစိမ်ရောင်ဓားကြီးကလည်းရှေ့သို့တရကြမ်းပျံ သန်းလာခဲ့သည်။

ပတ်ဝန်းကျင်မှ လူတိုင်း၏ အံ့အားသင့်နေသော အကြည့်များအောက်၌ ရောမဓားကြီး

နှစ်ချောင်းက

ကျယ်လောင်သောပေါက်ကွဲသံကြီးနှင့်အတူ

ခုတ်ပိုင်းလိုက်ပါသည်။

ဘန်း!

တစ်ချိန်တည်းမှာပဲ၊ ပြင်းထန်သော စွမ်းအင်လှိုင်းများက အလွှာလိုက် ပျံ့လွင့်လာကာ ကောင်းကင်ဘုံကိုးဆင့်မှပစ်ချလိုက်သောမိုးကြိုးအလား ပတ်ဝန်းကျင်သို့ရိုက်ခတ်သွားတော့သည်။

ဂျိန်း

ပတ်ဝန်းကျင် ဧရိယာတစ်ခုလုံး ကြောက်မက်ဖွယ်ကောင်းသော အဖြူရောင်မီး တောက်များနှင့် အစိမ်းရောင်စွမ်းအင်လှိုင်းများ၏ ရိုက်ခတ်မှုအောက်တွင် အ ပြင်းအထန်တုန်ခါလာခဲ့လေသည်။

ထို့နောက် စွမ်းအင်လှိုင်းလုံများက ယန်ယွဲ့ နှင့်
မိုချင်းယုတို့ နှစ်ယောက်လုံးကို ချက်ချင်း
လွှမ်းခြုံသွား၏။

ဤမြင်ကွင်းကြောင့် လူတိုင်း ထိတ်လန့်သွားချိန်တွင်
ခရမ်းရောင်အလင်းတန်းတစ်ခုက မီးတောက်နှင့်
စွမ်းအင်လှိုင်းများကြားမှ
ရုတ်တရက်
လင်းလက်တောက်ပစွာထွက်ပေါ်လာခဲ့သည်။

ခရက်.....ဘန်း

စွမ်းအင်ပင်လယ်အတွင်းမှ
ကြီးမားသောအက်ကွဲကြောင်းတစ်ခုဖြစ်ပေါ်လာပြီးနော

က် ဓားတစ်လက်ကိုကိုင်ထားသောယန်ယဲ့၏ပုံရိပ်က လူတိုင်းရှေ့၌ ပေါ်လာသည်။

ဤအချိန်တွင် ယန်ယဲ့၏မျက်လုံးများသည် နီရဲနေသည်။ ရက်စက်ကြမ်းကြုတ်သော သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒက သူ့ခန္ဓာကိုယ်တစ်ဝိုက် အဆက်မပြတ်ပျံ့လွင့်နေပေသည်။

လူတိုင်း အလွန်တုန်လှုပ်ချောက်ချားသွား၏။ အဘယ်ကြောင့်ဆိုသော် ယန်ယဲ့က အဖြူရောင်မီးတောက်များနှင့်အစိမ်းရောင်စွမ်းအင်လှိုင်းများရိုက်ခတ်မှုကိုခံရခြင်းမရှိပေ။

ယန်ယဲ့၏ အခြေအနေက အထိအခိုက်မရှိခဲ့ပေ။ အကြောင်းအရင်းမှာ သူက "ဓားနယ်မြေ"ကို ထုတ်ဖော်ပြီး စွမ်းအင်လှိုင်းရိုက်ခတ်မှုကို ကာကွယ်ထားသောကြောင့်ပါ။

သူက ဓားနယ်မြေကို လျှပ်တစ်ပြက်ဆိုသလိုအသုံးပြုလိုက်ခြင်းကြောင့် လူတိုင်း သတိမထားမိခဲ့ပေ။

မိုချင်းယု ကတော့ ......,

ယခုအချိန်တွင် မိုချင်းယုက ယန်ယဲ့ နှင့် မီတာ ၁၀၀ ကျော်အကွာ၌ ရှိနေပြီး အလွန်ဆိုးရွားလှသည်။

အနက်ရောင်ရှေးဟောင်းအမွေးအမျှင်ဓါးအိမ်က သူမ၏လက်ထဲ၌ ရှိနေသေးသော်ငြား၊

သူမ၏ပတ်ပတ်လည်မှမီးစွမ်းအင်လှိုင်းများကိုမတားဆီးနိုင်ခဲ့ပေ။

သူမ၏ မျက်နှာ၊ လက်မောင်းနှင့် အရေပြားက မီးလောင်ကျွမ်းမှုကြောင့် လုံးဝနီရဲနေလေသည်။

တစ်နည်းဆိုရသော် လူတစ်ယောက်လုံးကို မီးကင်ထားပြီးသားဟုဆိုနိုင်ပေသည်။

ယန်ယဲ့သည် သူ့ရှေ့မှ မိုချင်းယုကိုစိုက်ကြည့်နေရင်း ပါးစပ်ထောင့်တွင် အေးစက်သော အပြုံးတစ်ခု ထွက်ပေါ်လာခဲ့၏။

ထို့နောက် သူ့ခန္ဓာကိုယ်က တဖျပ်ဖျပ် တောက်ပလာပြီး မိုချင်းယု၏ ရှေ့သို့ ချက်ချင်းရောက်ရှိသွားသည်။

သို့သော် ထိုအချိန်တွင်၊
ရှေးဟောင်းအမွေးအမျှင်ဓားအိမ်က
မိုချင်းယု၏လက်ထဲမှလွတ်ထွက်လာပြီး ယန်ယဲ့ဆီသို့
ပြင်းထန်စွာ ပစ်လွှတ်လိုက်လေသည်။

သိသာစွာပင် ရှေးဟောင်းအမွေးအမျှင်ဓားအိမ်က
ဆက်ခံသူကို အလိုအလျောက်ကာကွယ်လိုက်ခြင်းပါ။

ရှေးဟောင်းအမွေးအမျှင်ဓားအိမ်က မိုချင်းယုအား
ကာကွယ်နေသည်ကိုမြင်လိုက်ရာ ယန်ယဲ့၏
မျက်လုံးများတွင် ရက်စက်ကြမ်းကြုတ်သော
အမူအရာတစ်ခု ပေါ်လာပြီး ဒေါသတကြီး
အော်လိုက်သည်။ “ဖယ်စမ်း!”

သူစကားပြောပြီးသည်နှင့်တစ်ပြိုင်နက်
ငရဲတစ္ဆေမီးတောက်က
မီးတောက်အလင်းစက်ဝန်းအဖြစ်ပြောင်းလဲကာ
ရှေးဟောင်းအမွေအမျှင်ဓားအိမ်ကို
ဖုံးလွှမ်းသွားလေသည်။

ငရဲတစ္ဆေမီးတောက်က
ရှေးဟောင်းအမွေအမျှင်ဓားအိမ်ကို ဖိနှိပ်ထားစဉ်မှာပဲ
ယန်ယွဲ့က မိုချင်းယု ရှေ့သို့
ချက်ချင်းရောက်ရှိလာပါသည်။

မိုချင်းယု၏ အမူအရာက ပြင်းထန်စွာ ပြောင်းသွားကာ
တိုက်ခိုက်ရန် ပြင်လိုက်သည်။

သို့သော် ဤအခိုက်အတန့်တွင် မမြင်နိုင်သော

ကြောက်မက်ဖွယ်ရာ စွမ်းအားတစ်ခုက ရုတ်တရက်

သူမ၏ခန္ဓာကိုယ်ကို ဖုံးလွှမ်းသွားသည်။

တစ်ချိန်တည်းမှာပင် သူမ၏ပတ်ပတ်လည်၌

မမြင်နိုင်သော ကြိုးတစ်ခုက

ရစ်ပတ်၊ချုပ်နှောင်ထားကြောင်း ခံစားလိုက်ရလေသည်။

ထို့အပြင် ၎င်းက

သူမ၏ခြားစိတ်ဆန္ဒကိုထုတ်ဖော်နိုင်စွမ်းမရှိအောင်တိုက်

ရိုက်ဖိနှိပ်ထားသည်။

ထိုအခိုက်အတန့်တွင် အလင်းတန်းတစ်ခုက သူမ၏

ရင်ဘတ်သို့ ထိုးဖောက်လာသည်ကိုသတိပြုမိပြီး

မိုချင်းယု၏ မျက်လုံးများအဆမတန်
ပြူးကျယ်သွားသည်။

သူမ ပါးစပ်ကိုဖွင့်ပြီး တစ်ခုခုပြောချင်နေပုံရသည်။ သို့
သော် အဆုံးတွင် ဘာစကားသံမှ ထွက်မလာခဲ့ပေ...။

ယန်ယွဲ့က သူ့လက်ထဲမှဓားကိုပြန်သိမ်းကာ မိုချင်းယုကို
စိုက်ကြည့်ကာ ပြောလိုက်ပါသည်။ "ဒါက ဓားအင်ပါယာ
လို့ခေါ်တဲ့ ဓားပညာရှင်အားလုံးရဲ့
အထွတ်အမြတ်တည်ရှိမှုလား? တကယ်ကို
အားနည်းလွန်းတယ်!"

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၆၈ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၆၈)] – ဘေးကို ဖယ်ပါ

ပတ်ဝန်းကျင်ရှိ လူတိုင်း
အလွန်အမင်းတုန်လှုပ်သွားခဲ့ပါပြီ။

"ဓားအင်ပါယာက ဒီအတိုင်းသေသွားပြီလား?
အနှစ်တစ်ထောင်တိုင်းမှာ ထွက်ပေါ်လာတဲ့

ဓားအင်ပါယာ! ဒီအတိုင်းပဲ သေဆုံးသွားခဲ့တာလား။

ဓားသမားတစ်ဦးရဲ့

လက်ချက်နဲ့ သေဆုံးသွားခဲ့တာလား။

ဓားသမားအားလုံး နဲ့ ဓားတွေက ဓားအင်ပါယာ ရှေ့မှာ

အညံ့ခံရတယ်လို့ပြောတယ်မဟုတ်လား?"

အားလုံးက အလွန့်အလွန်ကို ပဟေဠိဖြစ်သွားကြသည်။
လူတိုင်း ရှေ့မှ  မြင်ကွင်းကိုကြည့်ကာ
အကြီးအကျယ်တုန်လှုပ်နေသည်။

ဤအခိုက်အတန့်တွင်
ငရဲတစ္ဆေမီးတောက်ဖြင့်ချုပ်နှောင်ခံထားရသော
ရှေးဟောင်းအမွေးအမျှင်ဓားအိမ်က

တလက်လက်အလင်းရောင်များနှင့်အတူ
ပေါက်ကွဲသွား၏။

ထို့နောက် ကောင်းကင်ဘုံကိုးဆင့်မှပစ်ချလိုက်သော
နတ်မိုးကြိုးအလား ပြင်းထန်သော ဓားအော်သံတစ်ခုက
ကျယ်လောင်စွာ ထွက်ပေါ်လာခဲ့သည်။

ရုတ်တရက် ရှေးဟောင်းအမွှေးအမျှင်ဓားအိမ်က
အဖြူရောင်ဝတ်အမျိုးသမီးတစ်ဦးအဖြစ်ပြောင်းလဲသွား
၏။

အမျိုးသမီးက စိတ်ရှုပ်ထွေးသောအမူအရာဖြင့်
ယန်ယဲ့ကို စိုက်ကြည့်ကာ
မိုချင်းယုထံသို့လွင့်မျောသွားလေသည်။

သူမက မိုချင်းယု၏ ရင်ဘတ်ပေါ် ရှိ အပေါက်ကို
စိုက်ကြည့်လိုက်သည်။

အမျိုးသမီးက သက်ပြင်းတိုတိုချကာ
သူမ၏လက်တစ်ဖက်ကအနည်းငယ်လှုပ်ရှားသွားသည်။

ရုတ်တရက် သူမ၏လက်မှ
အစိမ်းရောင်စွမ်းအင်တန်းများ
ထွက်ပေါ်လာပြီးနောက်မိုချင်းယု၏ရင်ဘတ်မှဓားဒဏ်
ရာအပေါက်ဆီသို့စီးဝင်သွားပါသည်။

ပတ်ဝန်းကျင်ရှိ လူတိုင်းက
အဖြူရောင်ဝတ်အမျိုးသမီးကို မြင်တွေ့လိုက်သည့်အခါ
ကိုယ်စီ လေးနက်သော အမူအရာများကို ချက်ချင်း
ထုတ်ဖော်လိုက်ကြသည်။

ရှေးဟောင်းအမွေအမျှင်ဓားအိမ်၌ ကိုယ်ပိုင်အသိစိတ်
ဝိညာဉ် ရှိကြောင်း လူတိုင်းသိရှိထားကြ၏။
သို့သော်အတိတ်ကာလမှယခုအထိဘယ်သူမှမမြင်ဖူးကြ
ပေ။

ဓားအင်ပါယာ ဟုခေါ်ဆိုသော ဓားပညာလမ်းစဉ်၏
အထွတ်အထိပ်ပညာရှင်ဖြစ်နေသောကြောင့် လူတိုင်းက
ထိုအမျိုးသမီးကို မထီမဲ့မြင် မပြုဝံ့ကြပေ။

ရှေးဟောင်းအမွေအမျှင်ဓားအိမ်၏ ဝိညာဉ်က
မိုချင်းယုအားကယ်တင်နေကြောင်းမြင်လိုက်ရာ
ယန်ယဲ့က ချက်ချင်းပင်
မျက်မှောင်ကြုတ်သွားလေသည်။

သူ၏ ညာလက်ကို ငုံ့ယမ်းလိုက်ကာ
ငရဲတစ္ဆေမီးတောက်က သူ့လက်ဝါးထက်တွင်
ချက်ချင်းပေါ်လာသည်။

ထို့နောက် ယန်ယဲ့က တိုက်ခိုက်ရန်ပြင်လိုက်ကာ ၊
ရုတ်တရက်ဆိုသလိုပဲ အမျိုးသမီးက
သူ့အားလှည့်ကြည့်လာသည်ကိုသတိပြုမိလိုက်သည်။

တစ်ချိန်တည်းတွင် အမျိုးသမီးက မျက်လုံးများတွင်
ရှုပ်ထွေးသောခံစားချက်များနှင့်အတူရေရွတ်လိုက်ပါသ
ည်။

"အဆင့် ၆ သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒ၊
ဉာဏ်အလင်းရဓားနှလုံးသား၊ သဘာဝလွန်ရတနာနှစ်ခု၊
'ဓားနယ်မြေ' ရဲ့နိယာမကိုတောင် နားလည်ထားပြီ။

မင်းက ဓားအင်ပါယာတောင်ထိပ်ကို ဘာလို့ မလာခဲ့တာလဲ?" အမျိုးသမီးက ရည်ရွယ်ချက်ရှိရှိနှင့် သူမ၏အသံကို ယန်ယဲ့ဆီသို့ ပို့လွှတ်လိုက်သည်။

"ငါယန်ယဲ့က ဓားအင်ပါယာ ဖြစ်ဖို့ ဘယ်တုန်းကမှ မတွေးဖူးဘူး!" ယန်ယဲ့က တိုးညှင်းသောလေသံဖြင့် ပြောသည်။

"ဘာကြောင့်?" အမျိုးသမီးက ပဟေဠိဖြစ်သွားပုံပါ။

"ဘာလို့လဲဆိုတော့ မင်းမရှိရင်တောင် ငါ့ရှေ့မှာရှိတဲ့ ဓားတွေအားလုံးကို ထိန်းချုပ်နိုင်သေးလို့ပဲ!" ယန်ယဲ့က အဖြူရောင်ဝတ်အမျိုးသမီးကို ကြည့်ကာ

"မင်းကဘယ်လောက်ထိ

ကြောက်စရာကောင်းတယ်ဆိုတာ ငါ ရင်ဆိုင်ပြီးပြီ။

မင်းရဲ့ဓားကို ဖိနှိပ်နိုင်စွမ်းက

အရမ်းကြောက်စရာကောင်းလို့ ငါတောင် မင်းရှေ့မှာ

ဓားကို မသုံးရဲဘူး။

ဒါပေမယ့် မင်းက ငါ့အတွက် ချုပ်နှောင်ထားတဲ့

ပုံစံတစ်ခုလို့ဆိုနိုင်တယ်။ မင်းကို ပိုင်ဆိုင်ခဲ့ရင် ငါ မင်းရဲ့

ခွန်အားကို ဘယ်လို အားကိုးရမယ်ဆိုတာပဲ

စိတ်ကူးနေမိမှာ။ ငါယန်ယွဲ့က

ဓားတာအိုလမ်းစဉ်ကို

လျှောက်လှမ်းတဲ့အခါဘာအတွက်နဲ့ ပြင်ပ

ခွန်အားအရင်းအမြစ်ကို အားကိုးရမှာလဲ။”

အမျိုးသမီးက ဟက်ဟက်ပက်ပက် ရယ်မောကာ “လွန်ခဲ့တဲ့ နှစ် ၁၀,၀၀၀ တုန်းကလည်း တစ်စုံတစ်ဦးက ငါ့ကို ဒီလိုစကားမျိုး ပြောခဲ့ဖူးတယ်။

သူက ဘယ်သူလဲဆိုတာတော့ မင်းသိမှာပါ။မင်းလိုပါပဲ၊ သူက ငါ့ရဲ့ခွန်အားကို ပိုင်ဆိုင်ဖို့ ငြင်းပယ်ခဲ့တယ်။ အခုတော့ သူက အဲ့ဒီခေတ်ရဲ့သိုင်းနတ်ဘုရားကို ဘာကြောင့်အနိုင်ရခဲ့သလဲဆိုတာ ငါနည်းနည်းတော့နားလည်လာပြီ။ မင်းကလည်း ဒီထောင်စုနှစ်ရဲ့ဓားအင်ပါယာ ကို အနိုင်ယူခဲ့တယ်။

ဘာကြောင့်လဲဆိုတော့ မင်းတို့နှစ်ဦးလုံးက ဓားတာအို နဲ့ ပတ်သက်ပြီး အသန့်စင်ဆုံးတာအိုနှလုံးသားကို ပိုင်ဆိုင်ထားခဲ့လို့ပဲ။"

သို့သော် ယန်ယဲ့က သူမကို ပြန်မဖြေ။ လက်ထဲမှဓားဖြင့် မိုချင်းယုကို ထိုးညွှန်ရင်း သူ့ခန္ဓာကိုယ်မှဆန်းကြယ်ချီစွမ်းအင်များတဟုန်ထိုးမြင့်တက်လာခဲ့သည်။

တစ်ချိန်တည်းမှာပဲ ပြင်းထန်သော သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒက သူ့ခန္ဓာကိုယ်ကိုဗဟိုပြုကာ ပတ်ဝန်းကျင်သို့ ပျံ့လွင့်သွားပါသည်။

ယန်ယဲ့၏ အမူအရာကိုမြင်သောအခါ အမျိုးသမီးက "မင်း သူ့ကို လွှတ်ပေးလို့ရမလား? မင်းက ဓားအင်ပါယာကို အနိုင်ယူခဲ့တဲ့ ဒဏ္ဍာရီတစ်ခု ဖြစ်နေပြီ။ ဒီလိုဆို သူ့အသက်ကို လွှတ်ပေးလိုက်ပါလား”

“မဟုတ်ဘူး!” ယန်ယဲ့က ပြတ်ပြတ်သားသား ငြင်းဆန်လိုက်၏။ "သူမက ငါ့အပေါ် ကျေးဇူးမသိရုံတင်မကဘူး၊ ငါ့အပေါ် ပိုပြီးမုန်းတီးမှုတွေတောင် ဖြစ်လာမှာလေ။ ဒါ့ပြင် ငါချစ်ရတဲ့သူတစ်ယောက်က တစ်ချိန်လုံး သတိလစ်နေပြီး အခုအချိန်အထိ မနိုးထနိုင်သေးတာကလည်း သူ့ကြောင့်ပါပဲ။ ဒါဆို သူသေရမယ်! မင်းငါ့ကိုတားချင်ရင် မင်းပါသူနဲ့အတူသေနိုင်တယ်!"

စကားဆုံးသည်နှင့်တစ်ပြိုင်နက် ငရဲတစ္ဆေမီးတောက်ကလေထဲတွင်ပျံသန်းသွားကာ သူ့လက်ထဲမှဓားဖြင့်ပေါင်းစပ်လိုက်သည်။

ဤအမျိုးသမီးနှင့်ရင်ဆိုင်ရသည့်အခါ
သူ၏ခါးစိတ်ဆန္ဒကို
ငရဲတစ္ဆေမီးတောက်နှင့်ပေါင်းစပ်အသုံးပြုရန်သာတတ်နို
င်သည်။

သို့မဟုတ်ပါက
တိုက်ခိုက်မှုတစ်ခုကိုထုတ်ဖော်ရန်အသာထား၊
သူ့လက်ထဲမှဓားပင်အပြင်းအထန်ဖိနှိပ်ခံရပေမည်။

"ငါကိုယ်တိုင်က တံဆိပ်ကို ဖြုတ်လိုက်ရင် မင်းဟာ
ငါ့အတွက် ပြိုင်ဖက် မဟုတ်ဘူး!" အမျိုးသမီးက
အသံကျယ်ကျယ်ဖြင့် ပြောလာသည်။

"ပြဿနာက မင်းမတတ်နိုင်ဘူးမဟုတ်လား" ယန်ယွဲ့က အဖြူရောင်ဝတ်အမျိုးသမီးကိုစိုက်ကြည့်ကာ "သိုင်းဘုရင်အဆင့်ရဲ့အထက် ကျွမ်းကျင်သူတစ်ယောက်က ရှေးဟောင်းစစ်မြေပြင်မှာရှိတဲ့ကျွမ်းကျင်သူတွေကို မတိုက်ခိုက်နိုင်ဘူး။ တကယ်လို့မင်းရဲ့အစွမ်းထက်တဲ့ တံဆိပ်ကို ဖယ်လိုက်ရင် သူတို့က ခွင့်ပြုမှာတဲ့လား။”

"နောက်ဆုံးတော့ သူက ငါရွေးထားတဲ့ ဓားအင်ပါယာ လေ။ ငါက သူမ သေတာကို ဒီအတိုင်း မကြည့်နိုင်ဘူး!" အမျိုးသမီးက အသံတိုးတိုးဖြင့် ပြောလိုက်သည်။

ယန်ယဲ့က ပြုံးနေသည်။ သို့သော် သူ့အပြုံးက ရက်စက်ကြမ်းကြုတ်ဟန်အပြည့်ပါ။

သူက အမျိုးသမီးကို စူးစူးရဲရဲစိုက်ကြည့်လိုက်သည်။ "ဒီလိုဆို မင်းပြောတာ သူက ငါ့ကို သတ်နိုင်တယ်၊ ငါယန်ယဲ့က သူ့ကိုသတ်လို့ မရဘူးလို့ ဆိုလိုတာလား။

အမျိုးသမီးက သက်ပြင်းချလိုက်လေသည်။ "ဒါဆို မင်း အရင်စလိုက်ပါ!"

"ဒါပေါ့!" ယန်ယဲ့က ပြောပြီးသည်နှင့် တစ်ပြိုင်နက် သူ့လက်ထဲမှ ဓားက အဖြူရောင်မီးတောက်တန်းတစ်ခုထွက်ပေါ်လာကာ မိုချင်းယုဆီသို့ လျှပ်တစ်ပြက် ပိုင်းချလိုက်သည်။

ဤအချိန်တွင် သူက လုံးဝထိန်ချုန်မထားပေ။သူ
တိုက်ခိုက်လိုက်သည်နှင့်
ငရဲတစ္ဆေမီးတောက်ဖြင့်ပေါင်းစပ်ထားသော
ဝိညာဉ်ဖျက်ဆီးခြင်းဓားနည်းစနစ်က ချက်ချင်းပင်
ထွက်ပေါ်လာလေသည်။

ယန်ယဲ့က
စတင်တိုက်ခိုက်လာသည်ကိုမြင်သောအခါတွင်
အမျိုးသမီးကသက်ပြင်းချသူမ၏ပုံရိပ်က
ဓားတစ်ချောင်း ပုံသဏ္ဍာန်အဖြစ်
တဖြည်းဖြည်းပြောင်းလဲသွားသည်။

သို့သော်လည်း ထိုအချိန်တွင်
ဝိညာဉ်ဖျက်ဆီးခြင်းဓားနည်းစနစ်က ရုတ်တရက်

လျင်မြန်စွာရောက်ရှိလာပြီး အမျိုးသမီးကို ပြင်းထန်စွာ ဖိနှိပ်ထားခဲ့သည်။

ယန်ယဲ့၏ အဓိကရည်ရွယ်ချက်မှာ မိုချင်းယုမဟုတ်ဘဲ၊ ရှေးဟောင်းအမွေအမျှင်ဓားအိမ်

သာ....

အဆိုပါမြင်ကွင်းကြောင့် အနီးပတ်ဝန်းကျင်မှ လူတိုင်းသည်ပင် ပါးစပ်ထောင့်များ အဆက်မပြတ် လှုပ်ယမ်းသွားကြသည်။

"ချီး....။ ဒီကောင်က နည်းနည်းတော့ ရဲတင်းလွန်းတယ် မဟုတ်လား ! အဲဒါက ရှေးဟောင်းအမွေအမျှင်ဓားအိမ်ရဲ့ဝိညာဉ်လေ၊ သူက

တကယ်ပဲ ရှေးဟောင်းအမွေးအမျှင်ဓားအိမ်ကို ဦးတည်တိုက်ခိုက်ရဲတာလား?"

သို့သော် ယန်ယဲ့က ပြောဆိုဆွေးနွေးသံများကို ဂရုမစိုက်ပေ။ ရှေးဟောင်းအမွေးအမျှင်ဓားအိမ်က သူ့ရန်သူအဖြစ်သတ်မှတ်ထားပြီးသားပါ။

သူ၏ရန်သူ ဖြစ်နေသောကြောင့် ကျိန်းသေ သတ်ပစ်ရမည်ဖြစ်သည်။

သူက ရှေးဟောင်းအမွေးအမျှင်ဓားအိမ်၏ ဝိညာဉ်ကို သတ်နိုင်သည်ဖြစ်စေ မသတ်နိုင်သည်ဖြစ်စေက တိုက်ခိုက်ပြီးမှသာ သိနိုင်ပေမည်။

မီးတောက်ဓားက အလွန်တရာလျင်မြန်သောအရှိန်ဖြင့် အဖြူရောင်ဝတ်အမျိုးသမီးထံချက်ချင်းရောက်လာသည်။

သို့သော်လည်း သူမက ရှောင်တိမ်းရန် ရည်ရွယ်ချက်မရှိပေ။ သူမ၏ဖြူဖွေးလှပသောလက်နှစ်ချောင်းကိုဆန့်ထုတ်ကာ မီးတောက်ဓားကို ဖမ်းဆုပ်လိုက်လေသည်။

ယန်ယဲ့က အံ့သြဟန်မပြဘဲ အေးစက်စက်အော်ဟစ်လိုက်၏။“ပေါက်ကွဲတော့!”

သူ၏အမိန့်ပေးသံဆုံးသည်နှင့် ငရဲတစ္ဆေမီးတောက်က ရုတ်တရက် ပေါက်ကွဲသွားပြီး ကြောက်မက်ဖွယ်ရာ

မီးပင်လယ်တစ်ခုက အမျိုးသမီးကို ချက်ချင်း
ဖုံးလွှမ်းသွားပါသည်။

ယန်ယဲ့က စိတ်လှုပ်ရှားဟန်မပြပေ၊
မီးပင်လယ်ကိုသာစူးစူးရဲရဲစိုက်ကြည့်နေသည်။

ထိုအချိန်မှာပဲ မီးပင်လယ်အတွင်းကနေ
အဖြူရောင်အလင်းတန်းတစ်ခုက ကောင်းကင်သို့
ရုတ်ချည်းပျံတက်လာသည်ကိုသတိထားမိလိုက်၏။

သူ၏တိုက်ခိုက်မှုက ရှေးဟောင်းအမွေးအမျှင်ဓားအိမ်၏
ဝိညာဉ်ကို မသတ်နိုင်မှန်းမြင်တွေ့ပြီးနောက် ယန်ယဲ့၏
မျက်ခုံးများကတင်းတင်းကျပ်ကျပ်
ချည်နှောင်ထားသည်။

အဖြူရောင်ဝတ်အမျိုးသမီးက  ရုတ်တရက်

အဖြူရောင်အလင်းတန်းတစ်ခုအဖြစ် ပြောင်းလဲကာ

မိုချင်းယု နှင့်အတူ မိုးကုတ်စက်ဝိုင်းထဲသို့

ဝင်ရောက်ပျောက်ကွယ်သွားတော့သည်။

အဖြူရောင်ဝတ်အမျိုးသမီးက မိုချင်းယုအား

ခေါ်ဆောင်သွားသည်ကိုကြည့်ရင်းယန်ယဲ့၏

မျက်လုံးများက အေးခဲသွားကာ

သတ်ဖြတ်ခြင်းစိတ်ဆန္ဒများ

ပတ်ဝန်းကျင်တွင်တဟုန်ထိုးပျံ့လွင့်လာခဲ့သည်။

'တရားမျှတခြင်း' ဆိုတာ ဒီကမ္ဘာလောကမှာ

တကယ်မရှိဘူးပဲ...။

အစောပိုင်းတိုက်ခိုက်မှုတွင် အမျိုးသမီးက
သိုင်းဘုရင်အဆင့်ထက် ကျော်လွန်သော ခွန်အားကို
ရှင်းရှင်းလင်းလင်း အသုံးချခဲ့သော်လည်း သူမကို
မည်သူမျှ တားမဆီးခဲ့ပေ။

ဟားဟား! ရှေးဟောင်းဒိုမိန်းမြို့မှာ
တစ်စုံတစ်ယောက်က ဓားအင်ပါယာဝိညာဉ်လို့ခေါ်တဲ့
ရှေးဟောင်းအမွေအမျှင်ဓားအိမ်ကို
တိုက်ခိုက်ရဲတယ်။.... ထိုအချိန်တွင်
လေဟာနယ်အတွင်းပိုင်းမှ ကျယ်လောင်သော
ရယ်မောသံတစ်ခုထွက်လာသည်။
သို့သော် ယန်ယဲ့က ၎င်းကို မသိနိုင်ခဲ့ပေ။

ဤအချိန်တွင် သူ့စိတ်ထဲ၌ ဓားအင်ပါယာ

ဟူသောဘွဲ့နာမည် နှင့်

ရှေးဟောင်းအမွေအမျှင်ဓားအိမ်ကို

အလွန်မှန်းတီးလာခဲ့၏။

အဘယ်ကြောင့်ဆိုသော် ဓားအင်ပါယာက

ရှေးဟောင်းအမွေအမျှင်ဓားအိမ်၏ စွမ်းအားကို

အားကိုးရုံသာ.....

ယေဘုယျအားဖြင့် မိုချင်းယုသည်

ရှေးဟောင်းအမွေအမျှင်ဓားအိမ်ကိုပိုင်ဆိုင်မထားပါက

ယခုအချိန်တွင်သေဆုံးသွားပြီဖြစ်သည်။

"အတိတ်ကာလရဲ့

ဓားအင်ပါယာတွေလည်းဒီလိုပဲအတူတူလား?" သို့သော်

ယန်ယွဲ့၏စိတ်ထဲ၌ ဓားအင်ပါယာ

ဟူသောဘွဲ့ ဂုဏ်ပုဒ်နှင့်ပတ်သက်ပြီး
အလွန်အထင်အမြင်သေးသွားတော့သည်။

"အရှုံးကိုတောင် လက်မခံနိုင်တာ၊ သူ့ကိုယ်သူ
ဓားအင်ပါယာလို့ ခေါ်သလား။
နောက်တစ်ကြိမ်ပြန်ဆုံရင် ငါယန်ယွဲ့က
မိုချင်းယုကိုသေချာပေါက် သတ်ပစ်မယ်!"

ထို့နောက်  ခေါင်းယမ်းကာ သူ့အကြည့်ကိုပြန်ရုတ်ပြီး
မိုခေးနှင့်ကျန်လူများကို လှည့်ကြည့်လိုက်သည်။
သူသည် ငရဲတစ္ဆေမီးတောက်ဓားစက်ဝန်း နှင့်
ဝိညာဉ်ဖျက်ဆီးခြင်းဓားနည်းစနစ်ကိုအသုံးပြုလိုက်
သော်လည်းသူ၏ခန္ဓာကိုယ်ထဲ၌
များပြားသောဆန်းကြယ်ချီစွမ်းအင်များကျန်ရှိနေဆဲပါ။

ခြင်းကြောင့်

မည်သို့ပင်ဆိုစေ၊ သူသည်

ငရဲတစ္ဆေမီးတောက်ဓားစက်ဝန်းကို

နောက်ဆုံးတစ်ကြိမ်အသုံးပြုနိုင်သေးသည်။

ထို့ကြောင့် ယန်ယဲ့က

မိုခေးနှင့်ကျန်လူများကိုလွှတ်ပေးရန် မရည်ရွယ်ထားပေ။

မှန်ပါသည်။

ရှေးဟောင်းအမွေးအမျှင်ဓားအိမ်၏ဝိညာဉ်ပျောက်ကွ

ယ်သွားပြီးနောက်ယန်ယဲ့၏အကြည့်က မိုခေး၊ ဟွင်းယု

နှင့် မော့ဂျွန်တို့အပေါ်ကျရောက်သွားသည်။

ရုတ်တရက် သူ့လက်ကောက်ဝတ်ကို လှန်လိုက်ကာ
စိတ်ဆန္ဒတစ်ခုကို ထုတ်လွှတ်လိုက်ပြီး
ငရဲတစ္ဆေမီးတောက်ကိုဆင့်ခေါ်လိုက်သည်။

တစ်ချိန်တည်းမှာပင် သူ့ပတ်ပတ်လည်မှ ဓား ၂၀၀ က
အလင်းတန်း ၂၀၀ အဖြစ် ပြောင်းလဲသွားကာ
ငရဲတစ္ဆေမီးတောက်နှင့်ပေါင်းစပ်သွား၏။
မီးတောက်အပူရှိန်များပျံ့လွင့်လာကာ
ငရဲတစ္ဆေမီးတောက်ဓားစက်ဝန်းအဖြစ်ထပ်မံပြောင်းလဲ
သွားလေသည်။
ထို့နောက် သူ၏ခန္ဓာကိုယ်မှ
သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒများ
ပြင်းထန်စွာထွက်ပေါ်လာပြီး

ငရဲတစ္ဆေမီးတောက်ဓားစက်ဝန်းနှင့်ထပ်မံပေါင်းစပ်သွား၏။

ယန်ယဲ့က ဓားစက်ဝန်း၏ အလယ်ဗဟိုတွင်ရှိနေရင်း ပတ်ပတ်လည်မှ လူသုံးဦးကို တစ်ချက်ကြည့်လိုက်ပြီးနောက် ရယ်မောကာ “မင်းတို့သုံးယောက်က ငါ့ကိုသတ်ချင်နေတာမဟုတ်ဘူးလား။ လာပါ....။

ငါယန်ယဲ့ ဒီမှာရပ်နေတယ်၊ မင်းတို့ဘာကိုစောင့်နေတာလဲ။" ယန်ယဲ့ထံမှ ကြမ်းတမ်းရက်စက်သော စကားသံများထွက်ပေါ်လာခြင်းကြောင့် မြို့ရိုးအထက်မှ

မရေမတွက်နိုင်သော လူသားကျွမ်းကျင်သူများ
အားလုံးသွေးများ ဆူပွက်လာသလို ခံစားလိုက်ရသည်။

အများစုသည် ယခင်က
ယန်ယဲ့၏အခြေအနေကိုကြည့်ကာ
မကျေမနပ်ဖြစ်နေခဲ့သည်။

သို့သော်လည်း အဆုံးသတ်တွင် ယန်ယဲ့က
လူသားမျိုးနွယ်၏
ဂုဏ်သတင်းကိုမြှင့်တင်ပေးခဲ့ကြောင်း
ဝန်ခံလိုက်ရသည်။

အခြားတစ်ဖက်တွင် မိုခေး၊ ဟွင်းယု နှင့်
မော့ဂျွန်တို့သုံးဦး၏မျက်နှာက
အလွန်ဆိုးရွားနေပေသည်။

မှန်ပါသည်။ အကယ်၍
ယန်ယဲ့သာအသက်ရှင်နေဆဲဆိုပါက သူတို့အားလုံး
လုံးဝအရှက်ကွဲပါလိမ့်မည်။

ထို့အပြင် လူတိုင်းက
သူတို့၏ခွန်အားကိုဖုံးကွယ်ထားခြင်းရှိမရှိမသိသော်ငြား
အကြောင်းပြချက်များကိုဂရုစိုက်မည်မဟုတ်ချေ။
ဆန်းကြယ်တိုက်ကြီးတစ်ခုလုံးမှ
ကျင့်ကြံသူများကတော့ ယန်ယဲ့တစ်ယောက်တည်းဖြင့်
သူတို့လေးယောက်လုံးကို ခုခံတိုက်ခိုက်ခဲ့ကြောင်းသာ
အလေးထားပါလိမ့်မည်။

ထို့နောက် ယန်ယဲ့၏နာမည်ဂုဏ်သတင်းက ဆန်းကြယ်တိုက်ကြီးတစ်ခုလုံးသေချာပေါက်ပြန့်နှံ့သွားပြီး ၎င်းတို့နှင့် ဆန့်ကျင်စွာ တည်ရှိနေပေမည်။

သူတို့သုံးယောက်စလုံးက မျိုးနွယ်ခြားသုံးခုမှဖြစ်သော်လည်း အခုအချိန်တွင်ထပ်တူညီသောအတွေးများရှိနေကြ၏။

သို့သော် တိုက်ခိုက်ရန်ပြင်လိုက်စဉ်မှာပဲ လက်ထဲ၌ ရွှေရောင်လှံတစ်ချောင်းကိုင်ထားသောမိန်းမပျိုတစ်ဦးက ရှေးဟောင်းဒိုမိန်းမြို့အောက်ခြေတွင် ပေါ်လာသည်ကိုသတိထားမိလိုက်ကြသည်။

မိန်းမပျိုက နေ့းကွေးသော အရှိန်ဖြင့် မြို့ဆီသို့ တစ်လှမ်းချင်း လျှောက်လာနေခြင်းကြောင့် လူတိုင်း အထူးအဆန်းသဖွယ်စိုက်ကြည့်နေကြသည်။

"အဲဒီအမျိုးသမီးက ဘယ်သူလဲ။ ကြီးကျယ်ခမ်းနားတဲ့ ပါရမီရှင်တွေက အဲဒီနေရာမှာ တိုက်ခိုက်နေတာ မသိဘူးလား။ သူမက သေမှာကိုမကြောက်ဘူးလား?

"ဒီပုရွက်ဆိတ်က ဘယ်ကလာတာလဲ။ ဖယ်!” နတ်ဆိုးမျိုးနွယ်ဝင်တစ်ဦးက မိန်းမပျိုထံသို့ လျှပ်တစ်ပြက်ပြေးဝင်သွားကာ နတ်ဆိုးစွမ်းအင်ကြိုးများထွက်ပေါ်လာပြီး တိုက်ခိုက်လိုက်သည် ။

သို့သော် ထိုအချိန်တွင် မိန်းမပျိုက
ရုတ်ချည်းပျောက်ကွယ်သွားကာ နတ်ဆိုးလူငယ်နှင့်
မီတာ ၃၀ ကျော်အကွာ၌ ပြန်ပေါ်လာခဲ့၏။
ထို့နောက် မိန်းမပျိုက ရုတ်တရက်ပြန်လှည့်ကြည့်ကာ
နတ်ဆိုးလူငယ်၏ခန္ဓာကိုယ်က ချက်ချင်းဆိုသလိုပင်
တောင့်တင်းသွားတော့သည်။

မြို့ရိုးပေါ် ရှိ လူအုပ်ကြီးက ပဟေဋ္ဌိဖြစ်နေသော်လည်း
မိုခေးနှင့် အခြားသူများက မိန်းမပျိုကိုကြည့်ကာ
လေးနက်လာကြသည်။

အဘယ်ကြောင့်ဆိုသော်
မိန်းမပျို၏လှုပ်ရှားမှုနည်းစနစ်က
အလွန်ပင်ကြောက်စရာကောင်းနေလို့ပါ။

အနီမိန်းမပျိုက အကြည့်တစ်ချက်တည်းဖြင့် သတ်ဖြတ်ပစ်ခဲ့ခြင်းဖြစ်သည်။

မှန်ပါသည်။ သူမက အကြည့်တစ်ချက်ပို့လွှတ်ရုံဖြင့် သိုင်းဘုရင်အဆင့်ကျွမ်းကျင်သူကို သတ်ဖြတ်ခဲ့သည်။

ယန်ယဲ့၏အမူအရာသည်လည်း အလွန် လေးနက်လာခဲ့ပါသည် ။

ထိုမိန်းမပျိုက သူ့အား အလွန်အန္တရာယ်များသော ခံစားချက်ကို ပေးနေခြင်းကြောင့်ပါ။

အမှန်ပင်

မိန်းမပျိုထံမှထွက်ပေါ်လာသောအန္တရာယ်အငွေ့အသက်က မိုခေး နှင့် အခြားသူများထက် များစွာပို၍ပြင်းထန်သည်။

ထိုအချိန်တွင် မိန်းမပျိုက မိုခေး၊ ယန်ယဲ့နှင့်ကျန်လူများထံ ဖြည်းညှင်းစွာ လျှောက်လာခဲ့၏။

သူမက လူလေးယောက်ကို ဘာမှမထူးခြားသလိုအမူအရာဖြင့် ငေးစိုက်ကြည့်ရင်း ပြောလိုက်လေသည်။ "အကုန်လုံး ဘေးနားကို ဖယ်လိုက်!"

ဆက်ရန်

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၆၉)] – သိုင်းနတ်ဘုရား နှင့်
မိုးကောင်းကင်ခွဲလုံ

မိန်းမပျိုထံမှ ဂရုမစိုက်ဘဲ လျစ်လျူရှုသော လေသံကို
ကြားလိုက်သောအခါ မိုခေးနှင့် ဟွင်းယုတို့ နှစ်ဦးစလုံး
မျက်မှောင်ကြုတ်သွားကြသည်။

မိန်းမပျိုက လူသားဖြစ်နေသောကြောင့်
သူတို့၏မသိစိတ်အရ သူမကို
ရန်သူအဖြစ်သတ်မှတ်ထားပါသည်။

မှန်ပါသည်။ အများစုကတော့ မိန်းမပျိုက သူတို့နှင့် သူမကို စိုက်ကြည့်နေသော လျစ်လျူရှုတဲ့အကြည့်များကြောင့်ပါ။

မိန်းမပျိုက လမ်းကြုံဖြတ်သွားသကဲ့သို့ ပြုမူနေခြင်းကြောင့် ၎င်းတို့ကို လွန်စွာ မကျေမနပ်ဖြစ်ခဲ့ပုံရ၏။

"သေချင်လား" ရွှေရောင်လုံကို တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ထားစဉ် မိန်းမပျို၏ လှပသော မျက်ခုံးမွေးများက တွဲကျနေပြီး သူမ၏ လေသံက စိတ်မရှည်နိုင်သောအရာများကိုသယ်ဆောင်လာသည်။

"ဘယ်လောက် မာနကြီးလဲ!" ဟွင်းယုက အမျက်ဒေါသအသံဖြင့် ရယ်မောလိုက်ပြီးနောက် အနက်ရောင်သံကြိုးတစ်ချောင်းက လျှပ်စီးတန်းတစ်ခုလို ပေါက်ကွဲထွက်လာပြီး မိန်းမပျို၏လည်ပင်းကို ရစ်ပတ်လိုက်လေသည်။

"ကြည့်ရတာ နင် တကယ်သေချင်နေပုံပဲ!"
မိန်းမပျိုက ဟွင်းယု၏ တိုက်ခိုက်မှုကိုလစ်လျူရှုရင်း၊ သူမ၏ လက်ကောက်ဝတ်ကို လှန်လိုက်ရာ ရွှေရောင်လှံထိပ်ဖျားက အနက်ရောင်သံကြိုးကို ရိုက်မိသွားသည်။

အုန်း!

ပေါက်ကွဲသံတစ်ခု ထွက်ပေါ်လာပြီးနောက် မိုခေးနှင့် အခြားသူများ၏ ထိတ်လန့်နေသေယ အကြည့်များအောက်တွင် အနက်ရောင်သံကြိုးက နောက်ပြန်ကန်ထွက်သွားလေသည်။

မှန်ပါသည်။  အရေးအကြီးဆုံးမှာ အနက်ရောင်သံကြိုးတစ်လျှောက် ပင့်ကူမျှင်တွေလို အက်ကွဲကြောင်းများ ပြန့်နှံ့လာခြင်းပါ။

"အဲဒါက တာအိုတစ်ပိုင်းအဆင့်ရတနာလက်နက်လေ။ ဒါပေမယ့် တကယ်ပဲ ဒီအတိုင်း ပျက်စီးသွားတာလား?"

ဟွင်းယု၏ အမူအရာလည်း ပြောင်းလဲသွားသည်။

ထိုမိန်းမပျိုက အမှန်တကယ်ပင်
ကြောက်စရာကောင်းလိမ့်မည်ဟု သူ
မထင်ထားခဲ့ပေ။သူက ပေါ့ပေါ့ဆဆ မလုပ်ဆောင်ဝံ့ဘဲ
မိန်းမပျို၏ နောက်တစ်ကြိမ် လှုပ်ရှားကို
မြင်လိုက်စဉ်မှာပဲ
လျှပ်တစ်ပြက်နောက်ပြန်ဆုတ်သွားတော့သည်။

ရွှေရောင်လုံ့ထိပ်ဖျားက ဟွင်းယု၏
လည်ပင်းကိုထိုးဖောက်နေရာမှရုတ်တရက်လမ်းကြော
င်းပြောင်းကာ လက်မောင်းကိုထိုးခွဲသွားလေတော့သည်။

ဟွင်းယု၏မျက်လုံးများသည်
အလွန်ထိတ်လန့်တုန်လှုပ်နေကာ ချက်ချင်းဆိုသလို
အရောင်မှိန်ဖျော့သွားခဲ့သည်။

မှန်ပါသည်။ ထိုအရာနှင့်ဆန့်ကျင်စွာ သူ့မျက်လုံးထဲ၌ ပို၍ကြောက်စရာကောင်းသောသတ်ဖြတ်ခြင်းစိတ်ဆန္ဒ များရှိနေပေသည်။

ဤမြင်ကွင်းကို မြင်လိုက်ရသောအခါ ပတ်ဝန်းကျင်ရှိ မရေတွက်နိုင်သော လူအုပ်ကြီးလည်း တုန်လှုပ်သွားကြသည်။

မိန်းမပျို၏ တိုက်ခိုက်မှုက လုံးဝမရပ်တန့်ပေ။

သူမ၏လက်ကောက်ဝတ်ကအနည်းငယ်တုန်ခါသွားကာ ဟွင်းယု၏လည်ပင်းဆီသို့ ရွှေရောင်အလင်းတန်းများ ရောက်ရှိလာတော့သည်။

၎င်းသည် လျှပ်စီးကြောင်းထက် အဆပေါင်းများစွာ ပိုမြန်ပြီး လူတိုင်း ရှင်းရှင်းလင်းလင်း မမြင်နိုင်လောက်အောင်ပင်။

ယခုအချိန်တွင် ဟွင်းယုက မိန်းမပျိုအား လျှော့တွက်မိခြင်းကြောင့် နောင်တရသလိုခံစားလိုက်ရသည်။

သူ၏လက်မောင်းတစ်ဖက်ကို ဖြတ်သွားသော မိန်းမပျို၏လှုံ့ချက်က မည်မျှထိတ်လန့်စရာကောင်းသည်ကို သတိပြုမိခဲ့ခြင်းပါ။

အကယ်၍ သူသာ အနည်းငယ်သတိလွတ်သွားပါက ပြုတ်တောက်သွားသည်မှာလက်မောင်းမဟုတ်ဘဲ ခေါင်းသာဖြစ်နေပေလိမ့်မည်။

အား...

ဟွင်းယုက စူးစူးဝါးဝါး အသံဖြင့် အော်ဟစ်လိုက်၏။ သူ့မျက်လုံးများ ချက်ချင်း နက်မှောင်သွားကာ ဘယ်ဖက်လက်ကို ရှေ့သို့ ဆန့်တန်းကာ ရုတ်တရက် ဆုပ်ကိုင်လိုက်လေသည်။

လေထုထဲ၌ အနက်ရောင်တံစဉ်တစ်ချောင်း ပေါ်လာပြီး သူ့လက်ထဲတွင်ဆုပ်ကိုင်လိုက်သည်နှင့်

ကြောက်မက်ဖွယ်ရာအငွေ့အသက်များဖြာထွက်လာခဲ့သည်။

ဝုစ်။

ဟွင်းယုက သူ့လက်ကို တစ်ချက်လှုပ်လိုက်ရာ အနက်ရောင်တံစဉ်က အရှိန်ပြင်းပြင်းဖြင့် ရုတ်တရက် ပြေးထွက်သွားကာ ရွှေရောင် လုံဖျားဆီသို့ ပြေးဝင်သွားသည် ။

ဘန်း!

သို့သော် အနက်ရောင်တံစဉ်က ရွှေရောင်လုံထိပ်ဖျားနှင့်ထိတွေ့ပြီးနောက် ဟွင်းယု၏

အမှုအရာက ချက်ချင်းပင် ပြောင်းလဲသွားပြန်သည်။

ရွှေရောင်လုံး၏ နောက်မှ ပြင်းထန်သော အင်အားက

အနက်ရောင်တံစဉ်ကိုပြင်းထန်စွာရိုက်ချပြီး

အက်ကြောင်းများ ဖြစ်လာစေခြင်းကြောင့်ပါ။

ဤအချိန်တွင် ဟွင်းယု၏

မျက်လုံးများကအလွန်ထိတ်လန့်သွားပါသည် ။

အနက်ရောင်တံစဉ်က ငရဲတစ္ဆေမျိုးနွယ်၏

အဖိုးတန်ရတနာတစ်ခုဖြစ်သော ငရဲတံစဉ်ဖြစ်သည်။

၎င်းသည် တာအိုတစ်ပိုင်းအဆင့်ရတနာလက်နက်ဖြစ်ပြီး

ယခင်က အနက်ရောင်သံကြိုးနှင့် နှိုင်းယှဉ်ပါက

ပို၍မြင့်မားပေသည်။

ယထို့အပြင်၊ ငရဲတံစဉ်က
တာအိုရတနာလက်နက်ကိုဖန်တီးသည့် ပစ္စည်းများမှ
အတုပြုလုပ်ခြင်းပင်။

၎င်း၏ မာကျောမှုသည်
တာအိုရတနာလက်နက်တစ်ခုထက်
လုံးဝနိမ့်ကျမနေပေ။

သို့သော်လည်း ဤလျှို့ဝှက်ဆန်းကြယ်သော
မိန်းမပျို၏ရွှေရောင်လှံဖြင့်ရိုးရှင်းစွာတိုက်ခိုက်မှုက
တစ်စစီပျက်စီးသွားစေသည်။

"သူမဘယ်သူလဲအတိအကျ။ ရွှေရောင်လှံကရော
ဘယ်လို အမှောင်ရတနာလက်နက်မျိုးလဲ?"

ဟွင်းယုက တွေဝေနေရန်အချိန်မရှိခဲ့ပေ။

တစ်ချိန်တည်းမှာပင် ရွှေရောင်လုံထိပ်ဖျားက သူ့လည်ပင်းရှေ့တွင် လျင်မြန်စွာ ထွက်ပေါ်လာသည်ကို သတိပြုမိလိုက်သည်။

မိန်းမပျို၏ တိုက်ခိုက်မှုက အလွန်လျင်မြန်ပြီး သူမ၏ တိုက်ခိုက်မှုကို မျက်မှန်းတမ်းမမြင်နိုင်လောက်အောင်ကိုမြန်ဆန်လွန်းလှသည်။

သို့သော် ဟွင်းယု၏ မျက်လုံးများတွင် ရက်စက်ကြမ်းကြုတ်သော အရိပ်အယောင်များ ပေါ်လာသည်။

သူ၏စွမ်းအားကို ဖုံးကွယ်မထားတော့ဘဲ၊
အအင်အားအပြည့်ထုတ်ဖော်ရန်ပြင်လိုက်ချိန်တွင်
မိုခေးကမိန်းမပျို၏နောက်ကွယ်၌
ရုတ်တရက်ပေါ်လာပြီး လက်သီးနှင့်ထိုးလိုက်သည်။

နောက်မှတိုးဝင်လာသည့်
ပြင်းထန်သောစွမ်းအားကိုခံစားမိလိုက်ပုံဖြင့် မိန်းမပျို၏
မျက်ခုံးများကတွဲကျသွားကာ
မကျေနပ်မှုများတောက်ပလာခဲ့သည်။

မိန်းမပျိုက ဟွင်းယုကို
ဆက်မတိုက်တော့ဘဲခန္ဓာကိုယ်ကိုတစ်ပါတ်လှည့်ကာ
မိုခေး၏ တိုက်ခိုက်မှုကို ခုခံလိုက်သည်။

ဘန်း!

တိုက်ခိုက်မှုနှစ်ခုထိတွေ့လိုက်သည်နှင့် တစ်ပြိုင်နက်
မိုခေး၏ မျက်လုံးများက
သိသိသာသာကျဉ်းမြောင်းသွားလေသည်။

ရွှေရောင်လုံအတွင်းမှ
ကြောက်မက်ဖွယ်ရာအားလှိုင်းများ
စီးထွက်လာသည်ကိုသတိပြုမိကာ ခြေလှမ်း ၃
လှမ်းခန့်နောက်ပြန်ဆုတ်သွားလိုက်ရသည်။

သို့သော်လည်း မိန်းမပျိုက
ခြေတစ်လှမ်းသာနောက်ပြန်ဆုတ်သွား၏။

ဘေးတွင်ရပ်နေသော ယန်ယွဲ့ နှင့် မော့ဂျွန်တို့သည်ပင် လေးနက်သောအမူအရာများကိုယ်စီရှိနေကြသည်။

ဤအခိုက်အတန့်တွင် ယန်ယွဲ့သည် မိုခေး၏ ခွန်အား နှင့် ရုပ်ခန္ဓာသန်မာမှုကိုသိရှိထားသောကြောင့် တုန်လှုပ်သွားသည်။

သို့သော်လည်း မိန်းမပျိုက မိုခေးအား ရုပ်ခန္ဓာခွန်အားဖြင့် အနိုင်ယူခဲ့ပြီး မိုခေး၏ ခုခံအားကိုပင် ကျော်ဖြတ်နိုင်ခဲ့သည်။

" ဒီမိန်းမပျိုက ဘယ်သူဖြစ်နိုင်လဲ?"

"အဲဒါ မိုးကောင်းကင်ခွဲလုံ့!" ဤအခိုက်အတန့်တွင် မော့ဂျွန်က မိန်းမပျိုကို

စိုက်ကြည့်ကာ လေးလံသောအသံဖြင့် ပြောလိုက်သည်။
"မင်း....မင်းက သိုင်းနတ်ဘုရား ပဲ!"

သိုင်းနတ်ဘုရား။

အနီးနားရှိ လူအုပ်ကြီးသည်
ထိုစကားကိုကြားလိုက်သည်နှင့် တစ်ပြိုင်နက်
စိတ်လှုပ်ရှားသွားကြသည်။

သိုင်းနတ်ဘုရား။
ရှေးဟောင်းခတ်အဆက်ဆက်ကတည်းက
သိုင်းနတ်ဘုရားကိုမျိုးဆက်တူမည်သူက
ဆန့်ကျင်နိုင်ပါသလော။

သိုင်းနတ်ဘုရားက အဆင့်တူနယ်ပယ်တွင် မရှုံးနိမ့်နိုင်သော တည်ရှိမှုတစ်ခုနှင့် ညီမျှသည်။

မှန်ပါသည်။ ထိုအထဲမှ ဆေဘာဓားဂိုဏ်း၏ တည်ထောင်သူဘိုးဘေးကိုတော့ ဖယ်ထုတ်ထားရမည်ဖြစ်သည်။

ဤအခိုက်အတန့်တွင် ဓားအင်ပါယာ ထွက်ပေါ်လာပြီးနောက် သိုင်းနတ်ဘုရားလည်းပေါ်ထွက်လာမည်ဟု မထင်မှတ်ထားခဲ့ကြပေ။

သိုင်းနတ်ဘုရား။ ထိုအမည်နာမက ဓားအင်ပါယာ ထက်ပင် ရှားပါးသောဖြစ်တည်မှုတစ်ခုဟုဆိုနိုင်သည်။

ထို့အပြင်၊ ဤထောင်စုနှစ်၏ သိုင်းနတ်ဘုရားက
အမျိုးသမီး ဖြစ်လိမ့်မည်ဟု
ဘယ်သူမှမမျှော်လင့်ထားပေ။

အမျိုးသမီး သိုင်းနတ်ဘုရား ? ထိုအခြေအနေမျိုးက
ဆန်းကြယ်တိုက်ကြီး၏ သမိုင်းတစ်လျှောက်
မကြုံစဖူးဖြစ်ခဲ့သည်။

မိုခေးက အသံတိုးတိုးလေးနဲ့ ပြောရင်း
မိန်းမပျိုကိုစိုက်ကြည့်နေသည်။ "ဒဏ္ဍာရီအရ
မိုးကောင်းကင်ခွဲလှံက ဘယ်အရာကိုမဆို
ခွဲထုတ်နိုင်တဲ့အပြင် ကောင်းကင်ကိုပါ ခွဲနိုင်တယ်။ အခု
အဲဒါကို ငါကိုယ်တိုင် မြင်ပြီးပြီ ဆိုတော့
မိုးကောင်းကင်ခွဲလှံက ဂုဏ်သတင်းနဲ့
တကယ်ထိုက်တန်တယ်ဆိုရမယ်!”

မိန်းမပျိုက မိုခေးကို စိုက်ကြည့်ရင်း “နင်က
ငါ့လုံချက်ကို ခုခံပြီး နောက် ၃ လှမ်းလောက်
ပြန်ဆုတ်လိုက်ရုံပဲ။ နင်ကိုယ်တိုင်က မဆိုးပါဘူး!"

မိုခေး၏ အမူအရာက အနည်းငယ် ဆိုးရွားလှသည်။
ယခုအချိန်အထိ သူတစ်ပါးကိုသာ ထိုကဲ့သို့သော
စကားမျိုး ပြောဖူးသည်။

အခုချိန်မှာတော့ တစ်စုံတစ်ယောက်က သူ့ကို
သိပ်မဆိုးလှဟုပြောနေပေသည်။

သို့သော် မိန်းမပျို၏
ကြောက်မက်ဖွယ်ခွန်အားကိုပြန်တွေးမိပြီးသူ
တုံ့ပြန်ခဲ့ခြင်း မရှိပေ။

အရေးကြီးဆုံးကတော့ မိန်းမပျိုက ယခုအချိန်အထိ မည်သည့်နည်းစနစ်ကိုမျှ အသုံးမပြုရသေးပါ။

သူမက အရိုးရှင်းဆုံးသော စွမ်းအားနှင့် အရှိန်အဟုန်ကို အသုံးချကာ ဟွင်းယုကိုလုံးလုံးလျားလျား ဖိနှိပ်ပစ်ခဲ့သည်။

ထိုကဲ့သို့ ခွန်အားက သူကိုယ်တိုင်ပင် မိန်းမပျိုကို အလေးအနက်ထား ရင်ဆိုင်ခဲ့ရသောအရာတစ်ခုပင်။

မိန်းမပျိုက ဟွင်းယုကို လှည့်ကြည့်လိုက်ရာ ဟွင်းယု၏ မျက်ခွံများ တဆတ်ဆတ် လှုပ်ယမ်းသွားသည်။

အတိတ်ကာက သူသည် သိုင်းနတ်ဘုရားအကြောင်း ကြားရုံသာ ကြားဖူးသော်လည်း ယခုအချိန်တွင်မူ လက်တွေ့မြင်လိုက်ရပြီဖြစ်သည်။

ထို့အပြင် သူသည် လက်ရှိထောင်စုနှစ်၏ သိုင်းနတ်ဘုရား နှင့်ပင် တိုက်ခိုက်ခဲ့သည်။

ထိုအချိန်တွင် မိန်းမပျိုက ဟွင်းယုကိုဆက်မတိုက်ခိုက်တော့ဘဲ ယန်ယွဲ့ကို စိုက်ကြည့်နေသည်။

သူမက ယန်ယွဲ့၏လက်ထဲမှ ငရဲတစ္ဆေမီးတောက်ဓားစက်ဝန်းကိုစိုက်ကြည့်ရင်း မျက်ခုံးများ အနည်းငယ်တွန့်ကွေးသွားသည်။

သူမက "ငရဲတစ္ဆေမီးတောက်,
သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒ,
ညာဏ်အလင်းရဓားနှလုံးသား" မိန်းမပျို၏ မျက်လုံးထဲ၌
အံ့အားသင့်ဖွယ် အရိပ်အယောင်တစ်ခု ပေါ်လာသည်။

နင့်ဆီက အန္တရာယ်ကို ငါ ခံစားရတယ်။ နင်က
ဒီထောင်စုနှစ်ရဲ့ဓားအင်ပါယာ လား?"

“မဟုတ်ဘူး!” ယန်ယဲ့က “ဓားအင်ပါယာက အခုပဲ
ထွက်သွားတယ်။ မင်းဒီကိုနည်းနည်းစောရောက်ခဲ့ရင်
မင်းရဲ့ပြိုင်ဖက်နဲ့တွေ့လိမ့်မယ်။ ကံမကောင်းစွာပဲ၊
မင်းနောက်ကျသွားတယ်!"

မိန်းမပျိုက အလွန် အံ့အားသင့်သွားပုံပါ။“ဘယ်လို! တကယ်တော့ နင်က ဓားအင်ပါယာ မဟုတ်ဘူးလား။ စိတ်ဝင်စားစရာပဲ!"

ထို့နောက် မိန်းမပျို၏ အကြည့်သည် မော့ဂျွန်ဆီသို့ ပြောင်းသွားကာ "သေမျိုးအင်ပါယာတံဆိပ်တော်၊ နဂါးထိန်းချုပ်ခြင်းနည်းစနစ် နဲ့ အစစ်အမှန်နဂါးရဲ့အငွေ့အသက်တွေ!" မော်တယ်အင်ပါယာ လို့ခေါ်တဲ့ "သေမျိုးကေရာဇ်"တောင် ပေါ်လာပြီ။ဒီအခြေအနေကို ဘယ်တုန်းကမှ မမျှော်လင့်ထားဘူး။ တိုက်ကြီးတစ်ခုလုံး အဆင့်အတန်းမြင့်လာဖို့ကြိုးစားမယ့်အစား ကံကြမ္မာစွမ်းအားလုတိုက်ပွဲမှာ ဘာကြောင့် ပါဝင်တာလဲ။

ဟုတ်တယ်၊ နင်က
ပုန်းကွယ်နေသောနဂါးအဆင့်သတ်မှတ်ချက်မှာ အဆင့်
၁ နေရာကို သိမ်းပိုက်ချင်နေတာထင်တယ်။ ပြီးတော့
အဆင့်သတ်မှတ်ချက်အတွင်းက
ကျင့်ကြံသူတွေကိုစုဆောင်းချင်နေတာ ဖြစ်နိုင်တယ်။”

“မှန်တယ်!” မော့ဂျွန်က ပီပီပြင်ပြင် ပြုံးလိုက်ပြီး
"သိုင်းနတ်ဘုရားက လူသိမများတဲ့ လူတစ်ယောက်
ဖြစ်လာလိမ့်မယ်လို့ ဘယ်တုန်းကမှ
မမျှော်လင့်ထားပါဘူး။ ဒါ့အပြင်
အမျိုးသမီးတစ်ဦးတောင်ဖြစ်နေသေးတယ်။
အံ့သြစရာကောင်းလိုက်တာ။ ဒီလိုဆို မင်းလည်း
အရင်က သိုင်းနတ်ဘုရားတွေလို

လုပ်ပြဖို့ စိတ်ကူးနေတာလား။

ပုန်းကွယ်နေသောနဂါးအဆင့်သတ်မှတ်ချက်မှာ အဆင့် ၁ နေရာကို ရယူမယ်၊ ပြီးရင် တိုက်ကြီးတစ်ခုလုံးရဲ့ ထိပ်သီးပါရမီရှင်တွေကို အနိုင်ယူပြီးခေတ်အဆက်ဆက်ကျော်ကြားတဲ့ဂုဏ်ပုဒ်ကိုဆက်ခံချင်တယ်ထင်တယ်။

အဲဒါတွေသာ မင်းရဲ့ရည်ရွယ်ချက်တွေ ဆိုရင် ပြီးမြောက်ဖို့ တော်တော် ခက်လိမ့်မယ်!”

“ခေတ်အဆက်ဆက် ကျော်ကြားခဲ့တယ်တဲ့? ခက်ခဲလား?" မိန်းမပျိုက ခေါင်းခါပြီး “ငါအန်နန်ကျင်းက တစ်ခုခု လုပ်ချင်နေသရွေ့ မပြီးမြောက်နိုင်ဘူးဆိုတာ မရှိဘူး!”

သူမပြောပြီးသည်နှင့်တစ်ပြိုင်နက် အန်နန်ကျင်းက ကောင်းကင်ဝင်ပေါက်ဆီသို့ လျှောက်ဝင်သွားသည်။

သူမက မရောက်ခင်တွင် ရုတ်တရက် ရပ်တန့်သွားပြီး "ပုန်းကွယ်နေသောနဂါးစေတီကို နောက်သုံးရက်ကြာရင် ဖွင့်တော့မယ်။ ဟိုမှာတွေ့ကြတာပေါ့ !"

သူမပြောပြီးသည်နှင့် တစ်ပြိုင်နက် အန်နန်ကျင်းက မြို့ရိုးထောင့်တစ်နေရာကို တစ်ချက်ကြည့်လိုက်ပြီးနောက် အကြည့်ကို ဆုတ်ကာ ကောင်းကင်ဝင်ပေါက်ထဲသို့ လှမ်းဝင်လိုက်သည်။

မြို့တော်တံတိုင်း၏ ထောင့်တစ်နေရာတွင်ရပ်နေသော လော့ရှဲက အံ့အားသင့်သွားပြီး ခေါင်းယမ်းကာ ပြုံးလိုက်ပါသည်။ "သိုင်းနတ်ဘုရားပ

မျှော်လင့်ထားသလိုပဲ။ စူးရှတဲ့စိတ်အာရုံအသိတွေ၊ ဘယ်လောက်စိတ်ဝင်စားဖို့ကောင်းသလဲ။ တကယ့်ကို စိတ်ဝင်စားဖို့ကောင်းလိုက်တာ။ ဟားဟား!"

အန်နန်ကျင်းက ကောင်းကင်ဝင်ပေါက်သို့ ခြေချလိုက်သောအခါ အစိမ်းရောင်အလင်းတန်းများ တောက်ပလာပြီး သူမရှေ့သို့ ချက်ချင်းရောက်ရှိလာသည်။

သို့သော် သူမက လုံးဝ မလှုပ်မရှားဘဲရပ်နေကာ အစိမ်းရောင်အလင်းတန်းများက ရုတ်တရက် အပိုင်းပိုင်း ကွဲထွက်သွားသည် ။

ဒုတိယအကြိမ်မြောက်  အလင်းတန်းကအဆက်မပြတ် တောက်လျှောက် ထွက်ပေါ်လာသည်။

ထိတ်လန့်စရာမြင်ကွင်းတစ်ခု ပေါ်လာသည်။
အန်နန်ကျင်းက အစိမ်းရောင်အလင်းတန်းကို
လုံးဝမရှောင်တိမ်းပေ။ သူမ၏ခန္ဓာကိုယ်ကို သာ
ထိမှန်စေခဲ့သည်။

သို့သော် ဘာမှဖြစ်ပျက်မလာပေ၊
အစိမ်းရောင်အလင်းတန်းများက ချက်ချင်းပင်
ပျောက်ကွယ်သွားပါပြီ။

လူတိုင်း တုန်လှုပ်သွားကြသည်။

တတိယမြောက်
အလင်းတန်းသည်လည်းလျင်မြန်စွာရောက်ရှိလာပြီး
နောက် ယခင်ကလိုပင် ပျောက်ကွယ်သွားပြန်သည်။

ထို့နောက် အန်နန်ကျင်းက ဘာမှထူးခြားဟန်မပြဘဲ
ကောင်းကင်ဝင်ပေါက်ထဲသို့
ဆက်လျှောက်ဝင်သွားခဲ့သည်။

ယခုတစ်ကြိမ်တွင် သူတို့ရှေ့မှမြင်ကွင်းကြောင့် မိုခေး၊
ဟွင်းယု နှင့် မော့ဂျွန် တို့သည်ပင်
လေးနက်သော အမူအရာများ ရှိနေကြသည်။

ကောင်းကင်ဝင်ပေါက်၏ တိုက်ခိုက်မှုက
ဝိညာဉ်နယ်ပယ်အလွှာအဆင့်အထွတ်အထိပ်ကျွမ်းကျင်
သူထက် နိမ့်ကျမနေခဲ့ပေ။

သို့သော် အန်နန်ကျင်း၏ ခွန်အားက အလွန်တရာ
တုန်လှုပ်ချောက်ချားဖွယ်အတိပင်။

အန်နန်ကျင်းက ကောင်းကင်ဝင်ပေါက်ကို

ဖြတ်လျှောက်သွားပြီးနောက် မိုခေး , ဟွင်းယု နှင့်

မော့ဂျွန် တို့သုံးဦးလုံး တိတ်ဆိတ်သွားသည်။

သိုင်းနတ်ဘုရား ဟူသောတည်ရှိမှုက

ဘယ်အရာကိုကိုယ်စားပြုသနည်း။

၎င်းသည် သိုင်းပညာလမ်းစဉ်၏

အထွတ်အမြတ်ပညာရှင်ကိုကိုယ်စားပြုပြီး

ခေတ်တစ်ခေတ်တည်းမှ ပညာရှင်အားလုံး၏

ထိပ်ဆုံး၌ရပ်တည်မှု ဖြစ်သည်။

သူတို့သုံးဦးစလုံးက

သိုင်းနတ်ဘုရားနှင့်တစ်ခေတ်တည်းတွေ့ဆုံနေသော

ကြောင့်အလွန်ကံမကောင်းဟုယူဆနိုင်ပေသည်။

သို့သော် ယန်ယဲ့ကမူ ဤအခြေအနေနှင့်ပတ်သက်၍ သိပ်ပြီးစဉ်းစားမနေပေ။

သိုင်းနတ်ဘုရားက သူ့ကို မစော်ကားသေးသရွေ့ သူ့အတွက်အရေးမကြီးချေ။

သူ့တွင် ရည်မှန်းချက်တစ်ခုသာ ရှိသည်။ကံကြမ္မာစွမ်းအားကို ရယူပြီး ရှောင်ယူ့ရှီကိုကယ်တင်ရန်နှင့် သူ၏အမေဖြစ်သူကိုကယ်တင်ရန်အတွက် သူ၏ကျင့်ကြံမှုကိုမြှင့်တင်ရန်သာ။

အဆင့်တူမျိုးဆက်တွင် ကျော်ကြားလာခြင်း၊ (သို့) တိုက်ကြီးတစ်ခုလုံးကို ထိတ်လန့်တုန်လှုပ်စေခြင်း"

ဤအရာများကို တခြားလူတစ်ယောက်ဆီ ထားခဲ့တာက
အကောင်းဆုံးဟုသာ သူခံစားမိခဲ့သည်။

ထို့နောက် ယန်ယဲ့က သူ့နှလုံးသားထဲမှ
စိတ်ဆန္ဒတစ်ခုကိုထုတ်ဖော်ကာ
ဓားပျံကိုဆင့်ခေါ်လိုက်ရင်း လူမြင်ကွင်းကနေ
ချက်ချင်းပျောက်ကွယ်သွားခဲ့သည်။

ထိုလူများကို ဆက်ပြီးတိုက်ခိုက်နေခြင်းက လုံးဝ
အဓိပ္ပါယ်မရှိဟု သူခံစားမိလိုက်ခြင်းပါ။

အလားတူပင် မိုခေးနှင့်ကျန်လူများကလည်း
ဒီအခြေအနေကိုနားလည်ထားပုံရ၏။

သူတို့ကယန်ယဲ့နောက်ကိုဆက်လိုက်ရန်စိတ်ဝင်စားခြင်း
မရှိတော့ပေ။

အစောပိုင်းက ယန်ယဲ့၏ ခွန်အားကို
လက်တွေ့ရင်ဆိုင်ခဲ့ရပြီး သူသာထွက်ပြေးချင်ပါက
အမီလိုက်ရန်မဖြစ်နိုင်ကြောင်းသိထားကြသည်။

နောက်ဆုံးတွင်၊ ယန်ယဲ့အသုံးပြုခဲ့သော ဓားနည်းစနစ်က
သူတို့၏နည်းစနစ်များထက်ပင်ကျော်လွန်နေသယောင်
ထင်ရသည်။

သို့သော် ၎င်းက ယန်ယဲ့ကို
လွှတ်ပေးရန်ဆုံးဖြတ်ခဲ့ခြင်းတော့မဟုတ်ပေ။

အဆုံးတွင် ယန်ယဲ့သည်
ပုန်းကွယ်နေသောနဂါးစေတီထဲသို့
ဝင်ရောက်လာဦးမည်မဟုတ်ပါလား။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ ၃၇၀ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

(အပိုင်း ၃၇၀)] – မင်းကိုစောင့်နေတယ်။

.......။

ယန်ယွဲ့သည် ပါရမီရှင်လေးယောက်ကို တစ်ကိုယ်တည်း တိုက်ခိုက်ခဲ့ပြီး ထောင်စုနှစ်၏ ဓားအင်ပါယာကို ပါ အနိုင်ယူခဲ့သည်။

ဤသတင်းသည် လေဆင်နှာမောင်းကဲ့သို့ တိုက်ကြီးတစ်ခုလုံးကို ချက်ချင်းပြန့်နှံ့သွားခဲ့ပါသည်။

မှန်ပါသည်။ သတင်းထွက်ပေါ်လာသည်နှင့်တစ်ပြိုင်နက် ထိတ်လန့်တုန်လှုပ်စရာအကောင်းဆုံးမှာ ယန်ယွဲ့က

ထောင်စုနှစ်၏ ဓားအင်ပါယာကို
အနိုင်ယူခဲ့သောအချက်ပါ။

ဆန်းကြယ်တိုက်ကြီး၏ သမိုင်းတစ်လျှောက်
ဓားအင်ပါယာ ကို အနိုင်ယူသော ဓားပညာရှင်တစ်ဦးမှ
မရှိခဲ့ပေ။

အတိတ်ကာလက ဓားအင်ပါယာသည်
ဓားတာအိုပညာရှင်များအတွက်
အမြင့်မြတ်ဆုံးဘွဲ့ဂုဏ်ပုဒ်ဖြစ်သည်။ ဓားအင်ပါယာက
ဓားပညာရှင်အားလုံးအနက် အထွတ်အထိပ်ကို
ကိုယ်စားပြုသည်။
ယခုအချိန်တွင်မူ ဓားပညာရှင်တစ်ဦးက ဓားအင်ပါယာ
ကို အနိုင်ယူခဲ့၏။ ၎င်းကဘယ်အရာကို ဆိုလိုပါနသည်း။

မရေမတွက်နိုင်သော ဓားပညာရှင်များသည်ပင် ပပေါ်ငိုဖြစ်သွားကြသည်။

ဓားအင်ပါယာသည် သူတို့ နှလုံးထဲသားထဲ၌ မြင့်မြတ်ဆုံးဘွဲ့ ဂုဏ်ပုဒ် ဟု ဆိုနိုင်သည်။

ဓားပညာရှင်တိုင်းက ဓားအင်ပါယာ ဖြစ်လာရန် ကြိုးစားခဲ့ကြသည်။

တစ်နည်းဆိုရသော် ဓားအင်ပါယာ သည် တိုက်ကြီးတစ်ခုလုံးမှ ဓားပညာရှင်အားလုံး၏ ပြယုဂ်(ကိုယ်စားလှယ်) ဖြစ်သည်။

ယခုအချိန်တွင် သူတို့၏နှလုံးသားထဲ၌ အမြင့်မြတ်ဆုံး နှင့် အထွတ်အမြတ်တည်ရှိမှုအဖြစ်သတ်မှတ်ထားသော ဓားအင်ပါယာက

အမှန်တကယ်ပင် ရှုံးနိမ့်သွားခဲ့ပြီဖြစ်သည်။ထို့အပြင်၊
ဓားအင်ပါယာ ကို အနိုင်ယူခဲ့သူက
ဓားပညာရှင်တစ်ဦးပါ။

လူတိုင်းက ဝမ်းနည်းခြင်း (သို့) စိတ်လှုပ်ရှားခြင်း
ရှိမရှိကိုပင် မသိနိုင်ပေ။

ဝမ်းနည်းခြင်းမှာ ဓားအင်ပါယာ
ရှုံးနိမ့်ခဲ့ခြင်းကြောင့်ဖြစ်သည်။ စိတ်လှုပ်ရှားရခြင်းမှာ
ဓားအင်ပါယာကို အမှန်တကယ်
အနိုင်ယူခဲ့ခြင်းကြောင့်ပင်။

မည်သို့ပင်ဆိုစေ ဤအချိန်တွင်
ဆန်းကြယ်တိုက်ကြီးတစ်ခုလုံးမှ

လူငယ်မျိုးဆက်များအားလုံး
လူတစ်ယောက်၏နာမည်ကိုသာသိထားကြသည်။
ထိုနာမည်က "ယန်ယဲ့!"

တောင်ပိုင်းနယ်မြေ၏ ဆေဘာဓားဂိုဏ်း။

ရုတ်တရက် အေးစက်သော လေအေးတစ်ချက်က
ညှင်သာစွာ တိုက်ခတ်သွားသည်။

တိုက်ခိုက်ရေးနန်းဆောင်အတွင်းရှိ
ရောမကျောက်တုံးတစ်ခုပေါ်တွင်
အဖြူရောင်ဝတ်စုံဝတ်မိန်းမပျိုတစ်ဦးက
တိတ်ဆိတ်စွာရပ်နေခဲ့သည်။

ထိုမိန်းမပျိုက ကြာပန်းပွင့်ကဲ့သို့
လှပညက်ညောသောအသွင်အပြင်နှင့် ပုခုံးနောက်သို့
ဖြည်ကျနေသော ဆံပင်ရှည်များရှိသည်။

သူမက ရောမကျောက်တုံးကြီးပေါ်၌ တိတ်ဆိတ်စွာ
မတ်တပ်ရပ်နေချိန်တွင် ရှေ့မှ လေအေးများက သူမ၏
နားရွက်နားမှ ဆံစများကို တဖျပ်ဖျပ်လွင့်သွားစေသည်။

သူမ၏အကြည့်သည် မြောက်ဖက်သို့
ဦးတည်နေသော်လည်း အာရုံမစိုက်ပေ။
သူမက တစ်စုံတစ်ခုကို ရှာဖွေနေပုံရပြီး တစ်စုံတစ်ခုကို
တွေးနေပုံရ၏

ထိုကဲ့သို့ပင် အဖြူရောင်ဝတ်မိန်းမပျိုက
ရောမကျောက်တုံးကြီးပေါ်၌ လေးနာရီနီးပါးကြာ
ရပ်နေကာ မိုးကုပ်စက်ဝိုင်းပေါ် ရှိ
အနီရောင်အစင်းကြောင်းများ တဖြည်းဖြည်း
မှိန်ဖျော့လာသောအခါတွင် သူမ၏ အကြည့်ကို
ရုတ်သိမ်းသွားခဲ့သည်။

ရုတ်တရက် သူမ၏ လှပသော မျက်ခုံးမွေးများက
ညီညီညာညာ တွဲကျလာကာ လက်ကိုဆန့်ပြီး သူမ၏
ဝမ်းဗိုက်ဆီသို့ ပွတ်သပ်လိုက်သည်။

သူမဝမ်းဗိုက်က သိသိသာသာလေးဆူထွက်နေပေသည်။
ရုတ်တရက် မိန်းမပျို၏ မျက်နှာထက်၌ ရှားရှားပါးပါး
နူးညံ့သိမ်မွေ့မှု ပေါ်လွင်လာပြီး ဗိုက်ကို ပါးပါးလေး
ပွတ်သပ်လိုက်သည် ။

ခဏအကြာတွင် သူမက မြောက်အရပ်သို့ စူးစိုက်ကြည့်ကာ နောက်တစ်ကြိမ် အသံတိုးတိုးဖြင့် ရေရွတ်ရင်း သူမ၏ ချယ်ရီနှုတ်ခမ်းများ က ဖျတ်ခနဲ ကွဲအာသွားသည်။ "ငါ.... ငါတို့မင်းကိုစောင့်နေတယ်...."

......။

ပန်းနန်းတော်။ ပန်းပွင့်ချောက်ကမ်းပါး၏ အောက်ခြေတွင်.....

"သူက ထိပ်သီးပါရမီရှင်လေးယောက်ကို တစ်ဦးတည်းနဲ့ ရင်ဆိုင်တိုက်ခိုက်ခဲ့တယ်။ ဒါ့အပြင် ရှေးဟောင်းအမွေးအမျှင်ဓားအိမ်ရဲ့

အသိအမှတ်ပြုမှုကို ရရှိထားတဲ့ ဓားအင်ပါယာကိုတောင် အနိုင်ယူခဲ့တယ်။

တစ်ချိန်တည်းမှာပဲ သူက လျှို့ဝှက်ဆန်းကြယ်တဲ့ သဘာဝလွန်ရတနာတစ်ခုကို ပါ ပိုင်ဆိုင်ထားတယ်...”

ဖန်းယု၏ရှေ့မှ မိန်းမလှတစ်ဦးက စာလိပ်တစ်ခုကို စိုက်ကြည့်ကာ အကြောင်းအရာကို ဖြည်းညှင်းစွာဖတ်ပြလိုက်သည်။

ထိုအခိုက်အတန့်တွင် ဖန်းယု၏ အသားအရေသည် အလွန်ကောင်းမွန်နေခဲ့ပါသည်။

သူမကို နေ့စဉ်ညှဉ်းပမ်းနှိပ်စက်နေသော လုံယုက ပန်းနန်းတော်၏အဆင့်မြင့်အာဏာပိုင်များထံမှ အခြားနေရာတစ်ခုကိုတာဝန်ပေးခံရသောကြောင့်ဖြစ်သ ည်။

တစ်ဖက်တွင် အပြစ်ပေးရန် စေလွှတ်လိုက်သော

အာဏာပိုင်အကြီးအကဲက သူမကို ထိတ်လန့်စေခဲ့သည်။

ဒီ အပြစ်ပေးအကြီးအကဲက သူမကိုနှိပ်စက်

ညှဉ်းပန်းခြင်းမရှိသည့်အပြင်

သူမ၏ဒဏ်ရာကိုပါကုသပေးနေခဲ့သည်။

ထို့အပြင် ဤအပြစ်ပေးအကြီးအကဲက

ယန်ယွဲ့နှင့်ပတ်သက်သောအကြောင်းအရာများကို

မကြာခဏပြောလေ့ရှိသည်။

ဤအရာက သူမအား အလွန်အမင်း

တုန်လှုပ်ချောက်ချားသွားစေခဲ့သည်။

သို့သော် သားဖြစ်သူ ယန်ယွဲ့အကြောင်းကို

ကြားနေရပါက

သူမအတွက်လုံလောက်နေပြီဖြစ်ရာကျန်အရာများကသိ ပ်ပြီးအရေးမကြီးပေ။

နောက်ဆုံးတွင် သူမ၏သားဖြစ်သူက သာမန်မျိုးဆက်တစ်ဦး မဟုတ်ပေ၊ ဖန်းယု၏ မျက်နှာပေါ်တွင် ကျေနပ်သည့်အမူအရာတစ်ခု တဖြည်းဖြည်းပေါ်လာခဲ့သည်။

သို့သော်လည်း ကံဆိုးစွာပင် သားဖြစ်သူယန်ယွဲ့နှင့်ပြန်ဆုံနိုင်မည့်နေ့အထိစောင့်ဆိုင်း နေနိုင်ခြင်းမရှိတော့ပေ…။

……

ယန်ယဲ့က ဓားအင်ပါယာ ကို

အနိုင်ယူခဲ့သောသတင်းကိုကြားပြီးနောက်

တောင်ပိုင်းနယ်မြေ၏

မဟာဂိုဏ်းကြီးခြောက်ဂိုဏ်းစလုံးအလားတူတုန်လှုပ်

ကာ တိတ်ဆိတ်သွားကြသည်။

ဒီအဖြစ်အပျက်ပြီးနောက်

ယန်ယဲ့ကသူတို့စိတ်ရှိတိုင်းဖိနှိပ်နိုင်စွမ်းမရှိတော့ဟုပြော

ဆိုနေခြင်းနှင့်အတူတူပါပဲ။

ဘာကြောင့်လဲ? ယန်ယဲ့သည်

ပုန်းကွယ်နေသောနဂါးအဆင့်သတ်မှတ်ချက်တွင်

ထိပ်ဆုံး (၅)နေရာ အတွင်းဝင်ရန်သေချာနေပြီဖြစ်သည်။

ထို့နောက် သူပိုင်ဆိုင်ထားသောသဘာဝလွန်စွမ်းရည်၊

ခွန်အားနှင့် ဆိုပါက ဗဟိုနယ်မြေ၏ အဆင့် ၉

မဟာဂိုဏ်းသုံးခုက သေချာပေါက် အလုအယက်
ခေါ်ယူပါလိမ့်မည်။

အကယ်၍ ယန်ယဲ့သာ ဗဟိုနယ်မြေ၏ အဆင့် ၉
မဟာဂိုဏ်းတစ်ခုခုကိုဝင်ရောက်သွားပါက
သူတို့အားလုံး လက်လျှော့လိုက်ရုံသာ...

သို့သော်လည်း မဟာဂိုဏ်းကြီးခြောက်ဂိုဏ်း၏
အဆင့်မြင့်အာဏာပိုင်များက ဤအရာအားလုံးအပေါ်
ရှုပ်ထွေးပွေလီသောခံစားချက်များ ရှိနေဆဲပါ။

၎င်းတို့က
ယန်ယဲ့၏ပင်ကိုယ်စွမ်းရည်ကိုကြီးကြီးမားမားမမျှော်လ
င့်ထားခဲ့ပေ။

အဆင့် ၈ ဓားစိတ်ဆန္ဒ နှင့် အဆင့် ၈ လေစိတ်ဆန္ဒကိုပိုင်ဆိုင်ထားသော ဓားအင်ပါယာကို အနိုင်ယူခဲ့၏။

အထူးသဖြင့် ဆေဘာဓားဂိုဏ်း, ဤသတင်းထွက်ပေါ်လာပြီးနောက် ဆေဘာဓားဂိုဏ်းတစ်ခုလုံး၏ လေထုကာ အနည်းငယ်ထူးဆန်းသွားခဲ့သည်။

ဒေါသဖြစ်ရမည် (သို့မဟုတ်) ပျော်ရွှင်ရမည်လော။

အမျက်ဒေါသစိတ်က ဆေဘာဓားဂိုဏ်း၏ မှားယွင်းသောဆုံးဖြတ်ချက်ကြောင့် ယန်ယဲ့ကို

စွန့်ပယ်ကာ ဓားအင်ပါယာ ကို အနိုင်ယူခဲ့သော ဓားတာအိုပညာရှင်တစ်ဦးကိုစွန့်လွှတ်လိုက်ရခြင်းပင်။ အပြန်အလှန်အားဖြင့် အတိတ်တစ်ချိန်က ဆောဘာဓားဂိုဏ်းဝင်တစ်ဦးဖြစ်ခဲ့ဖူးသည်။ ထိုလူငယ်က ထောင်စုနှစ်၏ ဓားအင်ပါယာ ကို အနိုင်ယူခဲ့သောကြောင့် ပျော်ရွှင်နေကြခြင်းသာ.....

မည်သို့ပင်ဖြစ်စေ ဓားအင်ပါယာကို ယန်ယွဲ့အနိုင်ယူခဲ့သော သတင်းက ဆောဘာဓားဂိုဏ်းတစ်ခုလုံးကို ပြန့်နှံ့သွားရာ တစ်ချိန်ကသူနေခဲ့သောနေရာတွင်ပင်ဘယ်သူမှမနေရဲတော့ပေ။

ထို့အပြင်၊ ယန်ယဲ့သည် တစ်ချိန်ကအလုပ်သမား တပည့်ဖြစ်ခဲ့သည့်သတင်းကလည်း ဆေဘာဓားဂိုဏ်းတစ်ခုလုံးသို့ တဖြည်းဖြည်း ပြန့်သွားခဲ့သည်။

"သူက ဓားအင်ပါယာ ကို အနိုင်ယူနိုင်လိမ့်မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ဖူးပါဘူး။ သောက်ကျိုးနည်း! လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ငါနဲ့ အလုပ်အတူတွဲလုပ်ခဲ့တဲ့ အလုပ်သမား တပည့်တစ်ယောက်ပဲလား။

ဓားအင်ပါယာကို အနိုင်ယူခဲ့တဲ့ 'ယန်ယဲ့' က တကယ်ပဲ ငါသိတဲ့ ယန်ယဲ့ လား?"

“အချိန်ကဘယ်လောက်ပဲရှိသေးလို့လဲ။

ဒါပေမယ့် သူက

တောင်ပိုင်းနယ်မြေရဲ့အဆင့်သတ်မှတ်ချက်ဘုရင်နေရာ

ကို သိမ်းပိုက်ခဲ့တယ်။အခုကျတော့လည်း

ဓားအင်ပါယာကိုပအနိုင်ယူလိုက်ပြန်ပြီ။

ဆေဘာဓားဂိုဏ်းကို တည်ထောင်ခဲ့တဲ့ ဘိုးဘေးအပြင်

ဂိုဏ်းရဲ့သမိုင်းတစ်လျှောက်မှာ

ဒီလိုအောင်မြင်မှုတွေကို နှိုင်းယှဉ်နိုင်တဲ့သူတစ်ယောက်မှ

မရှိနိုင်ဘူး။ ဒါပေမယ့် ဂိုဏ်းက သူ့ကို ဘာကြောင့်

နှင်ထုတ်လိုက်တာလဲ။နောင်အနာဂတ်မှာ သူက ငါတို့ရဲ့

ဆေဘာဓားဂိုဏ်းကို ဂုဏ်သတင်းမြင့်တက်လာအောင်

ဦးဆောင်နိုင်မှာမဟုတ်လား”

"တကယ်တော့ ငါက ဓားဧကရာဇ်ကို အနိုင်ယူတဲ့

ဓားသမားနဲ့ တစ်ဂိုဏ်းတည်းကနေ လာတာပဲ။

အတိတ်ကဆိုပေမယ့် အခုထိဖြစ်နေတုန်းပါပဲ။

ဟားဟား!!

"အင်း ! ဂိုဏ်းက သူ့ကို မနှင်ထုတ်ရင် တောင်ပိုင်းနယ်မြေက လူငယ်မျိုးဆက်တွေအားလုံး ငါတို့ ဆေဘာဓားဂိုဏ်းနဲ့ ယှဉ်နိုင်ပါ့မလား။ ဩော် ! သနားစရာပဲ...။"

ဆေဘာဓားဂိုဏ်းမှ ယန်ယဲ့ကို နှင်ထုတ်ခဲ့ခြင်းနှင့် ပတ်သက်သည့် ကိစ္စရပ်မှာ တောင်ပိုင်းနယ်မြေတစ်ခုလုံးသို့ လျင်မြန်စွာ ပြန့်နှံ့သွား၏။

ထို့နောက်တွင် တောင်ပိုင်းနယ်မြေရှိ အင်အားစုများ နှင့် အာဏာပိုင်များက ဆေဘာဓားဂိုဏ်း၏ ကံဆိုးမှုကို လှောင်ပြောင်လိုက်ကြသည်။

မှန်ပါသည်။ တစ်ချိန်တည်းတွင် တောင်ပိုင်းနယ်မြေတစ်ခုလုံးက ဆေဘာဓားဂိုဏ်း နှင့် အဆင့်မြင့်အာဏာပိုင်အားလုံးကို "အသိဉာဏ်တုံးအသောအရူးများ"ဟုပင် နာမည်ပြောင်ပေးထားကြသည်။

ထိုအဖြစ်အပျက်ကြောင့် မျိုးနွယ်စုအချို့က ၎င်းတို့၏ မျိုးဆက်တပည့်များကိုပင် ဆေဘာဓားဂိုဏ်းမှ ပြန်ထွက်ရန် တောင်းဆိုလာကြသည်။

အဘယ်ကြောင့်ဆိုသော်,

သူတို့စိုးရိမ်မိသလောက်၊ သက်ဆိုင်ရာမျိုးနွယ်စုများ၏
တပည့်များက သဘာဝအတိုင်း အရည်အချင်းရှိလျှင်ပင်
၎င်းကို ဆေဘာဓားဂိုဏ်း၌
တစ်သက်လုံးမြှုပ်နှံထားရပေလိမ့်မည်...။

ဓားအင်ပါယာကို ယန်ယွဲ့၏အနိုင်ရမှုက
ဆေဘာဓားဂိုဏ်းအတွက်
ကြီးမားသောအရှက်ရစရာတစ်ခုပင်။

ဆေဘာဓားဂိုဏ်း၏ အဆင့်မြင့်အာဏာပိုင်များက
တိတ်ဆိတ်၍သာနေကြသည်။
အခြေအနေကိုဖြို့ခွဲရန်လုပ်ဆောင်နိုင်ခြင်းမရှိတော့ပေ။

၎င်းတို့သည် ဆေဘာဓားဂိုဏ်း၏ တပည့်များကို ထွက်ခွာခွင့်သာပြုခဲ့ပြီး ထိုအန္တရာယ်ရှိသော ကောလာဟလများကို ဖြန့်ခွင့်ပြုခဲ့သည်။

ကျန်သတင်းများကိုမူ လုံးဝ မကြားခဲ့ရသလိုပင် တိတ်ဆိတ်နေ၏။ ဤအခြေအနေက ကျန်မဟာဂိုဏ်းကြီးများကို အလွန် ပဟေဠိဖြစ်သွားစေသည်။

အဆောင်သခင်အစည်းအရုံး၏ဌာနချုပ်။

ဤအခိုက်အတန့်တွင် အဆောင်သခင်အစည်းအရုံးမှ အဆင့်မြင့်အာဏာပိုင်အားလုံး ခန်းမတစ်ခုအတွင်း တိတ်ဆိတ်စွာ ထိုင်နေခဲ့ကြသည်။

ခဏအကြာတွင် ထိပ်ဆုံးထိုင်ခုံပေါ်၌ ထိုင်နေသော
ပိုင်ရှန်းက သက်ပြင်းတစ်ချက်ချလိုက်ပြီး
"ဒီကလေးရဲ့မာနကြောင့်
သူလုံးဝပြန်မလာတော့ဘူးဆိုတာသိသာတယ်။
ကောင်းပြီ၊ သူက
အဆောင်သခင်အစည်းအရုံးကိုပြန်မလာဘူးဆိုရင်တော
င် လင်းရှန် နဲ့ သူညီမ ရှိနေတာကြောင့် ငါတို့ရန်သူတွေ
ဖြစ်လာမှာ မဟုတ်ဘူး။ ဒါပေမယ့် သနားစရာပဲ!
သနားစရာပဲ!"

ထိုစကားကိုကြားတော့ ကျန်
အဆင့်မြင့်အာဏာပိုင်များလည်း
ခေါင်းယမ်းလိုက်ကြသည်။ သူတို့၏ မျက်လုံးများတွင်

ဟန်ပင်မဆောင်နိုင်ဘဲ
နောင်တရနေဟန်များပေါ်လွင်နေပါသည်။
အကယ်၍ နောင်တမရဟု ပြောက
လိမ်ညာခြင်းဖြစ်သည်။ မည်သို့ပင်
အခုအချိန်မှပြန်ပြင်ရန်နောက်ကျသွားပါပြီ။

ခန်းမအပြင်ဖက်ရှိ ကျောက်တုံးလှေကားထစ်ပေါ်တွင်
မိန်းကလေးငယ်နှစ်ဦး ထိုင်နေသည်။

"ပေါင်အာ! မင်းကြားလား? ငါ့ကိုကိုက ဓားအင်ပါယာ
ကို အနိုင်ယူခဲ့တယ်။ ဟင့်အင်း! သူပြန်လာတာနဲ့
အမေ့ကို ကယ်တင်ပြီး အားလုံးပြန်ဆုံနိုင်မှာပါ!"

"ချီး! ဒါ တကယ်ကြီးလား? ငါလည်း လုပ်နိုင်တယ်။ စူပါအဆောင်တစ်ခုက သူ့ကိုသေချာပေါက် ဖောက်ခွဲပစ်နိုင်မယ်လို့ငါအာမခံတယ်။”

“မဖြစ်နိုင်ဘူး.... ဓားအင်ပါယာက အရမ်းကြောက်စရာကောင်းတယ်လို့ ငါကြားထားတယ်။”

"တကယ်လား? သူက ကြောက်စရာကောင်းနေရင် စူပါအဆောင်နှစ်ခုကိုသုံးပြီးဖောက်ခွဲပစ်မယ်။ တကယ်တော့၊ အဆောင်တစ်ခုတည်းက ဝိညာဉ်နယ်ပယ်အလွှာအထွတ်အထိပ်အဆင့်ကို ဖောက်ခွဲနိုင်တယ်လေ။ ဒါကြောင့် နှစ်ခုဆိုရင် သူ့ကို သေတဲ့အထိ သတ်ပစ်ဖို့ သေချာပါတယ်။

နှစ်ခုမလုံလောက်ရင် သုံးလေးခုသုံးမယ်။ ဟမ်!
ဘာပဲဖြစ်ဖြစ် ငါ့မှာ အလုံအလောက်ရှိတယ်!”

ခဏအကြာ။

"ပေါင်အာ! ငါ့အမေနဲ့ အစ်ကိုကြီးကို လွမ်းတယ်"

ပေါင်အာက လေးလေးနက်နက် တွေးပြီးနောက်
ပြန်ပြောသည်။

"ငါလည်း အလုပ်သမားငယ်လေးကို အရမ်းလွမ်းတယ်။
ဟမ့်! သူက ရှေးဟောင်းစစ်မြေပြင်မှာ ကစားဖို့
သွားခဲ့ပေမယ့် ငါ့ကို မခေါ်သွားဘူး။ ငါက သူ့အတွက်
ဝန်ထုပ်ဝန်ပိုးဖြစ်မှာကို

သူစိုးရိမ်နေတာလား။ဘယ်လောက် မာနကြီးလဲ။ သူ့အကြောင်း မပြောရအောင်။

ယောင်အာ! မြို့အနောက်ဖက်ခြမ်းမှာ သွားပြီး ကစားရအောင်။ အဲဒီမှာ အရမ်း မာနကြီးတဲ့ လူငယ်တစ်ယောက် ရှိတယ်လို့ ကြားတယ်။ ငါတို့ သူ့ကို သွားနှောင့်ယှက်ပြီး ဖိနှိပ်ရအောင်။”

……

အင်မော်တယ်ပန်းပေါင်းစုံအဆောက်အဦး!

ဆွဲဆောင်မှုရှိပြီး စွဲမက်ဖွယ်ကောင်းသောမိန်းမပျိုတစ်ဦးက သူမ၏လက်ထဲတွင်ရှိသော စာလိပ်ကို

စိုက်ကြည့်ပြီးနောက် ချစ်စဖွယ်အပြုံးတစ်ခု သူမ၏ ပါးစပ်ထောင့်တွင် တဖြည်းဖြည်း ပေါ်လာသည်။

သူမက ပြုံးရွှင်စွာဖြင့် “သူက ပါရမီရှင်လေးယောက်ကို တစ်ပြိုင်နက်တည်း တိုက်ခိုက်ခဲ့ပြီး ဒီထောင်စုနှစ်ရဲ့ ဓားအင်ပါယာ ကို အနိုင်ယူခဲ့တယ်။ ဟားဟား! ငါချင်ရှီယူ သဘောကျတဲ့လူက မျှော်လင့်ထားသလိုပဲ။”

သူမပြောပြီးသည်နှင့် မျက်နှာပေါ်မှ အပြုံးကို ထိန်းကာ "ချင်အာ! ငါ့အမိန့်ကိုထုတ်ပြန်လိုက်။

အထူးသဖြင့် ဆေဘာဓားဂိုဏ်း နဲ့ ပန်းနန်းတော် အပါအဝင် ကျန်မဟာဂိုဏ်းကြီးတွေရဲ့လှုပ်ရှားမှုကို မျက်ခြေမပြတ်စောင့်ကြည့်ဖို့ အဖွဲ့ဝင်အားလုံးကို အမိန့်ပေးပါ။

ပုံမှန်မဟုတ်တဲ့ ဖြစ်ရပ်တစ်ခုရှိလာရင် ငါ့ကို ချက်ချင်းအကြောင်းကြားပါ။"

“အမိန့်အတိုင်းပါ!” အမှောင်ထုအတွင်းမှ အမျိုးသမီးတစ်ဦး၏ အသံထွက်လာသည်။

......

ရှေးဟောင်းဒိုမိန်းမြို့၊ ရတနာစုဆောင်းခြင်းခန်းမ.....,

သူမရှေ့တွင်ချထားသော အဇူရာနဂါးရုပ်အလောင်းကြီးကို စိုက်ကြည့်နေစဉ် အန်ပိုင်ယဲ့၏အကြည့်က အလွန် လေးနက်နေပါသည်။

"မိန်းကလေး အန်!  ဒီအလောင်းကို

ဘယ်လောက်နဲ့ရောင်းရမှာလဲ" ယန်ယွဲ့က

မျက်နှာထက်တွင် အပြုံးနှင့် ပြောလိုက်သည်။

လက်ရှိတွင် သူက

စွမ်းအင်ကျောက်တုံးအများအပြားလိုအပ်နေ၏။

နေသူသည် လုံဂျန် နှင့် အခြားသူများအတွက်

လက်နက်အပြည့်အစုံကိုဝယ်ယူခဲ့သည်။

ထိုလူများ၏ အင်အား၊ သဘာဝစွမ်းရည်များက

ကြောက်မက်ဖွယ်ရာအတိပင်။

ထို့ကြော င့်ရင်းတို့က အနာဂတ်တွင် သူနှင့်အတူ

တိုက်ကြီးတစ်ခုလုံးကို လှုပ်ခတ်စေနိုင်မည်မှာမလွဲပေ။

အန်ပိုင်ယဲ့က ယန်ယဲ့၏အမေးကိုပြန်မဖြေခဲ့ပေ။ သူမက ယန်ယဲ့ကို
တစ်ချက်ကြည့်ကာအပြုံးဖြင့်ပြောလိုက်သည်။

“ပြောစရာမလိုအောင်ပါဘဲ သခင်လေး ယန် က ငါ့ကို တကယ် အံ့သြစေတယ်။ ဒီခေတ်ရဲ့ ဓားအင်ပါယာက ပြန်တိုက်ဖို့အခွင့်အရေးတောင်မရဘဲ မင်းလက်ထဲမှာရှုံးနိမ့်သွားခဲ့တယ်။ ဒါ့အပြင် မင်းက လျှို့ဝှက်ဆန်းကြယ်တဲ့ ရှေးဟောင်းအမွေအမျှင်ဓားအိမ်ကိုတောင် ထွက်ပေါ်လာရတဲ့အထိတွန်းအားပေးခဲ့တယ်။ သခင်လေး ယန် က တကယ်ကို အံ့သြစရာပဲ။"

ယန်ယဲ့က အသာပြုံးသည်။ "မိန်းကလေး အန်! ငါ့ကို ဒီလောက် ချီးမွမ်းနေစရာ မလိုပါဘူး။ ဒီနဂါးရုပ်အလောင်းရဲ့ဈေးနှုန်းကို ပြောကြည့်ရအောင်။”

“ဒီနဂါးရုပ်အလောင်း တစ်ခုလုံးက ရတနာတစ်ခုပါပဲ။ ဒါပေမယ့် ရောင်းလို့မရဘူး!" အန်ပိုင်ယဲ့က ပြောလိုက်လေသည်။

"ဘာကြောင့်လဲ?"

"သခင်လေးယန်! မင်း ငါ့ရဲ့အန်ကလန်ကို နဂါးကလန်နဲ့ ရန်တိုက်ပေးဖို့ ကြိုးစားနေတာလား။" အန်ပိုင်ယဲ့က “နဂါးကလန်က အရမ်းမောက်မာတယ်။ သူတို့ရဲ့ မျိုးနွယ်ဝင်တစ်ဦးကို လူသားမျိုးနွယ်ထံ ရောင်းချတာ

ဒါမှမဟုတ်

လေလံတင်ရောင်းချနေတာကိုတွေ့သွားတာနဲ့

ငါတို့အားလုံးမသေမချင်းသူတို့ကတိုက်ခိုက်လာလိမ့်မယ်။

ငါ့ အန်ကလန်က သူတို့ကို မကြောက်ပေမယ့်

အကြောင်းပြချက်မရှိဘဲ ကြောက်စရာကောင်းတဲ့

ရန်သူကို ဖန်တီးဖို့ မလိုအပ်ပါဘူး။”

ယန်ယဲ့က မျက်မှောင်ကြုတ်ကာ အန်ပိုင်ယဲ့ကို

တစ်ခုခုပြောရန်ပြင်လိုက်သည်။

သို့သော် အန်ပိုင်ယဲ့က ဆက်ပြောလာသည်။ "ဒါပေမယ့်၊

ငါ့ရဲ့ အန်ကလန်က ဒီအလောင်းကို

ထိပ်တန်းအဆင့်အမှောင်ရတနာလက်နက်တစ်ခု အဖြစ်

ဖန်တီးနိုင်တယ်။"

ထိုစကားကို ကြားလိုက်ပြီးနောက် ယန်ယဲ့က

အလွန်ပျော်ရွှင်သွားလေသည်။

"ဒီလိုဆို အကောင်းဆုံးပဲ!"

ဆက်ရန်